
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# မင်းမြတ်သူရ

## လနတ်သမီး

စာမူခွင့်ပြုချက်အမှတ် - ၉၆၈/၂၀၀၂ (၁၀)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၆၃/၂၀၀၃ (၄)

၂၀၀၄ ခုနှစ်၊ နိုဝင်ဘာလ၊

ပထမအကြိမ်

တန်ဖိုး - ၁၀၀ိ/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ ... ဒေါ်မိုးကေနိုင်(ချိုတေးသံစာပေ-၁၆၉၂)
ရွှေနှံ့သာကျေးရွာ၊ ပုလဲမြို့(၃)၊
မင်္ဂလာဒုံ၊ ရန်ကုန်မြို့။

ပုံနှိပ်သူ ... ဦးကျော်လှိုင်(၅၅၃၃) စေတနာOFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။

# မင်းမြတ်သူရ

# လနတ်သမီး

မောင်ကျော်လှိုင်စေတနာစာပေမှ
စီစဉ်ထုတ်ဝေသည်။

www.burmeseclassic.com

www.burmeseclassic.com

## နိုင်ငံ့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — နိုင်ငံ့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — နိုင်ငံ့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — နိုင်ငံ့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## မင်းမြတ်သူရဲ၏ ထွက်ပြီးစာအုပ်များ

၁။ ဆားပုလင်းမင်းအောင်နှင့် ဥစ္စာစောင့်မလေးမြနှင်းဆီ
၂။ ဆားပုလင်းမင်းအောင်နှင့် ပန်းတိုးသွင်ဒေဝီ
၃။ ဆားပုလင်းမင်းအောင်နှင့် သူရိယစန္ဒာဂိုဏ်း
၄။ ဆားပုလင်းမင်းအောင်နှင့် ဂုလဲခင်
၅။ ဆားပုလင်းမင်းအောင်နှင့် မနောသုခရွှေအိုး
၆။ ဆားပုလင်းမင်းအောင်နှင့် ထမင်းဆီဆမ်းရွှေလင်ပန်း
၇။ ဆားပုလင်းမင်းအောင်နှင့် ခုနစ်စင်ကြယ်တား
၈။ ဆားပုလင်းမင်းအောင်နှင့် နေမင်းဆီသမီးတော်
၉။ ဆားပုလင်းမင်းအောင်နှင့် ရွှေမိုးငွေမိုး ရွာစေမြိုး
၁၀။ ဆားပုလင်းမင်းအောင်နှင့် ဘတ်တူရင် လူမရွေးဘူး
၁၁။ ဆားပုလင်းမင်းအောင်နှင့် မိုးနတ်သူဇာရွှာပုံတော်
၁၂။ ဆားပုလင်းမင်းအောင်နှင့် အမျိုးကောင်းသားမောင်ပွင့်ကောင်း
၁၃။ ရွှေချမ်းသာငွေချမ်းသာ
၁၄။ ဆားပုလင်းမင်းအောင်နှင့် မြွေမင်းသမီး
၁၅။ လိုတရကဲကြီးရှင်
၁၆။ တစ်ကျွန်းပြန်ဘိုးမှန်
၁၇။ ပြည်တော်ပြန်
၁၈။ ကြာဝန်သုံးဆိုင်တံဆိပ်တော်
၁၉။ ရွှေပြည်ကြီး
၂၀။ ပွဲကျောင်းသားမိုးကောင်း
၂၁။ ဆားပုလင်းမင်းအောင်နှင့် တော်မဲ့နှင်းဆီ
၂၂။ ပဉ္စလက်မောင်နှမ
၂၃။ ဆားပုလင်းမင်းအောင်နှင့် ကွမ်းငွေတပေပေ
၂၄။ နဝမမြောက်ကျမ်းစာ
၂၅။ ရွှေကျိုးညိုနှင့် တန်ခိုးရှင်
၂၆။ ရွှေတစ်ရစ် မြတစ်ရစ်
၂၇။ ဆားပုလင်းမင်းအောင်နှင့် နဝါးမြို့တော်
၂၈။ မိုးခါရတနာသိုက်
၂၉။ မြေဝါတောင်နတ်မင်း

(ဖမ်ဖက်သို့ >)

www.burmeseclassic.com

www.burmeseclassic.com

၃၀။ ပဥ္စမမြောက်မိုးနတ်မယ်
၃၁။ ရတနာကျွန်းဆေးတရိ
၃၂။ ဂုဏ္ဍာကျက်တစ်ထောင်
၃၃။ ဆင်စွယ်နန်းရှင်
၃၄။ ငွေစန္ဒာသားတော်
၃၅။ ရေလယ်ခေါင်သောင်ထွန်း နတ်သမီးနေတဲ့ကျွန်း
၃၆။ ခရမ်းရောင်သစ္စာပန်း
၃၇။ မဟာလှသားမောင်ဒဂိုး
၃၈။ မော်တန်နီရှင်မ
၃၉။ ဆားပုလင်းမင်းအောင်နှင့် တာနောယက္ခ
၄၀။ နတ်သမီးနဲ့ ရွှေခေါင်းလောင်း
၄၁။ လင်းနို့တောင်ကျိန်စာ
၄၂။ ဆင်ဖြူရှင်
၄၃။ ပျောက်သောသူရှာလျှင်တွေ့
၄၄။ ဆားပုလင်းမင်းအောင်နှင့်မိုးပျံတီမိတိုက်
၄၅။ စကြာရှင်
၄၆။ မိုးကြိုးတဲခွန်
၄၇။ ဆားပုလင်းမင်းအောင်နှင့်အတိုင်းအဆမဲ့
၄၈။ အတုမရှိစည်တော်
၄၉။ ဗီဝဒိုးလိုက်ဂူ
၅၀။ ရွှေဖြစ်ငွေဖြစ် မစိန်ချစ်
၅၁။ ဆားပုလင်းမင်းအောင်နှင့်နေမင်းခေတမာန်
၅၂။ ဆားပုလင်းမင်းအောင်နှင့်စိန်ပန်းနီနီ
၅၃။ ရှေ့ပြာအိုင်နှင့် နတ်ဆေးဂမုန်း
၅၄။ ဘာမယ်ဘွား
၅၅။ ဆားပုလင်းမင်းအောင်နှင့်သစင်မြိုင်
၅၆။ မိုးမြေသစ္စာ

**ယခုလထုတ်စာအုပ်**

၅၇။ လနတ်သမီး

## မင်းမြတ်သူရ၏ရေးပြီးသားစာအုပ်များ

- ရွှေမျက်နှာသခင်မ
- ပတ္တမြားဆန်ကျီ အဖိုးပြည်တန်
- လှဝင်တားကျောင်းတော်
- သေမင်းနာဆိုင်
- မိုးလုံးပြည့်လျှံ
- မောင်နှံခုနှစ်ပေါ်
- ယကျည်းနောင်
- ကျောက်စိမ်းအမိန့်တော်
- နေနဲ့လ နှစ်ပါးဆိုင်
- အမြူရောင်လွင်ပြင်
- ပီးအိမ်ရှင်
- မြေမြူရှင်မ
- မော်လင်းယုန်

www.burmeseclassic.com

www.burmeseclassic.com

မာန်မဲခြင်းဟာ
ထောင်လွှားမှုဖြစ်တယ်
ပညာရှိဆိုတာ
နားဝင်အောင် ဆုံးမတတ်တယ်...

ချမ်းမြေ့သရဖီလှိုင်

ပျင်းရိညည်းငွေ့ခြင်းကို စွန့်လွှတ်ကြည့်ပါ
ဘဝအတွက်
အချိန်တွေ သိမ်းနည်းနေပြီဆိုတာ
ထိတ်လန့်ဖွယ်တွေရှိလိမ့်မယ်

ချမ်းမြေ့သရဖီလှိုင်

www.burmeseclassic.com

www.burmeseclassic.com

ထိပ်ဆုံးကိုရောက်ချင်ရင်
လိုအပ်တဲ့အခါ
အားလုံးကို စွန့်လွှတ်ဝံ့ရတယ်

ချမ်းမြေ့သရဖီလှိုင်

# ဍိဒါဍီး

www.burmeseclassic.com

www.burmeseclassic.com

မသိတဲ့အရာကို
သိဟန်ဆောင်နေတာလောက်
ပင်ပန်းဆင်းရဲရတာမရှိဘူး . . .

ချမ်းမြေ့သရဖိလှိုင်

တစ်နေ့သ၌ မြိတ်မြို့လေးကျွန်းဆီမီးဘုရားကုန်းတော် အနီး ရှိ ညောင်ပင်ကြီးတစ်ပင်အောက်တွင် ဆယ်ကျော်သက်အရွယ် လူငယ်လေးများ စုရုံး၍ တစ်စုံတစ်ရာကို စောင့်မျှော်နေဟန်ရှိလေ၏။ လူငယ်များသည် လမ်းမကြီးဘက်သို့ လည်တဆန့်ဆန့်လုပ်နေပြီး ၎င်းတို့အထဲတွင် သန်မာထွားကျိုင်းမှုအရှိဆုံးလူငယ်က ထိုင်ရာမှ ထ၍ အနီးရှိရေအိုးစင်မှရေကို သောက်တာ

" ဦးဂျော်နီကြီးကလည်း ဒီနေ့မှပဲ ကြာလိုက်တာကွာ၊ စောင့်ရတာ စိတ်မရှည်တော့ဘူး "

ဓေတာနှာတာပေ

www.burmeseclassic.com

www.burmeseclassic.com



ဟု ညည်းညူလိုက်ရာ သျှောင်ထုံးထုံးထားသော ပိန်ရှည်ရှည်လူငယ်တစ်ယောက်က ခေါင်းညိတ်၍

'' အေးကွာ၊ အုတ်ဂူအကြောင်းပြောပြမယ်ဆိုလို့ ငါတို့အားလုံး စိတ်ဝင်စားလို့ လာစောင့်နေကြတာ၊ ဒီလူကြီး ဈေးရောင်းကောင်းနေတယ်နဲ့တူတယ် ''

ဟုပြောလေ၏။ ထိုအခိုက်မှာပင် အဝေးဆီမှ တွန်းလှည်းကလေးတစ်စီးကို ရေးရေးမြင်ရလေ၏။ သန်မာထွားကျိုင်းသော လူရွယ်ကထိုင်ရာမှထ၍ ဝမ်းသာအားရဖြင့် လက်ညှိုးညွှန်ပြကာ

'' ဟာ ဟိုမှာဦးကျော်နီကြီးရဲ့ လှည်းလာပြီ ''

ဟုအော်ဟစ်လိုက်လေ၏။

ဦးကျော်နီဆိုသောလူကြီးသည် တွန်းလှည်းကလေးကို တရွေ့ရွေ့တွန်း၍ လာလေ၏။

လှည်းကလေးအနီးသို့ရောက်သောအခါ မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးများ ထူထပ်စွာပေါက်ရောက်နေသော ဦးကျော်နီဆိုသည့် အင်္ဂလိပ်ကပြားရုပ်ပေါက်နေသည့် လူကြီးကိုတွေ့ရ၏။

ဦးကျော်နီက လူငယ်များကိုကြည့်၍ အားရပါးရပြုံးကာ

'' ကောင်လေးတွေ စောင့်ရတာကြာလို့ လည်ပင်းညှော်ရေအိုးဖြစ်နေပြီလား ''

ဟု နှုတ်ဆက်လိုက်လေရာ လူငယ်များက ဦးကျော်နီကို တစ်





ယောက်တစ်ပေါက်ဖြင့် ဝိုင်းဝန်းပြစ်တင်ကြလေ၏။ ဦးကျော်နီကတဟားဟားရယ်မော၍

'' ဟား ဟား ဟား... လူ့အလိုနတ်မလိုက်နိုင်ဆိုတာ တကယ်မှန်ပါလားကွာ၊ ဘုန်းကြီးအမှူး ရှာပတ်ဆိုသလို မျက်နှာဖြူအရေးပိုင်ရဲ့သမီး ခိုးရာလိုက်ပြေးတဲ့ကိစ္စကို ငါကိုစစ်ဆေးမေးမြန်းနေလို့ပါကွာ၊ ဒါကြောင့် မင်းတို့နဲ့ချိန်းပြီး အချိန်မီရောက်မလာတာပါ ''

ဟုပြောလေရာ လူငယ်များ၏ မျက်လုံးပြူးကျယ်သွားပြီး ၎င်းတို့နှုတ်မှ သံပြိုင်

'' ဟင် ကက်သရင်းခိုးရာလိုက်ပြေးသွားပြီ ဟုတ်လား ''

ဟု နှမြောတသဟန်ဖြင့် ရေရွတ်ကြလေ၏။ ဦးကျော်နီကလူငယ်များ၏အပြုအမူကို ရယ်မောပြန်ကာ

'' ဟား ဟား ဟား... ကက်သရင်း ခိုးရာလိုက်ပြေးတာများမင်းတို့နှမတွေ ခိုးရာလိုက်ပြေးတာကျနေတာပဲ ''

ဟုလှောင်ပြောင်လိုက်ရာ လူငယ်များအနက် ပိန်ရှည်ရှည်လူငယ်က

'' ကက်သရင်းက ကျုပ်တို့မြို့ရဲ့ အလှတန်ဆောင်ဗျ၊ သူ့ကိုကျုပ်တို့ကာလသားတွေအားလုံး လက်တွေ့မပိုးပန်းရဲလို့ စိတ်ကူး ထဲမှာပိုးပန်းနေကြတာ၊ အခုတော့ သူများနောက်ပါသွားပြီ ''

ဟု နှမြောတသဟန်ဖြင့် ရေရွတ်လေ၏။ ဦးကျော်နီက ခေါင်း



www.burmeseclassic.com

www.burmeseclassic.com



ညိတ်၍

" အဲဒါစိတ်ကူးနဲ့ လက်တွေ့မတူတဲ့အချက်ပဲကွ၊ လောကမှာ မတိုးတက်ဘူးဆိုတဲ့ လူတော်တော်များများဟာ စိတ်ကူးယဉ်အဆင့်ကနေ မတက်ကြဘူး၊ တကယ်တိုးတက်သွားတဲ့သူတွေကတော့ သူတို့ရဲ့ စိတ်ကူးကို လက်တွေ့ဖြစ်အောင် ရည်မှန်းချက်ထားပြီး လုပ်ကိုင်နေလေ့ရှိတယ်၊ တကယ်တော့ အောင်မြင်ချင်ရင် စိတ်ကူးကို လက်တွေ့ဖြစ်အောင် တရွေ့ရွေ့လုပ်ကိုင်သင့်တယ် "

ဟုပြောလေ၏။ လူငယ်များသည် ဦးကျော်နီ၏စကားကို စိတ်ဝင်စားစွာ နားထောင်ကြလေ၏။ ဦးကျော်နီက တွန်းလှည်းကလေးကို ညောင်ပင်အောက်သို့ တွန်းရွှေ့လိုက်ပြီး

" တကယ်တော့ အရေးပိုင်သမီးကက်သရင်းကို ခိုးပြေးသွားတဲ့ကောင်လေးက မြိတ်ကမ်းနားမှာ ပုလဲနဲ့လုပ်ထားတဲ့ အလှပစ္စည်းလေးတွေရောင်းတဲ့ မောင်ဘတင့်ဆိုတဲ့သူငယ်ပဲကွယ် "

ဟုပြောလိုက်ရာ လူငယ်များသည် တအံ့တသြဖြင့်

" ဩော်… ကိုဘတင့်ဟာ ကက်သရင်းနဲ့ ချစ်သူဖြစ်နေတာကိုး "

ဟု ရေရွတ်လိုက်လေ၏။ ဦးကျော်နီကြီးက ခေါင်းညိတ်၍

" တကယ်တော့ မောင်ဘတင့်လိုအဆင့်မျိုးနဲ့ မျက်နှာဖြူအရေးပိုင်ရဲ့သမီးကို ကြိုဖို့ဆိုတာ ဘယ်လွယ်ပါ့မလဲကွာ၊ ဒါပေမယ့်





မောင်ဘတင့်ဟာ ကိုယ်ဖြစ်ချင်တဲ့အရာကို ရည်မှန်းချက်ထားပြီး ကျားကုတ်ကျားခဲ လုပ်ကိုင်တတ်တယ်၊ သူဟာ မျက်နှာဖြူအရေးပိုင်ရဲ့ သမီးကို ချစ်မိပြီဆိုတော့ သူနဲ့တွေ့ခွင့်ရဖို့ ကြံဖန်ပြီးစဉ်းစားတယ်၊ နောက်တော့ သူ့ခေါင်းထဲကို အကြံတစ်ခုရလာတာနဲ့ ငါ့ရဲ့ပလာတာရောင်းတဲ့ တွန်းလှည်းကို မနက်ပိုင်းမှာ ရောင်းပါရစေဆိုပြီး လာငှားတယ်၊ ငါကလဲ မနက်ပိုင်းမှာတွန်းလှည်းအားနေလို့ သူ့ကိုငှားဖို့ ဝန်မလေးခဲ့ဘူး၊ မောင်ဘတင့်ဟာ ကက်သရင်း ကြက်ဥပလာတာကြိုက်တယ်ဆိုတာ စုံစမ်းသိရှိထားတယ်၊ ဒါ့အပြင် မနက်စောစောလမ်းလျှောက်တတ်တယ်ဆိုတာလဲ သိတယ်၊ ဒါကြောင့် မနက်ခင်းမှာ ကက်သရင်းနဲ့ တွေ့ရအောင်ကြံဖန်ပြီး ကြိုးစားတယ်၊ မြို့ထဲမှာ မလာတာရောင်းတဲ့အတွက် သူ့အတွက်လဲ အကျိုးအမြတ်ဖြစ်ပြီး တစ်ချက်ခုတ်နှစ်ချက်ပြတ်ဖြစ်တာပေါ့ကွာ "

ဟုပြောလေရာ လူငယ်များသည် စိတ်ပါဝင်စားစွာဖြင့်

" ကိုဘတင့်ဟာ အကြံအစည်အတော်ကောင်းတာပဲ "

ဟု ချီးကျူးကြလေ၏။

ဦးကျော်နီက

" အဲဒီလိုအကြံအစည်ကောင်းတွေ ဘယ်ကရသလဲ သိရဲ့လား "

ဟု မေးမြန်းလေ၏။ လူငယ်များက



www.burmeseclassic.com

www.burmeseclassic.com



'' မသိပါဘူး ''

ဟု သံပြိုင်ပြောလေ၏။ ဦးဂျော်နီက သက်ပြင်းချ၍

'' လူဟာ အလုပ်ကို အောင်အောင်မြင်မြင်လုပ်ချင်ကြတယ်၊ ဒီလိုအောင်မြင်အောင်လုပ်ဖို့အတွက် အကြံအစည်ကောင်းတွေ ရှိဖို့ လိုတယ်၊ ဒီလို အကြံအစည်ကောင်းတွေဘယ်ကရသလဲ၊ အကြံအစည်ကောင်းရှိတဲ့သူတွေပါ၊ မွေးရာပါ ပါရမီရှင်တွေလို့ ထင်တတ်ကြတယ်၊ တကယ်တော့ အကြံအစည်ကောင်းဆိုတာ ကိုယ်လုပ်တဲ့ အလုပ်ပေါ်မှာအာရုံစူးစိုက်ရာကနေ ဖြစ်ပေါ်လာတာပဲ၊ ကိုယ့်မှာ အကြံအစည်ကောင်းမရှိရင် ကိုယ့်အလုပ်ပေါ်မှာ အာရုံစူးစိုက်မှု များများလုပ်ပါ၊ အလုပ်ထဲမှာ စိတ်ရောကိုယ်ပါ အားစိုက်ပြီး နှစ်မြုပ်လိုက်ရင် အကြံအစည်ကောင်းတွေ ဖြစ်ပေါ်လာတာပဲကွ၊ တကယ်တော့ မောင်ဘတင့်ဟာ အရေးပိုင်သမီးကို ရဖို့အတွက် ဒီနည်းကို အသုံးချသွားတာပဲ၊ သူတို့နှစ်ယောက်ပေါင်းဖက်ဖို့ ဖူးစာကံပါလို့လဲ ရသွားတာ ပေါ့ကွာ ''

ဟု ပြောလိုက်လေတော့၏။ ထိုအခါ သန်မာထွားကျိုင်းသော လူငယ်က ဦးဂျော်နီ၏အနီးတွင်ထိုင်၍

'' ကိုဘတင့်အကြောင်းကို ထားလိုက်ပါတော့ဗျာ၊ အုတ်ဂူ အကြောင်းကိုပြောမယ်ဆို ''

ဟုပြောလိုက်ရာ ဦးဂျော်နီက ခေါင်းညိတ်၍





'' ပြောတာပေါ့ကွာ ''

ဟုပြောရင်း ၎င်းတို့ထိုင်နေသော ရေအိုးစင်နှင့် မလှမ်းမကမ်းရှိ ကျောက်စာတိုင် တစ်တိုင်ရှိရာသို့ လမ်းလျှောက်သွားလေ၏။

ကျောက်စာသည် နှစ်ပေါင်းများစွာ ကြာမြင့်ပြီဖြစ်သဖြင့် တောင်းနွမ်းဆွေးမြည့်ပြီး ရေညှိများတက်နေသော်လည်း ကျောက်စာပေါ်တွင် ရေးထွင်းထားသော စာတန်းများကို ဖတ်ရှု၍ ရနိုင်သေး၏။

ဦးဂျော်နီသည် ကျောက်စာပေါ်တွင်ရှိသော ရေညှိများကို သက်ဖြင့်ဖယ်ရှားရင်း

'' ကျောက်စာမှာရေးထားတဲ့ အင်္ဂလိပ်ဘာသာရဲ့ အဓိပ္ပါယ်ကတော့ ဤနေရာတွင် မေရီဆမ်ပိုက်ဆိုသူ၏ အလောင်းမြှုပ်နှံထားသည်တဲ့ ''

ဟုပြောလေရာ လူငယ်များသည် စိတ်ဝင်တစား နားစွင့်ကြလေ၏။ ဦးဂျော်နီက ဆက်လက်၍

'' ဒါဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၀၀ ကျော်က ယိုးဒယားပိုက်ဆိုတဲ့ ပင်လယ်ဓားပြကြီးရဲ့ ချစ်သူကို မြှုပ်နှံထားတဲ့အုတ်ဂူကွ၊ ပင်လယ်ဓားပြကြီး ယိုးဒယားပိုက်ဟာ ချစ်သူသေဆုံးသွားတဲ့အတွက် ဝမ်းနည်းကြေကွဲလွန်းလို့ ရူးမတတ်ဖြစ်ခဲ့ရတယ်လို့ အဆိုရှိတယ် ''

ဟုပြောလေ၏။ သန်မာထွားကျိုင်းသောလူငယ်က စိတ်ဝင်စားစွာဖြင့်



www.burmeseclassic.com

www.burmeseclassic.com



'' သူ့ကိုဘာဖြစ်လို့ ယိုးဒယားဝိုက်လို့ ခေါ်ရတာလဲ၊ သူက ယိုးဒယားလူမျိုးလား ''

ဟုမေးမြန်းလေ၏။ ဦးဂျော်နီက ခေါင်းခါ၍

'' လူတော်တော်များများဟာ ယိုးဒယားဝိုက်ဆိုတဲ့နာမည်ကြောင့် မင်းထင်သလို ယိုးဒယားလူမျိုးလို့ထင်ကြတယ်၊ တကယ်တော့ ယိုးဒယားဝိုက်ဟာ အင်္ဂလိပ်လူမျိုးကွ၊ သူ့နာမည်အရင်းက ဆင်မြူရယ်ဝိုက်လို့ခေါ်တယ်၊ သူ့ကို ယိုးဒယားဘုရင်က သဘောကျပြီး ဆိပ်ကမ်းမင်းကြီးချုပ် ခန့်ခဲ့လို့ သူ့ကိုမြန်မာတွေက ယိုးဒယားဝိုက်လို့ခေါ်ကြတယ်၊ ယိုးဒယားဝိုက်ဆိုတဲ့ ပင်လယ်ဓားပြကြီးအကြောင်းကို မင်းတို့ကိုပြောပြချင်တာက ယိုးဒယားဝိုက်ဟာ စွန့်လွှတ်စွန့်စားနိုင်တဲ့ ဝါသနာပါတယ်၊ ရဲ့ဝံ့တယ်၊ ကြံရည်ဖန်ရည်ကောင်းတယ်၊ သူ့ရသတ္တိ လဲ အလွန်ရှိတယ်၊ ဒါပေမယ့် သူ့ရဲ့ အရည်အချင်းတွေကို ကောင်းတဲ့ဘက်မှာ အသုံးမချဘဲ မကောင်းတဲ့ဘက်မှာ အသုံးချခဲ့လို့ လူဆိုးကြီး တစ်ယောက်ဖြစ်ခဲ့ရတယ်၊ ဒီအကြောင်းတွေကို မင်းတို့ကို သင်ခန်းစာ ယူစေချင်လို့ ပြောတာကွ ''

ဟုပြောလေရာ လူငယ်များ၏ သိချင်စိတ်သည် ပိုမိုနိုးကြားလာ၏။ ဦးဂျော်နီက သက်ပြင်းချ၍

'' ယိုးဒယားဝိုက်နဲ့ပတ်သက်ပြီး မြိတ်မြို့က ရှေးမီနောက်မီ သက်ကြီးဝါကြီးတွေရဲ့ရာဇဝင်အမျိုးမျိုးပြောခဲ့ကြတယ်၊ ဒီလို ပြောတဲ့





အထဲမှာ ယိုးဒယားဝိုက်ရဲ့ ရတနာသိုက်ဟာ လူတွေ စိတ်အဝင်စားဆုံးပဲ ''

ဟုပြောလေ၏။ ထိုအခါ ပိန်ရှည်ရှည်လူငယ်လေးက အလောတကြီးနှင့်ဝင်၍

'' ဦးဂျော်နီကြီး ရတနာသိုက်ရှိတဲ့နေရာကိုသိရင် ကျုပ်တို့ကို ပြောပေါ့၊ ကျုပ်တို့ မရရအောင်သွားရှာပြီး ဦးဂျော်နီကို တစ်ဝက်ခွဲပေးပါမယ် ''

ဟုပြောလေ၏။ ဦးဂျော်နီက ပိန်ရှည်ရှည်လူငယ်အား ခေါင်းကိုပုတ်၍

'' အတော်လိုချင်တပ်မက်စိတ်ကြီးတဲ့ကောင်ပဲ၊ လိုချင်လွန်း ရင် မရတတ်ဘူးကွ၊ ယိုးဒယားဝိုက်ရဲ့ ရတနာသိုက်ကို ငါသိရင် သွားတူးတာကြာပြီပေါ့ကွာ၊ ဒါပေမယ့် ယိုးဒယားဝိုက်ရဲ့ ရတနာသိုက်ဟာ ဒဏ္ဍာရီပုံပြင်မဟုတ်ဘဲ အမှန်တကယ်ရှိတယ်ဆိုတာ ငါယုံတယ်ကွ ''

ဟုပြောလေ၏။ ထိုအခါ သန်မာထွားကျိုင်းသော လူငယ်က ဝင်ရောက်၍

'' ဦးဂျော်နီက ဘာဖြစ်လို့ အတတ်ပြောနိုင်တာလဲ ''

ဟုပြောလေ၏။ ဦးဂျော်နီဟာ မှိုင်းညို့သော မျက်ဝန်းများဖြင့် အဝေးဆီသို့ ငေးကြည့်၍

'' ဘာဖြစ်လို့လဲဆိုတော့ ငါတို့မှာ ယိုးဒယားဝိုက်ရဲ့ ညာ



www.burmeseclassic.com

www.burmeseclassic.com



လက်ရုံးစမစ်ရဲ့ မျိုးရိုးစဉ်ဆက်က ဆင်းသက်လာတဲ့သူတွေဖြစ်လို့ ပေါ့ကွာ ''

ဟုပြောလေ၏။

ဦးဂျော်နီက ဆက်လက်၍

'' ငါတို့မျိုးရိုးဟာ မစ္စတာစမစ်သေဆုံးပြီးတဲ့နောက် အင်္ဂလန်ကို မပြန်တော့ဘဲ မြိတ်မြို့မှာပဲ အခြေချပြီး မျိုးရိုးစဉ်ဆက်နေထိုင်ခဲ့ကြတယ်၊ ဒါကြောင့် ငါ့ရုပ်ဟာ မျက်နှာဖြူရုပ်ပေါက်နေတာပေါ့ကွာ''

ဟုပြောလေရာ ပိန်ရှည်ရှည်လူငယ်က

'' ကျုပ်တို့မြို့မှာ မျက်နှာဖြူတွေ အတော်များများရှိတယ်နော် ''

ဟုပြောလေ၏။ ဦးဂျော်နီက ခေါင်းညိတ်၍

'' အဲဒါ အင်္ဂလိပ်မဟုတ်ဘူးကွ၊ ပေါ်တူဂီတွေ လေးကျွန်းဆီမီးဘုရားတောင်ကုန်းရဲ့ တောင်ဘက်ကရပ်ကွက်ဟာ ပေါ်တူဂီတွေ စုပြီးနေတဲ့ရပ်ကွက်ပေါ့ကွာ ''

ဟုပြောလေ၏။ ထိုအခါ သန်မာထွားကျိုင်းသောလူငယ်က

'' ကျုပ်တို့မြိတ်မြို့မှာ ဘာဖြစ်လို့ ဒီလောက်တောင် ပေါ်တူဂီတွေ များနေရတာလဲ ''

ဟုမေးမြန်းလေ၏။ ထိုအခါ ဦးဂျော်နီက

'' ဒီနေ့ မင်းတို့ကိုပြောပြမယ် ယိုးဒယားဂိုက်ဆိုတဲ့ ပင်လယ်





ဓားပြကြီးအကြောင်းကိုပြောရင် ဒီအကြောင်းတွေပါလာမှာပါကွာ၊ တကယ်တော့ မြိတ်ဟာ သမိုင်းဦးခေတ်လောက်ကတည်းက ထင်ရှားကျော်ကြားခဲ့တယ်၊ ၁ရာစုလောက်ကတည်းက ဟိန္ဒူကုန်သည်တွေ မြိတ်မှာအခြေချခဲ့တယ်၊ တရုတ်ကုန်သည်တွေ၊ အာရေဗျကုန်သည် တွေ၊ ပါရှင်းကုန်သည်ကြီးတွေဟာ မြိတ်မှာ ကူးသန်းရောင်းဝယ်ကြ တယ်၊ ၁၂ ရာစုလောက်တုန်းက မြိတ်ဟာ မြန်မာမင်းရဲ့ ပိုင်နက်အောက်မှာရှိတယ်၊ ၁၄ ရာစုလောက်မှာတော့ မြိတ်ကို ယိုးဒယားက သိမ်းပိုက်ခဲ့တယ်၊ ပေါ်တူဂီတွေကတော့ ၁၆ ရာစုလောက်မှာ မြိတ်ကို ရောက်လာကြတယ်၊ ယိုးဒယားဂိုက်ဆိုတဲ့ ပင်လယ်ဓားပြကြီးရဲ့ စွန့်စားခန်းတွေဟာ ၁၇ ရာစုလောက်မှာဖြစ်ခဲ့တာကွ၊ ၁၈ ရာစုမှာ မြန်မာမင်းတွေက မြိတ်ကိုယိုးဒယားလက်ထဲက ပြန်သိမ်းပိုက်ခဲ့တယ်၊ ၁၉ ရာစုလောက်မှာတော့ မြန်မာပိုင်နက်ဖြစ်တဲ့မြိတ်ဟာ နယ်ချဲ့ အင်္ဂလိပ်လက်အောက်ကို ကျရောက်ခဲ့တယ်၊ မြိတ်ဟာ ပင်လယ်ထွက်ပေါက်ရှိတဲ့မြို့ဆိုတော့ လက်အောက်ခံအမျိုးမျိုးဖြစ်တာ မဆန်းဘူးပေါ့ကွာ၊ တကယ်တော့ ယိုးဒယားဂိုက်ဆိုတဲ့ လူစွန့်စားကြီးဟာ အင်္ဂလန်နိုင်ငံ ဘရစ်စတိုးကုန်သည်မျိုးရိုးက ဆင်းသက်လာခဲ့သူပဲ၊ သူဟာ ငယ်စဉ်ကတည်းက စွန့်စားသွားလာရတာကို ဝါသနာထုံ တယ်၊ မာကိုပိုလိုရဲ့ နာမည်ကျော်အရှေ့တိုင်းသွားမှတ်တမ်းမျိုးတွေ ကို ဖတ်ပြီး အရှေ့တိုင်းနိုင်ငံတွေကိုသွားပြီး စွန့်စွန့်စားစားအလုပ် လုပ်ချင်တယ်၊



www.burmeseclassic.com

www.burmeseclassic.com



သူဟာ ပင်လယ်ရေကြောင်းအတတ်ပညာကို ဝါသနာ အလွန်ထုံပြီး ငယ်စဉ်ကတည်းက အားကြိုးမာန်တက် သင်ယူတယ်၊ သူ့ရဲ့အိပ်မက်ကို အကောင်အထည်ဖော်ဖို့ တွန်းအားဖြစ်လာတာက သူ့အစ်ကို ဂျော့ဂိုက်ပဲ၊ ဂျော့ဂိုက်ဟာ အင်္ဂလိပ်အရှေ့အိန္ဒိယကုမ္ပဏီ ကြီးရဲ့ မဒရပ်မြို့မှာတာဝန်ထမ်းဆောင်နေတယ်၊ ဒီလိုနဲ့ ၁၆၇၅ ခုမှာ ယိုးဒယားဂိုက်လို့နာမည်ကျော်မယ့် လူစွန့်စားလေး ဆင်မြူရယ်ဂိုက်ဟာ ရှိုင်ရယ်ဆပ်ဘဂျက်သင်္ဘောနဲ့ အင်္ဂလန်ကနေ အိန္ဒိယကို ခရီးထွက်ခဲ့တယ်၊ သူဟာ စွန့်စားလိုသူပီပီ အရှေ့တိုင်းနိုင်ငံတွေက ထူးခြားနက်နဲတဲ့ဂမ္ဘီရပညာတွေ၊ မယုံနိုင်စရာကောင်းတဲ့ မှော်အတတ်ပညာရှင်တွေ၊ မြွေဆရာဖထီးကြီးတွေ၊ ဆာဒူးကြီးတွေ၊ အကြားအမြင်ပေါက်နေတဲ့ တန်ခိုးရှင်တွေနဲ့ တွေ့ရတော့မယ်ဆိုပြီး ပျော်ရွှင်နေခဲ့ တယ်၊ ဒီလိုနဲ့ ယိုးဒယားဂိုက်ဟာ ရှိုင်ရယ်ဆပ်ဘဂျက်သင်္ဘောကြီးနဲ့ ခရီးသွားရင်း သင်္ဘောပေါ်မှာ အလွန်ချောမောလှပတဲ့ မိုးနတ်သူငယ်လေး မေရီပိုတေးနဲ့ တွေ့ဆုံခဲ့တယ်၊ ယိုးဒယားဂိုက်ဟာ မေရီပိုတေးလေးကို မြင်မြင်ချင်း အရူးအမူးစွဲလမ်းသွားတယ်၊ သူဟာ လိုချင်တာ တစ်ခုတွေ့ရင် မရရအောင် ယူတတ်တဲ့ထုံးစံအတိုင်း မေရီပိုတေးကို သင်္ဘောပေါ်မှာပဲ ချစ်ခွင့်ပန်ခဲ့တယ်၊ ကဗျာလင်္ကာတွေသီကုံးပြီး ပေးပို့ခဲ့တယ်၊ တကယ်တော့ မေရီပိုတေးဟာ လွတ်လပ်တဲ့မိန်းမပျိုမဟုတ်ဘူး၊ သူ့မှာစေ့စပ်ထားတဲ့သူရှိတယ်၊ မဒရပ်မြို့ကို သင်္ဘောဆိုက်ကပ်





င် လက်ထပ်ရတော့မှာလေ၊ ဒါပေမယ့် မေရီပိုတေးကို အစွဲကြီးစွဲ နေတဲ့ ယိုးဒယားဂိုက်က စေ့စပ်ထားတဲ့သူရှိပေမယ့် မရရအောင် ချစ်ခွင့်ပန်တယ်၊ နောက်ဆုံးတော့ ပင်လယ်ခရီးရှည်ကြီးမှာပဲ သူတို့နှစ်ယောက်ဟာ မခွဲနိုင်မခွာရက်အောင်ဖြစ်သွားပြီး ချစ်သူတွေဖြစ်ခဲ့ကြတယ်၊ ဒါပေမယ့် မဒရပ်မြို့ကို သင်္ဘောဆိုက်ကပ်တဲ့အခါမှာ ယိုးဒယားဂိုက်နဲ့ မေရီပိုတေးဟာ ခွဲခွာခဲ့ရတယ်၊ ဒါဟာ လူစွန့်စားကြီး ယိုးဒယားဂိုက်အတွက် ပထမဦးဆုံး အချစ်နဲ့ စတင်တွေ့ဆုံခြင်းပါပဲ''

ဟုပြောရင်း ဦးဂျော်နီသည် အာခြောက်လာဟန်ဖြင့် ခဏနား၍ ရေအိုးစင်မှရေကို ခပ်သောက်လိုက်လေ၏။

'' ယိုးဒယားဂိုက်ဟာ မဒရပ်ကိုရောက်တဲ့အခါမှာ မေရီပိုတေးကိုပဲ သတိရနေမိတယ်၊ မေရီပိုတေးကလဲ သူ့လိုပဲ ခံစားရလို့ တစ်နေ့ အားသောက်ဆိုင်တစ်ဆိုင်မှာ ချိန်းတွေ့ကြရင်း ယိုးဒယားဂိုက်က မရှိရယ်၊ မပြန်ပါနဲ့တော့ကွယ်၊ မင်းကို တို့မခွဲနိုင်တော့ဘူး မင်းနဲ့ ဝေးရင် ကိုယ့်အသည်းတွေ မီးကျီးခဲထဲမှာ ရဲရဲကင်ထားရသလိုပါပဲကွယ် လို့ပြောလိုက်တော့ မေရီပိုတေးဟာ ယိုးဒယားဂိုက်ကို သနားသွားပြီး အားသောက်ဆိုင်ကို သူမနဲ့အတူလာတဲ့ အစောင့်တွေကို ထားခဲ့ပြီး ဆိုင်အနောက်တံခါးကနေ ရထားလုံးနဲ့ ထွက်ပြေးခဲ့တယ်၊ ဒီသတင်းကို ကြားတော့ မေရီပိုတေးနဲ့ လက်ထပ်ဖို့ စီစဉ်ထားတဲ့ 'ဂျာဆီ' ဟာ ဒေါသူပုန်ထပြီး နောက်ကနေ သဲကြီးမဲကြီးလိုက်တယ်၊ ယိုးဒယားဂိုက်နဲ့



www.burmeseclassic.com

www.burmeseclassic.com



မေရီတို့ဟာ ဘုရားရှိခိုးကျောင်းကို ကမန်းကတန်း ပြေးပြီး လက်ထပ်ဖို့တောင်းဆိုတဲ့အခါမှာ အင်္ဂလိပ်ဘုန်းကြီးက လက် ထပ်ပေးဖို့ ငြင်းဆန်တယ်၊ မိန်းကလေးဟာ စေ့စပ်ပြီးသားဖြစ်နေတော့ ယိုးဒယားဂိုက်နဲ့ လက်ထပ်မပေးနိုင်ဘူးလို့ ဆိုတဲ့အခါ မေရီဟာ ဝမ်းနည်းလွန်းလို့ ရှိုက်ကြီးတငင် ငိုခဲ့တယ်၊ မေရီရဲ့ သတို့သားလောင်း ဂျာဆီကလည်း နောက်ကနေ ဘုရားရှိခိုးကျောင်းတွေ၊ တစ်ကျောင်းပြီးတစ် ကျောင်း လိုက်ရှာနေပြီ၊ ဒီတော့ ယိုးဒယားဂိုက်ဟာ ဖြစ်ချင်တာကို မဖြစ်ဖြစ်အောင် လုပ်တဲ့သူပီပီ အင်္ဂလိပ်ဘုန်းကြီးကို သေနတ်နဲ့ချိန်ပြီး သူတို့ကိုလက်ထပ်ပေးဖို့ပြောတယ် ''

ဟုပြောလေ၏။ ဦးဂျော်နီ၏ စကားကိုနားထောင်နေသော လူငယ်များက အားပါးတရ ရှိဟန်ဖြင့်

'' ယိုးဒယားဂိုက်ဟာ တကယ့်ကို တစ်ဇွတ်ထိုးပဲ ''

'' သတ္တိကလဲ ကောင်းပါ့ဗျာ ''

'' သူလိုလူမျိုး ရှားမှရှားပဲ ''


စသည်ဖြင့် တစ်ယောက်တစ်ပေါက် ချီးမွမ်းကြလေ၏။ ဦးဂျော်နီက ဆက်လက်၍

'' ဒါပေမယ့် အင်္ဂလိပ်ဘုန်းကြီးက စည်းကမ်းအင်မတန်ကြီးတယ်၊ ကျုပ်ကို မကျေနပ်လို့ ပစ်သတ်ချင်သတ်လိုက်ပါ၊ မင်းတို့နှစ်ယောက်ကိုတော့ လက်ထပ်မပေးနိုင်ဘူးလို့ ငြင်းတယ်၊ ဒီတော့





ယိုးဒယားဂိုက်လဲ ချစ်သူကိုလက်ဆွဲပြီး နောက်ဘုရားရှိခိုးကျောင်းတစ်ကျောင်းကို ပြေးရပြန်တာပေါ့၊ သူတို့ကံကောင်းလို့ ကပ်သီလေး လွတ်သွားတယ်၊ သူတို့ထွက်သွားပြီး မိနစ်ပိုင်းအတွင်းမှာ ဘုရားရှိခိုးကျောင်းကို ဂျာဆီနဲ့အဖွဲ့ရောက်လာတယ်၊ ဒီတစ်ကြိမ်တော့ ယိုးဒယားဂိုက်ဟာ အကြံကောင်းသွားတယ်၊ အင်္ဂလိပ်ဘုန်းကြီးဆီ မသွားတော့ဘူး၊ ပြင်သစ်ဘုန်းကြီးဆီမှာ လက်ထပ်ခွင့်တောင်းတော့ ပြင်သစ်ဘုန်းကြီးက ကရုဏာထားပြီး လက်ထပ်ပေးခဲ့တယ်၊ ယိုးဒယားဂိုက်က မြိတ်မှာ ဆိပ်ကမ်းမင်းကြီးချုပ်ဖြစ်လာခဲ့တယ်၊ ဒီအချိန်ကစပြီး လောဘဇောတွေ တရိပ်ရိပ်တက်လာပြီး မသမာတဲ့နည်းနဲ့ အမျိုးမျိုး စီးပွားရှာတော့တာပဲ၊ မြိတ်၊ တနင်္သာရီဒေသက အခွန်အတုတ်တွေ အားလုံးကို ခေါင်းပုံဖြတ်ပြီး စားခဲ့တယ်၊ မြိတ်မြို့ရဲ့ ဘုရင်ခံ ဘာနာဘီ လိုပုဂ္ဂိုလ်မျိုးတောင်မှ ယိုးဒယားဂိုက်လောက် ဩဇာအာဏာမကြီးဘူး၊





www.burmeseclassic.com

www.burmeseclassic.com



ယိုးဒယားပိုက်ဟာ အခွန်အတုတ်တွေပေါ်က ခေါင်းပုံဖြတ်ရုံမကဘူး၊ အဖိုးတန်ပစ္စည်းတွေကို နည်းအမျိုးမျိုးနဲ့ ရယူခဲ့တယ်၊ တိုင်းရင်းသားတွေအပေါ်မှာ အမျိုးမျိုး ဂုတ်သွေးစုတ်ချယ်လှယ်ခဲ့တယ်၊ ပင်လယ်မြင်ကိုထွက်ပြီး ပင်လယ်ဓားပြတိုက်တဲ့အလုပ်ကို အကြီးအကျယ်လုပ်ခဲ့တယ်၊ ပင်လယ်ပြင်က သင်္ဘောတွေကို ဆက်ကြေးတွေ အမျိုးမျိုးကောက်ခဲ့တယ်၊ သူတို့ကို အာခံတဲ့သင်္ဘောဆိုရင် ယိုးဒယားပိုက်ကိုယ်တိုင်ထွက်တိုက်ပြီး တစ်စင်းလုံးကို သတ်ဖြတ်ပစ်တယ်၊ သင်္ဘောကိုမီးရှို့ပြီး ရေအောက်ကို နစ်မြုပ်ပစ်တယ်၊ သူဟာ ရဲစွမ်းသတ္တိလဲအလွန်ရှိတယ်၊ ခါးကြားမှာ ပြောင်းတိုသေနတ် တစ်လက်နဲ့ ဓားရှည်တစ်လက်ကို ထိုးထားတယ်၊ သူ ဓားပြတိုက်တဲ့ သင်္ဘောရဲ့ မာလိန်မှူးတွေဟာ သူ့ကိုမကျေနပ်လို့ ဓားချင်းယှဉ်ခုတ် နိုင်ရင် ဓားပြမတိုက်ဘဲ ဘေးမဲ့ပေးမယ်လို့ ကြော်ငြာထားတယ်၊ ဒါပေမယ့် ယိုးဒယားပိုက်ကို ဓားချင်းယှဉ်နိုင်တဲ့သူ မပေါ်သေးပါဘူး''

ဟုပြောလေရာ သန်မာထွားကျိုင်းသောလူငယ်က

''ယိုးဒယားပိုက်ကြီးက လိမ္မာရင်ဘယ်လောက်ကောင်းမလဲ''

ဟု တီးတိုးရေရွတ်လေ၏။ ဦးကျော်နိုက ဆက်လက်၍

''လူ့ရဲ့ဗီဇဟာ သိပ်ကြောက်ဖို့ကောင်းတယ်၊ မကောင်း ပေမဲ့ မလုပ်ရဘူးဆိုတဲ့ အသိဉာဏ်ရှိပေမယ့် ဗီဇက ရှိနေတော့ မကောင်းမှုကို မရှောင်နိုင်ဘဲ လုပ်မိသွားတာရှိတယ်၊ ဒါကြောင့်လဲ အသိဉာဏ်





ရှိတဲ့လူတွေ ဒုစရိုက်မှုကို ကျူးလွန်နေတာကွ၊ တကယ်တော့ အသိဉာဏ်နဲ့အကျင့်စရိုက်သိပ်မဆိုင်ဘူး၊ အသိဉာဏ်ရှိတဲ့လူဟာ ဗီဇစိတ်အခြေခံမကောင်းရင် လူဆိုးဖြစ်ပြီးမကောင်းမှုတွေ ကျူးလွန်နေလေ့ရှိတယ်၊ ယိုးဒယားပိုက်ရဲ့ စွန့်စွန့်စားစား ငွေရှာမှုကြောင့် မြိတ်မှာ ဘုရင်ခံထက်တောင် တန်ခိုးထွားလာပြီး ကြီးကျယ်ခမ်းနားလာတဲ့ အချိန်မှာပဲ သူ့ရဲ့ချစ်ဇနီးမေရီဟာ သေဆုံးသွားခဲ့တယ်၊ ယိုးဒယားပိုက်ဟာ မေရီကို အလွန်ချစ်မြတ်နိုးတဲ့သူဆိုတော့ ရက်ပေါင်းများစွာ ပူဆွေးသောကရောက်ခဲ့ရတယ်၊ ဘယ်သူနဲ့မှ စကားမပြောဘဲ သူ့ရဲ့နှုတ်ဖျားက မေရီ မေရီလို့ပဲ တမ်းတပူဆွေးနေခဲ့တယ်၊ သူ့ရဲ့တပည့်တွေဟာ ယိုးဒယားပိုက်ရဲ့အဖြစ်ကို မကြည့်ရက်လို့ မိန်းမလှလေးတွေ ရှာဖွေပြီးပေးပေမယ့် သူဟာ မေရီမှ မေရီပါပဲ၊ မင်းတို့ အခုမြင်ရတဲ့ အုတ်ဂူဟာ ယိုးဒယားပိုက်ရဲ့ ချစ်သူ မေရီရဲ့အုတ်ဂူပါပဲ''

ဟုပြောကာ သူ၏စကားကို ခဏရပ်နားလိုက်လေ၏။ လူငယ်များက အုတ်ဂူကိုကြည့်၍

''ယိုးဒယားပိုက်ဟာ ချစ်သူမရှိတဲ့အချိန်မှာ အရက်သမားကြီးလုံးလုံးဖြစ်ပြီး အစွမ်းကုန် ဆိုးမိုက်ခဲ့တယ်၊ ဒီအချိန်မှာ အရှေ့တောင်အာရှမှာ ခေါင်းပုံဖြတ်နေတဲ့ အရှေ့အိန္ဒိယကုမ္ပဏီဟာ ယိုးဒယားပိုက်ကို အလွန် ဒေါသူပုန်ထနေကြတယ်၊ ယိုးဒယားပိုက် ဓားပြတိုက်တဲ့ သင်္ဘောတွေထဲမှာ အရှေ့အိန္ဒိယကုမ္ပဏီက သင်္ဘောတွေ



www.burmeseclassic.com

www.burmeseclassic.com



အများကြီးပါတယ်၊ အင်္ဂလိပ်ဥပဒေအရ ပင်လယ် ဓားပြတစ်ယောက်ရဲ့ အပြစ်ဒဏ်ဟာ သေဒဏ်ပဲလေ၊ ဒါကြောင့် ယိုးဒယားပိုက်အတွက် ရန်သူတွေ တဖြည်း ဖြည်းများလာတယ်၊ မြိတ်မြို့မှာရှိတဲ့ တိုင်းရင်းသားတွေကလဲ ယိုးဒယားပိုက်ရဲ့ လုပ်ရပ်တွေကို မုန်းတီးနာကြည်းနေပြီ၊ မြန်မာတိုင်းရင်းသားတွေရဲ့ အဖိုးတန်ရတနာအမျိုးမျိုးကို ယိုးဒယားပိုက်က သိမ်းပိုက်ပြီး အခွန်အတုတ်တွေ အမျိုးမျိုးကောက်ပြီး ပြည်သူတွေကို နှိပ်စက်နေတယ်လေ၊ သူဟာ ဘယ်သူတွေတော့ ငတေမာရင် ပြီးရော ဆိုတဲ့ စိတ်ဓာတ်နဲ့ ကိုယ်ကောင်းဖို့အတွက်ပဲ လုပ်ကိုင်ခဲ့တယ်၊ ဒီလိုနဲ့ အင်္ဂလိပ်အရှေ့ အိန္ဒိယကုမ္ပဏီက စစ်သင်္ဘောတွေဟာ ယိုးဒယားပိုက်ကို လာပြီး တိုက်ခိုက်တော့မယ်ဆိုပြီး သတင်းတွေထွက်ခဲ့တယ်၊ ယိုးဒယားပိုက်ဟာ သူ့ရဲ့ညာလက်ရုံးစမစ်နဲ့တိုင်ပင်ပြီး သင်္ဘောတစ်စင်းကို အသင့်ပြင်ထားခိုင်းတယ်၊ အဲဒီသင်္ဘောပေါ်မှာ သူ့ရဲ့ကိုယ်ပိုင် အဖိုးတန်ရတနာတွေကို အဆင်သင့်ထားတယ်၊ အင်္ဂလိပ်စစ်သင်္ဘော တွေလာရင် ထွက်ပြေးဖို့ဆိုပါတော့ကွာ၊ ဒီလိုနဲ့ ၁၆၈၆၊ ဇွန်လ (၁၃) ရက်နေ့မှာ အင်္ဂလိပ်ရေတပ်က စစ်သင်္ဘောနှစ်စင်းကို ကပ္ပတိန်ဝဲလ် ဒင်းဆိုသူ ဦးဆောင်ပြီး မြိတ်ကိုရောက်လာတယ်၊ ကပ္ပတိန်ဝဲလ်ဒင်းက အင်္ဂလန် ဘုရင်မင်းမြတ်ရဲ့ အမိန့်စာကိုဖတ်ပြတယ်၊ အမိန့်စာရဲ့ အဓိပ္ပါယ်ကတော့ မြိတ်မှာရှိတဲ့ အင်္ဂလိပ်လူမျိုးအားလုံ့ အလုပ်ကထွက်ပြီး သူတို့နဲ့လိုက်ခဲ့ဖို့ပြောတယ်၊ ယိုးဒယားပိုက်ကိုတော့ ပင်လယ်ဓားပြမှုနဲ့ အိန္ဒိယမှာ





တရားစွဲဖို့ စီစဉ်ထားတယ်၊ ဒါပေမယ့် ယိုးဒယားပိုက်ဟာ အကြံဉာဏ် သိပ်ကောင်းတယ်၊ ကပ္ပတိန်ဝဲလ်ဒင်းဟာ လောဘသားတစ်ယောက် ဆိုတာ ရိပ်စားမိတယ်၊ တစ်နေ့တော့ ကပ္ပတိန် ဝဲလ်ဒင်းကို သူ့ရဲ့ အိမ်တော်ကြီးမှာ ညှို့ခံကျွေးမွေးပြီး မိန်းမချောလေးတွေနဲ့ အခန်းတစ်ခန်းထဲမှာ ညှို့ခံထားခဲ့တယ်၊ ဒီလိုနဲ့ကပ္ပတိန် ဝဲလ်ဒင်းဟာ တစ်နေ့တစ်နေ့ကို မိန်းမချောလေးတွေနဲ့ မရိုးအောင် ပျော်ရွှင်နေရတော့ လာရင်းကိစ္စကိုတောင် မေ့နေပြီး နတ်ဘုံနတ်နန်းကို ရောက်နေသလား လို့တောင် အောက်မေ့တယ်၊ နေ့စဉ် အစား အသောက်ကောင်းကောင်း အဖိုးတန်အရက်တွေသောက်ပြီး ပျော်ရွှင်ကျေနပ်နေတယ်၊ ယိုးဒယားပိုက်ရဲ့စည်းစိမ်ဥစ္စာတွေကိုလဲ တဖြည်းဖြည်းအထင်ကြီးလာတယ်၊ ယိုးဒယားပိုက်ဒီလို လက်ညှိုး ညွှန်ရာဖြစ်ခနတာတာ တနင်္သာရီကမ်းမြှောင်ဒေသကနေ ငွေတွေ အများကြီးရလို့ပဲဆိုတာ ရိပ်စားမိလာတယ်၊ ကပ္ပတိန်ဝဲလ်ဒင်းဟာ စည်းစိမ်ဥစ္စာတွေကို မက်မောနေပြီ ဆိုတော့မှ ယိုးဒယားပိုက်က သူ့ရဲ့ အပြစ်တွေကို အိန္ဒိယရောက်ရင် လျှော့ပေါ့ပြီးထွက်ဆိုပေးရင် ကျောက်သံပတ္တမြားတွေ- သင်္ဘောနဲ့ အပြည့်ပေးမယ်ဆိုပြီး ကမ်းလှမ်းလိုက်တယ်၊ ရျေရှစလင်ဆိုတဲ့ သင်္ဘောကိုလဲ ဝဲလ်ဒင်းကို အပိုင်ပေးမယ်ဆိုပြီး ကမ်းလှမ်းလိုက်တယ်၊ ရျေရှစလင်ဆိုတဲ့သင်္ဘောကိုလဲ ဝဲလ်ဒင်းကို အပိုင်ပေးမယ်ဆိုတော့ ကပ္ပတိန်ဝဲလ်ဒင်းလဲ လောဘဇောတွေ တဖြည်းဖြည်းကပ်လာပြီး



www.burmeseclassic.com

www.burmeseclassic.com



ယိုးဒယားပိုက်ရဲ့ အပြစ်တွေကို လျှော့ပေါ့ တွက်ပေးဖို့ သဘောတူခဲ့တယ်''

ဟုပြောကာ အာခြောက်ဟန်ဖြင့် ခေတ္တအနားယူလိုက်လေ၏။ သန်မာထွားကျိုင်းသော လူငယ်က အလိုက်တသိ ရေတစ်ခွက် ခပ်ပေးလေ၏။

လူငယ်များ၏ အာရုံသည် လွန်ခဲ့သော အနှစ် ၂၀၀ ဝန်းကျင် ကာလသို့ ရောက်ရှိနေပြီး ယိုးဒယားပိုက်ဆိုသည့် ပင်လယ်ဓားပြ လူစွန့်စားကြီး၏ မျက်နှာကို မြင်ယောင်နေလေ၏။ ဦးကျော်နီက ဆက်လက်၍

'' တကယ်တော့ ယိုးဒယားပိုက်ဟာ ကပ္ပတိန်ဝဲလ်ဒင်းကို လောဘဇောကပ်အောင်မြှားယူပြီး အင်္ဂလိပ်ကို တစ်ပတ်ရိုက်ပြေးဖို့ အစီအစဉ်ရှိတယ်၊ ဒီလိုနဲ့ ကပ္ပတိန်ဝဲလ်ဒင်းဟာ ယိုးဒယားပိုက်ရဲ့ အိမ်ကြီးမှာ စည်းစိမ်အမျိုးမျိုးခံစားပြီး မစားရဝခမန်းမကျလုံးတွေနဲ့ ပျော်ရွှင်နေတုန်း (၁၆၈၇) ခုနှစ်၊ ဇူလိုင်လ (၁၄)ရက်ညမှာ မြိတ်မြို့မှာရှိတဲ့ မြန်မာတိုင်းရင်းသားတွေရဲ့ တော်လှန်ပုန်ကန်မှုကြီး ဖြစ်ပေါ်ခဲ့တယ်၊ တကယ်တော့ တိုင်းရင်းသားတွေဟာ ပင်လယ်ဓားပြကြီး ယိုးဒယားပိုက်ရဲ့ မတရားဖိနှိပ်ချုပ်ချယ်မှုတွေကို မခံနိုင်လွန်းလို့ အုံကြွတော်လှန်ရေးကြီးဖြစ်ပေါ်လာတာပဲ၊ အဲဒီညက ကပ္ပတိန်ဝဲလ်ဒင်းဟာ မိန်းမလေးတွေနဲ့ပျော်ပါးပြီး ည ၉ နာရီလောက်မှာ လှေဆိပ်ကိုပြန်သွားတယ်၊ ယိုးဒယားပိုက်ဟာ စံအိမ်ကြီးကထွက်ပြီး ဝဲလ်ဒင်းကို လှေဆိပ်အထိလိုက်ပို့ပေးတယ်၊ ဒီအချိန်မှာပဲ လှေဆိပ်မှာ ပုန်းအောင်းနေတဲ့ မြန်မာတိုင်းရင်းသားတွေဟာ ဓားကိုယ်စီနဲ့ ယိုးဒယားပိုက်တို့ကို တိုက်ခိုက်တော့တယ်၊ ယိုးဒယားပိုက်ဟာ ခါးကြားက ဆောင်ဓားကို ထုတ်ပြီး ပြန်ခုခံခဲ့တယ်၊ ကပ္ပတိန်ဝဲလ်ဒင်းကတော့ အချိန်ကြာတော့ မခုခံနိုင်ဘဲ လဲကျပြီး သတိလစ်သွားတယ်၊ ယိုးဒယားပိုက်နဲ့ သူ့ရဲ့ ညာလက်ရုံးစမစ်ဟာ တိုင်းရင်းသားတွေကို အပြင်းအထန် ခုခံ ခဲ့တယ်၊ နောက်ဆုံးတော့ တိုင်းရင်းသားတွေရဲ့အင်အားဟာ တဖြည်းဖြည်းများလာလို့ ယိုးဒယားပိုက်နဲ့စမစ်ဟာ စံအိမ်ဘက်ကို ပြန်ပြေးခဲ့ရတယ်၊ ယိုးဒယားပိုက်ရဲ့ စံအိမ်ကြီးကိုရောက်တော့ ရာပေါင်းများစွာသော မြန်မာတွေဟာ ဝိုင်းရံထားပြီး စံအိမ်ကို မီးရှို့ဖို့ ပြင်နေတာ တွေ့ရတယ်၊ ဒီလိုနဲ့ ကပ္ပတိန်ဝဲလ်ဒင်းတို့ လှေကလေးရှိတဲ့ ဆိပ်ကမ်းကိုပြေးပြီးလှေနဲ့ ရိဘိုလူးရှင်း သင်္ဘောရှိတဲ့နေရာကို ပြေးခဲ့တယ်၊ ဒီ အချိန်မှာပဲ ကမ်းစပ်က လူတစ်ယောက်က သေပြေးရှင်ပြေး ပြေးပြီး လိုက်လာလို့ လှေကို ရပ်ပြီး ကယ်တင်တော့ ကပ္ပတိန်ဝဲလ်ဒင်းဖြစ်နေတယ်၊ ကပ္ပတိန်ဝဲလ်ဒင်းဟာ ကံကောင်းလို့ အသက်မသေဘူး၊ သူတို့ဟာ ရိဘိုလူးရှင်းသင်္ဘောနားမရောက်မီမှာ မြိတ်ဆိပ်ကမ်းကနေ မြန်မာတိုင်းရင်းသားတွေဟာ သင်္ဘောကို အမြောက်နဲ့ပစ်နေလို့ အခက်တွေ့နေတုန်း သူတို့ကို သုတ်သင်ဖို့ထွက်လာတဲ့ မြန်မာတွေကို တွေ့လို့ ချုံထဲမှာပုန်းအောင်းနေ







www.burmeseclassic.com

www.burmeseclassic.com



ရတယ်၊ မြိတ်ဆိပ်ကမ်းတစ်ခုလုံး မီးဟုန်းဟုန်းတောက်လောင်နေပြီး ကမ္ဘာမျက်မှတ်ဖြစ်နေခဲ့တယ် ''

ဟုပြောရင်း ဦးရော်နီသည် ခဏမျှရပ်နားလိုက်လေ၏။ လူငယ်များသည် လွန်ခဲ့သောနှစ်ပေါင်း ၂၀၀ ကျော်က ကမ္ဘာ့မျက်မှတ်ဖြစ်ခဲ့သော မြိတ်ဆိပ်ကမ်းကို မြင်ယောင်နေလေ၏။

ဦးရော်နီက ဆက်လက်၍

'' ဆိပ်ကမ်းမှာရှိတဲ့ ယိုးဒယားဗိုက်ရဲ့ သင်္ဘောတွေ တော်တော်များများ မီးရှို့ဖျက်ဆီးတာ ခံနေရတယ်၊ ယိုးဒယားဗိုက်ဟာ သူ့ရဲ့ သင်္ဘောတွေ မီးရှို့ခံရလို့ ဒွေဒွေခုန်အောင် ဒေါသဖြစ်ပြီး မြန်မာ တိုင်းရင်းသားတွေကို ဒေါသတကြီး ဆဲဆိုနေခဲ့တယ်၊ ဒီအချိန်မှာပဲ မြန်မာတွေရဲ့ မီးဖောင်တွေ ရေထဲမျောလာလို့ ကျောက်ဆူးနုတ်ဖို့ တောင် အချိန်မရတဲ့ ကမန်းကတန်း ကျောက်ဆူးကြိုးကိုဖြတ်ပြီး မြိတ်နဲ့ဝေးရာကို ပြေးခဲ့ရတယ်၊ ယိုးဒယားဗိုက်ဟာ သူ့ရဲ့စည်းစိမ်တွေ ပျက်စီးဆုံးရှုံးရလို့ အလွန် ဒေါသထွက်ခဲ့တယ်၊ ကျွန်းပေါ်မှာကျန်ခဲ့တဲ့ အင်္ဂလိပ်လူမျိုးတွေရဲ့ အသက် အန္တရာယ်ကိုလဲ စိုးရိမ်သောကဖြစ်ခဲ့တယ်၊ ဒါကြောင့် မြိတ်ကို တိတ်တဆိတ်ပြန်ဝင်ပြီး အင်္ဂလိပ်လူမျိုးတွေကို ကယ်တင်ဖို့ ပြင်ဆင်ခဲ့တယ်၊ ဒါပေမယ့် သူ့ရဲ့ညာလက်ရုံး ဓမစ်နဲ့ အဖွဲ့သားတွေက ဝိုင်းဝန်းတားဆီးလို့ မြိတ်ကို ပြန်မသွား ဖြစ်ခဲ့တူး၊ ဒီအချိန်မှာပဲ မြိတ်မြို့ရဲ့ ဘုရင်ခံ ဘာနာဘီဟာ သူ့ရဲ့ဘုရင် စံအိမ်တော်မှာ တိုင်းရင်းသားတွေရဲ့





သတ်ဖြတ်ခြင်းကို ခံလိုက်ရတယ်၊ နှစ်ကာလတွေ အများကြီးရှည်ကြာခဲ့တဲ့ ရန်ငြိုးရန်စတွေကြောင့်ပေါ့ကွာ၊ ယိုးဒယားဗိုက်ရဲ့ ဘဝနောက်ကြောင်းကို တိုတိုပြောရရင်တော့ကွာ၊ ယိုးဒယားဗိုက်ဟာ သူပိုင်ရတနာတွေကို ဘယ်သူမှမသိအောင် ကျွန်းတစ်ကျွန်းမှာ လျှို့ဝှက်ပြီး သိမ်းဆည်းခဲ့တယ်၊ ပြီးတော့ အိန္ဒိယနိုင်ငံ မဒရပ်ကိုရောက်တဲ့အခါ ကပ္ပတိန်ဝဲလ်ဒင်းကို လှည့်စားပြီး သူပိုင်သင်္ဘောနဲ့ အင်္ဂလန်ကို ထွက်ပြေးခဲ့တယ်၊ အင်္ဂလန်ကိုရောက်တဲ့ အခါ ဉာဏ်နီဉာဏ်နက်များတဲ့ ယိုးဒယားဗိုက်က အရှေ့အိန္ဒိယ ကုမ္ပဏီက သူ့ရဲ့သင်္ဘောတွေကို မတရားသိမ်းပိုက်ခဲ့တယ်လို့ တိုင်တန်းခဲ့တယ်၊ ကုမ္ပဏီကို တရားလဲစွဲခဲ့တယ်၊ သူဟာ သူ့အပြစ်တွေကို ကုမ္ပဏီကို စုပြုံပြီး ပုံချခဲ့တာပေါ့၊ သူဟာ ဉာဏ်နီဉာဏ်နက်တွေနဲ့ အပြစ်ကလွတ်အောင် ဉာဏ်ဆင်ခဲ့ပေမယ့် ဘုရားသခင်က သူ့ကို အပြစ်ဒဏ်ခတ်ခဲ့တယ်၊ သူ့ရဲ့ကျန်းမာရေးက အင်္ဂလန်ကိုရောက်တာနဲ့ တဖြည်းဖြည်းညှိုးဖျင်းလာပြီး အသက်ဆုံးရှုံးရတဲ့ ဘဝရောက်ရ တယ် ''

ဟုပြောကာ သူ၏ ဇာတ်လမ်းကို အဆုံးသတ်လိုက်လေ၏။ လူငယ်များသည် မြိတ်ဒေသတွင် လွန်ခဲ့သောနှစ်ပေါင်း နှစ်ရာကျော်က ကျင်လည်ကျက်စားခဲ့သော ပင်လယ်ဓားပြလူစွန့်စားကြီး၏ အကြောင်းကို တွေးတောရင်း ငြိမ်သက်သွားလေ၏။

လူငယ်များအနက် သန်မာထွားကျိုင်းသောလူရွယ်က သက်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ချေ

" ဘယ်လောက်ပဲ တန်ခိုးအာဏာကြီးတဲ့သူဖြစ်ပါစေ၊ မကောင်းမှုလုပ်ရင် နောက်ဆုံးတော့ ဇာတ်သိမ်းမကောင်းဘူးဆိုတာ သာဓကပြနေတာပဲ "

ဟု တီးတိုးရေရွတ်လေ၏။ ဦးကျော်နီက ခေါင်းညိတ်၍

" တကယ်တော့ ယိုးဒယားပိုက်ဟာ သူ့ဘဝတစ်လျှောက်လုံး စွန့်စွန့်စားစား နေထိုင်ခဲ့တာချည်းပဲကွ၊ ဒါပေမယ့် စည်းစိမ်ဥစ္စာလောဘဇောကပ်လာတော့ လူစွန့်စားတစ်ယောက်ဘဝကနေ လောဘသားဖြစ်ပြီးဇာတ်သိမ်းမကောင်းဖြစ်ရကာပဲ၊ ကဲ ညနေစောင်းပြီ ကွာ၊ ငါပြန်တော့မယ်၊ မင်းတို့အထဲက တစ်နေ့မှာ ယိုးဒယားပိုက်လို လူစွန့်စားဖြစ်မယ့်သူ မပေါ်ဘူးလို့ မပြောနိုင်ဘူးကွ "

ဟု ဆိုကာ တွန်းလှည်းကလေးကို တရွေ့ရွေ့တွန်း၍ သူ၏အိမ်ရှိရာသို့ ထွက်သွားလေတော့၏။

ညမှောင်ရိပ်သန်းစပြုနေသဖြင့် လူငယ်များအားလုံးသည် ညောင်ပင်ကြီးအောက်မှ လမ်းခွဲ၍ ထွက်ခွာသွားလေ၏။

လူငယ်များထွက်ခွာသွားပြီးနောက် ညောင်ပင်ကြီးအောက်တွင် သန်မာထွားကျိုင်းသော လူငယ်တစ်ဦးသာ ကျန်ရစ်ခဲ့၏။

သူသည် ယိုးဒယားပိုက်၏ချစ်သူ မေရီ၏ အုတ်ဂူကိုကြည့်ရင်း လွန်ခဲ့သော နှစ်ပေါင်း ၂၀၀ ကျော်က မြိတ်မြို့ကြီးကို ပြန်လည်တွေးဆ





ရင်း မြင်ယောင်လာ၏။

မြိတ်ဆိပ်ကမ်းကြီးတွင် ယိုးဒယားပိုက်၏သင်္ဘောများ တန်ခိုးထွားခဲ့ပုံ၊ ပင်လယ်ဓားပြအဖြစ် ကျင်လည်ကျက်စားခဲ့ပုံ၊ တိုက်ပွဲများဖြစ်ပွားခဲ့ပုံများကို မျှော်မှန်းတမ်းတကြည့်၏။

သူသည် ယိုးဒယားပိုက်၏ စွန့်စားခန်းများကို အားကျနေမိ၏။

သို့သော် လောဘဇောကပ်၍ သူတစ်ပါးကို မတရားဖိနှိပ် ချုပ်ချယ်ပြီး ပင်လယ်ဓားပြလုပ်ခြင်းကိုမူ နှစ်သက်ခြင်းမရှိပေ။

လူငယ်သည် အတန်ကြာအောင် ထိုင်နေပြီးနောက် သူ၏အိမ်ရှိရာသို့ ပြန်ခဲ့လေ၏။

သူ၏အိမ်သည် မြိတ်မြို့စွန်တွင်ရှိသော တဲအိမ်ငယ်လေးဖြစ်၏။

တဲကလေးရှေ့သို့ရောက်သောအခါ မှန်အိမ်မီးရောင်လင်းနေသဖြင့် အဒေါ်ပြန်ရောက်နေပြီဟု သိလိုက်၏။

အဒေါ်ဖြစ်သူက

" အောင်လံ၊ နင်ပြန်လာပြီလား၊ ငါ့အနားကို လာစမ်းပါဦး "

ဟု ခေါ်လေ၏။ အောင်လံသည် အဒေါ်၏ရှေ့သို့ သွား၍ထိုင်လေရာ အဒေါ်ဖြစ်သူက အာလေးလျှာလေးဖြင့်

" အောင်လံ၊ နင်အလုပ်အဆင်ပြေရဲ့လား၊ ဘာဖြစ်လို့ နောက်ကျရတာလဲ၊ နင့်ကိုငါ ပြောစရာရှိလို့ စောင့်နေတာပဲ "

ဟုပြောလေရာ အောင်လံက ခေါင်းညိတ်၍



www.burmeseclassic.com

www.burmeseclassic.com



" ပြေပါတယ်အဒေါ်၊ အလုပ်ရှင်က လခတိုးပေးမယ်လို့ တောင်ပြောတယ်၊ ဒီနေ့ နောက်ကျပြန်ရတာက ဦးဂျော်နီကြီးရဲ့ စကားဝိုင်းမှာ ဝင်နားထောင်နေလို့ပါ "

ဟုပြောလေ၏။ ထိုအခါ အဒေါ်က

" နင်အလုပ်လုပ်တာ အဆင်ပြေတယ်ဆိုတော့ငါဝမ်းသာတယ်၊ ငါပြောမယ့်စကားက အတော်ဖြစ်သွားတာပေါ့ "

ဟုပြောလေ၏။ အောင်လံက စိတ်ဝင်စားစွာဖြင့် နားစွင့်နေလိုက်၏။ သူ၏အဒေါ်က သက်ပြင်းချ၍

" နင့်မိဘတွေ ရွက်လှေမှောက်လို့ ဆုံးသွားကတည်းက နင့်ကိုငါ စောင့်ရှောက်လာတာ ငါးနှစ်လောက်ရှိပြီ၊ အခုတော့ နင်လဲ အရွယ်ရောက်လာပြီ၊ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နေနိုင်ပြီ ဒါကြောင့် "

ဟုပြောကာ သူမ၏စကားကို ရပ်လိုက်သဖြင့် အောင်လံက မျက်မှောင်ကြုတ်၍

" ဒါကြောင့် ဘာဖြစ်လဲ "

ဟုမေးမြန်းလေ၏။ အောင်လံ၏အမေးကြောင့် ,အဒေါ်သည် မဖြေသေးဘဲ ရှက်ကိုးရှက်ကန်းဖြင့် ငြိမ်သက်နေပြီးမှ

" ငါ ယောကျ်ားယူတော့မလို့ဟဲ့ "

ဟုပြောလိုက်ရာ အောင်လံသည် နွေခေါင်ခေါင်တွင် မိုးကြိုးပ





သံကြားရသကဲ့သို့ အံ့ဩသွားပြီးမျက်လုံးပြူးမျက်ဆန်ပြူးဖြင့်

" ဟင် အဒေါ်က ဒီအရွယ်ကြီးရောက်မှ ယောကျ်ားယူဦး မယ်၊ ပတ်ဝန်းကျင်က ကဲ့ရဲ့မှာ မရှက်ဘူးလား "

ဟု အပြစ်တင်လိုက်လေ၏။ အဒေါ်က ရယ်မော၍

" ကြိုက်မရှက်၊ ငိုက်မရှက်ဆိုတဲ့ စကားရှိတယ်လေ၊ ငါ့အသက်က ဒီနှစ်မှ ငါးဆယ်ပြည့်တာဟဲ့၊ ငါ့ကို ဦးရွှေတလုပ်က ချစ်ခွင့်ပန်နေတာကြာပြီ၊ ငါက အင်တင်တင်လုပ်နေလို့ ဒီလောက်ကြာနေတာ၊ အခုတော့ သူ့ကို မယူလို့မရတဲ့အခြေအနေကို ရောက်နေပြီတဲ့ "

ဟုပြောလေရာ အောင်လံသည် စိတ်ပျက်လက်ပျက်ဖြင့် ခေါင်းကို ခါရမ်းလိုက်ပြီး

" အဒေါ်ရယ်၊ ဆင်ပြောင်ကြီး မြီးရောက်မှတစ်ဆိုသလို ဖြစ်နေပြီ၊ ရှက်စရာကောင်းလိုက်တာဗျာ၊ အသက် ၅၀ ရောက်မှ မယူလို့မဖြစ်တော့တဲ့ အခြေအနေကို ရောက်နေပြီဆိုတော့ ကျွန်တော့် မျက်နှာ ဘယ်မှာသွားထားရမလဲ "

ဟုပြောဆိုလေ၏။

သူ၏အဒေါ်က အောင်လံ၏ခေါင်းကိုခေါက်၍

" ငါတစ်သက်လုံး အထီးကျန်နေ လာခဲ့ရတယ်၊ အခုတော့ ဟန်ဆောင်ပြီးမနေချင်တော့ဘူး၊ ငါသေရင် ငှက်ပျောတုံးနဲ့ နှစ်ပါးသွား



www.burmeseclassic.com

ရမှာလဲ ကြောက်တယ် ''

ဟုပြောလေ၏။ အောင်လံသည် သူ၏အဒေါ်အပျိုကြီး၏ အမူအရာကိုကြည့်၍ စိတ်ပျက်လက်ပျက်ဖြစ်နေမိ၏။ အဒေါ်က

'' အပျိုနဲ့လူပျို လက်ထပ်ထိမ်းမြားကြတာ ဘယ်သူ့ကိုမှ ဂရုစိုက်စရာမလိုပါဘူးဟယ် ''

ဟုပြောလေ၏။ အောင်လံက သက်ပြင်းချ၍

'' ဦးရွှေတလုပ်ဟာ လူပျိုကြီး အစစ်ဖြစ်ပုံရမဘူး ''

ဟုရေရွတ်လိုက်လေ၏။ အဒေါ်က ရယ်မော၍

'' ဒါတွေဟာ နင်ပူရမယ့်ကိစ္စမဟုတ်ပါဘူး။ ငါ့ကိစ္စပါ၊ ယောကျ်ားကတော့ ဘယ်ကင်းပါ့မလဲ၊ လူပျိုကြီးမဖြစ်တော့ ပိုတောင် ကောင်းသေးတယ်၊ ဒါတွေ ထားလိုက်ပါတော့ဟယ်၊ သူနဲ့ငါ လက်ထပ်ပြီးရင် သူ့အိမ်ကိုပြောင်းနေကြမယ်၊ ငါတို့နေတဲ့ တဲအိမ်ကလေးကိုတော့ ပွဲရုံမှာ အလုပ်လုပ်တဲ့ သူ့ရဲ့လူယုံတစ်ယောက်ကို ပေးပစ်လိုက်မယ်၊ ဒါကြောင့် နင်လဲ ငါနဲ့လိုက်နေရမယ် ''

ဟုပြောလေရာ အောင်လံသည် သူ၏အဒေါ်ကို မည်သို့မျှ ကန့်ကွက်စကားမဆိုတော့ဘဲ

'' လုပ်ချင်ရာလုပ်ပေတော့ အဒေါ်ရယ်၊ ကျွန်တော်တို့မြို့ထဲက ဘိုရူးကြီးတစ်ယောက် ပြောသလိုပြောရရင် ဗွတ်တယ်ထင်ရင် ဒူးသာဒူးလိုက်ပေတော့ ''





ဟုပြောကာ ထမင်းစားရန် နောက်ဖေးဘက်သို့ ထွက်ခဲ့လေတော့သတည်း။

☼☼☼☼☼

၆၀ ဖန်စီ၊ ဘကြဲပေးစာများ ရေးသားလိုပါလျှင်...

**မင်းမြတ်သူရ**

အမှတ်-၇၊ အသောကလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်သို့ လိပ်မူ၍ ရေးသားနိုင်ပါသည်။

www.burmeseclassic.com



အထက်ပါအဖြစ်အပျက်များ ဖြစ်ပေါ်ခဲ့ပြီး တစ်လခန့်ကြာသောအခါ မွဲရုံပိုင်ရှင် ဦးရွှေတလုပ်နှင့် အောင်လံ၏ အဒေါ်အပျိုကြီးသည် အသက်ကြီးကာမှ အရှက်မရှိဘဲ မြိတ်မြို့တစ်မြို့လုံးသိအောင် ခမ်းနားစွာ မင်္ဂလာဆောင်လေတော့၏။

၎င်းတို့၏မင်္ဂလာဆောင်သို့ ကြွရောက်ချီးမြှင့်သော ပရိသတ်များကို ပဝါတစ်စနှင့်ပဒုမ္မာပိတ်စများကို လက်ဆောင်အဖြစ် ချီးမြှင့်လေ၏။

မင်္ဂလာပွဲက ပရိသတ်များ အလျှံပယ်စားသောက်နိုင်ရန် မော်လမြိုင်မြို့မှ ဒံပေါက်ကုလားများကိုခေါ်၍ ချက်ပြုတ်စေ၏။





ထိုအခါ ဒံပေါက်ကုလားများသည် မြိတ်မြို့တစ်မြို့လုံးမှ ကြက်များပင် မလုံလောက်သဖြင့် အနီးအနားရွာများသို့ပင် ကြက် များ ဝယ်ယူရလေ၏။

လူပျိုကြီးနှင့် အပျိုကြီး အသုံးတော်ခံမည့် မင်္ဂလာခုတင်ကြီးနှင့် မင်္ဂလာခန်းဝင်ပစ္စည်းမျိုးစုံကို မြိတ်သူမြိတ်သားများသည် ဝင်ရောက်ကြည့်ရှု၍ အချို့က ချီးမွမ်းကြ၏။ အချို့က ကဲ့ရဲ့ကြ၏။

အချို့က ရယ်သွမ်းသွေးကြ၏။

အပျိုကြီးနှင့် လူပျိုကြီး ဝတ်ဆင်မည့် မင်္ဂလာသတို့သား၊ သတို့သမီး ဝတ်စုံကို ရန်ကုန်မြို့ကပင် တကူးတက မှာယူကြလေ၏။ မင်္ဂလာညည့်ခံပွဲကို လူပျိုကြီး၏ခြံကျယ်ကြီးတွင် ကျင်းပရန် စီစဉ်လေ၏။

မင်္ဂလာပွဲကျင်းပရန် နီးသောအခါ ခြံကြီးကို ဆေးသုတ်ကြ၏။ ချယ်ပိတ်ပေါင်းများကိုရှင်းလင်းကြလေ၏။

အပျိုကြီးသည် ထိုမြင်ကွင်းများကိုကြည့်၍ ပီတိဖြာဝေနေလေတော့သည်။

အောင်လံသည် လူသားနှစ်ဦးပေါင်းစပ်မည့်အရေးကို ဤမျှအချိန်ကုန်ခံပြီး ငွေများစွာဖြုန်းတီးခြင်းကို အံ့ဩနေမိ၏။ အမှန်စင်စစ်ထိုအရာများသည် ပကာသနကိစ္စဖြစ်ပြီး အပိုသက်သက် လုပ်ကိုင်နေခြင်းဖြစ်သည်ဟု ထင်မြင်မိလေ၏။

လူများသည် ထိုကဲ့သို့ ခမ်းခမ်းနားနား ငွေကုန်ခံ၍ ပြုလုပ်

www.burmeseclassic.com



ခြင်းကို အထင်ကြီးတတ်သော ဓလေ့ရှိ၏။

ထိုငွေများကို ဆင်းရဲနွမ်းပါးသော လူအများစု၏ ကောင်းကျိုး အတွက် ကုသိုလ်လုပ်လျှင် မည်မျှကောင်းမည်နည်းဟု တွေးလိုက်မိ၏။

လူပျိုကြီးသည် မော်လမြိုင်မြို့မှ အငြိမ့်အဖွဲ့ကို မင်္ဂလာဦးည တွင် ဖြေဖျော်ရန် ငှားရမ်းခဲ့ပြန်၏။ မင်္ဂလာပွဲတွင် မှတ်တမ်းတင်ရန် ရန်ကုန်မြို့မှ ဓာတ်ပုံဆရာများကိုလည်း ခေါ်ယူလေ၏။

မင်္ဂလာပွဲမကျင်းပမီ တစ်လအလိုကပင် လူပျိုကြီး ဦးရွှေတလုပ် က အောင်လံ၏ ခေါ်လေးအား သူ၏အိမ်ကြီးဆီသို့ နေထိုင်ရန် စီစဉ် ထားလေရာ အောင်လံနှင့် သူ၏အခေါ်သည် ဦးရွှေတလုပ်၏ နေ အိမ်သို့ တက်ရလေ၏။

အောင်လံသည် အခေါ်ဖြစ်သူနှင့်အတူ ဦးရွှေတလုပ်၏ နေအိမ် သို့ ကန့်လန့်ကန့်လန့်ပါလာလေ၏။

သူသည် ဦးရွှေတလုပ်၏ နေအိမ်သို့ ရောက်သည့်နေ့မှစ၍ စိတ်ဆင်းရဲရလေတော့၏။

ဦးရွှေတလုပ်သည် မိမိကို ကြည်ဖြူဟန်မရှိဘဲ အခေါ်ဖြစ်သူနှင့် ပတ်သက်၍သာ သည်းခံနေပုံရ၏။

ထို့ကြောင့် အိမ်ကြီးပေါ်သို့ အောင်လံရောက်သည့်နေ့မှာပင် များပြားလှသော စည်းကမ်းများကို ချမှတ်လေရာ အောင်လံက မျက်





နှာရှုံ့မဲ့၍ နားထောင်နေမိ၏။ အခေါ်ဖြစ်သူက အောင်လံ၏ အပြုအမူ ကို မျက်မှောင်ကြုတ်၍

" ဟဲ့ ကောင်လေး၊ နင် ဒီနေ့ကစပြီး တဲပေါ်က တိုက်ပေါ် ရောက်ပြီ၊ အရင်တုန်းက အချိုးမျိုးတွေ လုပ်လို့မရတော့ဘူး၊ အစ်ကို ပြောတာ သေသေချာချာနားထောင်၊ ဈေးလဲ ရောင်းစရာမလိုတော့ဘူး။ ပွဲရုံလုပ်ငန်းကို တတ်အောင်သင်ပြီး ဒါတို့ကို ဝိုင်းကူလုပ်ပေးရမယ် "

ဟုပြောလေရာ နေ့ချင်းညချင်း ပွဲရုံပိုင်ရှင်ဖြစ်သွားသော အခေါ် ၏ လေသံကို မနှစ်မြို့သလိုဖြစ်သွားလေ၏။ သူ၏အခေါ်က ဦးရွှေ တလုပ်ဘက်သို့ လှည့်၍

" ဒီကောင်က မြို့ပေါ်မှာ ကလေကဝလေးတွေနဲ့ပေါင်းပြီး နည်းနည်း အပျော်အပါးဝါသနာပါတယ်၊ ဒါကြောင့် ညီမက သူ့ကို ကြိုတင်ဆုံးမထားရတယ်၊ အစ်ကိုလဲ ကိုယ့်တူကိုယ့်သားလိုသဘော ထားပြီး ဆုံးမပါ၊ အောင်လံကို အစ်ကို့လက်ကိုအပ်ပါတယ်၊ မလိမ္မာ တာရှိရင် ရိုက်ဆုံးမပါ၊ ညီမ စိတ်မဆိုးပါဘူး "

ဟုပြောလိုက်ရာ လူပျိုကြီး ဦးရွှေတလုပ်သည် သဘောခွေ့ သွားပြီး တဟီးဟီးရယ်မောကာ

" ဒီကောင် အစ်ကိုနဲ့တွေ့ရင် အများကြီးလိမ္မာသွားမယ်၊ အစ်ကိုက ဘုရားတရားလိုက်စားတာ ညီမအသိပဲ၊ ဒါကြောင့် ဒီကောင့် ကို မေတ္တာသုတ်တွေရွတ်ခိုင်းမယ်၊ ဓမ္မစကြာလဲ ရွတ်ရမယ်၊ မေတ္တာ



www.burmeseclassic.com

www.burmeseclassic.com



ပို့နည်းတွေ၊ ဘုရားရှိခိုးနည်းတွေ အများကြီး သင်ပေးမယ်၊ နောက်ပြီးတော့ ဦးရှင်ကြီးတင်နည်းရော၊ ရက္ခစိုးပူဇော်နည်းပါမကျန် သင်ပေးမယ် ''

ဟုပြောလေရာ အပျိုကြီးသည် တဟီးဟီးရယ်မော၍ သဘောကျသွားသော်လည်း အောင်လံသည် လွန်စွာစိတ်ပျက်လက်ပျက်ဖြစ်သွားပြီး ဦးရွှေတလုပ်ကို အမြင်ကတ်ကတ်ဖြင့်

'' ဘုရားကိုးဆူပင့်နည်း ကျန်သေးတယ် ''

ဟုပြောလိုက်ရာ အပျိုကြီးသည် အောင်လံ၏အကျင့်ကိုသိ၍ မျက်စောင်းထိုးလိုက်သော်လည်း အပါးမဝဟာန်ရှိသော ဦးရွှေတလုပ်က

'' ဘုရားကိုးဆူပင့်နည်းတော့ ငါလဲမရဘူးကွ၊ စာအုပ်တွေပဲ ရှိတယ်၊ မင်းကို စာအုပ်ဖတ်ခိုင်းရမယ် ''

ဟု အူကြောင်ကြောင်ပြောလေ၏။

ထို့နောက်တွင်မူ ဦးရွှေတလုပ်က စာရွက်ရှည်ကြီးတစ်ရွက် ဖြင့် ရေးသားထားသော စည်းကမ်းချက်ပေါင်းများစွာကို အောင်လံကို ဖတ်ပြလေ၏။

သူ၏ စည်းကမ်းချက်များသည် လွန်စွာ ရယ်စရာကောင်းပြီး အောင်လံအနေနှင့် တစ်ခုမျှ မလိုက်နာနိုင်သော စည်းကမ်းများပင် ဖြစ်၏။

ဦးရွှေတလုပ်က လူပျိုတော်ကြီးတစ်ယောက် ခမ်းနားသိုက်





မြိုက်စွာ ရေးသားထားသော ကာရန်နဘောများပါသော ဘုရားရှိခိုးကို မနက်တစ်ကြိမ် ညတစ်ကြိမ် တစ်နာရီကြာ ရှိခိုးရမည်ဟုဆို၏။ ကြေးစည်ကိုလည်း ထုရမည်ဟုဆို၏။ ထို့နောက် ရှည်လျားထွေပြားပြီး ကာရန်နဘောများပါသော ဘုရားရှိခိုးနည်းစာအုပ်ကြီးကို အလွတ်ကျက်ရန် အောင်လံ လက်သို့ ပေးအပ်လေ၏။

အောင်လံသည် လူပျိုကြီးပေးသော ဘုရားရှိခိုးနည်းစာအုပ်ကြီးကို စိတ်ပျက်လက်ပျက်ကြည့်၍ အဓိပ္ပါယ်မရှိသောလုပ်ရပ်ဟု ယူဆကာ ကျက်မှတ်ခြင်းမရှိပေ။

ဤသို့ဖြင့် မင်္ဂလာပွဲကျင်းပရန် ရက်သည် တဖြည်းဖြည်း နီးကပ်လာလေ၏။

အောင်လံသည် မြိတ်မြို့ဆိပ်ကမ်းရှိ ကုန်လှောင်ရုံသို့ အလုပ်မဆင်းရတော့ပေ။ ထိုအချိန်မှစ၍ ဦးရွှေတလုပ်၏ အိမ်ကြီးထဲတွင် ဖျင်းရိပြီး ငွေ့စွာ နေထိုင်ရပြီး အဓိပ္ပါယ်မရှိသော စည်းကမ်းချက်များကို လိုက်နာရလေ၏။

သူ၏အခါ အပျိုကြီးမှာမူ ဦးရွှေတလုပ်နှင့် အချစ်နာလန်ထစ ကာလဖြစ်သဖြင့် အောင်လံကို မေ့လျော့ကာ မိုးမမြင်လေမမြင် ပျော်ရွှင်နေလေ၏။

မင်္ဂလာပွဲအတွက် အိမ်ကြီးတစ်ခုလုံးတွင် ဦးရွှေတလုပ်၏လူများ အလုပ်ရှုပ်နေကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ခြံဝင်းကြီးထဲတွင် ရောင်စုံ ပူပေါင်းများ လိုက်လံချိတ်ဆွဲလေ၏။ စားပွဲကုလားထိုင်များကိုလည်း ခင်းကျင်းလေ၏။

ဒံပေါက်ချက်သောကုလားများကလည်း တွင်းကြီးတစ်ခုကို တူးကာ မီးများဖိုနေလေ၏။

မြို့ပေါ်ရှိ ဦးရွှေတလုပ်၏ အပေါင်းအသင်းလူကုံထံများ၊ ဘုရားလူကြီးများ၊ ဟိုမရောက် သည်မရောက်လူကြီးများသည် ဦးရွှေတလုပ်မိန်းမရခြင်းကို ၎င်းတို့ကိုယ်တိုင်ရသကဲ့သို့ ပျော်တပြုံးပြုံးရှိနေကြ၏။

အချို့သော စေတနာပိုသူများက ဦးရွှေတလုပ်သောက်သုံးရန် အားတိုးဆေးအမျိုးမျိုးနှင့် စာအုပ်စာပေအမျိုးမျိုးကို တိုးတိုးတိတ် တိတ်ပို့ဆောင်ပေးကြ၏။

ဦးရွှေတလုပ်သည် ဘုရားလူကြီးပီပီ ဟန်ဆောင်ပန်ဆောင် မရှိဘဲ တဟီးဟီးတဟဲဟဲ ရယ်မော၍ လက်ဆောင်ပစ္စည်းများကို သဘောကျစွာ လက်ခံယူ၏။

အောင်လံသည် ထိုရက်များအတွင်း အိမ်ကြီး၌ အခန်းအောင်းနေရလေ၏။

ဦးရွှေတလုပ်သည် မျိုးရိုးစဉ်ဆက် ချမ်းသာသူဖြစ်သဖြင့် မိဘများ လက်ထက်ရှိ အိမ်ကြီးသည် ခမ်းနားလှ၏။

ခြံဝင်းကြီးကလည်း လွန်စွာ ကျယ်ဝန်း၏။

အောင်လံသည် အခန်းအောင်း၍ မနေတတ်တော့သဖြင့်





ဂါလာပွဲကျင်းပရန် ပြင်ဆင်နေသူများရှိရာသို့ အကူအညီပေးရန် ထွက်ခဲ့လေ၏။

သို့သော် ဦးရွှေတလုပ်၏ တပည့်တပန်းများသည် အောင်လံကို အဖက်မလုပ်ဘဲရှိနေသဖြင့် အောင်လံသည် ၎င်းတို့အလုပ်များကို ထိုင်ကြည့်နေရ၏။

ကြာသောအခါ ပျင်းရိသလိုရှိလာ၍ အိမ်ကြီး၏အနောက်ရှိ ခြံဝင်းကြီးဘက်သို့ ထွက်ခဲ့လေ၏။ ဦးရွှေတလုပ်၏အိမ်သည် မြို့စွန်တွင် ရှိ၍ ခြံကြီးထဲတွင် အပင်ကြီးများဖြင့် နေပျောက်မထိုးနိုင်အောင် ရှိ၏။ ထိုခြံဝင်းကြီးရှိ အမှိုက်သရိုက်များကို လှဲကျင်းရန် အလုပ်သမားနှစ်ယောက် သီးသန့်ထားရသည်ဆို၏။

အောင်လံသည် ခြံကြီး၏အနောက်သို့ လျှောက်ခဲ့ရင်း လွန်စွာ သေးငယ်သော အုတ်တိုက်ကလေးကို သွားတွေ့လေ၏။

တိုက်ကလေးသည် ၁၀ ပေပတ်လည်သာရှိသဖြင့် လူနေဟန် မတူပေ။

တိုက်ကလေး၏အရှေ့ရှိ ဟောင်းနွမ်းနေသော သစ်သားတိုင်ပေါ်တွင် ဆိုင်းဘုတ်တစ်ခုကိုတွေ့ရ၏။

'စိမ်ရေဖောက်သောရုံ၊ အခွင့်မရှိ မဝင်ရ' ဟု ရေးသားထားသော၏။ ထိုအခါမှပင် အုတ်တိုက်ကလေးသည် အရက်ချက်သောရုံဖြစ်ကြောင်း သိလိုက်၏။ မြိတ်မြို့သည် ရှေးအခါက နိုင်ငံခြားသားများ



www.burmeseclassic.com

www.burmeseclassic.com



အဝင်အထွက်ရှိသဖြင့် အရက်ချက်သော တိုက်များကို ရှေးဆန်သော အိမ်ကြီးများတွင် ရှိကြောင်းသတိပြုမိ၏။

အောင်လံသည် အရက်ချက်သော တိုက်ကလေးအနီးတွင် အေးမြပြီး အရိပ်မထိုးနိုင်အောင်ရှိသဖြင့် တိုက်ကလေး၏တံခါးဝင် ကျောမှီ၍ ထိုင်လိုက်၏။

သူသည် လူသူကင်းရှင်းသောနေရာဖြစ်သဖြင့် တိုက်တံခါးဝ တွင် ကျောမှီ၍ တရေးတမောအိပ်စက်လိုက်လေ၏။

အောင်လံသည် ညနေစောင်းသည်အထိ အရက်ချက်သော တိုက်ကလေး၌တစ်ဦးတည်း နားအေးပါးအေးရှိနေစဉ် ကျောမှီထား သော သစ်သားတံခါးချပ်ကို တဒုံးဒုံးထုသံကြားရ၍ လန့်ပြီး လှည့်ကြည့် လိုက်ရာ လူသူတစ်ဦးတစ်ယောက်မျှ မတွေ့ရသဖြင့် သရဲခြောက်ခြင်း ပေလောဟု တွေးကာ ခေါင်းနပန်းကြီးသွားလေ၏။

ထိုအခိုက်မှာပင် သူကျောမှီထားသော တံခါးအတွင်းမှ တခုံး တခုံးထုသံကို ကြားရပြန်သဖြင့် ကိုယ်ကို ကြွ၍ပေးလိုက်ရာ အရက် ချက်သောတိုက်၏ တံခါး ဝုန်းခနဲ ပွင့်ထွက်လာပြီး တိုက်ထဲမှ မိန်းမပျို တစ်ဦးထွက်လာလေ၏။ မိန်းမပျိုက မကျေမချမ်းကြည့်၍

" ရှင်ဟာ အတော်အလိုက်ကန်းဆိုးမသိတဲ့လူ၊ အပျင်းထူပြီး အိပ်ချင်ရင် မြို့ကြီးက အကျယ်ကြီး၊ ဒီပြင်နေရာမှာ သွားအိပ်ပါလား အခုတော့ ကျွန်မရှိတဲ့ တိုက်တံခါးကို ကျောမှီပြီး လာအိပ်နေတာ





ကာလနဂါးသေလို့ ဝင်စားလားမသိဘူး၊ အို ကျွတ် ကျွတ်… နာလိုက် တာ "

ဟုညည်းညူရင်း ဗိုက်ကိုလက်ဖြင့်နှိပ်၍ ခပ်လှမ်းလှမ်း ချုံ တောဘက်သို့ ထွက်သွားရာ အောင်လံသည် မိန်းမပျိုကို တောင်း ပန်ရန် အနောက်မှ ကမန်းကတန်း လိုက်သွားလေ၏။

သူမသည် ချုံထဲသို့ တိုးဝင်သွားရင်း အနောက်မှလိုက်လာ သော အောင်လံကိုကြည့်၍ ဒေါသတကြီးဖြင့်

" ဟင် … ရှင် ကျွန်မနောက်ကို ဘာကိစ္စလိုက်လာတာလဲ၊ သွားစမ်းပါ မြန်မြန် "

ဟု မောင်းထုတ်လေ၏။ အောင်လံက ခေါင်းကုတ်၍

" မဟုတ်ပါဘူး၊ မင်းကို ကျုပ် တောင်းပန်မလို့ပါ၊ တိုက်ထဲ မှာ လူရှိနေတာ ကျုပ် လုံးဝမသိဘူး၊ ကျုပ်က ညှော်သည်ပါ "

ဟုပြောဆိုနေစဉ် မိန်းမပျိုက ဒေါသတကြီးဖြင့်

" အို …နောက်မှပြောစမ်းပါ၊ ရှင် ဒီကထွက်သွားစမ်းပါ "

ဟုပြောလေ၏။ အောင်လံက မိန်းမပျို ဒေါသထွက်နေသည် ဆင်၍

" ကျုပ်တောင်းပန်တာ နားထောင်ပါဦးဗျာ "

ဟုဆိုပြန်ရာ မိန်းမပျိုက မျက်နှာရှုံ့မဲ့၍

" အို … နားမထောင်နိုင်ဘူး၊ နားမထောင်နိုင်ဘူး ဒီမှာ



www.burmeseclassic.com

www.burmeseclassic.com



ဗိုက်နာလို့သေတော့မယ် ''

ဟုပြောကာ ချုံတောထဲသို့ တိုးဝင်သောအခါမှပင် အောင်လံသည် မျက်နှာတစ်ပြင်လုံး နီမြန်းသွားပြီး ချုံတောထဲမှ ပြေးထွက်လေ၏။ မိန်းမပျိုသည် အရက်ချက်သော တိုက်သို့ အဘယ်ကြောင့်ရောက်ရှိနေသည်မသိပေ။

သူမသည် လူပျိုကြီး ဦးရွှေတလုပ်၏အိမ်တွင် နေထိုင်သူပင်ဖြစ်လေသလား။

သို့တည်းမဟုတ် ဦးရွှေတလုပ်၏ အမျိုးအဆွေတစ်ဦးပင်ဖြစ်လေသလားမသိ။ ချောမောလှပပြီး ဇွဲမက်ဖွယ်ကောင်းသည်ကတော့ အမှန်ပင်ဖြစ်၏။

ထိုအခိုက်မှာပင် မိန်းမပျိုသည် သူမ၏ကိစ္စ ပြီးစီးဟန်ဖြင့် ချုံထဲမှ ထွက်လာပြီး အောင်လံကို မကျေမနပ်ကြည့်၍

'' နေစမ်းပါဦး၊ ရှင်က ဘာဖြစ်လို့ ဒီတိုက်ရှေ့မှာ တစ်နေကုန်လာအိပ်နေတာလဲ ''

ဟု ရန်တွေ့လေ၏။ အောင်လံက သက်ပြင်းချ၍

'' အိမ်ကြီးထဲမှာနေရတာ မပျော်လို့ပါဗျာ၊ မင်္ဂလာပွဲကထဲ ကျုပ်နဲ့မဆိုင်သလို ရှိတာနဲ့ နားအေးပါးအေးဆိုပြီး ဒီဘက်ကိုထွက်လာတာ၊ အုတ်တိုက်ကလေးရှေ့ရောက်တော့ အေးအေးချမ်းချမ်းရှိတာနဲ့ တရေးတမောလောက် အိပ်မိတာပါ၊ ခင်ဗျားတိုက်ထဲမှာရှိမယ်





လို့ ကျုပ်တကယ်မသိတာပါ၊ ဒါနဲ့ခင်ဗျားကဦးရွှေတလုပ်ရဲ့ အမျိုးလား ''

ဟု မေးမြန်းလေ၏။ ထိုအခါ မိန်းမပျိုက ဒေါသတကြီးဖြင့်

'' အို .... ကျွန်မက ဘာဖြစ်လို့ လူယုတ်မာကြီးနဲ့ အမျိုးတော်ရမှာလဲ၊ ရှင့်စကားကို ဆင်ခြင်ပြောပါ ''

ဟုပြောလေ၏။ အောင်လံသည် မိန်းမပျိုက ဦးရွှေတလုပ်ကို မနှစ်သက်ကြောင်းသိရ၍ မိမိနှင့် ပေါင်းသင်းလို့ရပြီဟု တွေးမိ၏။

ထို့ကြောင့်

'' ခင်ဗျားက ဦးရွှေတလုပ်ကို မကျေနပ်ဘူးပေါ့၊ ဟုတ်လား ''

ဟု မေးမြန်းလိုက်ရာ မိန်းမပျိုက တက်ခေါက်၍

'' တောက် ... မကျေနပ်ဘူး၊ မကျေနပ်ဘူး၊ ဒီလူကြီးကိုဖြစ်နိုင်ရင် အစိမ်းလိုက်ဝါးစားချင်တယ်၊ ဒီလူကြီးဟာ အကျင့်စာရိတ္တကောင်းတဲ့သူမဟုတ်ဘူး၊ ကြောင်သူတော်ကြွက်သူခိုးကြီး ''

ဟု ဒေါမာန်ပါပါဖြင့် ပြောဆိုလေရာ အောင်လံသည် မိမိနှင့် သူ့အားချင်းအလွန်တူလှသဖြင့် သဘောကျသွားပြီး

'' ဦးရွှေတလုပ်ဟာ မြို့မျက်နှာဖုံး ဘုရားလူကြီးမဟုတ်လား၊ ဘာကြောင့် ကြောင်သူတော်လို့ ပြောရတာလဲ ''

ဟု သူမကို မသိဟန်ဖြင့် မေးမြန်းလိုက်၏။ သူမက အမေးကိုမဖြေသေးဘဲ အောင်လံကိုစူးစိုက်ကြည့်၍

'' နေပါဦး ရှင်က ဒီခြံထဲက အလုပ်သမားလား ''



www.burmeseclassic.com

www.burmeseclassic.com



ဟု မေးမြန်းလေ၏။ အောင်လံက ခေါင်းခါ၍

" မဟုတ်ပါဘူးဗျာ၊ ဒီလိုခြိမ့်မြိုးကြီးမှာ အလုပ်လုပ်ဖို့မပြောနဲ့၊ တစ်ရက်တစ်နာရီတောင် မနေချင်ဘူး "

ဟုပြောလိုက်ရာ သူမက

" ဒါဆိုရင် ရှင်က ဦးရွှေတလုပ်ရဲ့ အမျိုးပေါ့ ဟုတ်လား "

ဟုမေးမြန်းလေ၏။ အောင်လံက ခေါင်းခါ၍

" အမျိုးလဲ မဟုတ်ပါဘူးဗျာ "

ဟုပြောလိုက်၏။ သူကမ နားမလည်ဟန်ဖြင့်ကြည့်၍

" ဟင် ... ဒါဆိုရင် ရှင်က ဘာဖြစ်လို့ လူယုတ်မာကြီးခြံထဲကို ရောက်နေတာလဲ "

ဟု မေးမြန်းလိုက်၏။ အောင်လံက သူ့ဘဝနောက်ကြောင်းကို အတိုချုပ်၍ ပြောပြလိုက်လေ၏။ ထိုအခါ သူမက ခေါင်းတဆတ်ဆတ် ညိတ်၍

" ဩော် ... ဒါဆိုရင် ရှင်က ဦးရွှေတလုပ်နဲ့ လက်ထပ်မယ့် အပျိုကြီးရဲ့တူပေါ့၊ ရှင်တကယ်ပဲ ဦးရွှေတလုပ်ကို မကျေနပ်ဘူးလား "

ဟုမေးမြန်းလိုက်၏။ အောင်လံက ခေါင်းညိတ်၍

" ဒီလူကြီးကို ကြည့်လို့ကိုမရဘူး၊ သူ့ကိုကြည့်ရတာ၊ ဟန်ဆောင်မျက်နှာဖုံးစွပ်ထားသလိုပဲ၊ သူ့မှာ မကောင်းတဲ့ အကျင့်စရိုက်တွေ ရှိပုံရတယ်၊ ဘုရားဒကာ၊ ကျောင်းဒကာ မျက်နှာဖုံးတပ်ထားပေ





မယ့် ဒါတွေဟာ အပေါ်ယံပဲလို့ ကျုပ်မြင်တယ်၊ တကယ်တော့ ဒါတွေဟာ မြင်ပက သဏ္ဍာန်တွေပါ၊ လူဟာ အတွင်းထဲမှာ သန့်စင်ဖို့လိုတယ်လို့ ကျုပ်ထင်တယ် "

ဟုပြောလိုက်ရာ မိန်းမပျိုက သဘောကျဟန်ဖြင့်ခေါင်းညိတ်၍

" သိပ်ဟုတ်တာပေါ့၊ ဒီလူကြီးဟာ အပေါ်ယံဟန်ဆောင်ထားပြီး အတွင်းမှ လိုက်စားနေတဲ့လူကြီးရှင့်၊ ဒါကြောင့် သူ့ကို ဟောဒီသေနတ်နဲ့ ဇရဲပြည်ပို့ပေးဖို့ ကျွန်မလာခဲ့တာပဲ "

ဟုပြောကာ ခါးကြားရှိ ခြောက်လုံးပြူးသေနတ်ကို ထုတ်ပြလိုက်ရာ အောင်လံသည် အလွန်အံ့ဩထိတ်လန့်သွားလေ၏။ သူမထံတွင် မည်သို့မည်ပုံ သေနတ်တစ်လက် ရရှိနေသည်မသိပေ။ အောင်လံက တအံ့တဩဖြင့်

" ဟင် ... သေနတ်ကြီးပါလား၊ ခင်ဗျားက ဘယ်က သေနတ်ရလာတာလဲ "

ဟုမေးမြန်းလေ၏။ သူမက ခေါင်းကိုခါ၍

" ဒါတွေ ရှင်မသိချင်ပါနဲ့၊ မနက်ဖြန် မင်္ဂလာပွဲမှာ မြို့သူမြို့သားတွေ အားလုံးရှေ့မှာ ဒီလူကြီးကို ဇရဲပြည်ပို့ပေးရမယ်၊ ရှင်လဲ သူ့ကို မကျေနပ်တဲ့သူဆိုတော့ ဝမ်းသာဖို့ ပြင်ပေတော့ "

ဟုပြောလိုက်ရာ အောင်လံက သဘောမကျဟန်ဖြင့် ခေါင်းခါ၍



www.burmeseclassic.com

www.burmeseclassic.com



" နေပါဦး ဦးရွှေတလုပ်ကို ဘာဖြစ်လို့ သေနတ်နဲ့ ပစ်မှာလဲ၊ သူ့ရဲ့အကျင့်စရိုက်တွေကို ကျုပ်လဲ မနှစ်သက်ပါဘူး၊ ဒါပေမယ့် အသေသတ်တာကတော့ မကောင်းပါဘူး၊ အချိန်တန်ရင် သူ့အပြစ်သူခံမှာပေါ့ "

ဟုပြောသော်၏။ သူမ၏မျက်နှာ ဟင်းမဲသွားပြီး အံကိုကြိတ်ကာ

" သူ့အပြစ်သူခံလိမ့်မယ်ဟုဘယ်လခဲ့၊ အဲဒီလို အပြစ်ဒဏ်မခံရလို့ ကျွန်မက အပြစ်ပေးဖို့ ရောက်လာတာရှင့်၊ ရှင် ကျွန်မကို တားဆီးဖို့ မကြိုးစားနဲ့ သူ့ကို အသေသတ်ဖို့ ဆုံးဖြတ်ထားတယ် "

ဟု ဒေါသတကြီးဖြင့်ပြောပြန်ရာ အောင်လံက သူမကို နားမလည်ဟန်ဖြင့်ကြည့်ကာ

" ဘာဖြစ်လို့ ဒီလောက်အညှိုးကြီးရတာလဲ၊ ကျုပ်ကို ပြောနိုင်ရင် ပြောပြပါလား "

ဟု မေးမြန်းလေ၏။ သူမက လက်သီးတစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆုတ်၍ အင်္ကျီအိတ်ထဲမှာ ဖောင်းနွမ်းနေသော ဓာတ်ပုံကစ်ပုံကို ထုတ်ပြလိုက်၏။

အောင်လံသည် ဓာတ်ပုံကိုယူ၍ လှမ်းကြည့်လိုက်သောအခါ ဦးရွှေတလုပ်နှင့် သူမ တွဲဖက်၍ ရိုက်ထားသော ဓာတ်ပုံကို တွေ့ရ၏။ ဓာတ်ပုံထဲတွင် ဦးရွှေတလုပ်ကသူမ၏ ပခုံးကို လှမ်းဖက်ထား၏။





အောင်လံက အံ့ဩစွာဖြင့်

" ဟင် ... ဓာတ်ပုံထဲမှာ ခင်ဗျားနဲ့ ဦးရွှေတလုပ်က "

ဟု ရေရွတ်လိုက်ရာ မိန်းမပျိုက ဒေါသတကြီးဖြင့်

" ရှင့်ပါးစပ် ပိတ်ထား၊ ကျွန်မဒေါသထွက်လာပြီ၊ ဟောဒီဓာတ်ပုံကို ညည့်ပရိုသတ်တွေရှေ့မှာပြပြီး ဒီလူကြီးကို အရှက်ခွဲမယ်၊ ပြီးတော့မှ သေနတ်နဲ့ပစ်သတ်ပြီး ရေပြည်ပို့ပေးရမယ် "

အောင်လံသည် သူမ၏စကားကြောင့်ထိတ်လန့်သွားလေ၏။ မင်္ဂလာပွဲလာ ပရိသတ်များ၏ရှေ့တွင် ဤကဲ့သို့ ပြုလုပ်လျှင် သူ၏ အဒေါ် အရှက်ကွဲမှာသေချာ၏။

အဒေါ်သည် အသက်ကြီးမှ ကြုံတွေ့ရမည့် မင်္ဂလာပွဲကို အမျှော်လင့်ကြီး မျှော်လင့်ထားခဲ့၏။

မင်္ဂလာပွဲမကျင်းပမီ စိတ်ကူးနှင့် ရူးနေခဲ့၏။ ယခုလို အရှက်တကွဲ အကျိုးနည်းဖြစ်လျှင် သူ၏အဒေါ် ရူးမတတ်ဖြစ်ပေလိမ့်မည်။ သူမကို ဤအမှုမျိုးမပြုလုပ်ရန် တားဆီးမည်ဟု ဆုံးဖြတ်လိုက်၏။ ထို့ကြောင့် ခေါင်းကို ခါယမ်း၍

" ဒီလို စိတ်လိုက်မာန်ပါ လုပ်လို့ ဘယ်ဖြစ်ပါ့မလဲဗျာ၊ ခင်ဗျားလဲ သေသေချာချာစဉ်းစားကြည့်ပါ၊ ဦးရွှေတလုပ်ကို ရေပြည်ပို့မယ် ဆိုရင် ဥပဒေက လက်ပိုက်ကြည့်နေမှာမဟုတ်ဘူး "

ဟု တားဆီးလေ၏။ ထိုအခါ မိန်းမပျိုက တစ်ဖွတ်သုံးဟန်ပန်



www.burmeseclassic.com

www.burmeseclassic.com



ဖြင့်

'' အို ... ဥပဒေက လက်ပိုက်ကြည့်ရုံမကလို့ ဘာပဲဖြစ်ဖြစ် ကျွန်မ ဂရုမစိုက်ဘူး၊ ဒီလူကြီးကို ကလဲ့စားချေပြီးရင် စက်တိုင်တက်ရမယ်ဆိုရင်တောင် ကျွန်မ မကြောက်ဘူး။ ပြုံးပြုံးလေး တက်သွားလိုက်မယ် ''

ဟုပြောလေရာ အောင်လံက ခေါင်းကိုကုတ်၍

'' ခက်တာပဲဗျာ၊ ခင်ဗျား အဲဒီလိုလုပ်ရင် ကျွန်တော့်အခေါ်ရဲ့ မင်္ဂလာပွဲ ပျက်မှာပေါ့ဗျ။ အခေါ်က သူ့မင်္ဂလာပွဲအတွက် လွန်ခဲ့တဲ့ရက်ပေါင်းများစွာကတည်းက မျှော်လင့်ပြီး ပျော်ရွှင်နေတာဗျ ''

ဟုပြောလေ၏။ ထိုအခါ မိန်းမပျိုက အောင်လံကို မျက်နှာရှုံ့မဲ့ကြည့်၍

'' ဩော်... ရှင်က ရှင့်အခေါ် အရှက်ကွဲမှာစိုးလို့ ကျွန်မကိုတားဆီးနေတာကိုး၊ ဒီလို လူယုတ်မာကြီးနဲ့ ရှင့်အခေါ် မယူလိုက်ရရင် တစ်သက်တာ ကံကောင်းသွားမှာရှင့်၊ ဒီအတွက် ရှင်တို့က ကျွန်မကိုတောင် ကျေးဇူးတင်ရဦးမယ် ''

ဟုပြောလေ၏။ အောင်လံက ခေါင်းကိုခါယမ်း၍

'' ဘာပဲဖြစ်ဖြစ် ခင်ဗျား ဒီလိုလုပ်တာ၊ ကျုပ်သဘောမတူဘူးဗျာ၊ ရန်ကိုရန်ချင်း မတုံ့နှင်းချင်ပါနဲ့၊ သည်းခံခြင်းဟာ အမြင့်မြတ်ဆုံးပါ၊ ဒါကြောင့် သည်းခံပြီးနေလိုက်ပါဗျာ ''





ဟုပြောလေ၏။ မိန်းမပျိုက ဒေါမာန်ကြီးလာပြီး လက်ထဲရှိ ခြောက်လုံးပြူးကို တင်းတင်းဆုပ်ကိုင်၍

'' သည်းမခံနိုင်ဘူးရှင်၊ ဒီလူကြီးရဲ့ ယုတ်မာကောက်ကျစ်မှုကြောင့် ကျွန်မအစ်မ အရူးတစ်ပိုင်းဖြစ်ရတာ ရှင်နားလည် စာနာကြည့်ပါ ''

ဟု အော်ဟစ်လေ၏။ အောင်လံက စိတ်မကောင်းဟန်ဖြင့် ခေါင်းညိတ်၍

'' ကျုပ်နားလည်ပါတယ်ဗျာ၊ ဒါပေမယ့် ပြီးခဲ့တာတွေ ပြီးနေပြီ၊ မင်္ဂလာပွဲကြီးကို ဖျက်ဖို့နဲ့ ဦးရွှေတာလုပ်ကို သတ်ဖို့တော့ ကျုပ်သဘောမတူဘူး၊ ဒါကြောင့် ခင်ဗျားနောက်ကြောင်းကို ပြန်ပါ၊ မပြန်ရင် မြို့လူကြီးတွေကို ကျုပ် တိုင်ပြောလိုက်မယ် ''

ဟုပြောလေရာ မိန်းမပျိုသည် ဒေါသူပုန်ထသွားပြီး

'' ရှင်တိုင်ရဲရင် တိုင်ကြည့်စမ်း၊ ကျွန်မ ရှင့်ကို အသေသတ်ပစ်လိုက်မယ် ''

ဟု အော်ဟစ်ကာ အောင်လံကို သေနတ်ဖြင့် ချိန်ထားလိုက်၏။ အောင်လံက သက်ပြင်းချ၍ ရင်ကော့ပေးလိုက်ပြီး

'' ခင်ဗျား ပစ်ရင်လဲ ပစ်လိုက်ပါ၊ ကျုပ်သေရဲပါတယ်၊ ကျုပ်ရှိလျက်နဲ့ ကလဲ့စားချေသတ်ဖြတ်တဲ့ အမှုကြီးဖြစ်သွားမှာကို မလိုလားဘူး၊ အရုပ်ဆိုးအကျည်းတန်တဲ့ ဖြစ်ရပ်ကြီးကိုတော့ တားဆီးရမှာပဲ ဒီတော့



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျား ပစ်ရင်လဲ ပစ်ပါ ''

ဟုပြောလေရာ မိန်းမပျိုသည် အတန်ကြာသည်အထိ သေနတ်ဖြင့်ချိန်၍ မပစ်သေးဘဲ ရှိနေပြီး

'' တောက် ... ရှင်ဟာ အတော်ရှုပ်တဲ့သူပဲ၊ မဆီမဆိုင် ကြားကနေ အာသေခံချင်နေတယ် ''

ဟု မကျေမနပ် ရေရွတ်လေ၏။

အောင်လံက သက်ပြင်းချ၍

'' ရန်ကို ရန်ချင်း မတုံ့နှင်းပါနဲ့ဗျာ၊ သည်းခံတဲ့သူဟာ အဆုံးမှာအောင်မြင်တာပဲ၊ ခင်ဗျား စဉ်းစားကြည့်ပါ၊ ဦးရွှေတလုပ်ကို သတ်မယ်ဆိုရင် ခင်ဗျားကိုလဲ ပုလိပ်ကဖမ်းမယ်၊ အကျဉ်းထောင်ထဲမှာ ဆင်းရဲပင်ပန်းစွာနဲ့ နှစ်ပေါင်းများစွာနေရမယ် ''

ဟုပြောလေရာ မိန်းမပျိုသည် အောင်လံ၏ စကားကြောင့် အနည်းငယ် ငြိမ်သက်၍ တွေဝေသွားဟန်ရှိ၏။

အောင်လံသည် ဒေါမာန်ကြီးလှသော မိန်းမပျို ငြိမ်သက်သွားသဖြင့် သူ၏ရွှေပြည်အေးတရားများကို ဆက်လက်ဟောပြောလေ၏။

အောင်လံက

'' ကျုပ်အဒေါ်ဟာ အသက် ၅၀ ပြည့်တော့မှ ပထမဦးဆုံး မင်္ဂလာဆောင်ရတဲ့ သတို့သမီးပါ၊ သူဟာ မင်္ဂလာပွဲကို ဘယ်လောက်များ စိတ်ကူးယဉ်ထားလိုက်မလဲ၊ ခင်ဗျားလဲ မိန်းမတစ်ယောက်အနေနဲ့





စဉ်းစားကြည့်ပါ၊ ဒါကြောင့် ကျုပ်က မဖြစ်သင့်တာ တွေ မဖြစ်အောင် တားဆီးနေရတာပါ၊ အဒေါ်ရဲ့ မင်္ဂလာပွဲ ပျက်မသွားဘူးဆိုရင် ကျုပ် ဘာပဲလုပ်ပေးရ ပေးရ လုပ်ပေးပါမယ်၊ ကျုပ်တောင်းပန်တာကို လက်ခံပါ ''

ဟုပြောလေရာ သူမက အောင်လံ၏ မျက်နှာကို မျက်မှောင်ကြုတ်၍ စူးစိုက်ကြည့်နေလေ၏။

အောင်လံသည် သူမ၏ စူးရဲသောအကြည့်ကြောင့် မနေတတ်မထိုင်တတ်ဖြစ်သွားပြီး မျက်လုံးကိုလွှဲကာ

'' ခင်ဗျား ဘာကြောင့် ကျုပ်ကို ဒီလောက်ကြည့်နေရတာလဲ ''

ဟုမေးမြန်းလေရာ သူမက မျက်နှာကိုရှုံ့မဲ့၍

'' ရှင့်ကို မရိုးသားတဲ့ စိတ်နဲ့ ကြည့်နေတာမဟုတ်ဘူး၊ နွားပွဲမှာ နွားဝယ်မယ့်သူဟာ နွားကို စစ်ဆေးတဲ့သဘောမျိုးနဲ့ ကြည့်နေတာ ''

ဟုပြောလေ၏။ အောင်လံက သူမ၏စကားကြောင့် မျက်နှာရှုံ့မဲ့၍

'' ဘာ... ကျုပ်ကို နွားလိုသဘောထားပြီး ကြည့်တယ် ဟုတ်လား၊ ကျုပ်က နွားမှမဟုတ်တာ ''

ဟု မကျေမနပ်ပြောဆိုလေ၏။ သူမက အောင်လံ၏မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



ကိုကြည့်၍

" ရှင် စကားတစ်မျိုးပြောပြန်ပြီလား၊ ရှင်ပဲ မင်္ဂလာပွဲမပျက်ဘူးဆိုရင် ကျွန်မကို ဘာပဲလုပ်ပေးရပေးရ လုပ်ပေးပါမယ်ဆို "

ဟု ပြောလိုက်လေ၏။ အောင်လံသည် သူမ၏ စကားကို နားမလည်ဟန်ဖြင့်

" ဘာပဲလုပ်ပေးရပေးရဆိုတာနဲ့ ခင်ဗျားက ကျုပ်ကို ဘာဖြစ်လို့ နွားလိုသဘောထားရတာလဲ "

ဟု မေးမြန်းလေ၏။ သူမက ခြောက်လုံးပြူးသေနတ်ကို လက်ထဲတွင် လှည့်ပတ်၍ ကစားရင်း အောင်လံ၏ မျက်နှာကိုကြည့်ကာ

" ဒီမှာ ရှင့်စကားကြောင့် ဦးရွှေတလုပ်ကို ရဲပြည်ပို့ပေးမယ့် အစီအစဉ်ကို ဖျက်သိမ်းချင်သလိုဖြစ်သွားတယ်၊ ကျွန်မမှာ အလွန်အရေးကြီးတဲ့ မဟာစီမံကိန်းတစ်ခုရှိတယ်၊ အဲဒီ စီမံကိန်းကြီးကို အကောင်အထည်ဖော်ဖို့ ယုံကြည်စိတ်ချရတဲ့ အဖော်တစ်ယောက်လိုတယ်၊ ဒါကြောင့် မင်္ဂလာပွဲ မပျက်စေချင်ရင် ရှင် ကျွန်မနဲ့ လိုက်ခဲ့ရမယ် "

ဟုပြောလိုက်ရာ အောင်လံက မျက်လုံးပြူး မျက်ဆန်ပြူးဖြင့်

" ခင်ဗျားနဲ့လိုက်ရမယ်၊ ဘယ်ကို လိုက်ရမှာလဲ "

ဟု မေးမြန်းလေ၏။ သူမက မျက်မှောင်ကြုတ်၍

" ဒါကို ရှင်မေးခွင့်မရှိဘူး၊ ဘယ်လောက်ကြာမယ်ဆိုတာကို





ကျွန်မ မပြောနိုင်ဘူး၊ ရှင် ကျွန်မနဲ့ လိုက်ခဲ့ရမယ်၊ မလိုက်ဘူးဆိုရင် မင်္ဂလာပွဲကို မပျက်ပျက်အောင် ဖျက်ရမှာပဲ "

ဟုပြောလေ၏။ အောင်လံသည် သူမ၏ စကားကြောင့် မျက်လုံးပြူးသွားလေ၏။ သူမသည် တစ်ဖွတ်ထိုးလုပ်တတ်သော အမူအကျင့်ရှိပုံရပြီး မင်္ဂလာပွဲကို မပျက်ပျက်အောင် ဖျက်မှာ သေချာ၏။

အောင်လံသည် သူမ၏မျက်နှာကိုကြည့်ရင်း စည်းကမ်းကြီးလှသော ဦးရွှေတလုပ်နှင့် အတူနေရမည့်အရေးကို တွေးတောနေမိလေ၏။ ၎င်းနှင့်သာ အတူနေရမည်ဆိုလျှင် မည်သို့မျှ စိတ်ချမ်းသာမည်မဟုတ်။

သူမ၏အနောက်သို့ လိုက်ပါသွားလျှင် တစ်ချက်ခုတ်၊ နှစ်ချက်ပြတ် ဖြစ်မည်မှာသေချာ၏။

သူမ၏ဆန္ဒကို လိုက်လျောလျှင် ဦးရွှေတလုပ်နှင့် သူ၏အဒေါ် မင်္ဂလာပွဲ အောင်မြင်စွာ ကျင်းပနိုင်လေ၏။

ထို့အပြင် သူသည် လူမှန်းသိတတ်ကတည်းက မြိတ်မြို့တွင်သာ နေထိုင်ရသဖြင့် ဒေသန္တရ ဗဟုသုတ နည်းပါးလှ၏။

သူမအနောက်သို့ လိုက်ပါသွားလျှင် အတွေ့အကြုံ အသစ်အဆန်းများ ရရှိမှာသေချာ၏။

ထို့ကြောင့် သူမ၏အနောက်သို့ လိုက်ပါရန် ဆုံးဖြတ်လိုက်ပြီး

" ကျုပ် ခင်ဗျားနောက်ကို လိုက်ခဲ့ဖို့ ဆုံးဖြတ်လိုက်ပြီ၊ မင်္ဂလာ



www.burmeseclassic.com

www.burmeseclassic.com



ပွဲကိုတော့ မဖျက်ပါနဲ့ ''

ဟုပြောလေ၏။

သူမက ခေါင်းတဆတ်ဆတ်ညိတ်၍

'' ဒါဆိုရင် ကောင်းပြီ၊ ကျွန်မနဲ့နေရင်တော့ ကျွန်မ စားသ
စားရမယ်၊ ကျွန်မ အိပ်သလို အိပ်ရမယ် ''

ဟုပြောလေ၏။ အောင်လံက မျက်နှာရှုံ့မဲ့၍

'' ခင်ဗျားနဲ့တော့ အတူမအိပ်ချင်ပါဘူး ''

ဟု ငြင်းဆန်လိုက်ရာ သူမက အံကိုကြိတ်၍

'' အောင်မယ် ရှင်နဲ့ အတူအိပ်မယ်လို့ ဘယ်သူပြောလို့လဲ
ကဲ... ကျွန်မတို့ သွားကြမယ်၊ ရှင် ကတိအတိုင်း အနောက်ကလိုက်
ပေတော့ ''

ဟုပြောလေ၏။

အောင်လံက သူမကိုကြည့်၍

'' နေပါဦးဗျာ၊ အိမ်ကြီးကိုပြန်ပြီး ကျုပ်အဝတ်အစားတွေ သွား
ယူပါရစေ ''

ဟုပြောလေရာ သူမက ခေါင်းခါယမ်း၍

'' အို... အိမ်ကြီးပေါ်ကို လုံးဝပြန်ခွင့်မပြုနိုင်ဘူး၊ ရှင်ထွက်ပြေး
ပြီး ကျွန်မကို ဒုက္ခပေးရင် ဘယ့်နှယ်လုပ်မလဲ ''

ဟုပြောလေ၏။ အောင်လံက ခေါင်းကုတ်၍





'' မပြေးပါဘူးဗျာ၊ ကျုပ်က စကားတစ်လုံးကို အလွယ် မပြော
တတ်ဘူး၊ ခင်ဗျားနဲ့လိုက်မယ်ဆိုရင် လိုက်မယ်ပဲ ''

ဟုပြောလေ၏။ သူမက ခေါင်းကိုသာ ခါယမ်း၍

'' ကဲ... အပိုတွေ ပြောမနေနဲ့ လေကုန်တယ်၊ အဝတ်တစ်
ထည် ကိုယ်တစ်ခုနဲ့ ကျွန်မ နောက်လိုက်ခဲ့ပေတော့၊ လမ်းကျမှ အဝတ်
အစားလေးဘာလေး ဝယ်ဆင်မယ်၊ အမလေးနော်၊ လူတစ်ယောက်
ကို ခေါ်ရတာ မလွယ်ပါလား၊ ထမင်းလဲ ကျွေးရမယ်၊ အဝတ်အစားလဲ
ဆင်ရဦးမယ်၊ ရှိသမျှ စည်းစိမ်တော့ ပြုတ်တော့မှာပဲ ''

ဟု ညည်းညူလေရာ အောင်လံက

'' ဒါဆိုရင်လဲ မခေါ်နဲ့လေဗျာ၊ ခင်ဗျားကို ဘယ်သူမှ ရိုက်နှက်
ပြီး မခေါ်ခိုင်းဘူး၊ ကျုပ်အခေါ် မင်္ဂလာပွဲပျက်မှာစိုးလို့သာ ခင်ဗျားနဲ့
လိုက်ခဲ့ရတာ၊ သိပ်လိုက်ချင်တာ မဟုတ်ဘူး၊ မိန်းကလေးတန်မယ့်
သေနတ်ကြီးတကိုင်ကိုင်နဲ့ လူဆိုးမှန်းမသိ၊ လူကောင်းမှန်းမသိ၊ ကြို
ပြီးပြောထားရဦးမယ်၊ ကျုပ်ကိုခေါ်သွားပြီး မကောင်းမှုဒုစရိုက်အလုပ်
တွေတော့ မလုပ်ခိုင်းနဲ့နော်၊ ဒီလိုအလုပ်မျိုးတော့ တစ်သက်လုံး မလုပ်
ဘူး ''

ဟုပြောလေ၏။ မိန်းမပျိုက ခါးထောက်၍ အောင်လံ၏မျက်
နှာကိုကြည့်ကာ

'' ဒီမှာ မျက်နှာကိုကြည့်ထား၊ ဒီလိုအလုပ်မျိုးကို လုပ်မယ့်



www.burmeseclassic.com

www.burmeseclassic.com



ရုပ်လားလို့၊ စိတ်ချ၊ ဒုစရိုက်အလုပ်ကို တစ်သက်လုံးမလုပ်ဘူး၊ ကဲ လာပါရှင်၊ ကျွန်မနောက် လိုက်ခဲ့ပေတော့၊ ရှင်ဟာ စကားအတော် ရှည်တဲ့သူပဲ ''

ဟုပြောကာ အိမ်ကြီး၏အနောက်သို့ ထွက်သွားလေ၏။ အောင်လံသည် ခြေလှမ်းကျဲကျဲလှမ်း၍ ထွက်ခွာသွားသော မိန်းမလှလေး၏ နောက်ကျောကိုကြည့်၍ သက်ပြင်းချလိုက်လေ၏။

သူမ၏ ကိုယ်လုံးကိုယ်ထည်ပေါ်ကသည် အလွန်လှပြီး ရှည်လျားသောအရပ်နှင့် လိုက်ဖက်ညီကာ စွဲမက်ဖွယ်ကောင်းလှ၏။

သူမသည် အိမ်ကြီး၏အနောက်ရှိ ခြံစည်းရိုးအနီးသို့ ရောက်သောအခါ ချုံများကို ဖယ်၍ ရှေ့မှတိုးဝင်သွားပြီး ထွက်သွားလေ၏။

အောင်လံသည် သူမအနောက်မှ လိုက်၍ ထွက်ခဲ့လေ၏။ ခြံပြင်သို့ ရောက်သောအခါ သူမက ခြံစည်းရိုးကို ဂုဏ်ယူဟန်ဖြင့် ကြည့်၍

'' ခြံစည်းရိုးက သံဆူးကြိုးတွေကို ကျွန်မ ကတ်ကြေးနဲ့ ဖြတ်ထားတာ ''

ဟုပြောလေရာ အောင်လံက

'' ဒါနဲ့ နေပါဦး၊ မြို့ထဲက အရက်ချက်တဲ့ တိုက်ကလေးထဲကို ဘယ်တုန်းက ရောက်နေတာလဲ ''

ဟုမေးမြန်းလေ၏။ သူမက လက်နှစ်ချောင်းထောင်ပြ၍





'' လွန်ခဲ့တဲ့ ၂ ရက်ကပဲ အရက်ချက်တဲ့ တိုက်ထဲမှာ စားဖို့ ကျွာအစုံအလင်နဲ့ သွားနေရတယ်၊ ဒါပေမယ့် တိုက်ထဲမှာ ခြင်ကိုက်တာတော့ တအားပဲ၊ လူယုတ်မာကြီးကိုသတ်ဖို့ ဒုက္ခတော်တော် လိုက်ရတယ်၊ အခုလို မသတ်ဖြစ်တော့လဲ ကျွန်မ ဒုက္ခခံရတာ အလကားဖြစ်သွားတာပေါ့၊ ဘာပဲဖြစ်ဖြစ် ကျွန်မခိုင်းချင်ရာခိုင်းဖို့ လူတစ်ယောက် အဆစ်ရလိုက်တယ်ဆိုတော့လဲ ဒုက္ခခံရတာ မဆိုးပါဘူး ''

ဟုပြောလေ၏။ အောင်လံသည် သူမ၏စကားအရ မိမိကို ခိုင်းနွားတစ်ကောင်သာသာ သဘောထားသဖြင့် မကျေမနပ်ဖြစ်သွားလေ၏။

အဒေါ်ဖြစ်သူ၏ ပျော်ရွှင်ကြည်နူးနေသော အိပ်မက်လေး ပျက်ပြီးစေရန် သူမနောက်သို့ လိုက်ပါခဲ့ခြင်းဖြစ်၏။

ထိုအပြင် ဦးရွှေတလုပ်၏ ကြီးမားသော အိမ်ကြီးအတွင်း၌ စည်းကမ်းပေါင်းများစွာနှင့် နေထိုင်ရခြင်းကို စိုးရွံ့၍လည်းဖြစ်၏။

မိမိပျောက်ဆုံးသွားသည့်အတွက် အဒေါ်ဖြစ်သူ စိုးရိမ်သောဖြစ်မည်ထင်၏။

သို့သော် အဒေါ်၏ မင်္ဂလာပွဲပျက်စီးပြီး ဦးရွှေတလုပ် မရှုမလှ သေဆုံးရတာနှင့်စာလျှင် အများကြီး ထော်ပေသေး၏ဟု တွေးလေ၏။ သူမသည် အောင်လံကိုခေါ်၍ မြိတ်မြို့ထဲသို့ လှည့်လည်



www.burmeseclassic.com

www.burmeseclassic.com



သွားရောက်ကာ

'' နေတောင်ဝင်သွားပြီ၊ ကျွန်မတို့ တစ်ခုခု စားသောက်ရ အောင် ''

ဟုပြောကာ ခေါက်ဆွဲဆိုင်တစ်ဆိုင်သို့ ရှေ့မှ ဦးဆောင်ဝင်သွားလေ၏။ ဆိုင်ထဲသို့ ရောက်သောအခါ စားသောက်သူ တစ်ဦး တစ်ယောက်မျှ မရှိဘဲ လူသူကင်းရှင်းနေကြောင်း တွေ့ရ၏။

ခေါက်ဆွဲဆိုင်ရှင် တရုတ်ကြီးမှာလည်း စားပွဲပေါ်တွင် အိပ်ငိုက်နေလေ၏။

သူမက ခေါက်ဆွဲကြော်နှင့် အစိမ်းကြော်များကို မှာယူလိုက်လေ၏။ အစားသောက်များ ရောက်မလာမီ သူမက

'' စည်းကမ်းတစ်ခု ထုတ်ထားရဦးမယ်၊ ကျွန်မနဲ့သွားလာတဲ့အခါ အရက်သေစာ မသောက်စားရဘူး ''

ဟုပြောလေရာ အောင်လံက စိတ်ပျက်ဟန်ဖြင့် မျက်နှာရှုံ့မဲ့၍

'' ကျုပ်က အရက်ကိုသိပ်ကြိုက်တာ၊ တစ်ပတ်တစ်ကြိမ် နှစ်ကြိမ် မသောက်ရရင် မနေနိုင်ဘူး ဒုက္ခပါပဲ ''

ဟု ညည်းညူလိုက်လေရာ သူမက မကျေနပ်ဟန်ဖြင့် မျက်နှာရှုံ့မဲ့သွားလေ၏။

အောင်လံသည် သူမ မခံချင်အောင်ပြောလိုက်ရသဖြင့် ရင်ထဲတွင် ကြိတ်၍ ကျေနပ်သွားလေ၏။

ဓဓဓဓဓဓဓ



သူမက

'' ဒါဆိုရင် ရှင့်ဒီနေ့ကစပြီး အရက်လုံးဝမသောက်ရဘူး၊ မိန်းမကိစ္စလဲ ကင်းကင်းရှင်းရှင်း နေရမယ် ''

ဟုပြောလေရာ အောင်လံက ထပ်မံ၍

'' ဟာဗျာ၊ ယောကျာ်းလေးပဲ၊ မိန်းမကိစ္စနဲ့ ကင်းပါ့မလားဗျာ၊ နည်းနည်းပါးပါးတော့ ရှိမှာပေါ့ ''

ဟုပြောလေ၏။ ထိုအခါ သူမ၏မျက်နှာ ရှုံ့မဲ့သွားပြန်ပြီး

'' ဟင်... ရှင်ဟာ ယယ်ယယ်ရွယ်ရွယ်နဲ့ အတော်အကျင့် ကောင်းတဲ့လူပဲ၊ အရက်လဲသောက်တယ်၊ မိန်းမလဲလိုက်တယ် ''

ဟုရေရွတ်လေရာ အောင်လံက တဟားဟားရယ်မော၍

'' ဟားး ဟား ဟား... ဒါတင်ဘယ်ကဦးမှာလဲ၊ လောင်းကစားလဲ လုပ်တယ်၊ အပေါင်းအသင်းကောင်းရင် ဆိုးဆိုးတောင်ရှုသေးတယ် ''

ဟုပြောလိုက်လေ၏။ အမှန်စင်စစ် အောင်လံသည် မကောင်းမှုအလုပ်များကို ဝေးဝေးကပင် ရှောင်ကြဉ်သူဖြစ်၏။

သူမကမူ လက်ကာပြ၍

'' တော်ပြီ၊ တော်ပြီ၊ ရှင် ကျွန်မနောက်လိုက်ရင် ဒီအကျင့်တွေ အကုန်လုံးပြင်ရမယ်၊ မပြင်နိုင်ရင်တော့ မလိုက်ခဲ့နဲ့တော့၊ ကျွန်မ သဲ့လူယုတ်မာကြီးကို သွားသတ်တော့မယ် ''

ဓဓဓဓဓဓဓ

www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလေ၏။

အောင်လံကရယ်မော၍

'' လောလောဆယ်တော့ ဒီကိစ္စတွေကို ခဏရပ်ထားပေးပါမယ်၊ မအောင့်အီးနိုင်တဲ့အချိန်ရောက်ရင်တော့ နည်းနည်းပါးပါး ပြန်လုပ်ရမှာပဲ ''

ဟုပြောလိုက်ရာ သူမသည် မျက်စိမျက်နှာပျက်သွားလေ၏။ စားသောက်ဖွယ်ရာများကို စားသောက်ပြီးနောက် အောင်လံက

'' လူတစ်ယောက်ကို ခေါ်လာတယ်ဆိုတော့ ကျွေးမွေးဖို့ကိစ္စကို ခင်ဗျားအမြဲတာဝန်ယူရမှာနော်၊ ဒါကြောင့် လက်ထဲမှာ ပိုက်ဆံတော့ ရှိဖို့လိုတယ် ''

ဟုပြောလေ၏။ သူမက လွယ်အိတ်ထဲရှိ ပိုက်ဆံအိတ်ပြားကလေးကို ထုတ်ပြရင်း ငွေများကို စားပွဲပေါ်သို့ သွန်ချလိုက်ပြီး

'' ကျွန်မ ပိုင်ဆိုင်တဲ့ငွေဆိုလို့ ဆုစုပေါင်း ၃ ကျပ်ပဲ ရှိတယ်၊ ဒါပေမယ့် မပူပါနဲ့ရှင်၊ ပိုက်ဆံဆိုတာ လူကဖြစ်တာပါ၊ လူမသေ ငွေမရှားပါဘူး ''

ဟုပြောလေရာ အောင်လံက သူမကို မျက်လုံးပြူး၍ ကြည့်မိလေ၏။ ပိုက်ဆံ ၃ ကျပ်သာ ပိုင်ဆိုင်သောမိန်းမက မိမိကို ကျွေးမွေးဖို့ တာဝန်ယူပြီး ခေါ်ဆောင်လာလေ၏။ သူမက ဆက်လက်၍

'' ကျွန်မနာမည်ချယ်ရီလို့ခေါ်တယ်၊ ရှင့်နာမည်ဘယ်လို ခေါ်





သလဲ ''

ဟုမေးမြန်းလေ၏။ အောင်လံက သူ၏အမည်ကိုပြောလိုက်ရာ သူမက

'' အောင်လံ အောင်လံ သိပ်ကောင်းတဲ့နာမည်ပဲ၊ အတိတ်နိမိတ်ကောင်းတယ်၊ ကျွန်မရဲ့ကိစ္စအောင်မြင်ပြီး အောင်လံလွှင့်ထူရမယ့်သဘောပဲ ''

ဟု သူမလိုရာဆွဲတွေး၍ ပျော်ရွှင်သွားလေ၏။

ထို့နောက်တွင်မူ ဆိုင်ရှင် တရုတ်ကြီးအား တစ်ညအိပ်ခွင့်ပြုပါရန် ပြောဆိုလေရာ တရုတ်ကြီးက ဆိုင်အနောက်ရှိ အိပ်ခန်းကျဉ်းလေးကို လက်ညှိုးညွှန်ပြ၍

'' ဒီအခန်းထဲမှာ သွားအိပ်ကြပါ၊ တစ်ယောက်ကို တစ်မူးစီတော့ပေးရမယ်၊ ခြင်ထောင်နဲ့ မွေ့ရာလဲ အဆင်သင့်ပဲ၊ မင်းတို့လင်မယားတစ်ညလုံးဇိမ်ကျကျ အိပ်ရမှာပါ ''

ဟုပြောလေရာ သူမက အထိတ်တလန့်ဖြင့် ထိုင်ရာမှထ၍

'' အို... ကျွန်မတို့ လင်မယားမဟုတ်ဘူး ''

ဟု ငြင်းဆိုလိုက်လေရာ တရုတ်ကြီးက ရယ်မော၍

'' ဟဲ ဟဲ... စိတ်ကောက်နေတယ်ထင်တယ်၊ ညားကာစကတော့ တစ်ယောက်စိတ်ကောက်ရင် တစ်ယောက်က ပြန်ချော့ပြီး ပျော်စရာသိပ်ကောင်းတာပေါ့၊ ဟော့ကောင်မလေး၊ အခန်းထဲကိုခေါ်သွားပြီး



www.burmeseclassic.com

www.burmeseclassic.com



ကောင်းကောင်းလေးချော့လိုက်ပါဦး၊ ခဏကြာရင် စိတ်ကောက်တာတွေအားလုံးပျောက်သွားပြီး ပတ်ဝန်းကျင်ကို မေ့သွားလိမ့်မယ် ''

ဟုပြောလေရာ အောင်လံသည် မျက်လုံးပြူးသွားလေ၏။ ချယ်ရီကမူ မျက်စိမျက်နှာ အကြီးအကျယ်ပျက်နေပြီး တရုတ်ကြီးဘက်သို့လှည့်၍

'' ဒီမှာ ထောင်ကဲကြီး ကျွန်မ သူနဲ့ လုံးဝအိပ်လို့မဖြစ်ဘူး သူ့ကို အခန်းတစ်ခန်း သပ်သပ်လုပ်ပေးပါ ''

ဟု တောင်းဆိုလိုက်လေ၏။ တရုတ်ကြီးက ခေါင်းခါယမ်း၍

'' ခြော်... အမုန်းတရားတွေ မထားပါနဲ့ကွယ်၊ မုန်းစကိုတိုဝေ၊ ချစ်စကိုရှည်စေတဲ့ ကြားဖူးတယ်မဟုတ်လား၊ သံယောဇဉ်ဆို တာအခိုင်မာဆုံးကြိုးတစ်ချောင်းပါ၊ ဖြတ်တောက်ရန် ခက်ခဲလွန်းလှ ပါတယ်ဒီလိုအချိန်မျိုးမှာ တစ်ယောက်နဲ့တစ်ယောက် ပုလဲနံ့ပသင့်အောင် နေရပြီးကြာလေသွေးရင်စိမ်းတောင် ဝေးတယ်လို့ ဟင်ရတဲ့ ကာလမျိုးကွယ့် ''

ဟု နားချနေလေရာ ချယ်ရီသည် တရုတ်ကြီး၏ စကားကိုဆုံးအောင် နားမထောင်တော့ဘဲ စိတ်ဆိုးမာန်ဆိုးဖြင့် အိပ်ခန်းထဲသို့ဝင်သွားလေ၏။

တရုတ်ကြီးက အောင်လံ၏ပခုံးကိုဖက်၍ အခန်းထဲသို့ လိုက်သွားရန် တွန်းထိုးလွှတ်ရင်း

'' ညံ့လိုက်တာ ငါ့ညီရယ်၊ ဒီလိုအချိန်မျိုးမှာ ယောကျ်ားနဲ့





အခွမ်းကို ပြုရမှာကွ၊ တို့ ယယ်ယယ်တုန်းကနဲ့ ကွာပဲ ''

ဟု ညည်းညူလေရာ ချယ်ရီက အိပ်ခန်းတံခါးကို ဂုန်းခနဲဆောင့်ပိတ်၍

'' ရှင် အခန်းအပြင်မှာပဲ အိပ်ပေတော့ ''

ဟု အော်ဟစ်ပြောဆိုနေလေ၏။ တရုတ်ကြီးက ရယ်မော၍

'' တွေ့လား ငါ့ညီ၊ ငါ့ညီက အခန်းထဲ လိုက်မဝင်လို့ ဒေါကန်သွားတာကွ၊ အိပ်ခန်းအပြင်မှာ ခဏလောက်စောင့်နေလိုက်၊ ညဉ့်နက်လာပြီဆိုရင်တော့ အခန်းတံခါးကို တိုးတိုးလေးခေါက်ပြီး ဝင်သွားလိုက်၊ ပြီးတော့ သူကျေနပ်အောင် ကောင်းကောင်းလေး ချော့မော့လိုက်ပါ။ မနက်ကျရင် အားလုံးအဆင်ပြေပြီး အချစ်တွေ တိုးသထက် တိုးလာလိမ့်မယ် ''

ဟု ပြောလေရာ အောင်လံသည် တရုတ်ကြီးကို စကားမတုံ့ပြန်တော့ဘဲ အခန်းထောင့်ရှိ စားပွဲခုံကြီးကို ခုတင်လုပ်၍ စောင်နှင့်ခေါင်းအုံးကို တောင်းကာ အိပ်စက်ရန် ကြိုးစားရလေ၏။

မနက်ဖြန်ဆိုလျှင် အဒေါ်နှင့် ဦးရွှေတာလုပ်၏ မင်္ဂလာပွဲ စတင်တော့မည်။ အဒေါ်သည် မိမိ ရုတ်တရက် ပျောက်ဆုံးနေခြင်းကိုစဉ်းစားမိမည် မထင်သေးပေ။

သူသည် ဦးရွှေတာလုပ်၏ အိမ်ကြီးတွင် စိတ်ဆင်းရဲစွာ နေထိုင်ရသည်ထက်စာလျှင် ချယ်ရီ၏အနောက်သို့ လိုက်ပါရခြင်းသည် စိတ်



www.burmeseclassic.com

www.burmeseclassic.com



လှုပ်ရှားဖွယ်ကောင်းသည်ဟု ထင်မြင်မိလေ၏။

ချယ်ရီသည် မိန်းမသားတန်မယ့် ယောကျ်ားဆန်ဆန် တစ်ဖွ[ယ်]
ထိုးလုပ်တတ်သော စရိုက်ရှိပုံရ၏။

သူမတွင် အရေးကြီးသော ကိစ္စတစ်ခု ရှိပုံရ၏။

ထိုကိစ္စကို ဆောင်ရွက်ရန် မိမိ၏အကူအညီကို ရယူလိုဟ[န်]
ပေသည်။ မည်သို့ပင်ဖြစ်စေ၊ လောကကြီးထဲသို့ဝင်၍ အတွေ့အ[ကြုံ]
အသစ်အဆန်းများ ရှာဖွေခြင်းကို နှစ်သက်နေမိ၏။

အောင်လံသည် ညဉ့်နက်သောအခါ အိပ်ပျော်သွားေ[လ]
တော့၏။

အောင်လံသည် ထိုနေ့နံနက်အိပ်ရာနိုးပြီး မျက်နှာသစ်နေ[စဉ်]
အနီးသို့ ချယ်ရီရောက်ရှိလာပြီး

'' ကျွန်မတို့ မနက်စောစော ခရီးဆက်ကြမယ် ''

ဟုပြောလေ၏။ ထို့နောက်တွင်မူ ကရုတ်ကြီးကို နှုတ်ဆက်[၍]
ထွက်ခွာလေရာ ကရုတ်ကြီးက ရယ်မော၍

'' ဟဲဟဲ... ညက ကျုပ်ပြောသလို လုပ်လိုက်တယ်နဲ့တူတ[ယ်]
မိန်းကလေးမျက်နှာဟာ ဝင်းဝကြည်လင်သွားတာပဲ ''

ဟု ပြောဆိုလေရာ ချယ်ရီသည် မျက်နှာရှုံ့မဲ့၍ စူရူအော[င်]
အောင့်ဖြင့် ထွက်သွားလေ၏။ အောင်လံတို့သည် မြိတ်မြို့ပြင်[သို့]
စတင်ခရီးထွက်ခဲ့လေ၏။





အောင်လံသည် မြို့ပြင်ရှိ ထမင်းဆိုင်ကလေးသို့ ရောက်သော
အခါ သူ၏သူငယ်ချင်း ချက်ဖူးရှိသည်ကို အမှတ်ရ၍ ဆိုင်ထဲသို့ ဝင်ခဲ့
လေ၏။ ချက်ဖူးသည် အောင်လံနှင့် ချယ်ရီကိုမြင်သောအခါ မျက်လုံး
ပြူးသွားပြီး

'' အောင်လံ၊ မင်းဘယ်သွားမလို့လဲ ''

ဟု မေးမြန်းလေ၏။ အောင်လံက လက်ကာပြ၍

'' ငါနောက်မှ ရှင်းပြမယ်၊ လောလောဆယ် ငါ့ကို စာရွက်
တစ်ရွက်နဲ့ ခဲတံပေးပါ ''

ဟု တောင်းလိုက်ပြီး အောက်ပါစာကို ရေးလေ၏။

အဒေါ်

ဦးရွှေတလုပ်ရဲ့စည်းကမ်းတွေတင်းကျပ်လှတဲ့ အိမ်ကြီးမှာ
မနေချင်တာရယ်၊ ဖြေရှင်းလို့မရအောင် ရှုပ်ထွေးနေတဲ့
အကြောင်းကိစ္စတစ်ခုရယ်ကြောင့် မိန်းကလေးတစ်ယောက်
နောက်ကို ကျွန်တော်လိုက်သွားပါပြီ၊ အဒေါ်ရဲ့မင်္ဂလာပွဲမှာ
ကျွန်တော်မရှိတဲ့အတွက် ခွင့်လွှတ်ပါ။

သားမိုက် (အောင်လံ)

အောင်လံ၏စာကို ချက်ဖူးက ဖတ်ကြည့်၍ မျက်လုံးပြူးသွား
ပြီး အောင်လံကို မိန်းမခိုးသွားသည်ဟု ထင်မှတ်ကာ ခေါင်းကိုခါယမ်း၍

'' ဘယ်လိုဖြစ်တာလဲအောင်လံရယ်၊ မင်းနဲ့ မင်းအဒေါ်က



www.burmeseclassic.com

www.burmeseclassic.com



တစ်ပြိုင်တည်းပါပဲလား ''

ဟု ရေရွတ်လေရာ အောင်လံကလည်း သူ့အမိပွါယ်နှင့် သူ နားလည်လိုက်ပြီး

'' တစ်ခါတလေတော့လည်း လောကမှာ ထင်မှတ်မထားတဲ့ အရာတွေ ဖြစ်ပေါ်တတ်တယ်မဟုတ်လားကွ၊ သဗ္ဗေသတ္တာကမ္မ သကာ ပါပဲကွာ ''

ဟုပြောလေ၏။ ထိုအခါ ချက်ဖူးက သက်ပြင်းချ၍

'' ထင်မှတ်မထားတာတွေဖြစ်တယ်ဆိုပေမယ့် ထူးလဲထူးတဲ့ ဖူးစာကွာ၊ ဘယ်တုန်းက ဘယ်လိုဖြစ်သွားကြတာလဲ၊ ငါတို့လဲ မသိ ပါလား ''

ဟု မေးမြန်းလေ၏။ အောင်လံက သူ့အဒေါ်နှင့် ဦးရွှေတလုပ် ၏ ကြီးမှဝက်သက်ပေါက်သည့်အကြောင်းကို ပြောသည်ထင်၍

'' သိပ်မကြာသေးပါဘူးကွာ၊ ငါတောင်အံ့သြနေတယ်၊ ဒီ အသက်အရွယ်မျိုးမှာ မဖြစ်သင့်တော့ပါဘူး ''

ဟုပြောလေ၏။ ချက်ဖူးက ခေါင်းညိတ်၍

'' အင်းပေါ့လေ၊ ဖြစ်ပြီးတော့မှ ဘာတတ်နိုင်မှာလဲ၊ အရေး ကြီးတာက တစ်ဦးကိုတစ်ဦး သစ္စာရှိရှိနဲ့ ချစ်ခင်ဖို့ပဲ ''

ဟုပြောလေ၏။ အောင်လံက ရယ်မော၍

'' ဒါတော့ မပူနဲ့ကွ၊ ချစ်တာမှ ဟိုဘက်ကမ်းကိုတောင် လွန်





နေလို့ သူများတွေ အမြင်ကတ်မှာတောင် စိုးရတယ် ''

ဟုပြောလေ၏။ ချက်ဖူးက ရယ်မော၍

'' ဟဲ ဟဲ... ချစ်တာ အမြင်ကတ်စရာမဟုတ်ပါဘူးကွာ၊ ငါက အားတောင်ကျနေပါသေးတယ်၊ ဒါနဲ့ မင်းတို့နှစ်ယောက် ဘယ်သွား ယ် စိတ်ကူးလဲ ''



ဟု မေး မြန်း လေ ၏။ အောင်လံက ချယ်ရီ၏ မျက်နှာကို ကြည့်၍

'' ဟဲ ဟဲ... ဒါတော့ ငါ မသိသေးဘူးကွ၊ သူခေါ်ရာပဲ လိုက် ရမှာပဲ ''

ဟုပြောလေ၏။ ချက်ဖူးက အောင်လံ၏ စကားကို သဘာကျ သွားပြီး

'' ဟီး ဟီး... မင်းကတော့ ပြောင်းပြန်ပဲကွာ၊ ဒီလိုကိစ္စမျိုးဆို တာ ယောကျ်ားက ဦးဆောင်ရ တာ၊ အခုတော့ မိန်းကလေးခေါ်ရာ နောက်ကို လိုက်ရတယ်လို့ကွာ ''



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလေ၏။ အောင်လံက သူ့အဓိပ္ပါယ်နှင့် သူ ရယ်မော...

" အမလေး... သူ့ကိုငါ ကြောက်နေရတာကွ၊ သူခေါ်ရာ... မငြင်းဘဲလိုက်နေရတာကြည့်ကွာ "

ဟုပြောလေရာ ချက်ဖူးက တဟီးဟီးတဟားဟားရယ်မော... ပြန်၏။ ချယ်ရီသည် အောင်လံနှင့် ချက်ဖူးအပြန်အလှန်ပြောနေသော စကားများကို အောင့်အီးသည်းခံ၍ နားထောင်နေပြီး တဖြည်းဖြည်း မျက်နှာနီရဲလာ၏။

နောက်ဆုံးတွင် သည်းမခံနိုင်သည့်အဆုံး၌ ချက်ဖူးကို ဒေါ... တကြီးကြည့်၍

" ဒီမှာ ရှင့်ပါးစပ် ပိတ်ထားစမ်း၊ ကြားရတာ နားခါးတယ်... ဘုမသိဘမသိ ဘာတွေပြောနေတာလဲ "

ဟု အော်ဟစ်ကာ အောင်လံ၏လက်ကိုဆွဲ၍ ခေါ်သွားလေ၏။ အောင်လံသည် သူမနောက်မှ တကောက်ကောက်ပါသွားလေ၏။ ချက်ဖူးသည် သူမ၏ မောက်မာရိုင်းစိုင်းပုံကိုကြည့်၍

" အောင်လံ အောင်လံ၊ မင်းကံဆိုးသွားပြီကွာ၊ ယောကျ်ား... အပေါ် ဒီလောကအနိုင်ယူတတ်တဲ့မိန်းမမျိုးကို မင်းချစ်ရင် တစ်သ... လုံး စိတ်ချမ်းသာမှာမဟုတ်ဘူး၊ မင်းတော့ မယားကြောက်ဖြစ်မှာပဲ "

ဟု ရေရွတ်လိုက်လေ၏။ ချယ်ရီသည် အောင်လံကို ထမင်း... နှင့် ခပ်လှမ်းလှမ်းသို့ ဆွဲခေါ်သွားပြီး ဒေါသတကြီးဖြင့်





" ဒီမှာ ရှင်တော်တော် အောက်တန်းကျပါလား၊ ဘာဖြစ်လို့ ...ိုယ်နဲ့မဆိုင်တဲ့ မိန်းကလေးတစ်ယောက်ကို အသားယူပြီး ပြောနေ ...တာလဲ "

ဟုကြိမ်းမောင်းလေ၏။ အောင်လံက နားမလည်ဟန်ဖြင့်

" ဟင်... ကျုပ်ဘာတွေ အသားယူနေလို့လဲ "

ဟု မေးမြန်းလေ၏။ ချယ်ရီက

" ရှင်နဲ့ ချက်ဖူးဆိုတဲ့ ကောင်ပြောတဲ့စကားတွေကို တစ်လုံး ...ကျန် ပြန်စဉ်းစားကြည့်စမ်း "

ဟု အော်ဟစ်ပြောဆိုသောအခါမှပင် အောင်လံသည် ချယ်ရီ ...ဒေါသူပုန်ထသောအကြောင်းကို နားလည်သွားပြီး တဟားဟားရယ် ...မောကာ

" ဟား ဟား ဟား... ကျုပ်က ကျုပ်အဒေါ်နဲ့ ဦးရွှေတလုပ် ...အကြောင်းကို ပြောတယ်ထင်လို့ပါဗျာ၊ စိတ်မရှိပါနဲ့ "

ဟု တောင်းပန်ရလေတော့၏။

ချယ်ရီသည် အောင်လံကို မြို့နှင့်ဝေးရာသို့ ခေါ်ဆောင်သွား ...လေ၏။

အောင်လံက မြေလမ်းအတိုင်း သူမအနောက်သို့ လျှောက် ...လိုက်ရင်း

" ကျုပ်တို့ ဘယ်ကိုသွားမှာလဲ "



www.burmeseclassic.com

www.burmeseclassic.com



ဟု မေးမြန်းလေ၏။ သူမက အရှေ့သို့ လက်ညှိုးညွှန်ပြ၍

" ကျွန်မရဲ့ ဇာတိရပ်မြေက တနင်္သာရီမြစ်ကြီးနဘေးက ရွာလေးတစ်ရွာမှာပါ၊ ဒါပေမယ့် အဲဒီကိုသွားစရာမလိုဘူး၊ လောလောဆယ်လက်ထဲကို ပိုက်ဆံရအောင် ကြံဖန်ရဦးမယ် "

ဟုပြောရင်း လွန်စွာကြီးမားသော သစ်ပင်ကြီးတစ်ပင်အောက်တွင် ထိုင်လိုက်လေ၏။ ပြီးနောက် သစ်ပင်ကြီးနှင့် ခပ်လှမ်းလှမ်းရှိ ချုံနွယ်ပိတ်ပေါင်းများနေရာသို့သွားကာ မြေပြင်ကို လက်ညှိုးညွှန်ပြ၍

" အဲဒီနေရာကိုတူးစမ်းပါ "

ဟု အမိန့်ပေးလေ၏။ အောင်လုံသည် မိမိကို စတင်ခိုင်းစေပြီဟု တွေးတောကာ သူမကမ်းပေးသော ဓားမြှောင်တစ်လက်ဖြင့် မြေကြီးများကို တူးဆွလေ၏။

အတန်ကြာအောင် တူးဆွပြီးနောက် နှစ်ပေခန့်နက်သော နေရာသို့ ရောက်သောအခါ သူမက ရှေ့ကိုကုန်းကြည့်၍

" ဖြည်းဖြည်းလုပ်ပါရှင် "

ဟု သတိပေးလေ၏။ ထိုအခိုက်မှာပင် မြေကြီးထဲတွင် ကြေးနီရောင်သေတ္တာတစ်လုံးကို တွေ့ရသဖြင့် မြေသားများကို ဓားဖြင့် တဖြည်းဖြည်း ကော်ထုတ်လေ၏။ မြေသားများသည် ကျစ်လစ်ခြင်း မရှိဘဲ ယောင်းယောင်းဖြစ်နေသဖြင့် ကြေးနီရောင်သေတ္တာကို မြှုပ်နှံထားသည်မှာ ကြာသေးဟန်မတူပေ။





အောင်လံသည် မြေကြီးထဲမှ သေတ္တာကို ဓားမြှောင်ဖြင့် ကော်၍ မတင်လိုက်၏။ ကြေးနီရောင်သေတ္တာသည် ဖလက်မ သာသာခန့်ရှိပြီး သေတ္တာ၏အဖုံးပေါ်တွင် နဂါးရုပ်များကို ထွင်းထုထား၏။

သူမက သေတ္တာကို ကမ်းယူလိုက်ပြီး မြေကြီးများကို ပြန်ဖို့ခိုင်း၏။

ပြီးနောက်တွင်မူ အောင်လံနှင့်အတူ မြိတ်မြို့ဘက်သို့ ပြန်ထွက်လာပြီး ဇရပ်တစ်ဆောင်၏လှေကားထစ်များတွင် ထိုင်ကြ၏။

အောင်လံသည် သူမလက်ထဲက သေတ္တာကို စိတ်ဝင်တစားကြည့်ရှုနေစဉ် သူမက သေတ္တာကို ဖွင့်လှစ်ပြလေ၏။

ထိုအခါ သေတ္တာထဲတွင် အလွန်အရည်အသွေးကောင်းသော ပုလဲလုံးများကို အံ့ဩဖွယ်တွေ့လိုက်ရလေ၏။

အောင်လံသည် ပုလဲအကြောင်းကို အတော်အသင့် နားလည်သူဖြစ်သဖြင့် ပုလဲများ၏တန်ဖိုးကို တွက်ချက်ကြည့်ပြီး အံ့ဩသွားလေ၏။ ပုလဲများသည် အလွန် အဖိုးထိုက်တန်လှ၏။

အောင်လံက သူမကို တအံ့တဩကြည့်၍

" ပုလဲတွေ အဖိုးသိပ်တန်တယ်နော်၊ ဒါတွေကို ခင်ဗျား ဘယ်လိုလုပ်ရထားတာလဲ "

ဟု မေးမြန်းလေ၏။ သူမက အောင်လံ၏အမေးကို မနှစ်မြို့သည့်ဖြင့် မျက်မှောင်ကြုတ်၍



www.burmeseclassic.com

www.burmeseclassic.com



'' အမယ် ရှင့်မေးခွန်းက ကျွန်မကို မယုံသလိုလိုနဲ့၊ ဒီပစ္စည်းတွေကို ခိုးဆိုးလုယက်လာတယ်ထင်လို့လား ''

ဟု မေးမြန်းလေရာ အောင်လံက ကမန်းကတန်းလက်ကာ ပြ၍

'' ကျုပ်မေးခွန်းက ဒီသဘောမဟုတ်ပါဘူးဗျာ၊ ပုလဲတွေ အဖိုးတန်တာသိလို့ သိပ်အံ့ဩသွားလို့ပါ ''

ဟုပြောလေ၏။ သူမက ခေါင်းညိတ်၍

'' ရှင် ပုလဲအကြောင်းကို နားလည်သလား ''

ဟု မေးမြန်းလေရာ အောင်လံက ခေါင်းညိတ်၍

'' ကျုပ်က ပုလဲကုန်သည်လုပ်နေတဲ့ ဦးဖိုးကျားဆိုတဲ့ လူကြီးဆီမှာ တပည့်ခံပြီး အလုပ်လုပ်နေတာပဲ၊ ဒါကြောင့် ပုလဲအကြောင်းကို အတော်နားလည်တယ် ''

ဟုပြောလေရာ သူမက သဘောကျဟန်ဖြင့် ရယ်မော၍

'' ဒီလိုတော့လဲ ကျွန်မခေါ်လာတဲ့သူဟာ ဘယ်ဆိုးလို့လဲ အဖိုးတန်သားပဲ၊ ဒါဆိုရင် ဒီပုလဲတွေကို ရှင် ဈေးဖြတ်ကြည့်စမ်းပါ ရောင်းရင် ဘယ်လောက်ရနိုင်မလဲ ''

ဟုပြောလေ၏။ အောင်လံက ခေါင်းခါ၍

'' ဒီပုလဲတွေထဲက သုံးပုံတစ်ပုံလောက်ကိုပဲ ကျုပ်ဈေးဖြတ်ဝံ့တယ်၊ ကျန်တဲ့ပုလဲတွေကိုတော့ ဈေးမဖြတ်ဝံ့ဘူး၊ ပုလဲတွေရဲ့ အရည်အသွေးက သိပ်ကောင်းနေတယ်၊ ပုလဲနဲ့ပတ်သက်ရင် ဆရာတစ်ဆူ





ဖြစ်တဲ့ ကျုပ်ဆရာ ဦးဖိုးကျားလိုလူပဲ ဖြတ်ဖို့သင့်တယ် ''

ဟုပြောလေရာ သူမက အံ့ဩဝမ်းသာသွားပြီး

'' ဟင် ... ဒါဆိုရင် ကျွန်မ ပုလဲတွေက သိပ်တန်ဖိုးရှိတာပေါ့နော်၊ ရှင် ဈေးဖြတ်နိုင်သမျှ ပုလဲတွေကို ဈေးဖြတ်ကြည့်စမ်းပါ ''

ဟု ပြောလေ၏။ အောင်လံသည် ပုလဲလုံးများကို ယူ၍ သေချာစွာ ကြည့်ရှုစစ်ဆေးပြီးနောက်

'' ခင်ဗျားရဲ့ ပုလဲတွေဟာ အညံ့ဆုံးပုလဲတောင်မှ ငွေ(၅၀၀) လောက်တန်နေတယ် ''

ဟုပြောလေရာ သူမက ဝမ်းသာအားရဖြင့်

'' အို ... ဝါးရား ဝါးရာ ဟုတ်လား၊ ဒါဆိုရင်တော့ ကျွန်မရဲ့ အကြံအစည်တွေ အောင်မြင်တော့မှာပေါ့နော်၊ ဝမ်းသာလိုက်တာ ရှင် ''

ဟုရေရွတ်လေ၏။ ထိုအခါ အောင်လံက သူမဘက်သို့လှည့်၍

'' ခင်ဗျားရဲ့ အကြံအစည်ဆိုတာ ဘာလဲ၊ ကျုပ်ကို ပြောပြပါဦး ''

ဟု မေးမြန်းလေ၏။ သူမက သက်ပြင်းချ၍

'' ဒီအကြောင်းတွေကို အေးအေးဆေးဆေးပြောပြမှာပါ၊ လာလေ ဆယ် ကျွန်မတို့ ဒီမြို့က ဝေးရာကို သွားကြမယ်၊ ရှင့် အဒေါ်ကြီးရဲ့ လူတွေဟာ ရှင့်ကို ပြန်တွေ့သွားရင် ကျွန်မလက်ထဲက



www.burmeseclassic.com

www.burmeseclassic.com



ရှင့်ကို ပြန်ခေါ်သွားလိမ့်မယ်၊ ကျွန်မရဲ့ အကြံအစည်အတွက် ရှင်ရှိဖို့ လိုအပ်တယ် ''

ဟုပြောလိုက်လေတော့၏။

ချယ်ရီက စိတ်လှုပ်ရှားစွာဖြင့်

'' ကျွန်မရဲ့ ပုလဲနှစ်လုံးလောက်ရောင်းချင်တယ်၊ ဘယ်မှာ ရောင်းရင်ကောင်းမလဲ ''

ဟု မေးမြန်းလေရာ အောင်လံက မျက်မှောင်ကြုတ်၍ စဉ်းစားလိုက်ပြီး

'' မြိတ်မှာ ရောင်းရင်တော့ ရတယ်၊ ဒါပေမယ့် မြိတ်မြို့ထဲကို ကျုပ် ဝင်လို့မရဘူး၊ ခင်ဗျားတစ်ယောက်တည်း သွားရောင်းပေတော့ ကျုပ် လိပ်စာပေးလိုက်မယ်၊ ဟောဒီ ပုလဲနှစ်လုံးကို တစ်လုံးကို ငါးရာ မရရင် မရောင်းခဲ့နဲ့ ''

ဟု ဈေးသတ်မှတ်ပေးလိုက်ရာ ချယ်ရီက

'' ဒါဆိုရင် ကျွန်မ သွားရောင်းမယ်၊ ရှင် ဒီကပဲ စောင့်နေလိုက်ပါ၊ ထွက်ပြေးဖို့တော့ မစဉ်းစားနဲ့နော်၊ ရှင် ကျွန်မနောက် မလိုက်ဘူးဆိုရင် ဦးရွှေတလုပ်ကို ကျွန်မ သွားသတ်မှာပဲ ''

ဟုပြောလိုက်လေ၏။ အောင်လံက ရယ်မော၍

'' အခုအချိန်ထိတောင် ကျုပ်ကို မယုံသေးဘူးလား၊ ကျုပ်က စကားတစ်ခွန်းပြောပြီးရင် ဘယ်တော့မှ မဖျက်တတ်ဘူး စိတ်ချ ''





ဟုပြောလိုက်လေ၏။

ချယ်ရီသည် ကိုအခါမှပင် အောင်လံကို ထား၍ ထွက်ခွာသွားလေတော့၏။ အောင်လံသည် ဇရပ်ပေါ်တွင် တရေးတမော အိပ်စက်ရင်း သူမကို စောင့်မျှော်နေလေ၏။

ညနေစောင်းသောအခါ သူမပြန်ရောက်လာပြီး လက်ထဲတွင် ထမင်းထုပ်နှစ်ထုပ်ကိုပါ ဆောင်ယူလာ၏။ သူမက

'' ပုလဲတစ်လုံးပဲ ရောင်းခဲ့တယ်၊ ကျန်တစ်လုံးကို ငွေငါးရာအောက်လျှော့ပေးလို့ မရောင်းတော့ဘူး ''

ဟုပြောလေ၏။ အောင်လံက ခေါင်းညိတ်၍

'' ကောင်းတယ်၊ မရောင်းနဲ့၊ နောက်မှ ကျုပ်ရောင်းပေးမယ်၊ ဗိုက်ဆာလိုက်တာဗျာ၊ ထမင်းစားရအောင် ''

ဟုပြောလေ၏။ သူမက မျက်စောင်းထိုး၍

'' ဟောဒီမှာ ဝက်သားဟင်းနဲ့ ထမင်းဝယ်လာပြီးသားပါ၊ အဝစားပေတော့၊ ထမင်းစားပြီးရင် ကျွန်မ ဘဝနောက်ကြောင်းကို ရှင့်ကိုပြောပြမယ်၊ ပြီးရင် ဒီဇရပ်မှာပဲ ညအိပ်လိုက်ကြတာပေါ့ ''

ဟုပြောလေ၏။ အောင်လံက သူမကိုကြည့်၍ ရယ်မောကာ

'' ဇရပ်မှာ တံခါးမရှိဘူးနော် စိတ်ချလက်ချ အိပ်ဝံ့ပါ့မလား ''

ဟု နောက်ပြောင်လေ၏။ သူမက မျက်စောင်းထိုး၍

'' ညကျရင် ကျွန်မ အိပ်ပျော်မယ့်အချိန်ကိုစောင့်ပြီး ရှင်သတ္တိ



www.burmeseclassic.com

www.burmeseclassic.com



ရှိရင် လာစမ်းကြည့်ပါလား ''

ဟုပြောလေ၏။ အောင်လံက ပခုံးတွန့်၍

'' ရေလာမြောင်းပေးစကားတွေ လာပြောမနေနဲ့၊ ကျုပ်

ဒါမျိုးဝါသနာမပါဘူး ''

ဟု အမှတ်ယူ၍ ပြောလိုက်ရာ သူမက မျက်နှာနီရဲသွားပြီး

ဒေါသတကြီးဖြင့်

'' အောင်မယ်၊ ရှင့်ကို ကျွန်မ မြူဆွယ်ရမှာလား၊ ဟောဒီမှာ

ကြည့်၊ ဒါဘာလဲ ''

ဟုဆိုကာ လွယ်အိတ်ထဲရှိ ဓားမြှောင်ကို ထုတ်ပြလေ၏။

'' ဟောဒီဓားမြှောင်ကို ညအိပ်ရာဝင်တိုင်း ခါးကြားမှာ ထိုးပြီး

အိပ်တယ် ''

ဟုပြောလေ၏။ အောင်လံက ရယ်မော၍

'' ကြည့်လဲ လုပ်ဦးနော်၊ ကိုယ့်ဗိုက်ကိုယ်ပြန်စိုက်လို့ ဟ

ပေ့ဖြစ်နေဦးမယ် ''

ဟု နောက်ပြောင်လေ၏။ သူမက မျက်နှာကိုတည်တည်ထား

၍ ခြောက်လုံးပြူးကို ထုတ်ပြကာ

'' ဟောဒီ ခြောက်လုံးပြူးကိုလဲ ခေါင်းအုံးအောက်မှာထား

အိပ်တယ်၊ ဘာမှတ်သလဲ ''

ဟု ခြိမ်းခြောက်လေ၏။ အောင်လံက တဟားဟားရယ်မော





'' ဟား ဟား ဟား ... ကျုပ်ကိုလာ ခြိမ်းခြောက်မနေနဲ့၊ ခင်ဗျား

တ်ထားဖို့က ကာမဘီလူးစီးနေတဲ့ ယောကျ်ားတစ်ယောက်ကို

သနတ်တွေ၊ ဓားတွေနဲ့ ဘယ်လိုတားဆီးတားဆီး တားလို့မရဘူး

ဆိုတာပဲ ''

ဟုပြောကာ ထမင်းထုပ်များကို သိမ်းဆည်းလိုက်လေတော့၏။

ဆို့နောက် သူမနှင့်အတူ ဇရပ်ပေါ်တွင်ထိုင်ရင်း မှောင်ရီသန်းစ ပြုနေ

သော ကောင်းကင်ကြီးကို ငေးမောကြလေ၏။ သူမက ရေဘူးထဲမှ

ရကို တစ်ငုံသောက်ကာ

'' ကျွန်မဘဝနောက်ကြောင်းကို ပြောလို့သာ ပြောရတာပါ၊

တကယ်တော့ ဝမ်းနည်းကြေကွဲစရာတွေ အများကြီးပါ၊ အဖေက

အမ်းသဘော်နဲ့ လိုက်သွားပြီး ပင်လယ်ပြင်မှာ မုန်တိုင်းမိပြီး ပြန်

လာတော့ဘူး၊ ကျွန်မတို့ ညီအစ်မနှစ်ယောက်ကို ငယ်စဉ်ကတည်း

က အမေက လုပ်ကိုင်ကျွေးမွေးခဲ့တယ်၊ နောက်တော့ အစ်မအပျို

ပေါက်ရွယ်မှာ အမေဆုံးခဲ့တယ်၊ ကျွန်မက အသက် ၁၂ နှစ်လောက် ပဲ

ရှိသေးတော့ ကလေးသာသာပါပဲ၊ အမေဆုံးတော့ အစ်မဟာ တစ်

ရွာလုံးရဲ့ နိုင်းဘက်ဖြစ်ခဲ့ရပြန်တယ်၊ ရုပ်ရည်နဲ့ လုပ်ရတဲ့အလုပ်က

ဲုံးဝမတန်ဘူး၊ စိတ်သဘောထားလဲ အလွန်နူးညံ့သိမ်မွေ့ပြီး လှ တိုင်း

ကို ကြောက်ရွံ့တတ်တယ်၊ ရွာမှာ လူယုတ်မာကြီး ဦး ဖဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်၊ ဒီလူကြီးဟာ တဏှာရူးကြီးပဲ၊ ဦးရွှေတလုပ်နဲ့ အကျင့်စရိုက်ချင်း အတော်တူတယ်၊ အစ်မဟာ ဦးလှဖေအိမ်မှာ ခိုင်းတာလုပ်ပေးတိုင်း ဦးလှဖေရဲ့ ရိသဲ့သဲ့ပြောတာခံရတယ်၊ ဒါပေမယ့် ဦးလှဖေဟာ အစ်မကို မကြံလိုက်ရပါဘူး၊ သူ့ထက်ပိုပြီး တဏှာရူးတဲ့ ဦးရွှေတလုပ်ဟာ မြိတ်မြို့ကနေ ကျွန်မတို့ရွာကို ရောက်လာတယ်၊ ဦးရွှေတလုပ်နဲ့ ဦးလှဖေဟာ ပုလင်းတူဘူးဆို့တွေလေ၊ ဦးလှဖေမှာ ဦးရွှေတလုပ်ရဲ့ ကျေးဇူးတွေရှိတယ်၊ ဒီတော့ ဦးရွှေတလုပ်က ကျွန်မအစ်မကို မြင်မြင်ချင်း သဘောကျတယ်ဆိုတော့ ဦးလှဖေက နောက်ကို တစ်လှမ်းဆုတ်ပေးလိုက်ရတယ်၊ တကယ်တော့ ဦးရွှေတလုပ်ဟာ မြို့ပေါ်မှာ ဘုရားလူကြီး ဂိုက်ဖမ်းနေပေမယ့် တောရွာလေးကို ဆင်းတဲ့အခါ မင်းသားခေါင်းဆောင်းထားတဲ့ ဘီလူးရုပ် ပေါ်တော့တာပဲ၊ သူဟာ ကျွန်မ အစ်မကို မိသားဖသားပီပီ တောင်းရမ်းပြီး ယူချင်တာမဟုတ်ဘူး၊ တစ်ခါနှင့်လောက်ပဲ ပေါင်းသင်းချင်တာလေ၊ ဒါကြောင့် ရွာစွန်က ဦးလှဖေရဲ့ အိမ်ကလေးမှာ မြို့ကသူဌေးရောက်နေတယ်လို့ သတင်း လွှင့်လိုက်တယ်၊ ပြီးတော့ သူဌေးဆီမှာ ခိုင်းစေဖို့ လူလိုတယ်ဆိုပြီး ကျွန်မအစ်မကို လွှတ်ခိုင်းလိုက်တယ်၊ အခကြေးငွေလဲ အတော်ရမယ် ဆိုတော့ အစ်မဟာ ဘယ်ငြင်းဖြစ်ပါ့မလဲ ''

ဟု တီးတိုးပြောရင်း ခဏမျှ နားလိုက်လေ၏။ အောင်လံသည် ခိုကိုးရာမဲ့ ညီအစ်မနှစ်ယောက်၏အဖြစ်ကို မြင်ယောင်ရင်း သက်ပြင်း





ချလိုက်မိ၏။ ချယ်ရီက ခဏကြာမှ သူမ၏စကားကို ဆက်လေ၏။

'' အစ်မဟာ ပထမ တစ်ရက် နှစ်ရက် သွားလုပ်တုန်းက အတော်လေးအဆင်ပြေတယ်၊ အဲဒီတုန်းက ကလေးသာသာရှိတဲ့ ကျွန်မဟာ အစ်မ သူဌေးအိမ်မှာ နေ့စဉ် အလုပ်လုပ်ရပါစေလို့ ဆုတောင်းခဲ့တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဦးရွှေတလုပ်က သူ့ရဲ့ စားကြွင်းစားကျန်လေးတွေ ပေးလိုက်တာကိုး၊ နောက်ပြီး ငါးသေတ္တာနဲ့ အသားဘူးတွေ၊ နို့ဆီတွေလဲ ရက်ရက်ရောရော စွန့်ကြဲခဲ့တယ်လေ၊ ကျွန်မတို့ညီအစ်မနှစ်ယောက်ဟာ ပျော်တပြုံးပြုံးနဲ့ပေါ့၊ ဒါကြောင့် နောက်ရက်တွေမှာ ကျွန်မဟာ ကလေးစိတ်နဲ့ ရွာစွန်က ဦးရွှေတလုပ်ရဲ့ အိမ်ကို လိုက်သွားခဲ့တယ်၊ တကယ်တော့ အဲဒီတုန်းက ကျွန်မ တို့ဟာ ရွာမှာ အဆင်းရဲဆုံးမိသားစုပဲဖြစ်တယ်၊ ဒါကြောင့် အစား အသောက်ကောင်းကောင်း မစားရဘူး၊ ဦးရွှေတလုပ်ရဲ့အိမ်မှာ လိုက်နေရင် ရွာကလူတွေတောင် မစားဘူးတဲ့ မြို့ပေါ်က အစား အသောက်ကောင်းကောင်းတွေ စားရမယ်ဆိုတဲ့ မျှော်လင့်ချက်နဲ့ပေါ့၊ ဦးရွှေတလုပ်ဟာ ကျွန်မလိုက်လာတာမြင်တော့ သဘောကျတဲ့ အမူအရာနဲ့ ပေါင်မုန့်ထောပတ်သုတ်၊ ဘီစကစ်စတဲ့ မုန့်တွေပေးပြီး ကောင်မလေးပြန်တော့လို့ အမြဲမောင်းထုတ်တယ်၊ ကျွန်မအစ်မက ကျွန်မ အတွက် မုန့်တွေပေးရရင် သိပ်သဘောကျတယ်၊ ဒီလိုနဲ့ အစ်မဟာ ဦးရွှေတလုပ်ရဲ့အိမ်မှာ အလုပ်လုပ်ရင်း ငါးရက်မြောက်တဲ့နေ့မှာ ဦးရွှေ



www.burmeseclassic.com

www.burmeseclassic.com



တလုပ်က ကျွန်မကို ဘီစကစ်ထုပ်ကြီးတစ်ထုပ်ပေးပြီး 'ကောင်မလေး ပြန်တော့ ဒီနေ့အိမ်ကိုမလာနဲ့တော့' လို့ မောင်းထုတ်ခဲ့တယ်၊ ကျွန်မလဲ မကြိုစဖူး ဘီစကစ်ထုပ်ကြီးတစ်ထုပ်လုံးရတယ်ဆိုတော့ ဝမ်းသာအားရနဲ့ ရွာကိုပြန်လာခဲ့တယ်၊ လမ်းတစ်ဝက်မှာ စိတ်ကူးတစ်မျိုးပေါက်ပြီး ရွာမပြန်သေးဘဲ ရွာပြင်စမ်းချောင်းလေးမှာ အေးအေးဆေးဆေးဘီစကစ်သွားစားမယ်လို့ ဆုံးဖြတ်လိုက်တယ်၊ ဒါကြောင့် စမ်းချောင်းဘက်ထွက်ခဲ့တယ်၊ ဒီအချိန်မှာပဲ စမ်းချောင်းအနီးက ချုံထဲမှာ ငါးမျှားနေတဲ့ ဦးရွှေတလုပ်ရဲ့တပည့်နှစ်ယောက်ကိုတွေ့တော့ ကျွန်မဟာ ကလေးပီပီ သူတို့ဘာပြောသလဲဆိုတာ စပ်စုမိတယ်၊ ဦးရွှေတလုပ်ရဲ့တပည့်တစ်ယောက်က 'ဒီအချိန်ဆိုရင်တော့ ဆရာကြီးက အပိုင်သိမ်းလိုက်ရောပေါ့' လို့ပြောတယ်၊ ကျန်တစ်ယောက်က 'ငါ့အထင် မဖြစ်နိုင်သေးဘူးထင်တယ်၊ ဟိုကောင်မက အတွေ့အကြုံရှိတာမဟုတ်ဘူး၊ တောသူမဆိုတော့ နည်းနည်းစည်းရုံးရဦးမယ်ထင်တယ်၊ ဆရာကြီးကတော့ စည်းရုံးလို့မှမရရင် အတင်းအဓမ္မကြံမယ် လို့ပြောတယ်၊ ကောင်မက တောသူဆိုပေမဲ့ ကိုယ်လုံးကိုယ်ပေါက် ကတကယ်တောင့်တာနော်၊ ဆရာကြီးကတော့ နိဗ္ဗာန်ပဲကွာ' လို့ပြောသံကြားတယ်၊ ဒီတော့ ကျွန်မဟာ အစ်မအကြောင်းပြောနေတယ်ထင်ပြီး နည်းနည်းစိုးရိမ်သွားတယ်၊ ဒါကြောင့် ဦးရွှေတလုပ်ရဲ့အိမ်ကို လိုက်သွားခဲ့တယ်၊ အဲဒီနေ့ဟာ ကျွန်မ တစ်သက်မှာ ဘယ်





လိုမှ မေ့မရတဲ့နေ့ပဲ ''

ဟုတီးတိုးပြောလေ၏။ အောင်လံသည် သူမတို့ညီအစ်မ၏ ဆိုးဝါးသောကံကြမ္မာကို ကြေကွဲစွာနားထောင်နေမိ၏။

'' ဦးရွှေတလုပ်ရဲ့ရွာပြင်က အိမ်လေးကိုရောက်တော့ အစ်မရဲ့ အော်ဟစ်သံကိုကြားရတယ်၊ ဒါကြောင့် ကျွန်မလဲ ကလေးပီပီ စိုးရိမ်ပြီး အိမ်ပေါ်က အိမ်ခန်းကိုရောက်တဲ့အခါ ခုတင်ပေါ်မှာ အစ်မကို မတရားကျင့်ဖို့ကြိုးစားနေတဲ့ ဦးရွှေတလုပ်ကိုတွေ့ရတယ်၊ ဒီတော့ ကျွန်မဟာ အနီးက တုတ်ကြီးကိုယူပြီး ဦးရွှေတလုပ်ရဲ့ အနောက်က ဝင်ရိုက်တယ်၊ ရမ္မက်မီးတောက်လောင်နေတဲ့ ဦးရွှေ တလုပ်ဟာ ကျွန်မကို မမျှော်လင့်ဘဲမြင်ရတော့ ဒေါသခြောင်းခြောင်း ထွက်ပြီး အိပ်ခန်းအပြင်ကို တရွတ်တိုက်ဆွဲထုတ်ပြီး တံခါးကြီးကို ဂျက်ချလိုက်တယ်၊ ပြီးတော့ အစ်မကို မတရားဆက်ကျင့်တယ်၊ အစ်မရဲ့တောင်းပန်တိုးလျှိုးသံ၊ နာကျင်စွာအော်ဟစ်သံတွေကို ကျွန်မ အတိုင်းသားကြားနေရတယ်၊ ကျွန်မဟာ သည်းမခံနိုင်တဲ့အဆုံးမှာ ငိုယိုပြီး ရွာကလူကြီးတွေကို ဦးရွှေတလုပ်အကြောင်း သွားပြောတယ်၊ ဒီတော့မှ မတရားလုပ်တာ ခံနိုင်တဲ့ ရွာလူကြီးတွေဟာ ဦးရွှေတလုပ်ရဲ့အိမ်ကို ကျွန်မနဲ့အတူ လိုက်လာခဲ့တယ်၊ တဏှာရူးကြီး ဦးရွှေတလုပ်ဟာ သူ့ကို အမိဖမ်းခံလိုက်ရတဲ့အတွက် ရွာလူကြီးတွေရှေ့မှာ အစ်မကို လက်ထပ်ယူပါမယ်လို့ ကတိပေးခဲ့တယ်၊ ရိုးသားတဲ့ အစ်မဟာ သူ့ထက်အသက်များကြီး



www.burmeseclassic.com

www.burmeseclassic.com



ကြီးတဲ့ အဖေအရွယ်လူကြီးကို ယူရပေမယ့် ကျွန်မဘဝ ကောင်းစား တော့မယ်ဆိုပြီး ကျေနပ်နှစ်သိမ့်ဖို့ ကြိုးစားရှာတယ်၊ ကျွန်မကလဲ အဲဒီတုန်းက ကလေးသာသာဆိုတော့ ဦးရွှေတလုပ်ဆီက အစား အသောက် ကောင်းကောင်းတွေ စားရတော့မယ်ဆိုပြီး ပျော်ရွှင်နေခဲ့ တယ်၊ ဒါပေမယ့် ကျွန်မအစ်မရဲ့ဘဝဟာ ဘယ်လောက်များ ကြေကွဲ ဝမ်းနည်းဖို့ ကောင်းသလဲဆိုတာ အခုမှ သဘောပေါက်ခဲ့ပါတယ်၊ ဦးရွှေတလုပ်ဟာ အစ်မကို ချစ်ခင်မြတ်နိုးတဲ့သူမဟုတ်ဘဲ ကာမစိတ် သက်သက်နဲ့ ပေါင်းသင်းသူဖြစ်တဲ့အတွက် ဦးရွှေတလုပ်ရဲ့ နှိပ်စက် ညှဉ်းပန်းမှုဒဏ်ကို လိမ့်နေအောင်ခံရတယ်၊ အစ်မဟာ နေ့စဉ်နဲ့အမျှ စိတ်ဆင်းရဲပြီး ကျန်းမာရေးချို့တဲ့ရာက တဖြည်းဖြည်း ပိန်ချုံးလာတယ်၊ ဒီအချိန်မှာ ကာမစိတ်သက်သက်နဲ့ပေါင်းသင်းတဲ့ ဦးရွှေတလုပ်အတွက် အစ်မဟာ ဆွဲဆောင်မှု တဖြည်းဖြည်းလျော့ပါးလာတယ်၊ ချောမောလှပ တဲ့အစ်မဟာ ဦးရွှေတလုပ်ရဲ့ အဆီကိုစားပြီး၊ အသားကို မျိုခြင်းခံရလို့ ဖလ လောက်အတွင်း လုံးဝပြောင်းလဲသွားတယ်၊ ဒီအခါမှာ လူယုတ်မာ ကြီးက မြို့ကို ခဏ ပြန်မယ်လို့ အကြောင်းပြပြီး ရွာကထွက်သွား လိုက်တာ လုံးဝပြန် မလာတော့ပါဘူး၊ ကျွန်မအစ်မလဲ သူနှိပ်စက်တဲ့ ဒဏ်တွေကြောင့် စိတ်ရောဂါရပြီး ရူးသွပ်တဲ့ဘဝ ရောက်ခဲ့တယ်၊ ဦးရွှေတလုပ်ပြန်သွားပြီး တစ်နှစ်လောက်ကြာတဲ့အထိ ပြန်မလာလို့ ရွာကလူတွေ လိုက်သွားခဲ့သေးတယ်၊ ဒါပေမယ့် လူယုတ်မာကြီးဟာ





အမျိုးမျိုး လှည့်ပတ်ပြီး ရှောင်တိမ်းနေတာ ဒီနေ့အထိပါပဲ ''

ဟုပြောရင်း သူမ၏စကားကို ရပ်နားထားလေရာ အောင်လံ သည် နာကြည်းကြေကွဲဖွယ်ကောင်းသော သူမဘဝနောက်ကြောင်း ကို နားထောင်ရင်း ဝမ်းနည်းကြေကွဲသလို ခံစားရလေ၏။ သူမက သက်ပြင်းချ၍

'' ကျွန်မဘဝက ဘယ်လောက်များ ဝမ်းနည်းကြေကွဲဖို့ ကောင်းသလဲဆိုတာ စဉ်းစားကြည့်ပါ၊ တဏှာရူးကြီး ဦးရွှေတလုပ်ရဲ့ ပယောဂကြောင့် ကျွန်မ အစ်မ စိတ်နောက်သွားခဲ့ပြီး အလုပ်မလုပ် နိုင်တော့ဘူး၊ ဒီတော့ ကျွန်မကပဲ အစ်မကိုယ်စား တစ်ရွာလုံး ခိုင်းစေ တဲ့အလုပ်တွေကိုလုပ်ပြီး ကျွေးမွေးခဲ့ရတယ်၊ ဒီအခါမှာ ကျွန်မအစ်မနဲ့ ကျွန်မရဲ့ ကွာခြားချက်ကတော့ အစ်မက စိတ်သဘောထား နူးညံ့ သိမ်မွေ့ပြီး လူတကာ မတရားလုပ်တာကို ခေါင်းငုံ့ခံလေ့ရှိတယ်၊ ကျွန်မ ကတော့ မဟုတ်မခံ ဇက်ဇက်ကြဲဖြစ်တဲ့အတွက် မတရားခိုင်း စေလို့ မရဘူး၊ တစ်နေကုန် ထင်းတွေပေါက်ခိုင်းပြီး ထမင်းကျွေးရုံနဲ့ လက်မခံဘူး၊ ပိုက်ဆံတစ်မူးပဲဖြစ်ဖြစ် ရအောင်တောင်းတယ်၊ ဒီအခါမှာ ရွာသား တွေရဲ့အမြင်မှာ ကျွန်မဟာ မဟုတ်မခံ ဇက်ဇက်ကြဲလို့ မြင်တဲ့သူရှိသလို အချို့ကလဲ ရိုင်းစိုင်းတယ်လို့ မြင်ကြတယ်၊ ကျွန်မဘဝမှာ အစ်မရဲ့ အတွေ့အကြုံအရ လူတွေကို ခေါင်းငုံ့မခံရဘူးဆိုတာ အလိုလိုသိလာ တယ်၊ မတရားဘူးထင်ရင် ဘယ်လိုလူမျိုးနဲ့ ဖြစ်ဖြစ် အသက်ချင်းလဲပစ်ဖို့



www.burmeseclassic.com

www.burmeseclassic.com



ဝန်မလေးဘူး၊ ကျွန်မရဲ့ မဟုတ်မခံစိတ်ကို သဘောကျတဲ့ လူ့ဋ္ဌစာ သိုင်းဆရာကြီး ဦးညိုဆိုတာ ရွာမှာရှိတယ်၊ ဦးညိုဟာ ကျွန်မတို့နယ်မှာ အတော်ထင်ရှားတဲ့ မြန်မာ့ရိုးရာ ဗန်တို ဗန်ရှည်သိုင်းဆရာကြီးပဲ၊ သူ့တပည့်တွေဟာ မြန်မာပြည်အနှံ့အပြားမှာရှိတယ်၊ ဒါပေမယ့် သူနဲ့ ကြာကြာပေါင်းသင်းနိုင်တဲ့လူ သိပ်ရှားတယ်၊ စကားပြောရင် အင်မတန် ခွကျပြီး လက်ပေါက်ကပ်လွန်းလို့ ဘယ်သူနဲ့မှ မတည့်ဘူး၊ ဒီလို လူ့ဋ္ဌစာ သိုင်းဆရာကြီးဟာ ကျွန်မကို သဘောကျပြီး သူ့ခြံထဲမှာ လာနေခိုင်းတယ်၊ ဦးညိုက အမြဲပြောလေ့ရှိတာက 'ဒီမှာသမီး လူတွေဟာ ဟန်ဆောင်မှု သိပ်များတဲ့ သတ္တဝါပဲ၊ ဟန်ဆောင်တာကို ဖါသိပ်မုန်းတယ်၊ ဟန်ဆောင်တာဟာ မရိုးသားမှုတစ်မျိုးပဲ၊ ရိုးသားတဲ့သူဟာ ဘယ်တော့မှ ဟန်မဆောင်ဘူး၊ နောက်ပြီး လူဟာ အမှန်ကို ပြောရင် မကြိုက်ကြဘူး။ လောကမှာ လူတွေ လက်ခံထားတဲ့ အကြောင်းအရာ အများစုဟာ အမှန်ကို ဖျက်ကွယ်ပြုပြီး အမှားတွေကို အမှန်ဖြစ်ချင်ဟန်ဆောင်ထားတဲ့ အရာတွေပဲ၊ လူတွေဟာ ဒီအမှားတွေကိုပဲ အမှန်လို့ ယူဆပြီး လက်ခံနေကြတယ်၊ အများစုကတော့ ဓာလိမ်ချုံတွေပါပဲကွယ်၊ ဒါကြောင့် လောကမှာ မဟုတ်ရင်မခံနဲ့၊ မှန်တာတွေ့ရင် ရဲရဲကြီး အမှန်လို့ ပြောရဲရမယ်လို့ ပြောခဲ့တယ်၊ ဒါကြောင့် ကျွန်မဟာ ကျွန်မ စိတ်နဲ့တူတဲ့ ဦးညိုကြီးခြံမှာပဲ နေခဲ့တယ်၊ ဦးညိုနဲ့ နေထိုင်ရင် သူ့ရဲ့ သိုင်းပညာကို သဘောကျတာနဲ့ အခြေခံကအစ သေသေချာချာ သင်ယူခဲ့တယ်၊





ကျွန်မ အပျိုဖော်ဝင်ကာစ အရွယ်ရောက်တော့ ပြဿနာတစ်ခု ကြုံခဲ့ရတယ်၊ အဲဒါကတော့ ကျွန်မတို့ခြံရဲ့ မနီးမဝေးမှာ စမ်းချောင်း လေးတစ်ခု ဖြတ်စီးနေတယ်၊ နွေရာသီဆိုရင် စမ်းချောင်းလေးက အေးမြလွန်းတဲ့ အတွက် ကျွန်မတစ်ယောက်တည်း စမ်းချောင်းထဲမှာ ဆင်းပြီး ရေစိမ် လေ့ရှိတယ်၊ အဲဒါကို ယုတ်မာတဲ့ သူကြီးသား ထွန်းဦးဟာ မကြာခဏ ချောင်းကြည့်လေ့ရှိတာ ကျွန်မ သတိမထားမိဘူး၊ တစ်နေ့တော့ စမ်းချောင်းထဲမှာ ရေဆင်းစိမ်ပြီး အနီးက ချုံကလေးအနီးမှာ ထိုင်နေတုန်း အနောက်ကနေ သူကြီးသားထွန်းဦးပေါ်လာပြီး ကျွန်မကို မဟားတရား လုပ်တော့တာပဲ၊ ကျွန်မကလဲ တဏှာရူးကောင်ရဲ့ပေါင်ကြားတည့်တည့် ကို ခြေထောက်နဲ့ တအားဆောင့်ကန်လိုက်တယ်၊ အဲဒီမှာ တဏှာရူး ကောင်ဟာ တစ်ခါတည်း သတိလစ်သွားလို့ ဆေးဆရာခေါ်ပြီး တစ်လ လောက် ဆေးကုလိုက်ရတယ်၊ တကယ်တော့ ကျွန်မဟာ သိုင်းပညာ တတ်ကျွမ်းထားတဲ့သူဆိုတော့ မိန်းမတစ်ယောက်ဖြစ်ပေမယ့် အတော် ပြင်းထန်သွားခဲ့တာပဲ ''

ဟုပြောလေရာ အောင်လံက တဟားဟားရယ်မော၍

'' ဟား ဟား ဟား... ခင်ဗျားက ကိုယ်ခံပညာတတ်တယ် ပေါ့၊ ဒါဆိုရင် ကျုပ်တော့ သတိထားနေရမယ် ''

ဟုပြောလေ၏။ သူမက ဆက်လက်၍

'' အဲဒီအချိန်ကစပြီး သူကြီးမိသားစုဟာ ကျွန်မကို အငြိုး



www.burmeseclassic.com

www.burmeseclassic.com



ထားတော့တာပါပဲ၊ ကျွန်မကလဲ သူတို့မိသားစုကို မကျေနပ်ခဲ့တာကြာပါပြီ၊ သူကြီးပယောဂကြောင့် ကျွန်မအစ်မဟာ တဏှာရူးကြီးဦးရွှေတာလုပ်လက်ချက်မိခဲ့တယ်လေ၊ ရွာထဲက ကာလသားတွေကလဲ ကျွန်မကို တော်ရုံတန်ရုံ ဘယ်သူမှ မစမ်းဝံ့တော့ဘူး၊ သိုင်းဆရာကြီး ဦးညိုရဲ့ အရှိန်အဝါကြောင့်လဲ ပါမှာပေါ့၊ ဒီအချိန်ကစပြီး ပြောမယ့် အကြောင်းတွေကတော့ ကျွန်မဘဝရဲ့ အရေးကြီးတဲ့ ရည်ရွယ်ချက်ကြီးတစ်ခုနဲ့ ပတ်သက်လာပြီ၊ ကျွန်မတို့ရွာထဲမှာ တစ်ကိုယ်တည်း အထီးကျန်နေရရှာတဲ့ ဒေါ်ကျင်စိန်ဆိုတဲ့ အဘွားကြီးတစ်ယောက်ရှိတယ်၊ အဘွားကြီးကို ရွာသူရွာသားတွေ ဝိုင်းပယ်ထားတဲ့အကြောင်း ရှိတယ်၊ အဘွားကြီးရဲ့ ယောကျ်ားက ကျွန်မတို့နယ်တကြောမှာ အလွန်ဆိုးသွမ်းတဲ့ ဓားပြကြီးလေ၊ သူ့ကို ပုလိပ်အဖွဲ့က အကြိမ်ကြိမ် လိုက်ပြီး နှိမ်နင်းပေမယ့် နှိမ်နင်းလို့ မရခဲ့ဘူး၊ နောက်ဆုံးမှတော့ ကုလားစစ်ပုလိပ်တွေ မြင်းတပ်နဲ့ အလုံးအရင်း ရောက်လာပြီး နှိမ်နင်းတော့မှ နယ်စပ်ဘက်ကို ခိုလှုံပြီးပြေးသွားတယ်၊ ဒီအချိန်ကစပြီး ကျွန်မတို့နယ်မှာ သူ့သတင်းကို မကြားရတော့ဘူး၊ အဘွားကြီးကိုတော့ ဓားပြမယားဆိုပြီး သူကြီးကအစ ဝိုင်းနှိမ်ထားကြတယ်၊ အဘွားကြီးမှာ လယ်လေးနည်းနည်းပါးပါးရှိလို့ စားလောက်ရုံပဲ ရှိတယ်၊ အဘွားကြီး မနာမကျန်းဖြစ်တော့ သိပ်သနားဖို့ကောင်းတယ်၊ သူ့ကိုပြုစုမယ့်သူ မရှိလို့ ကျွန်မပဲ သနားပြီး ပြုစုပေးခဲ့တယ်၊ အဘွားကြီးဟာ သနား





ပါတယ်၊ သားထောက်သမီးခံလဲ မရှိဘူး၊ ဆွေမျိုးအချို့ရှိပေမယ့် ဓားပြရဲ့မယားဆိုပြီး ဘယ်သူမှ အကူအညီမပေးကြဘူး၊ ကျွန်မကတော့ တစ်ရွာလုံးနဲ့ ဆန့်ကျင်ပြီး နေ့စဉ် သွားပြုစုပေးတယ်၊ ဆေးဆရာခေါ်ပေးတယ်၊ ဒီလိုနဲ့ အဘွားကြီးဆုံးမယ့်ညမှာ အလွန်ထူးဆန်းတဲ့ အဖြစ်တစ်ခုနဲ့ တွေ့ကြုံခဲ့ရတယ်၊ အဲဒါကတော့ နှစ်တွေအများကြီး ပျောက်ဆုံးနေလို့ သေပြီလို့ယူဆခဲ့တဲ့ အဘွားကြီးရဲ့ ယောကျ်ား ဓားပြကြီး ပြန်ရောက်လာတာပဲ၊ တကယ်တော့ ဓားပြကြီးဟာ ဒီနယ်မြေက ထွက်ပြေးပြီးတဲ့နောက်မှာ ဓားပြအလုပ်ကို မလုပ် တော့ဘဲ ငါးဖမ်းစက်လှေတစ်စီးနဲ့လိုက်ပြီး ကောင်းရောင်းကောင်းဝယ် လုပ်စားခဲ့တယ်၊ နောက်တော့ စက်လှေမှောက်ပြီး ပင်လယ်ဂျစ်ပစီတွေလို့ တင်စားခေါ်ဆိုတဲ့ ဆလုံတိုင်းရင်းသားတွေနဲ့ ပေါင်းသင်းမိပြီး ပုလဲငုတ်တဲ့အလုပ်ကို လုပ်နေခဲ့တယ်လို့ သိရတယ်''

သူမသည် ပြောရင်း. အာခြောက်လာဟန်ဖြင့် ခဏနားကာ ရေဘူးထဲက ရေကို ထုတ်သောက်၏။ အောင်လံသည် သူမ၏ ဇာတ်လမ်းအဆုံးသတ်ကို စိတ်ဝင်စားလှသဖြင့် မျက်တောင်မခတ်တမ်း နားစွင့်ထောင်နေမိ၏။ သူမက ဆက်လက်၍

'' အဘွားကြီးဟာ သေကာနီးမှာ သူ့ယောကျ်ားကို မြင်လိုက်ရတော့ အတော်ဝမ်းသာသွားရှာတယ်၊ သူ့ယောကျ်ားဟာ ဓားပြမလုပ်တော့ဘဲ ကောင်းရောင်းကောင်းဝယ်လုပ်စားနေတယ်ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



သိရလို့ ပိုပြီးဝမ်းသာသွားရတယ်၊ အဲဒီညမှာပဲ အဘွားကြီး ကွယ်လွန်သွားခဲ့တယ်၊ ခေးပြကြီးဟာ နှစ်ပေါင်း ၂၀ နီးပါး ကွဲကွာနေတဲ့ ဇနီးဆီကို ပြန်ရောက်တော့မှ သူ့ဇနီး ဆုံးရရှာတယ်လေ၊ ခေးပြကြီး ဟာ လူ့ဘဝကို အကြီးအကျယ် သံဝေဂရပြီး သာသနာ့ဘောင် ကို ဝင်တော့မယ်လို့ ပြောတယ်၊ ပြီးတော့ သူနှစ်ရှည်လများ ရှာဖွေစုဆောင်းထားတဲ့ ပုလဲ တွေကို ကျွန်မကို အမွေအဖြစ် ပေးခဲ့တယ်၊ နောက်ပြီးတော့ ခေးပြဘဝက အမြဲဆောင်ထား တဲ့ ခြောက်လုံးပြူးသေနတ် ကိုလဲ ကျွန်မလက်ကိုအပ်ပြီး အဲဒီညမှာ ထွက်သွားခဲ့တယ်၊ အဘွားကြီး ဈာပနကို ကျွန်မကပဲ







တာဝန်ယူပြီး ပြုလုပ်ပေးခဲ့ရတယ်၊ ရွာသူရွာသားတွေဟာ အဘွားကြီးရဲ့ ယောကျ်ား ခေးပြကြီး ပြန်လာတာကို သိတောင်သိမသွားကြပါဘူး''

ဟု ရှင်းလင်းပြလေရာ အောင်လံသည် သူမလက်ထဲတွင် ခြောက်လုံးပြူးနှင့် ပုလဲများ ရှိနေပုံကို ရိပ်စားမိသွားလေ၏။

သူမက ဆက်လက်၍

''အဘွားကြီးရဲ့ ဈာပနကိစ္စပြီးတဲ့နောက်မှာ ကျွန်မရဲ့ကျေးဖူး ရှင် ဆရာကြီး ဦးညိုဟာ လောကကြီးက စွန့်ခွာသွားပြန်တယ်၊ ဦးညို မရှိတော့ပေမယ့် ဆရာကြီးပိုင် လယ်ဧက နည်းနည်းပါးပါးရှိလို့ ကျွန်မ အတွက် စားဝတ်နေရေးမခက်ခဲပါဘူး၊ ဒီလိုနဲ့ လသာတဲ့ညတစ်ညမှာ အလွန်ထူးဆန်းတဲ့ အဖြစ်အပျက်တစ်ခု ဖြစ်ပေါ်ခဲ့တယ်၊ အဲဒီတုန်းက ကျွန်မဟာ အိပ်ခန်းထဲမှာ ဂန္ထလောက မဂ္ဂဇင်းဖတ်နေတဲ့အချိန်ပေါ့၊ ကျေးဇူးရှင် ဆရာကြီးဦးညို ဆုံးပြီးတဲ့နောက် အိမ်မှာ ဦးညိုကို ထမင်း ဟင်းချက်ပြုတ်ပေးတဲ့ ဒေါ်စိန်လှဆိုတဲ့ မိန်းမကြီးက ကျွန်မနဲ့အတူနေ ခဲ့တယ်၊ ကျွန်မဟာ ဂန္ထလောကမဂ္ဂဇင်းဖတ်ရင်း ဗိုက်ဆာလာတာနဲ့ မီးဖိုချောင်သွားဖို့ ရုတ်တရက် ထအရပ်လိုက်မှာ ရှေးဟောင်းမီးအိမ် ကြီး အောက်ကို ကျကွဲသွားတယ်၊ မီးအိမ်ကြီး ကွဲသွားတဲ့အတွက် ကျွန်မဟာ အင်မတန် နှမြောတာသိတ်ဖြစ်သွားတယ်၊ ကျွန်မရဲ့ ကျေး ဇူးရှင်ဆရာကြီး ဦးညို ရှိတုန်းက ဒီမီးအိမ်ကြီးကို အတော်တန်ဖိုးထား တာကိုး''



www.burmeseclassic.com

www.burmeseclassic.com



သူမသည် စကားပြောရင်း ခဏမျှ နားလိုက်ပြန်၏။ အောင်လံသည် ရှေးဟောင်းမီးအိမ်ကြီးကို စိတ်ဝင်စားနေပြန်၏။ သူမက ဆက်လက်၍

" ကျွန်မဟာ မီးအိမ်အကွဲအစတွေကို ကြမ်းပေါ်က သိမ်းဆည်းနေတုန်းမှာ မီးအိမ်ရဲ့အတွင်းအောက်ခံမှာ ထူးဆန်းတဲ့အရေးအကြောင်းတွေ သွားတွေ့တယ်၊ အရေးအကြောင်းတွေကို သေသေချာချာကြည့်လိုက်တော့ မြေပုံလိုလို အရာမျိုးကိုတွေ့ရတယ်၊ ဒါမို့ စိတ်ဝင်စားလို့ မီးအိမ်ရဲ့ အောက်ခံ ကြေးနီပြားကိုခွာပြီး မီးအိမ်အောက်ပိုင်းမှာ ကြည့်လိုက်တော့ ရှေးကျတဲ့ မြန်မာလက်ရေးနဲ့ ရေးထိုးခဲ့တဲ့ စာကြောင်းလေးတွေကို တွေ့ရတယ်၊ စာကတော့ မြေပုံညွှန်းအတိုင်း လိုက်လံရှာဖွေရင် ရတနာသိုက်နဲ့တွေ့မယ့်အကြောင်း ရေးသားထားတယ်၊ ဒါကြောင့် ကျွန်မရဲ့ ရှေးဟောင်းမီးအိမ်ကြီးဟာ ရတနာသိုက်နဲ့ ပတ်သက်နေတာသိလိုက်ရတော့တယ်၊ မြေပုံကို သေသေချာချာ ကြည့်လိုက်တော့ ထိုင်း-မြန်မာနယ်စပ်က ရွာနာမည်တွေတွေ့ရတယ်၊ ဒါကြောင့် ရတနာသိုက်ဟာ ထိုင်း-မြန်မာ နယ်စပ်မှာ ရှိနေတာသေချာတယ် "

ဟုပြောလေရာ အောင်လံက စိတ်ဝင်စားစွာဖြင့်

" အဲဒီ ကြေးမီးအိမ်ကြီးကို ကျုပ်ကိုပြပါလား "

ဟုပြောလေရာ သူမက ခေါင်းခါ၍





" ရှေးဟောင်းမီးအိမ်ကြီးကို တစ်ယောက်ယောက်က တွေ့သွားရင် အန္တရာယ်ဖြစ်မှာစိုးတဲ့အတွက် မီးအိမ်ကြီးကို သေသေချာချာ ဖွက်ထားခဲ့တယ်၊ ကြေးမီးအိမ်ပေါ်က မြေပုံညွှန်းကိုတော့ စက္ကူပေါ်မှာပဲ ကျွန်မ ကူးလာခဲ့တယ်၊ ရှင်ကြည့်ချင်ရင် ဖယောင်းတိုင်ထွန်းပြီး ကြည့်လေ "

ဟုပြောလေ၏။ အောင်လံက ဖယောင်းတိုင်ကို ထွန်းညှိလိုက်ရာ သူမက အောင်လံ၏လက်ထဲသို့ မြေပုံညွှန်းစာရွက်ကို ပေးလေ၏။

အောင်လံသည် မြေပုံညွှန်းကို ယူ၍စိတ်ဝင်စားစွာ ဖတ်ရှုကြည့်သောအခါ မြေပုံထဲတွင် ရွာအမည်၊ ချောင်းအမည်နှင့် ကုန်းမြင့်များ၊ ဝါးရုံတောများကိုတွေ့ရ၏။ သို့သော် မြေပုံထဲတွင် ရတနာသိုက်၏ နေရာကို တိတိကျကျ ဖော်ပြမထားပေ။ အောင်လံက ရတနာမြေပုံကို သေချာစွာကြည့်၍

" မြေပုံထဲမှာ ရတနာသိုက်ရဲ့ တည်နေရာကို တိတိကျကျ ဖော်ပြမထားဘူး "

ဟုပြောလေရာ သူမက ခေါင်းညိတ်၍

" ဟုတ်တယ်၊ အဲဒါကို ကျွန်မလဲ တွေ့တယ်၊ ကိုယ်ဘာသာရှာဖွေပြီး ကြံဆရမယ့်သဘောရှိတယ်၊ နှစ်ကာလတွေ ကြာရှည်ပြီဆိုတော့ ရတနာသိုက်ဟာ ရှိချင်မှရှိတော့မယ်လို့ တွေးမိတယ်၊ သေချာတာတစ်ခုကတော့ ကျွန်မရဲ့ မွေးစားဖခင်ဦးညိုဟာ ရှေးဟောင်းမီးအိမ်



www.burmeseclassic.com

www.burmeseclassic.com



ကြီးရဲ့ လျှို့ဝှက်ချက်ကို သိပုံမရဘူး၊ မီးအိမ်ကြီးနဲ့ ဦးညို ဘယ်လို ပတ်သက်တယ်ဆိုတာလဲ စိတ်ဝင်စားဖို့ကောင်းတယ် ''

ဟုပြောလေ၏။ အောင်လံက သက်ပြင်းချ၍

'' ခင်ဗျားက ရတနာသိုက်ကို တွေ့အောင်ရှာမယ်လို့ ဆုံးဖြတ်ချက်ချထားတယ်ပေါ့ ''

ဟု မေးမြန်းလေ၏။ ထိုအခါ ချယ်ရီက အဝေးဆီသို့ ငေးကြည့်၍

'' ကျွန်မ လောဘကြီးလို့ ရတနာသိုက်ကို ရှာတာတော့ မဟုတ်ပါဘူး၊ ဒါပေမယ့် ကျွန်မရဲ့ဝါသနာက ပျောက်ဆုံးနေတဲ့အရာတွေကို ရှာဖွေဖို့ အလွန်စိတ်ဝင်စားတယ်၊ နောက်ပြီးတော့ ရှင်စဉ်းစားကြည့်လေ၊ ရတနာတွေဟာ မြေကြီးအောက်မှာ လူမသိ၊ သူမသိနဲ့ နှစ်ပေါင်းများစွာ ပျောက်ဆုံးနေမယ့်အစား ဒီရတနာတွေကို ထုခွဲရောင်းချပြီး ဆင်းရဲနွမ်းပါးတဲ့လူတွေရဲ့ ဘဝပေါင်းများစွာကို အေးချမ်းသာယာစေနိုင်တယ်လေ ''

ဟုပြောလေရာ အောင်လံသည် တစ်ဖွတ်ထိုးဆန်လှသော မိန်းကလေး၏စိတ်ဓာတ်ကို သဘောကျသွားလေ၏။

သူမ၏ဆန္ဒသည် မိမိ၏ စိတ်နှင့် တူညီလှ၏။

သူငယ်စဉ်က ဆင်းရဲနွမ်းပါးသူများ၏ ဘဝပေါင်းများစွာကို မြင်တွေ့သည့်အခါတိုင်း ရာဇဝင်ထဲက သူရဲကောင်းတစ်ယောက်ကဲ့သို့





ရတနာများကို ရှာဖွေပြီး ဝေငှပေးချင်စိတ်ဖြစ်ပေါ်နေမိ၏။ သူမက ဆက်လက်၍

'' ရတနာသိုက်ကို စွန့်စွန့်စားစား ရှာဖွေချင်စိတ် ဖြစ်ပေါ်ပေမယ့် ကျွန်မတစ်ယောက်တည်း စွန့်စားဖို့လဲ မဖြစ်နိုင်ဘူး၊ ဒါကြောင့် ရှင့်ကို အဖော်တစ်ယောက်အနေနဲ့ ခေါ်ဖို့ကြံစည်ခဲ့တာပါ ''

ဟုပြောလေ၏။ အောင်လံက သူမ၏စကားကိုနားထောင်၍

'' ခင်ဗျားရဲ့ဝါသနာက ကျုပ်ရဲ့ဝါသနာနဲ့ အတော်လေးဆင်တူပါတယ်၊ ကျုပ်ဟာ စွန့်စားရတဲ့အလုပ်တွေကို ဝါသနာပါတယ်၊ ကျုပ်ငယ်ငယ်ကတည်းက ဝါးဖမ်းစက်လှေတွေနဲ့ ပင်လယ်ပြင်ကိုလိုက်ပါသွားဖူးတယ်၊ ပင်လယ်ပြင်ဟာ စွန့်စားလိုသူတွေအတွက်တော့ စွန့်စားခန်းတွေအများကြီးဖွင့်လို့ရမယ့်နေရာပါပဲ၊ ကျုပ်အဒေါ် မင်္ဂလာဆောင်ပြီးရင် ဦးရွှေတလုပ်ရဲ့အိမ်ကြီးထဲမှာ ပျင်းရိငြီးငွေ့စွာ အချိန်ကုန်နေမယ့်အစား ခင်ဗျားနောက်ကိုလိုက်ခဲ့ရင် စွန့်စားခန်းတစ်ခုနဲ့တွေ့ကြုံမယ်လို့ ကျုပ်မျှော်လင့်တယ်၊ ဒါကြောင့် ခင်ဗျားနောက်ကို လိုလိုချင်ချင်နဲ့ လိုက်ခဲ့တာပဲ ''

ဟုပြောလေ၏။ ထိုအခါ သူမက ခေါင်းညိတ်၍

'' ဟုတ်တယ်၊ ရှင်ဟာ ကျွန်မလက်က ထွက်ပြေးမယ်ဆိုရင် ပြေးလို့ရသားနဲ့ ကျွန်မနောက်ကိုလိုက်ခဲ့တာ အံ့သြနေသေးတယ်၊ တကယ်တော့ ရှင်ဟာ စွန့်စားချင်တဲ့လူတစ်ယောက်ကိုး။ ဒါ... ညဉ့်နက်



www.burmeseclassic.com

www.burmeseclassic.com



ပြီးရှင်၊ ကျွန်မတို့အိပ်ကြရအောင် ''

ဟုပြောလေ၏။ အောင်လံက သူမဘက်သို့လှည့်၍

'' ခဏနေပါဦးဗျာ၊ ဦးရွှေတလုပ်ကိုလုပ်ကြံဖို့ ကြံစည်တဲ့ အကြောင်းပြောပါဦး ''

ဟု မေးမြန်းလေ၏။ သူမက သက်ပြင်းချ၍

'' ရွာမှာနေတုန်းမြို့ပေါ်ကပြန်လာတဲ့လူတစ်ယောက်က ဦးရွှေတလုပ်ရဲ့ မင်္ဂလာသတင်းကိုပြောပြတယ်၊ ဒီအခါမှာ ကျွန်မအစ်မကို စိတ်နောက်အောင်လုပ်ပြီးမှ အခြားသူတစ်ဦးနဲ့ မင်္ဂလာဆောင်တော့မယ်ဆိုတော့ အလွန်ဒေါသဖြစ်သွားပြီး ဦးရွှေတလုပ်ကို သတ်မယ်လို့ ဆုံးဖြတ်လိုက်တယ်၊ ဒါကြောင့် သူ့ခြံကြီးထဲကို လွန်ခဲ့တဲ့ ၃ ရက်လောက်ကတည်းက ခိုးဝင်ပြီး အရက်ချက်တဲ့ တိုက်ကလေးထဲမှာ ပုန်းအောင်းနေခဲ့တာပဲ၊ မနေ့က ရှင်နဲ့တွေ့ပြီး စိတ်ပြောင်းလဲသွားလို့ ဦးရွှေတလုပ် အသက်ချမ်းသာရာရသွားတာပဲ ''

ဟုပြောလေ၏။ ထို့နောက်တွင်မူ အောင်လံနှင့် ချယ်ရီသည် ဇရပ်ကြီး၏တစ်ဖက်တစ်ချက်တွင် လှဲခွဲ၍ အိပ်စက်ကြလေ၏။

အောင်လံသည် ညဥ့်အတော်နက်သည်အထိ အိပ်စက်၍ မပျော်ဘဲ ဟိုဒီလူးလွန့်၍ ရှိနေသော်လည်း သူမကမူ ကောင်းစွာအိပ်ပျော်နေကြောင်း တွေ့ရလေ၏။

☼☼☼☼☼





နောက်တစ်နေ့နံနက်တွင် သူမက အိပ်ရာမှ စောစီးစွာထ၍ ကိုယ်လက်သန့်စင်ပြီးနောက်

'' ကျွန်မတို့ ကားလမ်းပေါ်တက်ပြီး ပုလောမြို့သွားကြမယ်၊ ပုလောရောက်ရင် ကျွန်မတို့ခရီးအတွက် လိုအပ်တဲ့ပစ္စည်းတွေ ဝယ်ရမယ်၊ ပြီးတော့ လမ်းခရီးနဲ့ ပတ်သက်ပြီးတော့ ကျွမ်းကျင်တဲ့သူကို ရှာဖွေပြီး မေးမြန်းရဦးမယ် ''

ဟုပြောလေ၏။ ထို့နောက်တွင်မူ အောင်လံတို့သည် ခရီးသည်ဘတ်စ်ကားတစ်စီးဖြင့် ပုလောမြို့ဘက်သို့လိုက်ကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ပုလောသို့ရောက်သောအခါ ဈေးအတွင်းသို့ဝင်၍ တောလမ်းခရီးနှင့်ပတ်သက်၍ လိုအပ်သော ကာကီအကျီနှင့် တောလိုက်ဖိနပ်၊ လက်နှိပ်ဓာတ်မီး စသည်တို့ကို ဝယ်ယူလေ၏။

ပြီးနောက်တွင်မူ အောင်လံတို့သည် ထမင်းဆိုင်တစ်ဆိုင်သို့ဝင်၍ နေ့လယ်စာ စားသောက်ပြီးနောက် ချယ်ရီက စာရွက်နှင့်ခဲတံကို ထုတ်ယူ၍

'' မြေပုံထဲမှာတော့ ဆင်ဖြူတိုင်လို့ ရေးထားတဲ့ရွာက အထင်အရှားပါတယ်၊ နောက်ပြီး ချောင်းဝရွာဆိုတာလဲ တွေ့ရတယ်၊ ဒါတွေဟာ တနင်္သာရီမြစ်နဘေးမှာ ဆင်ဖြူတိုင်ရွာနဲ့ အနီးဆုံးဒေသမှာ ကြယ်ပွင့်အမှတ်အသားရှိတယ်၊ ကြယ်ပွင့်သုံးပွင့်နဲ့ မှတ်သားထားတဲ့နေရာမှာ ရတနာတွေ ရှိနိုင်တယ် ''

ဟု တီးတိုးပြောလေ၏။ ထိုအခါ အောင်လံက ခေါင်းညိတ်၍

'' ဒါဆိုရင် ကျုပ်တို့က ဆင်ဖြူတိုင်ရွာကို အရင်ဆုံး စုံစမ်းရမှာပေါ့ ''

ဟုပြောလေ၏။ ချယ်ရီက ဆင်ဖြူတိုင်ရွာကို ခဲတံဖြင့်ဝိုင်း၍

'' ဟုတ်တယ်၊ တနင်္သာရီမြစ်နဘေးမှာရှိတယ်ဆိုတော့ ကျွန်မတို့နေရာရဲ့ တောင် သို့မဟုတ် မြောက်ဘက်မှာ ရှိလိမ့်မယ်၊ ဆင်ဖြူတိုင်ရွာကို စုံစမ်းလိုက်ရင် အဖြေပေါ်မှာပဲ ''

ဟုပြောလေ၏။ ထိုအခါ အောင်လံက ထမင်းဆိုင်ရှင် လူကြီး





ထံသို့ သွား၍ ဆင်ဖြူတိုင်ရွာကို စုံစမ်းလေရာ လူကြီးက ခေါင်းခါ၍

'' ကြားတောင်မကြားဖူးဘူး မောင်ရင်၊ ဒါမျိုးနဲ့ပတ်သက်ရင် နံ့နံ့စပ်စပ်ရှိတာက ဘိန်းစားဉာဏ်ဝင်းဆိုတဲ့ကောင်ပဲ၊ ဒီကောင်ကို ဉာဏ်ကြီးရှင်လို့ခေါ်တယ်၊ ဟောဟိုညောင်ပင်အောက်မှာရှိတယ်၊ သူ့ကို ပိုက်ဆံလေးဘာလေးပေးပြီး မေးကြည့်ရင်ပြောမှာပါ ''

ဟုဆိုကာ ညောင်ပင်ကြီးတစ်ပင်အောက်တွင်ထိုင်၍ တစ်စုံတစ်ရာကို စောင့်မျှော်နေဟန်ရှိသော ပိန်ရှည်ရှည်လူတစ်ဦးထံသို့ လမ်းညွှန်လိုက်လေ၏။

ပိန်ရှည်ရှည်လူသည် အောင်လံနှင့် ချယ်ရီကိုကြည့်၍ ခေါင်းတဆတ်ဆတ်ညိတ်၍ ပြုံးလိုက်ပြီး

'' ဟဲ ဟဲ... မင်းတို့နှစ်ယောက်ဟာ မောင်နှမမဟုတ်ဘူး၊ ဒါဆိုရင်တော့ ရှေ့ဆက်ပြီး စိတ်ဝင်စားစရာ ဇာတ်လမ်းတွေဖြစ်ကုန်မှာ သေချာတယ်ဟေ့၊ ကျုပ်ဆီကိုလာတာ၊ စွန့်စားရှာဖွေရမယ့်ခရီးလမ်းကို မေးမြန်းချင်လို့ ရောက်လာတာ မဟုတ်လား ''

ဟု ဆိုလိုက်ပြန်ရာ အောင်လံတို့သည် မျက်လုံးပြူးသွားကြလေ၏။

အောင်လံက မယုံနိုင်ဟန်ဖြင့်

'' ဟင်... ခင်ဗျားက ဘာဖြစ်လို့များသိနေတာလဲ ''

ဟု မေးမြန်းလိုက်လေ၏။ ဘိန်းစားက ရယ်မော၍



www.burmeseclassic.com

www.burmeseclassic.com



" သိတာကတော့ သိနေတယ်ကွ၊ ဘယ်လိုသိတာလဲလို့မေးရင် ဖြေရတာခက်တယ်၊ စက်ဘီးစီးနေတဲ့လူတစ်ယောက်ကို လဲမကျအောင် ဘယ်လိုထိန်းထားသလဲလို့မေးရင် ဖြေရခက်သလိုပေါ့၊ နည်းနည်းရှင်းအောင်ပြောရရင် ရှယ်တူယောကျ်ားပျို့နဲ့ မိန်းမပျို အတူယှဉ်တွဲပြီး လျှောက်လာရင် မောင်နှမလား၊ သမီးရည်းစားလားဆိုတာ၊ လူတိုင်းလိုလို ခွဲခြားတတ်တယ်၊ မောင်နှမဆိုရင် သမီးရည်းစားတွေလို တစ်ဦးနဲ့တစ်ဦး ရှိုးတိုးရှန့်တန့်အမူအရာမရှိဘူး၊ တည်တည်ငြိမ်ငြိမ် အေးအေးချမ်းချမ်းပဲ သွားလေ့ရှိတယ်၊ ပွတ်သီးပွတ်သပ်လဲ သိပ်မလုပ်ကြဘူး၊ သမီးရည်းစားကျတော့ ဒီလိုမဟုတ်တော့ဘူး ရှက်ကိုးရှက်ကန်းဖြစ်ပြီး တစ်ဦးနဲ့တစ်ဦး ပိုပြီး ကြင်နာယုယတတ်တဲ့အမူအရာရှိတယ်၊ သမီးရည်းစားဖြစ်ကာစဆိုရင် ပိုသိသာတယ်၊ တစ်ယောက်နဲ့တစ်ယောက် သိပ်ဂရုစိုက်တယ်၊ အပေးအယူမျှတယ်၊ သမီးရည်းစားသက်ကလေး နည်းနည်းရလာပြီဆိုရင်တော့ နည်းနည်းလေးလျော့သွားတယ်၊ လင်မယားကျတော့ တစ်မျိုးဖြစ်သွားရော၊ တစ်ဦးနဲ့တစ်ဦး ကြင်နာယုယမှုတွေ မရှိတော့သလောက်ဖြစ်သွားတယ်၊ အတူယှဉ်တွဲလျှောက်တဲ့အခါ လင်က မယားကိုထားပြီး ရှေ့က သုတ်သုတ် လျှောက်တဲ့အခါ လျှောက်တယ်၊ နောက်ကလိုက်လာတဲ့မယားကို စိတ်မရှည်သလိုလဲ ကြည့်တတ်တယ်၊ အထူးသဖြင့် ယောကျ်ားတွေဟာ ပိုသိသာတယ်၊ မိန်းမနဲ့တွဲပြီးသွားနေရတာကိုက သူတို့မှာ အနှောင့်အယှက်ကြီး





သို အမူအရာမျိုးရှိနေတတ်တယ်၊ မျက်နှာတွေ ကြည့်လိုက်ရင်လဲ တစ်ဦးနဲ့တစ်ဦး ရိုးအီပြီး စိတ်ကုန်နေတဲ့ ဟန်ပန် မျိုးတွေ ရတတ်တယ်၊ ယောကျ်ားသဘာဝက လက်ထပ်ပြီးတဲ့မိန်းမကို ရိုးအီနေပြီး အသစ်အဆန်းကို ပိုမက်မောတတ်တယ်၊ အချို့သော သမီးရည်းစားသက် အတော်ရပြီး လက်မထပ်ဖြစ်တဲ့စုံတွဲတွေကျတော့ အိမ်ထောင်ရှင်တွေနဲ့ အတော်တူသွားတယ်၊ အိမ်ထောင်ရှင်တွေမှာတောင် ညားကာစနဲ့ ညားပြီး နှစ်အတော်ကြာတဲ့အမူအရာ မတူဘူး၊ ညားကာစကတော့ တစ်ဦးနဲ့တစ်ဦး ဂရုတစိုက်ရှိတယ်၊ ဒါပေမယ့် သူတို့ ဂရုစိုက်တာက သမီးရည်းစားဘဝ ဂရုစိုက်တာနဲ့ ကွာခြား နေပြန်ရော၊ သမီးရည်းစားက ဂရုစိုက်ပေမယ့် ခန္ဓာကိုယ်ချင်းရင်းနှီးမှု မရှိသေးဘဲ အရှက်မကုန်သေးတော့ ရှိုးတိုးရှန့်တန့်အမူအရာလေးတွေ ရှိသေးတယ်၊ ညားကာစလင်မယားကတော့ ရင်းနှီးမှုလဲ ရှိနေပြီဆိုတော့ တစ်ဦးနဲ့တစ်ဦး ပိုင်ပိုင်နိုင်နိုင်ဂရုစိုက်တဲ့ ဟန်ပန်ရှိတယ်၊ ဒါပေမယ့် သမီးရည်းစားဘဝမှာ အချစ်နယ်ကျွံပြီးတဲ့လူတွေကျတော့ ညားကာစလင်မယားတွေနဲ့ သိပ်တူတယ်၊ သူတို့ကိုတော့ ခွဲခြားရသိမ်ခက်တယ်၊ ဒါဟာ အကြမ်းဖျင်းပဲပြောရသေးတယ်၊ ဒီထက်အသေးစိပ်တဲ့ အမူအရာလေးတွေ အများကြီးရှိသေးတယ်၊ မင်းတို့နှစ်ယောက်ကို ဒီနည်းနဲ့ ကြည့်လိုက်တော့ ငယ်မေါင်းကြီးဖော်မဟုတ်ဘဲ အတူတူ ညအိပ်လာတဲ့ ဆန်ရှင်ဘက် ယောကျ်ားပျို့နဲ့ မိန်းမပျိုဆိုတာ ပေါ်လွင်လာတယ်၊ ဒီအထင်



www.burmeseclassic.com

www.burmeseclassic.com



မင်းတို့ဟာ စွန့်စားခန်းတစ်ခုအတွက် ခရီးဆက်လာတာပဲ၊ မင်းတို့ဟာ ခပ်လှမ်းလှမ်းက လူဝကြီးထမင်းဆိုင်မှာ ထမင်းစားခဲ့တယ်ဆိုတာ ထမင်းစားပြီးကာစ ပါးစပ်မှာ ဆီတွေ ဝေ့နေတာကြည့်ပြီး တွက်ဆလို့ရတယ်၊ ပိုပြီးသေချာတာက ဟောဒီ လူငယ်ရဲ့ ပါးစပ်မှာတိုးထားတဲ့ သွားကြားထိုးတံပဲ၊ လူဝကြီးဟာ သွားကြားထိုးတံကို ဘယ်တော့မှ တကူးတက မလုပ်ဘူး၊ ထွန်းပြီးသား အမွေးတိုင်ရိုးတွေကို သွားကြားထိုးတံပြန်လုပ်တယ်၊ နောက်ပြီး လူဝကြီးဟာ အတော်ဗဟုသုတနည်းတဲ့ နလပိန်းတုံးကြီးကွ၊ ဒီလူကြီးလို လူမျိုးတွေ လောကမှာ အများကြီး ရှိတယ်၊ သူတို့ဟာ အတိတ်ကံကြောင့် လူသားဖြစ်လာရတယ်၊ တိရစ္ဆာန်သာသာပဲရှိတဲ့ လူစားမျိုးတွေ၊ သူ့ကိုဘာလို့ တိရစ္ဆာန်လို့ သုံးနှုန်းရသလဲဆိုတော့ သူတို့ဟာ အိပ်၊ စား၊ ကာမ သုံးမျိုး လောက်ကိုပဲ စိတ်ဝင်စားတဲ့လူတွေလေ၊ လောကကြီးနဲ့ ပတ်သက်ပြီး လူသားတစ်ယောက် သိသင့်သိထိုက်တဲ့ အတွေးအခေါ်၊ ဗဟုသုတ၊ အသိအမြင်တွေကို စိတ်မဝင်စားဘူး၊ လေ့လဲမလေ့လာဘူး၊ သူတို့ စိတ်ထဲမှာ အိပ်ဖို့၊ စားဖို့၊ ကာမဖြုလုပ်ဖို့ပဲ ရှိတယ်လေ၊ ဒီလူကြီးကို မေးခွန်းတွေ သွားမေးတော့ သူမဖြေနိုင်လို့ ကျုပ်ဆီကို လမ်းညွှန်လိုက်တယ် မဟုတ်လား ''

ဟု ရှည်လျားစွာ ရှင်းလင်းပြလေရာ အောင်လံနှင့် **ချယ်ရီ** **သည်** ဉာဏ်ကြီးရှင်ဆိုသူကိုကြည့်၍ နာမည်နှင့်လိုက်အောင်ပင် **အတွေးအခေါ်**





ကောင်းမွန်လှပေသည်ဟု ချီးကျူးမိလေ၏။ ချယ်ရီက သဘောကျ တန်ဖြင့် ရယ်မော၍

'' ရှင်ပြောတာ အားလုံး မှန်ပါတယ်၊ တွေးခေါ်မြော်မြင်နိုင်တာ ချီးကျူးဖို့ကောင်းပါတယ်၊ ဒီလိုပါ၊ ကျွန်မတို့ ထိုင်းနယ်စပ်က ဆင်ဖြူတိုင်ဆိုတဲ့ အရပ်ကိုသွားချင်လို့၊ အဲဒီ လမ်းညွှန်ပြပါဦး ''

ဟု တောင်းပန်လိုက်လေ၏။ ဉာဏ်ကြီးရှင်က ခေါင်းညိတ်၍

'' ဆင်ဖြူတိုင်က ပုလောမြို့ရဲ့ အရှေ့မြောက်စူးစူးမှာရှိတဲ့ တနင်္သာရီချောင်းနဘေးက ရွာတစ်ရွာပဲ၊ မင်းတို့ သရက်ချောင်းမြို့ကို အရင်သွားကြ၊ သရက်ချောင်းရဲ့ အရှေ့လောက်မှာ ဆင်ဖြူတိုင်ရွာ ရှိတယ်၊ ဝဖွမ်းချောင်းကိုဖြတ်ပြီးရင် ဆင်ဖြူတိုင်ကိုရောက်ပြီပဲ၊ ဆင်ဖြူတိုင်ဟာ ယိုးဒယားမြန်မာနယ်စပ်မှာရှိပြီး အလွန်စည်ကားတယ်၊ ကုန်သည်တွေ ခြေချင်းလိမ် နေတဲ့နေရာပဲ၊ သရက်ချောင်းနဲ့ ဆင်ဖြူတိုင် ခရီးကတော့ အတော်ကြမ်းတယ်၊ လမ်း ခရီးမှာ တောပုန်းခိုးပြရန်ကလဲ စိုးရိမ်ရတယ်၊ သတိတော့ ထားရလိမ့်မယ် ''

ဟုပြောလေ၏။

ဉာဏ်ကြီးရှင်က မျက် မှောင်ကြုတ်၍

'' ဒါမှမဟုတ် ပလောက်ရွာကနေ မြင့်မိုရ်ရဲ့ လက်ခတ်တောင်ကို ဖြတ်ပြီး တနင်္သာရီချောင်းရိုးအတိုင်းသွားရင်တော့ ဆင်ဖြူတိုင်ကို အားအန္တရာယ်ကင်းကင်းနဲ့ သွားနိုင်တယ်၊ လမ်းခရီးကတော့ နည်းနည်း



www.burmeseclassic.com

www.burmeseclassic.com



ပိုရှည်သွားတယ်၊ လမ်းမှာရွာတွေ အများကြီး ဖြတ်ရမယ်၊ ချောင်းဝ ရွာကတော့ အကြီးဆုံးပဲ၊ ဒါပေမယ့် ဒီလမ်းမှာတောင် အနှောင့်အယှက်တွေ အများကြီး ရှိနိုင်တယ်၊ တစ်ကိုယ်တော်ဓားပြရော၊ အုပ်စုလိုက် ဓားပြရော ရှိနေတယ် ''



ဟုပြောလေရာ ချယ်ရီက ကျေးဇူးတင်ကြောင်းပြော၍ ဥက္ကာကြီးရှင်အား ဘိန်းရှူရန် ပိုက်ဆံတစ်မတ် ပေးခဲ့လေ၏။

ဥက္ကာကြီးရှင်က ပိုက်ဆံကို လက်ခံယူ၍

'' လမ်းခရီးမှာ ဘေးရန်အန္တရာယ်ကင်းရှင်းပါစေလို့ = တောင်းမပေးတော့ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ဆုတောင်းခြင်း ငါမယုံလို့ဘဲ၊ ဆုတောင်းတယ်ဆိုတာ အသိဉာဏ်ကင်းမဲ့တဲ့ လူသာ တွေရဲ့ အဓိပ္ပါယ်မဲ့ တောင်းဆိုချက်တွေပဲ ''





ဟုပြောလေရာ အောင်လံနှင့် ချယ်ရီသည် ဥက္ကာကြီးရှင်ဆိုသူ၏စကားကို ပါးစပ်အဟောင်းသားနှင့်နားထောင်နေပြီး သူ၏အနီးမှ ထွက်ခဲ့လေတော့၏။

ထို့နောက်တွင်မူ ချယ်ရီက

'' ဥက္ကာကြီးရှင်ပြောတဲ့ခရီးက ဒုတိယလမ်းကိုသွားရင်ကောင်းမယ်ထင်တယ်၊ ကျွန်မတို့လမ်းက နည်းနည်းတော့ ပိုရှည်သွားမယ်၊ ဒါပေမယ့် အန္တရာယ်ကင်းတဲ့လမ်းကိုပဲ ရွေးရမှာပဲ၊ ရှင့်သဘောက ဘယ်လိုလဲ ''

ဟုမေးမြန်းလေ၏။ အောင်လံက သက်ပြင်းချ၍

'' ကျုပ်သဘောက မင်းသဘောပါပဲ၊ ဒီလမ်းမှာ မင်းဆန္ဒတွေကို ဖြည့်ဆည်းပေးဖို့ လိုက်လာရတာပဲ၊ မင်းဘာဖြစ်ချင်လဲ၊ ကျုပ်က အားလုံးဖြစ်အောင်လုပ်ပေးရမှာပေါ့ ''

ဟု ပြောလိုက်ရာ ချယ်ရီက မျက်စောင်းထိုး၍

'' ရှင်ဟာလေ၊ အပြောတော့ကောင်းတယ်၊ ခတ်ရှင်မင်းသားလုပ်ပါလား။ ရှင့်ရုပ်ရည်နဲ့ဆိုရင် ဒီနေ့နာမည်ကြီးနေတဲ့ မင်းသားတွေ နောက်ကောက်ကျသွားမှာသေချာတယ် ''

ဟုပြောလေ၏။ အောင်လံက ရယ်မော၍

'' ဘာလဲ၊ ကျုပ်ကို ခတ်ရှင်မင်းသားလုပ်နိုင်းပြီး ဒီပွားရှာစားမလို့လား၊ ဒီလောက်တော့ လောဘမကြီးပါနဲ့ဗျာ၊ လူတွေရှေ့မှာ



www.burmeseclassic.com

www.burmeseclassic.com



အရှက်မရှိ ငိုပြရယ်ပြတဲ့အလုပ်ကို ကျုပ် လုံးဝဝါသနာမပါဘူး ''

ဟု ပြောလိုက်လေတော့၏။

ထို့နောက်တွင်မူ ၎င်းတို့ လမ်းခရီးအတွက် ထမင်းဆိုင်တွင် ထမင်းထုပ်များကိုဝယ်၍ ၎င်းတို့၏ခရီးကို ဆက်ကြလေ၏။

ပုလောမြို့မှ တစ်ဆင့် ပလောက်ရွာသို့ ဘတ်စ်ကားဖြင့် ခရီး ဆက်ကြလေ၏။

ပုလောသို့ ရောက်သောအခါ ရွာများတစ်ရွာပြီးတစ်ရွာ ကျော်ဖြတ်၍ ခရီးဆက်ကြလေ၏။

ချယ်ရီသည် ညနေစောင်းသည်အထိ မမောတန်း ခရီးဆက် နိုင်သဖြင့် မိန်းမသားတစ်ယောက်အနေဖြင့် ဤမျှအကြမ်းခံနိုင်ခြင်း ကို အံ့ဩမိလေ၏။

သူမသည် ရတနာသိုက်ကို စွန့်စားရှာဖွေလိုစိတ်ဖြင့် တက်ကြွ နေပုံရလေ၏။

အတန်ကြာအောင် လျှောက်လှမ်းပြီးနောက် အရိပ်ကောင်း ရှိသော ညောင်ပင်ကြီးတစ်ပင်အောက်တွင် လူအများစုအုံနေ သွားရောက်ကြည့်ရှုလေရာ မျောက်လေးတစ်ကောင်ကို ဇာတ် သားကဲ့သို့ ရွှေချည်ထိုးအဝတ်အစားများ ဝတ်ဆင်ပေးပြီး ကြိုး ချည်ကာ ကနိုင်းနေသော ဂင်တိုတို လူတစ်ယောက်ကိုတွေ့ရလေ ဂင်တိုတိုလူက ကျယ်လောင်သောအသံဖြင့်





*'(ပျိုတိုင်းကြိုက်တဲ့နှင်းဆီခိုင်)' ခွင်လုံးပိုင်တဲ့မှ ခွင်လုံးပိုင် (သန်းခေါင်ကိုနေ့မှတ်ပါလို့)' အရုပ်ကလေးကိုတဲ့(အားမနာ)' မသောက်ရရင် သီလစောင့်တယ်၊ ကိုကျောင်းတကာ'*

ဟု သီဆိုနေလေရာ မျောက်ကလေးသည် စည်းဝိုင်းအတွင်း တွင် လှည့်လည်၍ ကွေးနေအောင်ကလေတော့၏။ ဝိုင်းအုံကြည့်ရှု နေသော ရွာသူရွာသားများနှင့် ကလေးများက သဘောကျစွာဖြင့် လက်ခုပ်တီးလေ၏။

ထို့နောက် ဝိုင်းအတွင်းသို့ ငွေအကြွေစများ ပစ်ထည့်ပေးကြ ၏။

ချယ်ရီသည် မျောက်ကလေး၏ အမူအရာကိုကြည့်၍ သဘော ကျဟန်ဖြင့် အရှေ့သို့ တိုးဝင်သွားလေရာ ပရိသတ်ရှေ့ဆုံးသို့ ရောက် သွား၏။

မျောက်ကလေးသည် သီချင်းသံနှင့်အတူ ကွေးနေအောင်က နေရာမှ ပရိသတ်ရှေ့သို့ တိုးဝင်လာသော ချယ်ရီကိုကြည့်၍ မည်သို့ စိတ်ကူးပေါက်သွားလေသည်မသိ။

ချယ်ရီ၏ ပခုံးပေါ်သို့ ဆတ်ခနဲခုန်တက်လိုက်လေရာ ချယ်ရီ သည် သံသံမါအောင် အော်ဟစ်လိုက်ပြီး နောက်သို့ထိတ်လန့်တ ကြား ခုန်ဆုတ်ကာ လက်ထဲရှိဝါးရင်းတုတ်ဖြင့် မျောက်ကို ရိုက်ချလိုက်လေ၏။

မျောက်သည် ဝါးရင်းတုတ်ဖြင့် အရိုက်ခံရသောကြောင့် မူးဝေ



www.burmeseclassic.com

www.burmeseclassic.com



၍ မြေပေါ်သို့ လဲကျသွားလေ၏။

မျောက်ဆရာသည် သူ၏မျောက်ကို အရိုက်ခံလိုက်ရသဖြင့် ဒေါသတကြီး ရှေ့ထွက်လာပြီး

'' ဒီမှာ မင်းဘယ်လိုလုပ်လိုက်တာလဲ၊ ငါ့မျောက်ကို ဘာဖြစ်လို့ ဝါးရင်းတုတ်နဲ့ ရိုက်ရတာလဲ ''

ဟု အော်ဟစ်လေ၏။ ချယ်ရီက လဲကျနေသော မျောက်ကို စိတ်မကောင်းဟန်ဖြင့်ကြည့်၍

'' သူက ရုတ်တရက် ခုန်တက်လိုက်တော့ အန္တရာယ်ပြုတော့မယ်ထင်လို့ လုပ်လိုက်မိတာပါ။ ကျွန်မ တောင်းပန်ပါတယ် ''

ဟုပြောဆိုလေရာ မျောက်ဆရာက တက်ခေါက်၍

'' ကျုပ်မျောက် တစ်ခုခုဖြစ်ရင်တော့ မင်းတို့မလွယ်ဘူး။ သေဖို့သာပြင် ''

ဟုဆိုကာ သူ၏မျောက်ကို လဲကျနေရာမှ သွားထူလေ၏။

မျောက်သည် ရုတ်တရက်လန့်သွားသောကြောင့် မြေပေါ်သို့ လဲကျသွားသော်လည်း ဒဏ်ရာရရှိပုံမရပေ။

ဂင်တိုတိုလူသည် သူ၏မျောက်ကို ရင်ခွင်ထဲတွင် ဆွဲပွေ့၍ နှစ်သိမ့်နေလေ၏။ ချယ်ရီသည် မျောက်တွင် ဒဏ်ရာကြီးကြီးမားမား မတွေ့သဖြင့် စိတ်အေးသွားဟန်ဖြင့် သက်ပြင်းချလိုက်ပြီး

'' တော်ပါသေးရဲ့ရှင်၊ ရှင့်မျောက်ကို ဆေးကုဖို့အတွက် ကျွန်မ





ပိုက်ဆံပေးခဲ့ပါမယ် ''

ဟုဆိုကာ မျောက်ဆရာ၏လက်သို့ ငွေ ၅ ကျပ်ထည့်လိုက်သောအခါ မျောက်ဆရာသည် ကျေနပ်သွားလေ၏။



အောင်လံတို့သည် ဆက်လက်၍ ခရီးထွက်ခဲ့လေ၏။ ၎င်းတို့သည် ထိုင်းနယ်စပ် ဆင်ဖြူတိုင်ရွာသို့ ၄ရက်နီးပါး ခရီးနှင်ရမည်ဖြစ်ကြောင်း သိရလေ၏။

ဗြိတိသျှကိုလိုနီ အစိုးရ၏ အာဏာစက်မဖြန့်ကျက်နိုင်သောအသဖြစ်သဖြင့် ရှေ့ဆက်ရမည့် ခရီးသည် အန္တရာယ်များစွာရှိကြောင်းခြင်းသိရလေ၏။ ချယ်ရီက သက်ပြင်းချ၍

'' ဘယ်လိုအန္တရာယ်တွေပဲရှိရှိ ကျွန်မတို့ခရီးကို အရဲစွန့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



သွားရမှာပဲ၊ ကျွန်မမှာ ခြောက်လုံးပြူးတစ်လက်ရှိတယ်၊ ကိုယ်ခံပညာ ကျွမ်းကျွမ်းကျင်ကျင် တတ်တယ်၊ ရှင့်မှာရော ဘယ်လိုအစွမ်းအစ ရှိသလဲ

ဟု မေးမြန်းလေရာ အောင်လံက ရယ်မော၍

'' ကျုပ်မှာ အမေမွေးထားတဲ့ ခြေထောက်နှစ်ချောင်းပါတာပဲ ဒီခြေထောက်တွေ အားကိုးနဲ့ ထွက်ပြေးမှာပေါ့ ''

ဟုပြောလေ၏။ ချယ်ရီက မျက်နှာရှုံ့မဲ့၍

'' ရှင်ဟာ ယောက်ျားဖြစ်ပြီး အတော်အားကိုးရတာပဲ၊ ရှင့်ကို အဖော်ခေါ်ခဲ့တာမှားပြီ ''

ဟုပြောလေ၏။ အောင်လံက ရယ်မော၍

'' ဟဲ ဟဲ... ကျုပ်ကို ဆန်ကုန်မြေလေးလို့ ပြောချင်တာလား လူ့အလို နတ်မလိုက်နိုင်ဘူးဗျ၊ ဒါပေမယ့် ခင်ဗျားဇွေမယူပါနဲ့ အတောင်နှစ်ဆယ်ဝတ် ယောက်ျားပဲ၊ အရေးကြုံရင်တော့ သက်လုံကောင်းရမှာပေါ့ ''

ဟု ခပ်ကြွားကြွားပြောလေရာ ချယ်ရီက ရယ်မော၍

'' ကျွန်မကို ထားခဲ့ပြီး ပြေးမယ်လို့ ဆိုလိုတာလား ''

ဟု နောက်ပြောင်လေ၏။ အောင်လံက လက်သီးဆုပ်၍

'' စောင်ခြုံထဲက လက်သီးမပြတတ်ဘူး၊ အန္တရာယ်နဲ့တွေ့ရင် စောင့်ကြည့်၊ အောင်လံ ဘာကောင်လဲဆိုတာ သိသွားစေရမယ် ''





ဟုပြောလေ၏။ ချယ်ရီက ခပ်လှမ်းလှမ်းရှိ ဇရပ်တစ်ဆောင်ဆီသို့ လက်ညှိုးညွှန်ပြ၍

'' တော်ပါတော့ရှင်၊ ဟိုမှာ ဇရပ်တစ်ဆောင်၊ အဲဒီမှာ ကျွန်မတို့ ညအိပ်ရမှာပဲ ''

ဟုပြောလေ၏။

အောင်လံတို့သည် ဇရပ်၌ အမောအပန်းဖြေနေစဉ် လွယ်အိတ်နှင့် တောင်းပလုံးများကို ယူဆောင်လာသော အမျိုးသမီး သုံးယောက်သည် ဇရပ်ရှိရာသို့ တရွေ့ရွေ့လျှောက်လှမ်းလာကြ၏။ အောင်လံက အမျိုးသမီးများကို မျက်မှောင်ကြုတ်၍

'' ဈေးသည်တွေနဲ့တူတယ်၊ စားစရာလေးဘာလေး ဝယ်စမ်းပါဗျာ၊ ကျုပ်ဗိုက်ဆာလှပြီ ''

ဟု ပြောလေရာ ချယ်ရီက မျက်စောင်းထိုးလိုက်လေ၏။ အမျိုးသမီးများ ဇရပ်ပေါ်သို့တက်လာကြသောအခါ ချယ်ရီက

'' အစ်မတို့မှာ စားစရာသောက်စရာပါရင် ရောင်းခဲ့ပါဦး၊ ကျွန်မတို့မှာ ထမင်းထုပ်နှစ်ထုပ်ပဲပါလို့ပါ ''

ဟု တောင်းပန်လိုက်ရာ အရပ်ထောင်ထောင်မောင်းမောင်း အမျိုးသမီးက

'' ရပါတယ်ညီမရယ်၊ ပိုက်ဆံပေးစရာမလိုပါဘူး၊ ဟောဒီမှာ ကောက်ညှင်းပေါင်းနဲ့ ငါးခြောက်ကြော်ပါတယ်၊ အဝစားပေတော့၊ ဒါနဲ့



www.burmeseclassic.com

www.burmeseclassic.com



ဝါညီမတို့က ဘယ်ကိုခရီးဆက်မှာလဲ ''

ဟု မေးမြန်းလေ၏။ အောင်လံကဝင်၍

'' ထိုင်းနယ်စပ် ဆင်ဖြူအိုင်ကို သွားမလို့ပါ ''

ဟု ဖြေလိုက်ရာ မိန်းမသုံးယောက်က တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍

'' ဩော်... ဝါမောင်တို့က အဝေးကြီးကို သွားမှာကိုး၊ လမ်းခရီးမှာ အန္တရာယ်တွေ အများကြီးရှိတယ်ကွယ်၊ လမ်းကလဲ ကြမ်းပါဘိသနဲ့၊ ရှေ့ဆက်ပြီး တောင်တွေကိုကျော်ပြီး ခရီးသွားရမှာ ''

ဟု ကရုဏာသက်မာန်ဖြင့် ပြောရင်း ချယ်ရီစားသောက်ရန် ကောက်ညှင်းပေါင်းများကို သံပန်းကန်ပြားထဲသို့ထည့်၍ ဇရပ်ကြမ်းပြင်တွင် ချပေးလေ၏။ အောင်လံက လွယ်အိတ်ကြီးကို စလွယ်သိုင်းထားသော ချယ်ရီကိုကြည့်၍ ရယ်မောကာ

'' လွယ်အိတ်ကြီး မနိုင်မနင်းလွယ်ပြီး ဥစ္စာခြောက်မနေပါနဲ့ဗျာ၊ ကောက်ညှင်းပေါင်း အေးအေးဆေးဆေး စားရအောင်၊ လွယ်အိတ်ကို ကျုပ်ကိုပေးထားပါ ''

ဟု နောက်ပြောင်ရင်း သူမ၏လွယ်အိတ်ကို လက်ပြောင်း၍ ယူထားလိုက်၏။ ချယ်ရီက ဗိုက်ဆာနေသဖြင့် စကားမတုံ့ပြန်တော့ဘဲ ကောက်ညှင်းပေါင်းများကို စားသောက်နေလေ၏။

အောင်လံကလည်း သံဇလုံထဲရှိ အေးစက်နေသော ကောက်ညှင်းပေါင်းများကို လက်တစ်ဆုပ်ခန့်ယူ၍ စားသောက်နေလေ၏။

အမျိုးသမီး သုံးယောက်ကမူ ချယ်ရီ၏အနီးတွင် ဝိုင်းထိုင်၍ ဗိုက်ဆာနေသော သူမကို ကရုဏာသက်မာန်ဖြင့်ကြည့်ရှုနေကြ၏။

သံဇလုံထဲရှိ ကောက်ညှင်းပေါင်းများ ကုန်ကာနီးသောအခါ အမျိုးသမီးသုံးယောက်သည် တစ်ဦးတစ်ဦး မျက်ရိပ်ပြလိုက်ပြီး ထောင်ထောင်မောင်းမောင်း မိန်းမက ထိုင်ရာမှထ၍

'' အင်း... ကောက်ညှင်းပေါင်း စားပြီးပြီဆိုရင် အလုပ်စကြတာပေါ့ ''

ဟုပြောလိုက်ရာ အမျိုးသမီးနှစ်ယောက်က ထိုင်၍ တစ်ဝတစ်ပြဲ စားသောက်နေသော ချယ်ရီ၏ လည်တိုင်ကို ဓားနှစ်လက်ဖြင့် ထောက်လိုက်၏။

ချယ်ရီသည် မထင်မှတ်သောအခြေအနေကြောင့် မျက်လုံးပြူးသွားပြီး

'' ဟင်... ရှင်၊ ရှင်တို့ ဘာလုပ်တာလဲ ''

ဟု မေးမြန်းလေ၏။ ထောင်ထောင်မောင်းမောင်း မိန်းမကလည်း အောင်လံ၏ခါးကို ဓားဖြင့်ထောက်၍

'' မောင်လေး၊ မလှုပ်နဲ့နော်၊ အစ်မတို့မှာ အတွေ့အကြုံတွေ အများကြီးရှိတယ်၊ ကိုယ့်အသက်ကို နမြောရင် ငြိမ်ငြိမ်လေးနေလိုက်ပါ ''







www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေ၏။

အောင်လံက ပခုံးတွန့်၍

" ကောက်ညှင်းပေါင်းကျွေးပြီး ခေးပြတိုက်တယ်ပေါ့၊ ဘာခဲ ဖြစ်ဖြစ် ဒီပြင်ခေးပြတွေထက်စာရင် ကောက်ညှင်းပေါင်းကျွေးလို့ ကျေးဇူးတင်ပါတယ် "

ဟု စပ်ဖြဲဖြဲပြောလိုက်ရာ အမျိုးသမီးသုံးယောက်က ထိတ်လန့်ဟန်မရှိသော အောင်လံကို တအံ့တသြကြည့်၍

" ဟင်… မင်းက သတ္တိခဲလေးပါလား။ ဒါတို့က မိန်းမတွေဆိုပြီး အထင်သေးလို့လား၊ ဒီလမ်းမှာ ခရီးသွားယောကျ်ားတွေကို ခေးပြတိုက်လာတာ မနည်းတော့ဘူး၊ ခေးကို မကစားတတ်ဘဲ ကိုင်တယ်မှတ်လို့လား၊ ဟောဒီမှာကြည့် "

ဟုဆိုကာ ခေးမြောင်ကိုလက်ထဲတွင် လှည့်ကစားပြလေ၏။ အောင်လံက ထိတ်လန့်ဟန်ဖြင့် ပခုံးတွန့်၍

" အို… မလုပ်ပါနဲ့ဗျာ၊ ကျုပ်က အစ်မတို့ကို အထင်သေးလို့ မဟုတ်ပါဘူး၊ အစ်မတို့လို ချောချောလှလှခေးပြကြီးတွေကိုကြည့်ပြီး ရှိတဲ့ပစ္စည်းကို အလိုလို ထုတ်ပေးချင်စိတ်ပေါက်နေလို့ပါ "

ဟု ပြောလေရာ ချယ်ရီသည် အောင်လံ၏ အမူအရာကိုကြည့်၍ စိတ်မထိန်းနိုင်တော့ဘဲ

" ရှင့်ပါးစပ်ပိတ်ထားစမ်း၊ အားကိုးရမလားလို့ ဒါလာပါတယ်





ဘာမှသုံးလို့မရဘူး "

ဟု အော်ဟစ်လေ၏။ ခေးပြမိန်းမတစ်ဦးက ရယ်မော၍

" ကောင်လေးက လှသာငယ်တယ်၊ မခေပါလား၊ တဇော်ရှူးလေးနဲ့တူတယ်၊ ဒါတို့နဲ့လိုက်ခဲ့ပါလား "

ဟု ဖိတ်ခေါ်လေ၏။ အောင်လံက သဘောကျစွာဖြင့် ရယ်မော၍

" တကယ်ခေါ်ရင်လိုက်တာပေါ့ဗျာ၊ ဒီမိန်းမနဲ့နေရတာ အမြဲတန်းဟိန်းဟောက်နေတာ၊ နားသိပ်ငြီးတယ်၊ ယောကျ်ားကိုလဲ နိုင်လိုက်တာ ပြောမနေပါနဲ့တော့ "

ဟုပြောလေရာ ချယ်ရီသည် စိတ်မထိန်းနိုင်တော့ဘဲ အောင်လံကို ရိုက်နှက်ရန် အမျိုးသမီးနှစ်ဦး ခေးဖြင့် ထောက်ထားသည့်ကြားမှ ရှေ့သို့တိုးလာလေ၏။

ထိုအခိုက်မှာပင် အောင်လံသည် အလစ်အငိုက်မိသွားသော မိန်းမ၏လည်တိုင်ကို လက်ဝါးစောင်းဖြင့် ခုတ်လိုက်ရာ ထိုမိန်းမမှာမြေပေါ်သို့ ပြိုလဲကျသွားလေ၏။

အောင်လံသည် မိမိအားရိုက်နှက်ရန် ပြေးဝင်လာသော ချယ်ရီ၏လက်ကိုဆတ်ခနဲဆွဲ၍ ရင်ခွင်ထဲသို့ဆွဲပွေ့ကာ လွယ်အိတ်ထဲမှ ခြောက်လုံးပြူးသေနတ်ကို လျှင်မြန်စွာထုတ်၍ ခေးပြမိန်းမနောက်တစ်ယောက်ကို ချိန်လိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ခေးပြမျှားသည် အောင်လံ၏ မထင်မှတ်သော တိုက်ခိုက်မှုကြောင့် ကြောင်အမ်းအမ်းကြည့်နေစဉ်မှာပင် အောင်လံက

'' အစ်မတို့ရေ မလှုပ်နဲ့တော့နော်၊ သေနတ်က ခေးထက်မြန်တယ်၊ ကျွန်တော့်လက်က ၁၀ပေအကွာက ယင်ကောင်ကိုတောင် ထိအောင် ပစ်နိုင်တယ်၊ လှုပ်လိုက်ရင်တော့ မိန်းမတွေဆိုပြီး ညှာမယ် မထင်နဲ့၊ ပစ်မှာပဲ ''

ဟုပြောလိုက်ရာ မိန်းမနှစ်ယောက်သည် ခေးကိုယ်စီကိုင်၍ မလှုပ်ဝံ့ဘဲရှိလေ၏။ သူမတို့၏ခေါင်းဆောင် ထောင်ထောင်မောင်းမောင်းမိန်းမမှာ မြေပေါ်သို့ လဲကျမေ့မြောနေလေပြီ။

ထိုအခါမှပင် ချယ်ရီက အောင်လံ၏ ရင်ခွင်ထဲမှ ရုန်းထွက်၍ လက်သီးဆုပ်ကာ

'' ရှင်တို့ဟာ အတော် ဟန်ဆောင်ကောင်းတာပဲ၊ ကရုဏာသက်သလိုနဲ့ မုန့်ကျွေးပြီး ခေးပြတိုက်တယ်၊ ဒါကောင်းသလား။ ကျွန်မကို ဘယ်လိုမိန်းမမျိုးမှတ်လို့လဲ၊ သတ္တိရှိရင် ရှေ့တစ်လှမ်းတိုးကြည့်စမ်း ''

ဟု စိန်ခေါ်လေ၏။ အောင်လံက ရယ်မော၍ သူမ၏ပခုံးကို ပုတ်ကာ

'' သတ္တိခဲကြီး အခုမှ အော်မနေနဲ့၊ တစ်လုပ်စားဖူး သူ့ကျေးဇူးတဲ့၊ သူတို့ကျွေးတဲ့ကောက်ညှင်းပေါင်းကို စားထားတာ မေ့နေပြီလား၊ ဒီတစ်ကြိမ်တော့ သည်းခံလိုက်ပါ၊ ကဲ ခင်ဗျားတို့လူကို ခေါ်ပြီး





ကျုပ်တို့ရှေ့က ထွက်သွားပေတော့ ''

ဟုပြောလိုက်ရာ မိန်းမနှစ်ယောက်သည် မလွန်ဆန်ဝံ့တော့ဘဲ လဲကျမေ့မြောနေသူကိုတွဲ၍ ဇရပ်ပေါ်မှ ထွက်ခွာသွားလေ၏။

ချယ်ရီက မိန်းမသုံးယောက်ကိုကြည့်၍ တက်ခေါက်ကာ

'' တောက်၊ မိန်းမက မိန်းမလိုမနေဘူး၊ ယောကျ်ားအရာဝင်ပါတယ်၊ တစ်ပွဲတစ်လမ်း မစမ်းလိုက်ရတာ နာတာပဲ ''

ဟုပြောလေရာ အောင်လံက ရယ်မော၍

'' သူခိုးပြေးမှ ထိုးကွင်းထမနေနဲ့၊ ကျုပ်ကို ဆန်ကုန်မြေလေးလို့ပြောတာ မှတ်မိသေးရဲ့လား၊ စောင်ခြုံထဲက လက်သီးမပြတတ် ဘူး၊ အန္တရာယ်နဲ့တွေ့ရင် အစွမ်းကိုသိရမယ်ဆိုတာ ယုံပြီမဟုတ် လား ''

ဟုပြောလေ၏။ သူမက ထိုအခါမှပင် အောင်လံကို မယုံနိုင်ဟန်ဖြင့်ကြည့်၍

'' ဟုတ်ပါရဲ့၊ ခေးပြကောင်မကို ရှင်ချထည့်လိုက်တာ တစ်ချီတည်းနဲ့မေ့သွားတာပဲ၊ ရှင်ဟာ ကိုယ်ခံပညာကောင်းကောင်းတတ်ပုံရတယ် ''

ဟုပြောလေ၏။ အောင်လံ ခေါင်းညိတ်၍

'' မြိတ်မြို့ ကုန်လှောင်ရုံမှာ အလုပ်လုပ်စဉ်က ကုန်လှောင်ရုံစောင့်တဲ့ ဦးရွှေရိုးဆိုတဲ့လူကြီးဟာ ကျုပ်ရဲ့ဆရာပဲဗျ၊ ကျုပ်တာလေးဘာဝ ကုန်လှောင်ရုံထဲမှာ အလုပ်မလုပ်ခင်ကတည်းက သူ့ဆီမှာ ပညာ



www.burmeseclassic.com

www.burmeseclassic.com



သင်ခဲ့ဖူးတယ်၊ နောက်တော့ မိဘနှစ်ပါးဆုံးသွားပြီး ကျုပ်ဆရာကပဲ ကျုပ်ကို ကုန်လှောင်ရုံမှာ အလုပ်သွင်းပေးခဲ့တယ်လေ၊ ကျုပ်ဆရာက ငယ်စဉ်တုန်းက ထင်ရှားတဲ့ ပသျှူးလက်ဝှေ့ကျော်တစ်ယောက်ဗျ ဆရာ်က ကျုပ်ကို လက်ဝှေ့ကျော်သိပ်ဖြစ်စေချင်တာ၊ ကျုပ်ကို တစ်ဖက်နိုင်ငံမှာ လက်ဝှေ့ထိုးဖို့ အမြဲတိုက်တွန်းလေ့ရှိတယ် ''

ဟုပြောလေ၏။ ချယ်ရီက သဘောကျဟန်ဖြင့် ခေါင်းညိတ်၍

'' ရှင့်မှာလဲ အစွမ်းအစရှိတယ်ဆိုရင် ကျွန်မတို့ခရီးက သိပ်စိုးရိမ်စရာ မလိုတော့ဘူး၊ ဆင်ဖြူတိုင်ကိုရောက်ရင် ရတနာသိုက်ရဲ့ သဲလွန်စကို ရှာကြတာပေါ့ရှင်၊ ရတနာတွေကို တွေ့တာ မတွေ့တာထက် ပျောက်ဆုံးနေတဲ့အရာတွေကို ရှာဖွေရတာ ဘယ်လောက် စိတ်ဝင်စားဖို့ကောင်းသလဲ ''

ဟုပြောလေ၏။

ပြီးနောက်တွင်မူ သူမက ဆက်လက်၍

'' ရှင် စောစောက ဓားပြကောင်မတွေကို သေနတ်နဲ့ချိန်တာ သိပ်ကြည့်ကောင်းတယ်၊ ရှင်တကယ် သေနတ်ပစ်တတ်ရဲ့လား ''

ဟု မေးမြန်းလေ၏။ အောင်လံက ရယ်မော၍ ခေါင်းခါယမ်း၍

'' သေနတ်ကိုတော့ အခုပထမဦးဆုံးအကြိမ် ကိုင်ဖူးတာ ဓားပြကောင်မတွေကို ၁၀ပေအကွာက ယင်ကောင်ကိုတောင် ထိအောင် ပစ်နိုင်တယ်လို့ ခြိမ်းခြောက်လိုက်ပြီးတော့မှ ကိုယ့်စကားလွန်





သွားလားလို့ ရယ်ချင်နေမိတယ်၊ ဒါပေမယ့် ဒီမိန်းမတွေ ဇရပ်ပေါ်တက်လာပြီး ကောက်ညှင်းပေါင်းနဲ့ ငါးခြောက်ကြော်ကျွေးကတည်းက သံသယဖြစ်မိတယ်၊ သူတို့အမူအရာတွေက ရိုးသားတဲ့ ကျေးတောသူလေးတွေနဲ့မတူဘူး။ လေသံနဲ့ မျက်နှာအမူအရာတွေက ကြေးစားတွေရဲ့ ပုံစံမျိုးဖြစ်နေတယ်၊ ဒါကြောင့် ခင်ဗျား ကောက်ညှင်း ပေါင်းစားနေတုန်းက ခြောက်လုံးပြူးရှိတဲ့လွယ်အိတ်ကို ကျုပ်ယူထားလိုက်တာပေါ့၊ ဒီကောင်မတွေ မရိုးသားဘူးဆိုရင် ခုခံလို့ရအောင်လေ ''

ဟုပြောလေရာ သူမက အံ့သြဟန်ဖြင့် မျက်လုံးဝိုင်းသွား လေ၏။

'' ဟင် အဲဒီကတည်းက ရှင်သိနေတယ်ပေါ့၊ ကျွန်မကတော့ မိန်းမတွေမို့လို့ လုံးဝသံသယမရှိဘူး ''

ဟုပြောလေ၏။ အောင်လံက သက်ပြင်းချ၍

'' သူတို့ကို တော်ရုံတန်ရုံ ဘယ်သူမှ သံသယရှိမယ်မထင်ဘူး၊ ဒါကြောင့် လူသူကင်းရှင်းတဲ့ ခရီးလမ်းမှာ ယောကျ်ားတွေကို တောင် ဓားပြတိုက်နိုင်တာပဲ၊ သူတို့ဟာ အားနွဲ့တဲ့ မိန်းမသားတွေ မဟုတ်ဘူး၊ ထောင်ထောင်မောင်းမောင်း မိန်းမ ဓားမြောင်ကို ကစား ပြသွားတာ ကြည့်ပါလား၊ အတော်အဆင့်အတန်းမြင့်တယ်၊ ဒါကြောင့် ခြောက်လုံးပြူးနဲ့ မလွတ်တမ်းချိန်ထားရတာ ''

ဟုပြောလေ၏။ သူမက သက်ပြင်းချ၍

'' ဘာပဲဖြစ်ဖြစ်၊ ရှင်သူတို့ကို ကြိုပြီးရိပ်မိနေတာ အံ့သြတယ် ''



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလေ၏။ အောင်လံက ခေါင်းညိတ်၍

'' ဒါဟာ ကျုပ်ဆရာကြီး ဦးရွှေရိုးရဲ့ကျေးဇူးပေါ့ဗျာ၊ ဆရာကြီးက တရားသေဆုပ်ကိုင်ထားတဲ့ အယူအဆတွေကို ဘယ်တော့မှ မထားဖို့ ပြောတယ်၊ လူတွေဟာ လောကမှာ ရှိပြီးသား အရာတွေကို အသေဆုပ်ကိုင်ထားတဲ့ သဘောမျိုးရှိတယ် ''

ဟုပြောလေရာ သူမက စိတ်ဝင်စားစွာဖြင့်

'' ဘယ်လို ဆုပ်ကိုင်ထားတာလဲ၊ ရှင်းစမ်းပါဦး ''

ဟု မေးမြန်းလေ၏။

'' ဒီသဘောတရားက သိပ်ပြီး ကျယ်ဝန်းနက်ရှိုင်းတယ်၊ နားလည်အောင် ရှင်းပြရတာ သိပ်ခက်ခဲတယ်၊ အလွယ်ဆုံးရှင်းရရင် မျက်လှည့်ပညာဟာ အသေဆုပ်ကိုင်ထားတဲ့ သဘောတရားတွေကို အားနည်းချက်လို သဘောထားပြီး လှည့်စားလေ့ရှိတယ် ''

ဟုဆိုကာ ကျောပိုးအိတ်ထဲမှ ဖဲချပ်များကို ထုတ်ပြလေ၏။ အောင်လံက ဆက်လက်၍ ဖဲချပ်၏အပွင့်များကို ပြ၍

'' လူတွေဟာ ဖဲချပ်ရဲ့အရှေ့မှာ အပွင့်တွေရှိတယ်၊ နောက်ကျောမှာတော့ ဒီဇိုင်းပုံတွေရှိတယ်လို့ ယုံကြည်သူဆကြတယ်၊ အဲဒါ အားနည်းချက်ပဲ၊ တကယ်တော့ မျက်လှည့်ဆရာရဲ့ ဖဲချပ်နောက်မှာ ဒီဇိုင်းပုံတွေ မရှိဘူး။ ဖဲချပ်နောက်မှာ ဖဲအပွင့်တွေ ထပ်ကပ်ထားလေ့ရှိတယ်၊ ဒါဟာ တရားသေဆုပ်ကိုင်ထားတဲ့ အယူအဆတွေကို အား





နည်းချက်လုပ်ပြီး လှည့်စားလိုက်တာပဲ၊ ကျီးကန်းအားလုံးဟာ အနက်ရောင်ရှိပေမယ့် မျက်လှည့်ဆရာရဲ့ ကျီးကန်းကတော့ အဖြူရောင် ဖြစ်ရင်ဖြစ်နေတတ်တယ် ''

ဟုပြောလေရာ ချယ်ရီက နားလည်ဟန်ဖြင့် ခေါင်းညိတ်ပြ၍

'' ဟုတ်တယ်နော်၊ မျက်လှည့်ပညာကိုကြည့်ရင် အံ့ဩစရာတွေချည်းပဲ ''

ဟု ပြောလေ၏။ အောင်လံက အိတ်ထဲရှိ ကြက်ဥတစ်လုံးကို ထောင်ပြ၍

'' ဟောဒီကြက်ဥကိုကြည့်ဦး၊ လူတွေဟာ ကြက်ဥဟာ လွတ်ကျရင် ကွဲမယ်၊ အလေးချိန်ရှိတယ်၊ ကွယ်ဝှက်ဖို့ ခက်ခဲမယ်လို့ယုံကြည်ကြတယ်၊ ဒါပေမယ့် မျက်လှည့်ဆရာက ကြက်ဥကို အပ်နဲ့ဖောက်ပြီး အထဲက အရည်တွေကို စုတ်ထုတ်ပြီး ပေါ့ပါးအောင်လုပ်လိုက်တယ်၊ ပြီးတော့ မှောက်ထားတဲ့ သံဇလုံထဲမှာ ကြက်ဥကို ကော်နဲ့ကပ်ပြီး ထားလိုက်တယ်၊ ပြီးတော့ သံဇလုံကို လက်ထဲမှာ လှည့်ပတ်ကစားပြတယ်၊ လူတွေဟာ လေးပြီး ကွဲရှဖို့လွယ်တဲ့ကြက်ဥဟာ သံဇလုံထဲမှာ ကပ်နေဖို့ ဘယ်လွယ်မလဲလို့ ထင်တတ်ကြတယ်၊ အဲဒါကို အားနည်းချက်ပြုပြီး မျက်လှည့်ဆရာက လှည့်စားတော့တာပဲ၊ လိမ်လည်မှုလုပ်တဲ့လူတွေလဲ ဒီသဘောတရားကို အခြေခံပြီး လှည့်စားလေ့ရှိတယ်၊ လိမ်တဲ့လူအများစုကတော့ လောဘအပေါ်အခြေခံပြီး လိမ်လေ့ရှိ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ လောဘကြီးတဲ့လူတွေဟာ ပိုအလိမ်ခံရတာပဲ၊ ဒီနေ့ ဓားပြတိုက်ခံရတာကိုကြည့်လေ၊ ဓားပြဆိုတာ ကြမ်းတမ်းရက်စက်တဲ့အလုပ်၊ ယောကျ်ားရင့်မကြီးတွေတောင် တော်ရုံတန်ရုံမလုပ်နိုင်ဘူးလို့ လူအများယုံကြည်ကြတယ်၊ ဒီအားနည်းချက်ကို အခွင့်ကောင်းယူပြီး ဒီမိန်းမသုံးယောက်က ခရီးသွားတွေကိုရွေးပြီး ဓားပြတိုက်နေတာပဲ၊ ကျုပ်အထင်တော့ သူတို့ဟာ ဓားပြတိုက်လို့ရရင်တိုက်မယ်၊ အဆင်မပြေရင်လဲ ကြေးစားမိန်းမတွေအနေနဲ့ အသုံးတော်ခံမယ့်ပုံစံပဲ၊ ဒါလဲ တရားသေဆုပ်ကိုင်မထားတဲ့ သဘောတရားတစ်ခုပါပဲ ''

ဟုပြောလေရာ ချယ်ရီက ခေါင်းတဆတ်ဆတ်ညိတ်၍

'' ရှင်ပြောတဲ့အတိုင်းဆိုရင် ဒီမိန်းမတွေဟာ ပညာရှိတွေဖြစ်နေပြီ ''

ဟုပြောလေ၏။

အောင်လံတို့သည် ထိုနေ့ညကဇရပ်၌ပင် ညအိပ်ခဲ့လေ၏။ နောက်တစ်နေ့တွင် နံနက်စောစောထ၍ ခရီးဆက်ခဲ့လေ၏။ ထိုနေ့တွင် တောင်တန်းများကိုကျော်၍ ခရီးဆက်ရလေ၏။

အောင်လံသည် ရှည်လျားမြင့်မားသော မြင့်မိုရ်လက်ခတ်တောင်ကြီးကို မော့ကြည့်ရင်း

'' မောလိုက်တာဗျာ၊ ခဏနားရအောင် ''

ဟု တီးတိုးပြောလိုက်ပြီး အဝေးဆီသို့ ငေးကြည့်ကာ ချယ်ရီ





၏ ခန္ဓာကိုယ်ကို ဆတ်ခနဲပွေ့၍ ချုံပုတ်ထဲသို့ ဆွဲသွင်းလိုက်လေ၏။

ချယ်ရီသည် အောင်လံ၏ မထင်မှတ်သော အပြုအမူကြောင့် ငိုင်နန့်သွားပြီး ရုန်းကန်နေသော်လည်း အောင်လံက သူမကိုယ်ကို ဖိ၍ ပါးစပ်ကို လက်ဖြင့်ပိတ်ကာ

'' ရှူးတိုးတိုး၊ ငြိမ်ငြိမ်နေစမ်းပါ၊ ဟိုးရှေ့မှာ မသင်္ကာဖွယ် လူတွေတွေ့ရတယ်၊ ဓားပြတွေလားမသိဘူး ''

ဟု ရေရွတ်လေ၏။ ချယ်ရီသည် ထိုအခါမှပင် ငြိမ်သက်သွားပြီး ချုံပုတ်ထဲမှ တောင်ကုန်းအောက်သို့ ကြည့်လိုက်သောအခါ သေတ္တာတစ်လုံးကို ဝါးလုံးဖြင့်လျှိုထမ်းလာသော လူသုံးယောက်ကို တွေ့ရ၏။

ထိုသူများ၏ကိုယ်ပေါ်တွင် လက်နက်တစ်စုံတစ်ရာ မတွေ့ရသော်လည်း တောခေါင်ခေါင်ကြီးထဲတွင် သေတ္တာတစ်လုံးကို သယ်ယူသွားခြင်းမှာ မသင်္ကာဖွယ်ကောင်းလှ၏။

ထိုသူများသည် လူဆိုးဓားပြများပင်ဖြစ်လေသလား မသိ။

သို့တည်းမဟုတ် အဖိုးတန်ရတနာသေတ္တာကြီးကို တောတွင်းသို့ လာရောက်မြှုပ်နှံခြင်းပေလော။ တူးဖော်ယူဆောင်သွားခြင်းပေလောဟု တွေးတောမိလေ၏။

လူသုံးယောက်သည် သေတ္တာကြီးကို တရွေ့ရွေ့ထမ်းယူလာပြီး အနီးမှ ဖြတ်သန်းသွားလေရာ အောင်လံတို့သည် ချုံထဲတွင် ပုန်းအောင်း



www.burmeseclassic.com

www.burmeseclassic.com



နေရလေ၏။

ခဏကြာလျှင် ထိုသူသုံးယောက်သည် တောင်တက်လ
တစ်နေရာရှိ လိုဏ်ဂူတစ်လုံးရှေ့တွင် သေတ္တာကြီးကို ဂရုတစိုက်ချ
အမောအပန်းဖြေကြလေ၏။

ချယ်ရီနှင့် အောင်လံသည် လိုဏ်ဂူကြီးအနီးသို့ တိုးကပ်သွား
ပြီး ထိုသူများ၏အပြုအမူကို ချောင်းမြောင်းကြလေ၏။

အောင်လံသည် ကျောက်တုံးကြီးအနီးသို့ တရွေ့ရွေ့ တိုးက
လာပြီး နားထောင်နေရာ လူတစ်ဦးက

" မောလိုက်တာကွာ၊ တောင်ကြီးက နည်းတဲ့တောင်ကြ
မဟုတ်ဘူး "

ဟု ပြောလေရာ ကျန်တစ်ယောက်က ခေါင်းညိတ်၍

" သေတ္တာထဲက အရုပ်တွေကို ဂရုစိုက်နော်၊ ဒါတွေ
ငါတို့ရဲ့ကိုယ်ပွားဝိညာဉ်ရုပ်တွေပဲ၊ ဒီပစ္စည်းတွေမရှိရင် ငါတို့ဘဝ
သေတာထက်ဘာထူးမှာလဲ "

ဟုပြောလေ၏။ ကျန်တစ်ယောက်က ဆေးပေါ့လိပ်တစ်လိ
ထုတ်၍ ဖွာရှိုက်လိုက်ပြီး

" အရုပ်တွေထဲမှာ ငါတို့ လိပ်ပြာသွင်းထားပြီးသားဆို
အရုပ်တွေသေရင် ငါတို့ဘဝသေပြီးသားပဲ၊ ဒါကြောင့်လဲ ဒီလော
ဝေးလံတဲ့ခရီးကို သွားလာနေခဲ့ရတာပေါ့ "





ဟုပြောလေရာ အောင်လံနှင့် ချယ်ရီသည် တစ်ယောက် မျက်နှာကိုတစ်ယောက် နားမလည်ဟန်ဖြင့် ကြည့်ကြလေ၏။

ချယ်ရီက လေသံတိုးတိုးဖြင့်

" ဒီလူတွေက မှော်ဆရာတွေလားမသိဘူး၊ အရုပ်တွေထဲမှာ သူတို့ ဝိညာဉ်တွေ သွင်းထားတယ်ဆိုပဲ၊ ကြောက်စရာကြီးနော် "

ဟု မှတ်ချက်ချလေရာ အောင်လံက ခေါင်းခါယမ်း၍

" ကျုပ်လဲ မတွေးတတ်တော့ဘူး။ ဒီလူတွေဟာ သေတ္တာကြီးကို အလွန်တန်ဖိုးထားတယ်ဆိုတာတော့ ကြည့်တာနဲ့သိတယ်၊ ဒီလောက်မြင့်မားတဲ့တောင်ကြီးကို တက်နေတာတောင် လေးလံတဲ့ သေတ္တာကြီးကို ထမ်းပိုးပြီးတက်နေတယ်၊ သေတ္တာကြီးဟာ ဝိညာဉ်တွေ ထည့်ထားတယ်ဆိုတော့ မှော်သေတ္တာကြီးလားမသိဘူး "

ဟုပြောလေရာ ချယ်ရီက သေတ္တာကြီးကို မျက်မှောင်ကြုတ်ကြည့်၍ ကြက်သီးထသွားပြီး

" ဖြစ်နိုင်တယ်၊ သေတ္တာကြီးကိုကြည့်ရတာ အတော်ရှေးဆန်တဲ့ပုံစံပဲ သေတ္တာရဲ့ ပတ်ပတ်လည်မှာ ရှေးဆန်တဲ့ ပန်းကနုတ်တွေ နဲ့ ဘီလူးရုပ်ကြီးတွေကို ထွင်းထုထားတယ်၊ အမလေး ကြောက်စရာ ကြီး၊ ကျွန်မတို့ ဒီအနားက အမြန်ပြေးရအောင် ကြည့်ရတာ ကြက်သီးထလာပြီ "

ဟုပြောကာ အောင်လံလက်ကိုဆွဲ၍ ပြေးလွှားရန် ပြင်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



အောင်လံက လက်ကာပြ၍

" ရှူး တိုးတိုး၊ ဟိုလူတွေ ရိပ်မိသွားဦးမယ်၊ ကျုပ်တို့ပြေးဖို့ မလွတ်နိုင်တော့ဘူး၊ ဒီနေရာမှာပဲ ပုန်းအောင်းနေရမယ်၊ ရှေ့ဆက်ပြီး သွားရမယ့်လမ်းက ချုံတွေ၊ တောတွေ ရှင်းလင်းနေတယ်၊ တောင်ကုန်းပေါ်က လှမ်းကြည့်ရင် ကျုပ်တို့ကို အထင်းသားမြင်နေရလိမ့် မယ်၊ ဒီတော့ သူတို့ထွက်သွားမှ နောက်ကလိုက်ရမှာပဲ "

ဟု ပြောလေရာ ထိတ်လန့်ဟန်ဖြင့် ကိုယ်ကိုကျုံ့၍

" ဒုက္ခပဲပါပဲ၊ မှော်ဆရာလူကြီးတွေနဲ့ အနီးမှာနေရတာ အလို လို ကျောချမ်းနေတယ် "

ဟု ညည်းတွားလေ၏။

ထိုအခိုက်မှာပင် လူထူးလူဆန်း ၃ ယောက်အနက် တစ် ယောက်သည် ထိုင်နေရာမှထ၍ အောင်လံတို့ဘက်သို့ ထွက်ခွာလာ လေရာ အောင်လံနှင့် ချယ်ရီသည် ကြံရာမရဖြစ်ပြီး နံဘေးရှိ လှိုဏ်ကြီး ထဲသို့ လိမ့်ချလိုက်လေ၏။

၎င်းတို့သည် လှိုဏ်ထဲသို့လုံးထွေးပြီး တစ်လိမ့်ပြီးတစ်လိမ့် ကျ ဆင်းသွားလေရာ လှိုဏ်အောက်ခြေသို့ ရောက်သောအခါ၊ အရှိန်သေ ၍ ရပ်တန့်သွားလေ၏။

အောင်လံသည် ဆန့်ကျင်ဘက် မိန်းမပျိုနှင့် နီးနီးကပ်ကပ် မနေဘူးသဖြင့် ထွေးအိသော အထိအတွေ့များကြောင့် ရှိန်းခနဲ၊ ဖိန်း





ခနဲဖြစ်ကာ ချယ်ရီ၏ လှပသောမျက်နှာကို မဝံ့မရဲကြည့်မိလေ၏။

ချယ်ရီမှာလည်း ၎င်းကဲ့သို့ ခံစားရဟန်ရှိပြီး ရှက်စိတ်ကြောင့် မျက်နှာများနီမြန်းနေရာမှ

" အို ရှင့် ကိုယ်ကြီးက လေးလိုက်တာ၊ အပေါ်က ဆင်းပါဦး "

ဟု တောင်းပန်သောအခါမှပင် အောင်လံက ကယောင်ကတန်း အောက်သို့ ဆင်းပေးလေ၏။

လူထူးလူဆန်း သုံးယောက်အနက် တစ်ယောက်သည် ကျောက်တုံးကြီးနောက်သို့ဝင်၍ အပေါ့အပါးသွားခြင်းဖြစ်၏။

ချယ်ရီက တောင်ပေါ်သို့ မော့ကြည့်၍

" ကျွန်မတို့ ကျောပိုးအိတ်တွေ ကျောက်တုံးကြီးနောက်မှာ ကျန်ခဲ့ပြီ၊ မှော်ဆရာလူကြီး မြင်သွားရင်တော့ ဒုက္ခပါပဲ "

ဟု တိုးတိုးရေရွတ်လေရာ အောင်လံ၏ ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွားလေ၏။ တောထဲ တောင်ထဲတွင် စားနပ်ရိက္ခာမရှိလျှင် ဒုက္ခ များနိုင်သည်မဟုတ်ပါလား။

၎င်းတို့သည် ရင်တထိတ်ထိတ်ဖြင့် တောင်ပေါ်မှ အသံများကို နားစွင့်နေလေ၏။

ညနေစောင်းသောအခါမှပင် လှိုဏ်ထဲမှ ခြေသံလုံလုံဖြင့် တွယ် ကပ်တက်ခဲ့ရာ လူထူးလူဆန်း သုံးယောက်ကို မတွေ့ရတော့ပေ။

အောင်လံတို့၏ ကျောပိုးအိတ်များကိုလည်း ကံကောင်း



www.burmeseclassic.com

www.burmeseclassic.com



ထောက်မစွာဖြင့် ပြန်လည်ရရှိလေ၏။

ထိုနေ့ညတွင် လိုဏ်ဂူထဲ၌ပင် အိပ်စက်ရန် ချယ်ရီက အကြံပြုလေ၏။

အောင်လံက ထင်းခြောက်များကောက်ရန် ထွက်သွားမည်ပြုလေရာ ချယ်ရီက အနောက်မှလိုက်လာပြီး

'' ကျွန်မတစ်ယောက်တည်း မထားခဲ့နဲ့၊ ကြောက်တယ် ''

ဟု တိုးတိုးပြောလေ၏။ အောင်လံက အံ့အားသင့်ဟန်ဖြင့်

'' ဟင် သတ္တိခဲကြီးက ဘယ်လိုဖြစ်သွားရတာလဲ ''

ဟု မေးမြန်းလေ၏။ သူမက ပတ်ဝန်းကျင်ကို စောင်းငဲ့ကြည့်၍

'' စောစောက မှော်ဆရာလူကြီးတွေမြင်ကတည်းက ကျွန်မစိတ်တွေ ချောက်ချားနေတယ်၊ လူလူချင်းတိုက်ခိုက်ရမှာ ကျွန်မမကြောက်ပါဘူး၊ ဒါပေမယ့် သရဲတစ္ဆေတွေကိုတော့ ကြောက်တယ်၊ မှော်ဆရာလူကြီးတွေဟာ အရုပ်ထဲမှာ ဝိညာဉ်တွေ သွင်းထားတယ်လို့ပြောတယ်၊ အဲဒီကတည်းက ကျွန်မသိပ်ကြောက်နေတယ်၊ တောလမ်းခရီးမှာ မကောင်းဆိုးဝါး ဖမ်းစားရင် ကျွန်မတို့ ဘယ်လိုလုပ်မလဲ''

ဟု ကြောက်လန့်ဟန်ဖြင့် ပြောလေ၏။ အောင်လံက ရယ်မော၍

'' ဟိုး အရင်တုန်းကတော့ စွန့်စားရတာ ဝါသနာပါတယ်ဆိုသည်းထိပ်ရင်ဖို အရသာကိုနှစ်သက်တယ်ဆို ''

ဟုပြောလေရာ သူမက ခေါင်းခါ၍





'' မမြင်ရတဲ့ နာနာဘာဝတွေနဲ့တော့ ပြိုင်ပြီး မစွန့်စားဝံ့ဘူး''

ဟုပြောလေ၏။ အောင်လံသည် သူမ အမှန်တကယ်ကြောက်ရွံ့နေမှန်းသိ၍ လက်ကိုဆွဲကာ သစ်ကိုင်းခြောက်ကောက်သာနေရာသို့ ခေါ်ခဲ့လေ၏။

လိုဏ်ဂူရှေ့သို့ ပြန်ရောက်သောအခါ မီးမွှေး၍ ငါးသေတ္တာများကို နွေးကာ စားသောက်ကြလေ၏။

ညနေစာ စားသောက်ပြီးနောက် အလင်းရောင်အနည်းငယ်ကျန်ရှိသေးသဖြင့် အောင်လံက ထိုင်ရာမှထကာ

'' အလင်းရောင်ရှိတုန်း ကျုပ်တို့ အိပ်မယ့် လိုဏ်ဂူကို နည်းနည်းရှင်းလိုက်ဦးမယ်၊ တော်ကြာ မြွေတွေဘာတွေရှိလို့ သရဲခြောက်ခံရတာဲ မြွေကိုက်ခံနေရဦးမယ်''

ဟုပြောလေရာ ချယ်ရီသည် မျက်စိပျက် မျက်နှာပျက်သွားပြီးလျှင် အောင်လံ၏အနီးသို့ မသိမသာတိုးကပ်လာလေ၏။

အောင်လံသည် လိုဏ်ဂူအတွင်းသို့ဝင်၍ အန္တရာယ်ရှိမရှိ စစ်ဆေးကာ အနည်းငယ်ရှင်းလင်းပြီးနောက် ၎င်းတို့အိပ်စက်ရန် ပြင်ဆင်လေ၏။

လိုဏ်ဂူ၏ ထောင့်တစ်ဖက်စီတွင် သားရေခင်းတစ်ချပ်စီ ခင်းခင်းကာ စောင်များကို အသင့်ထုတ်၍ အိပ်ရန်ပြင်ထားလေ၏။

ချယ်ရီသည် လိုဏ်ဂူ၏အပြင်ဘက်သို့ကြည့်လိုက် မှောင်မည်း



www.burmeseclassic.com

www.burmeseclassic.com



နေသော အတွင်းပိုင်းကိုကြည့်လိုက်နှင့် စိတ်လှုပ်ရှားနေဟန်ရှိ၏။

အောင်လံက သူမ၏အမူအရာကိုကြည့်၍

“ ခင်ဗျားဘာဖြစ်နေတာလဲ၊ ကြည့်ရတာ အေးအေးချမ်းချ မရှိလိုက်တာ ”

ဟုမေးလေရာ သူမက အမှောင်ထဲကိုကြည့်၍

“ ဘာဖြစ်လို့လဲ မသိဘူး၊ ကျွန်မ သိပ်ကြောက်နေတယ်၊ အခု စွန့်စားခန်းဖွင့်ဖို့ ထွက်လာတာမှားပြီလို့ နောင်တရနေသလိုပဲ ”

ဟုပြောလေ၏။ အောင်လံက သူမကို မျက်မှောင်ကြုတ်ကြ ၍

“ စိတ်အေးအေးထားပါ၊ ဘာအန္တရာယ်မှ မရှိပါဘူး၊ ခင်ဗျ ဟာ တော်ရုံယောကျ်ားတွေထက်တောင် သတ္တိရှိတဲ့ မိန်းမတ ယောက်ပါ ”

ဟု နှစ်သိမ့်လေ၏။ သူမက မျက်နှာညှိုးငယ်စွာဖြင့်

“ ဟုတ်ပါတယ်၊ ဒါပေမယ့် ဒီနေ့ ဝိညာဉ်ကပ်တဲ့အရုပ်တွေ ကြားပြီးကတည်းက ထိတ်လန့်နေတာ ”

ဟုပြောလေ၏။ အောင်လံက သူမကို ကရုဏာသက်စွာကြ ၍

“ စိတ်ကို ငြိမ်အောင် ကြိုးစားလိုက်ပါ၊ လူ့စိတ်က သိပ်ဆ ကြယ်တယ်လို့ ကျုပ်ဆရာကြီး ဦးရွှေရိုးက ပြောဖူးတယ်၊ စိတ်





ဘယ်တော့မှ တစ်သမတ်တည်းရှိမနေဘူး၊ တစ်ခါတစ်ရံ ယောကျ်ား ရင့်မာကြီးတွေတောင် စိတ်အားငယ်သလိုလို အကူအညီမဲ့သလိုလို ဖြစ်ပြီး ပျော့ညံ့သွားတတ်တယ်၊ ဒါပေမယ့် မကြာမီ အချိန်မှာပဲ မူလ စိတ်ပြန်လည်ပြီး ပတ်သက်နေမယ်ထင်တယ် ”

ဟု နှစ်သိမ့်လေ၏။

ထို့နောက်တွင်မူ အောင်လံသည် လိုဏ်ဂူ၏အဝတွင် မီးပုံတစ် ပုံကို မီးထိုးလိုက်ပြီး အလင်းရောင်ကောင်းစွာရရှိသောအခါ ချယ်ရီ ဘက်သို့လှည့်၍

“ ကဲ အိပ်တော့လေ မနက်ကျရင် ခရီးဆက်ရဦးမယ်၊ အိပ် ရေးဝဝ အိပ်မှဖြစ်မယ် ”

ဟုပြောလေ၏။ သူမသည် အလင်းရောင်ရလာ၍ စိတ်အား တက်လာဟန်ဖြင့် လိုဏ်ဂူတစ်ဖက်တွင် ခင်းကျင်းထားသော အိပ်ရာ ဆီသို့ လျှောက်သွားလေ၏။

အောင်လံသည် သူ၏ အိပ်ရာဘက်သို့လျှောက်ကာ သူမကို ကျောခိုင်း၍ အိပ်စက်လိုက်၏။

သို့သော် အိပ်စက်၍ မပျော်နိုင်ဘဲ နေ့လယ်က သူမနှင့်အတူ လှိုဏ်ကြီးထဲသို့ လိမ့်ဆင်းသွားပုံကို ပြန်လည်သတိရနေမိ၏။

သူမ၏ ထွေးအိသော အထိအတွေ့များကြောင့် သူ့ရင်ကို လှုပ်ခတ်စေခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



လှိုဏ်အောက်ဘက်တွင် တစ်ဦးနှင့် တစ်ဦးနီးကပ်စွာရှိနေစဉ်ကလည်း ရင်ထဲတွင် တလှိုက်လှိုက်ဖိုခဲ့ရ၏။

ထိုအခိုက်မှာပင် မီးပုံကြီးသည် လောင်စာများ လျော့နည်းသွားသဖြင့် လိုဏ်ဂူအတွင်း အလင်းရောင် လျော့ကျသွားလေ၏။

အောင်လံသည် ရင်ခုန်ဖွယ်စိတ်ကူးများကိုဖြတ်၍ အိပ်စက်ရန်ကြိုးစားလေ၏။

ထိုအခိုက်မှာပင် သူ၏အနောက်မှ ချိုးချိုးချွတ်ချွတ်အသံကြား ရ၍ ငဲ့စောင်းကြည့်လိုက်ရာ ချယ်ရီသည် သားရေခင်းကို အောင်လံ၏ နောက်ကျောတွင် ကပ်၍ ခင်းလိုက်ကြောင်း တွေ့လိုက်ရ၏။

အောင်လံက ချယ်ရီကို အံ့သြဟန်ဖြင့်ကြည့်၍

" ချယ်ရီ ဘာဖြစ်လို့ ဒီဘက်မှာ လာအိပ်တာလဲ "

ဟု မေးမြန်းလိုက်လေ၏။ ချယ်ရီသည် လေသံတိုးတိုးဖြင့်

" မီးရောင်လဲမရှိတော့ရော ဟိုဘက်မှာတစ်ယောက်တည်း အိပ်ရတာ ကြောက်လာတယ်၊ ကြက်သီးတွေတောင်ထတယ်၊ ဒါကြောင့် ဒီဘက်မှာလာအိပ်တာ "

ဟု ပြောရှာ၏။ အောင်လံသည် သူမအမှန်တကယ်ပင် ထိတ်လန့်နေမှန်းသိ၍ ကျောခိုင်းအိပ်နေရာမှ သူမဘက်သို့လှည့်၍

" မကြောက်ပါနဲ့ ချယ်ရီရယ်၊ ဘယ်လိုအန္တရာယ်မျိုးနဲ့ပဲကြုံ ကြုံ ချယ်ရီရှေ့က ကျုပ်ရှိနေမှာပါ "





ဟုပြောလိုက်ရာ သူမသည် မျက်လုံးရွဲကြီးဖြင့် မော့ကြည့်သ၏။ အောင်လံသည် အနည်းငယ်ကျန်ရှိနေသော အလင်းရောင်ဖြင့် ကပိုကရိုလှနေသော သူမမျက်နှာကိုကြည့်၍ ရင်ခုန်နှုန်းများ မြန်ဆန်လှ၏။

သူမ၏ ဝိုင်းစက်သော မျက်လုံးများသည် သူ့အားညှို့ငင်နေသကဲ့သို့ ခံစားရလေ၏။

သူမဘက်သို့ စောင်းငဲ့၍ မျက်နှာချင်းဆိုင် အိပ်နေသဖြင့် တစ်ဦးနှင့်တစ်ဦး အသားချင်း ထိလုမတတ်ရှိ၏။

သူမ၏ ရှည်လျားသောဆံပင်များသည် မျက်နှာပေါ်သို့ ကပိုကရိုဝဲကျနေလေ၏။

အောင်လံသည် ရင်ခုန်နှုန်းများမြန်ဆန်လာပြီး အသက်ရှူ ရပ်သကဲ့သို့ ခံစားရ၏။

ထိုအခိုက်မှာပင် မီးရောင်မှာ ပိုမို၍ လျော့နည်းသွားပြီး မှိန်ပြပြ အလင်းရောင်သာရှိတော့၏။

ချယ်ရီသည် မီးရောင်နည်းပါးသွားသဖြင့် နောက်ကျော့မလုံသလိုဖြစ်ပြီး အောင်လံ၏အနီးသို့ ပိုမိုတိုးကပ်လိုက်ရာ အသားချင်း ထိစပ်သွားပြီး အောင်လံသည် ဓာတ်လိုက်သကဲ့သို့ တုန်ခါသွားလေ၏။

သူ၏ရင်ခုန်သံသည် ဗုံးပေါက်သကဲ့သို့ ကျယ်လောင်နေပြီး အာခေါင်ထဲတွင် ခြောက်ကပ်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်တွင်မှ ငယ်ရွယ်သူနှစ်ဦးသည် အမိုက်မှောင်ထဲသို့ စမ်းတဝါးဝါး တိုးဝင်သွားကြလေ၏။

✿✿✿✿✿

၆၀ ဖန်စာ၊ ဘာကြံပေးစာများ ရေးသားလိုပါလျှင်...

**မင်းမြတ်သူရ**

အမှတ်-၇၊ အသောကလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်သို့

လိပ်မူ၍ ရေးသားနိုင်ပါသည်။





နောက်တစ်နေ့နံနက်တွင် ချယ်ရီသည် အိပ်ရာမှ စောစောထ၍ ဥ၏တစ်ဖက်တွင် ဆျောခိုင်းထိုင်နေ၏။

အောင်လံသည် ညက သူမနှင့်မှားယွင်းခဲ့ပုံကို တွေး၍ ရင်ထဲတွင် လှိုက်ဖိုသွားလေ၏။

သူမသည် ညက အမိုက်မှောင်ထဲသို့ တိုးဝင်ခဲ့ပုံကို တွေးတော၍ ရှက်ရွံ့မာန်ဖြင့် ကျောခိုင်းထိုင်နေ၏။

အောင်လံက သူမ၏အနီးသို့ လျှောက်သွားပြီး ပခုံးကိုဖက်ကာ

‘‘ ချယ်ရီ ’’

ဟု တိုးတိုးခေါ်လိုက်ရာ သူမက စကားမတုံ့ပြန်ဘဲ နေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



အောင်လံက သက်ပြင်းချ၍

'' ခရီးဆက်ကြမယ် ချယ်ရီ ''

ဟု တိုးတိုးပြောလိုက်လေ၏။

သူမက လေးကန်စွာဖြင့် ထိုင်ရာမှထ၍ ကျောပိုးအိတ်

သိုင်းလွယ်လိုက်၏။

အောင်လံက သူမလက်ကိုတွဲ၍ တောလမ်းခရီးကို ဆက်

လေ၏။

သူတို့နှစ်ဦး၏ဘဝသည် ပြောင်းလဲခဲ့လေပြီ။ တစ်ဦးနှင့် တစ်

ပိုမိုရင်းနှီး၍ တစ်ကိုယ်တည်းဖြစ်သွားသကဲ့သို့ ခံစားရလေ၏။

နေ့လယ်သို့ရောက်သောအခါ ချယ်ရီက စမ်းချောင်းတစ်ခု

တွေ့ရ၍ ရေချိုးချင်ကြောင်းပြောလေ၏။

အောင်လံက ခေါင်းညိတ်၍

'' ချိုးလေ၊ ကျုပ်စောင့်ပေးပါ့မယ်၊ ရေချိုးပြီးရင် နေ့လယ်

စားကြတာပေါ့ ''

ဟုပြောလေ၏။

ထိုအခါ ချယ်ရီက ခေါင်းခါ၍

'' ဟင့်အင်း ရှင်မစောင့်ပါနဲ့ ''

ဟု ပြောလေ၏။ အောင်လံက နားမလည်ဟန်ဖြင့်

'' ဘာဖြစ်လို့လဲ ''





ဟု မေးမြန်းလေ၏။ သူမက အောင်လံကို မကျေမနပ်ကြည့်၍

'' ရှင်တော်တော်နားဝေးတာပဲ၊ ကျွန်မမှာ အဝတ်အစား

အပိုမပါဘူးရှင့် ''

ဟုပြောလေရာ ထိုအခါမှပင် အောင်လံက နားလည်ဟန်ဖြင့်

တဟားဟားရယ်မော၍ သစ်ပင်တစ်ပင်၏နောက်တွင် ကျောခိုင်း၍

သွားထိုင်လေ၏။

အောင်လံသည် သစ်ပင်ကိုကျောမှီရင်း ညက ကြုံတွေ့ရသော

အတွေ့အကြုံကို ပြန်လည်စဉ်းစားရင်း ရင်ခုန်နေမိ၏။



ချယ်ရီနှင့်မိမိ မထင်မှတ်ဘဲ မှားယွင်းမိသဖြင့် သူမကို လက်

ထပ်ယူရမည်ဟု ဆုံးဖြတ်လိုက်လေ၏။

သို့သော် ရှေ့ဆက်ရမည့် ခရီးကိုတွေးတော၍ ရင်ထဲတွင် လေး

လံသွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



အဘ်ယ်ကြောင့်ဆိုသော် ချယ်ရီနှင့်သူသည် စွန့်စားရှာဖွေလိုသော ဝါသနာနှင့် ရတနာသိုက်တစ်ခု၏နောက်သို့ အတူလိုက်လာခဲ့၏။

သူတို့၏ ရှေ့ဆက်ရမည့် ခရီးသည် ရေရာသေချာခြင်းမရှိဘဲ စမ်းတဝါးဝါးရှိနေလေ၏။

အောင်လံသည် သူတို့နှစ်ယောက်၏ အနာဂတ် ခရီးလမ်းကို တွေးတောရင်း စိတ်ထဲတွင် ထွေပြားနေစဉ် အမျိုးသမီးတစ်ဦး၏ အော်သံကိုကြားရ၍ ရင်ထဲတွင် ထိတ်ခနဲဖြစ်သွားပြီး ချယ်ရီရှိရာသို့ ပြေးလွှားခဲ့လေ၏။

ထိုအခါ ရေချိုးနေသော ချယ်ရီသည် ကမန်းကတန်းရေထဲသို့ ခန္ဓာကိုယ်ကို တိုးဝင်လိုက်ပြီး

" အို ရှင်ဘာလာလုပ်တာလဲ "

ဟု အလန့်တကြားအော်ဟစ်လေ၏။ အောင်လံက သူမကို စိုးရိမ်တကြီးကြည့်၍

" ချယ်ရီရဲ့ အော်သံကြားလို့ ကျုပ်ပြေးလာခဲ့တာပဲ "

ဟုပြောလေရာ ချယ်ရီက ခေါင်းခါ၍

" ဟင့်အင်း၊ ကျွန်မအော်တာမဟုတ်ဘူး၊ အသံက စမ်းချောင်းအထက်က ကြားရတာ "

ဟုပြောလေ၏။ အောင်လံသည် စမ်းချောင်းထိပ်ဘက်သို့





လှမ်းကြည့်လိုက်ပြီး

" ဒါဆို ကျုပ်သွားကြည့်လိုက်ဦးမယ်၊ ချယ်ရီ သတိနဲ့နေပါ "

ဟုပြောရင်း စမ်းချောင်းထိပ်ဘက်သို့ လျှင်မြန်စွာ ပြေးထွက်ခဲ့လေ၏။ ထိုအခါ စမ်းချောင်း၏အရှေ့ဘက် ကမ်းစပ်အနီးတွင် လဲကျ မေ့မြောနေသော မိန်းမပျိုတစ်ယောက်ကို တွေ့ရပြီး သူမ၏ခန္ဓာကိုယ် အနီးသို့ တရွေ့ရွေ့ တိုးကပ်လာသော စပါးကြီးမြွေအကြားတွင် ရပ်တန့်လိုက်လေ၏။

စပါးကြီးမြွေသည် မိန်းမပျိုကို ရန်ပြုလိုခြင်းမရှိဘဲ အနီးသို့ တိုးကပ်လာရာ အောင်လံက မိန်းမပျိုကိုပွေ့ချီ၍ ကျယ်လောင်စွာ မောင်းထုတ်နေသဖြင့် နောက်ကြောင်းသို့ ပြန်လည်ထွက်ခွာသွားလေ၏။

မိန်းမပျိုသည် ကြောက်ရွံ့သောကြောင့် မေ့မြောနေပေပြီ။

ထိုအခိုက်မှာပင် အနီးသို့ ချယ်ရီရောက်ရှိလာပြီး ဖြစ်ကြောင်းကုန်စင်ကို မေးလေ၏။ အောင်လံက သူမကို ရှင်းပြပြီးနောက် မိန်းမပျိုကို သတိရအောင် ပြုလုပ်ကြလေ၏။

ခဏကြာလျှင် မိန်းမပျိုသည် ညည်းညူ၍ သတိရလာပြီး အထိတ်တလန့်ဖြင့်

" မြွေကြီး၊ မြွေကြီး "

ဟု အော်ဟစ်လေ၏။ အောင်လံက သူမကို လှုပ်ကိုင်၍



www.burmeseclassic.com

www.burmeseclassic.com



'' မကြောက်နဲ့ မိန်းကလေး၊ ဘာမြွေမှ မရှိတော့ဘူး။ ကျုပ်တို့ မောင်းထုတ်လိုက်ပြီ ''

ဟု အားပေးစကားပြောဆိုသောအခါမှပင် သူမက မှတ်ဝန်းကျင်ကို အထိတ်ထာလန့်ကြည့်၍

'' မြွေကြီး၊ မြွေကြီး မရှိတော့ဘူးနော် ''

ဟုပြောလေ၏။ အောင်လံက ခေါင်းညိတ်၍

'' မရှိတော့ပါဘူးဗျာ၊ ကျုပ်လဲ အသံကြားလို့ ပြေးကြည့်တော့ စမ်းချောင်းအစပ်မှာ မိန်းကလေး လဲကျနေတာကိုတွေ့ရပြီး စပါးကြီးမြွေကြီးက အနီးကိုရောက်နေပြီ၊ ဒါကြောင့် ကျုပ်လဲ မိန်းကလေးကို ကမန်းကတန်းပွေ့ချီပြီး မြွေကြီးကိုမောင်းထုတ်ရတယ်၊ မြွေကြီးက အလွယ်တကူနောက်ဆုတ်သွားလို့ တော်သေးတာပေါ့ဗျာ ''

ဟုပြောလေ၏။ မိန်းမပျိုက ထိုအခါမှပင် အကြောက်ပြေဟန်ရှိပြီး

'' ကျွန်မ စမ်းချောင်းထဲမှာ ရေချိုးပြီး ကမ်းပေါ်တက်လာတုန်းမှာ စပါးကြီးမြွေကြီးနဲ့ ထိပ်တိုက်တွေ့တာပဲ၊ ဒါကြောင့် ထိတ်လန့်ပြီး ခေါင်းထဲမှာ မိုက်ခနဲဖြစ်ပြီး မေ့မြောသွားတာပဲ ''

ဟုပြောလေ၏။ ထိုအခါ ချယ်ရီသည် လုံချည်ရင်လျားဖြစ်နေသော မိန်းမပျိုကိုကြည့်၍

'' ရှင့်အဝတ်အစားတွေ ဝတ်လိုက်ဦးလေ၊ တော်ကြာ အအေးမိနေဦးမယ် ''

ဟု သတိပေးလေရာ သူမသည် အနီးရှိ ချုံထဲသို့ဝင်ကာ အဝတ်အစားများကို လဲလှယ်ဝတ်ဆင်လေ၏။

အဝတ်အစားလဲလှယ်ပြီးသောအခါ မိန်းမပျိုက အောင်လံကို ကျေးဇူးတင်ဟန်ဖြင့်ကြည့်၍

'' ကျွန်မအသက်ကို ကယ်ခဲ့တာ ကျေးဇူးတင်ပါတယ်ရှင်၊ ကျွန်မနာမည် နန္ဒာလို့ခေါ်ပါတယ်၊ ကျွန်မတို့က ဆင်ဖြူတိုင်ဘက်ကို သွားမယ့် မျက်လှည့်အဖွဲ့ကပါ၊ ကျွန်မတို့မျက်လှည့်အဖွဲ့က ဟိုးရှေ့ကတောင်ကုန်းကြီးမှာ စခန်းချနေပါတယ်၊ အဖော်တွေကို မစောင့်ဘဲ ကျွန်မတစ်ယောက်တည်း ထွက်လာခဲ့တာ၊ ကံကောင်းလို့ ဒုက္ခရောက်တာဘဲ ''

ဟု ရေရွတလေ၏။ အောင်လံနှင့် ချယ်ရီသည် မိန်းမပျိုတို့အဖွဲ့က ဆင်ဖြူတိုင်သို့ သွားမည်ဆိုသဖြင့် ၎င်းတို့အဖွဲ့နှင့် လိုက်ပါရန် စိတ်ကူးပေါက်လေ၏။

ဆင်ဖြူတိုင်သို့ မိမိတို့နှစ်ယောက်တည်း စမ်းတဝါးဝါးနှင့် ခရီးဆက်နေရသည်နှင့်စာလျှင် မျက်လှည့်အဖွဲ့နှင့် လိုက်ပါလျှင် ပိုမို၍ အဆင်ပြေနိုင်၏။

ထို့ကြောင့် အောင်လံက မျက်လှည့်အဖွဲ့နှင့် အတူလိုက်ပါလိုကြောင်းပြောလေရာ နန္ဒာဆိုသော မိန်းမပျိုက ဝမ်းမြောက်စွာသာ







www.burmeseclassic.com

www.burmeseclassic.com



ဖိတ်ခေါ်လေ၏။

ထို့နောက်တွင်မူ အောင်လံနှင့် ချယ်ရီသည် နန္ဒာဆိုသော မိန်းမပျို၏နောက်သို့ လိုက်ခဲ့လေ၏။

ကုန်းမြင့်ကြီးကို ကျော်ဖြတ်ပြီးသောအခါ တောင်စောင်းတစ်ခုအနီးတွင် အနားယူနေသော လူအုပ်စုတစ်စုကို တွေ့ရလေ၏။ ထိုသူများမှ သက်လတ်ပိုင်း၊ သက်ငယ်ပိုင်းအရွယ် လူ ၁၇ ယောက် အုပ်စုရှိပြီး မိန်းမပျို ၃ယောက်သာပါရှိ၏။

မျက်လှည့်အဖွဲ့ဝင်များသည် မိန်းမပျိုနှင့်အတူ ပါလာသော အောင်လံနှင့် ချယ်ရီကိုကြည့်၍ လှုပ်လှုပ်ရွရွ ဖြစ်သွားလေ၏။

မျက်လှည့်အဖွဲ့ ခေါင်းဆောင်သည် အသက် ၄၀ ဝန်းကျင် လူတစ်ယောက်ဖြစ်ပြီး အရပ်အမောင်းကောင်း၍ နှုတ်ခမ်းမွေးစရှိပြီး ဥပဓိရုပ်ကောင်းမွန်သူဖြစ်၏။ ထိုသူသည် မိန်းမပျို၏အနီးသို့ လျှောက်လာပြီး

'' သူတို့က ဘယ်သူတွေလဲ ညီမလေး ''

ဟု မေးမြန်းလေ၏။ နန္ဒာဆိုသော မိန်းမပျိုက သူမ၏ထိတ်လန့်ဖွယ်အဖြစ်ဆိုးကို ခေါင်းဆောင်အား ပြန်လည်ပြောဆိုလေရာ မျက်လှည့်အဖွဲ့သားများအားလုံး တုန်လှုပ်ချောက်ချားသွားလေ၏။

မျက်လှည့်အဖွဲ့၏ခေါင်းဆောင်က မိန်းမပျို၏စကားကို တည်ငြိမ်စွာ နားထောင်၍ အောင်လံဘက်သို့လှည့်ကာ





'' ကျုပ်ညီမရဲ့အသက်ကို ကယ်တင်ပေးခဲ့တာကျေးဇူးတင်ပါတယ်၊ ညီမလေးဟာ ရောက်လေရာနေရာမှာ တစ်ဇွတ်ထိုးလုပ်တတ်လို့ ပြဿနာဖြစ်ပေါင်းများလှပြီ၊ အခုလဲ ကျုပ်တို့အဖွဲ့က မိန်းကလေးတွေ ထမင်းချက်နေတုန်းမှာ သူတစ်ယောက်တည်းထွက်သွားတော့တာပဲ၊ ဒါနဲ့ မောင်ရင်တို့က ဆင်ဖြူတိုင်ကို ဘာကိစ္စသွားမှာလဲ ''

ဟုမေးမြန်းလေ၏။ အောင်လံသည် မျက်လှည့်အဖွဲ့ခေါင်းဆောင်၏အမေးကြောင့် မည်သို့ဖြေရမှန်းမသိဖြစ်သွားလေ၏။

ထိုအခါချယ်ရီက ဝင်၍

'' ဒီလိုပါအစ်ကို၊ ကျွန်မတို့မောင်နှမဟာ အဖေကို လိုက်ရှာနေတာပါ၊ တစ်ဖက်နိုင်ငံ နယ်စပ်ဒေသ ဆင်ဖြူတိုင်ဘက်မှာ အဖေ အလုပ်လုပ်နေတယ်ဆိုလို့ လိုက်ရှာနေတာပါ၊ အဖေဟာ ညီမတို့ မိသားစုနဲ့ ခွဲခွာသွားတာ ၆နှစ်လောက်ရှိပါပြီ ''

ဟု ဖြတ်ထိုးဉာဏ်ကောင်းကောင်းဖြင့် ဖြေကြားလေရာ မျက်လှည့်အဖွဲ့ခေါင်းဆောင်က သက်ပြင်းချ၍

'' ဒီဒေသအကြောင်းကို ကျုပ်တို့ ကောင်းကောင်းသိပါတယ်၊ အကယ်တော့ ဒီဒေသကို မင်းတို့လိုက်မလာသင့်ဘူး၊ အန္တရာယ် သိပ်များတယ် ''

ဟုပြောလေရာ အောင်လံက စိတ်ဝင်စားစွာဖြင့်

'' ဒီဒေသအကြောင်းကို ကျွန်တော်တို့သိအောင် နည်းနည်း



www.burmeseclassic.com

www.burmeseclassic.com



ပြောပြပါလား။ ကျွန်တော်တို့ မောင်နှမဟာ လာသာလာခဲ့ရပေမယ့် စမ်းတဝါးဝါးပါပဲ ''

ဟု ပြောလေ၏။ ထိုအခါ မျက်လှည့်အဖွဲ့ခေါင်းဆောင်က ခေါင်းညိတ်၍

'' အချိန်တွေ အများကြီးရှိပါသေးတယ်၊ အေးအေးဆေးဆေး ထမင်းစားပြီးမှ ပြောကြတာပေါ့၊ ကျုပ်တို့မျက်လှည့်အဖွဲ့ ဒီနေရာမှာ ညအိပ်ကြမယ်၊ ညရောက်ရင် မင်းတို့သိချင်တာတွေ ပြောပြမယ် ''

ဟုဆိုကာ စကားကို ဖြတ်လိုက်၏။ မိန်းမပျိုက အောင်လံနှင့် ချယ်ရီကိုခေါ်ယူ၍ ထမင်းစားရန် ဖိတ်ခေါ်လေ၏။

ညနေစာကို ထမင်းနှင့် ဆိတ်သားခြောက်ဖုတ်ကို စား သောက်ရ၏။

အောင်လံတို့ ထမင်းစားပြီးသောအခါ နန္ဒာဆိုသော မိန်းမပျို က ချယ်ရီနှင့်အောင်လံကို သူမ၏ အစ်ကိုထံသို့ ခေါ်သွားလေ၏။

ထိုသူသည် ကျောက်တုံးကြီးပေါ်တွင် ဆေးတံတစ်လက်ကို ခဲ၍ ထိုင်စောင့်နေလေ၏။

အောင်လံတို့နှစ်ယောက်ကို အနီးတွင် ထိုင်နိုင်းပြီးနောက် ဆပ်ဖြူတိုင်ရွာအကြောင်းကို ပြောပြလေ၏။

'' တကယ်တော့ ဆင်ဖြူတိုင်ရွာဟာ နယ်စပ်ရွာလေး တစ် ရွာပါ။ ဒီရွာမှာ ရိုးသားအေးဆေးတဲ့ ရွာသူရွာသားတွေပဲ ရှိနေပါတယ်





ဒီဒေသမှာ အမှန်တကယ်ရှုပ်ထွေးတာက ဆင်ဖြူတိုင်နဲ့ ၅ မိုင် လောက်ဝေးတဲ့ နေရာမှာပါ၊ ဒီနေရာမှာတော့ ကုန်သည်တွေ ခြေချင်း လိမ်ပြီး အလွန်ရှုပ်ထွေးတယ်၊ ရှေးဟောင်းပစ္စည်း ခိုးထုတ်တဲ့အဖွဲ့ တွေ ပုလဲကုန်သည်တွေ၊ ကျောက်ကုန်သည်တွေ မျိုးစုံအောင်ရှိတယ်၊ တစ်ဖက်နိုင်ငံက ကုန်သည်တွေ ဝင်ထွက်သွားလာကြတဲ့အတွက် လောင်းကစားဝိုင်းတွေ၊ အရက်ဆိုင်တွေ၊ စားသောက်ဆိုင်တွေလဲ မနည်းဘူး၊ အင်မတန်ခေါင်တဲ့ဒေသဖြစ်ပေမယ့် မြို့ငယ်လေးတစ်မြို့ လို စည်ကားနေတယ်၊ ဒီဒေသမှာ တန်ခိုးအထွားဆုံးကတော့ ဘိုးတော် လှရဲ့အဖွဲ့ပဲ ''

ဟုပြောလေရာ အောင်လံက မျက်မှောင်ကြုတ်၍

'' ဘိုးတော်လှဟုတ်လား၊ ဒီလိုဒေသမျိုးမှာလဲ ဘိုးတော်ရှိတာ ပဲလား ''

ဟု မေးမြန်းလေ၏။ မျက်လှည့်အဖွဲ့ခေါင်းဆောင်က ခေါင်းခါ ယမ်း၍

'' ဒီလူတွေဟာ ဘိုးတော်အစစ်လို့ ကျုပ်မယုံကြည်ပါဘူး၊ အဆင့်အတန်းမြင့်မြင့် လိမ်စားနေတဲ့သူပါ၊ ဘိုးတော်လှရဲ့ခြံကြီးဟာ ဆင်ဖြူတိုင်နဲ့ အဝေးတော်ဝေးတဲ့အရပ်မှာရှိတယ်၊ ခြံကြီးရဲ့စည်းရိုးကို ခိုင် ခိုင်မာမာကာရံထားပြီး ခြံထဲမှာ ဝတ်ဖြူစင်ကြယ်ဝတ် ဘိုးတော်လှရဲ့ တပည့်တပန်းတွေရှိတယ်၊ ဒေသခံလူတွေကတော့ ဘိုးတော်လှမှာ




www.burmeseclassic.com

www.burmeseclassic.com



တန်ခိုးစွမ်းအင်ရှိတယ်လို့ ယုံကြည်ကြတယ်၊ လူတွေမှာ အခက်အခဲရှိရင် ဘိုးတော်လှရဲ့ သိဒ္ဓိအဆောင်တွေက ရန်အန္တရာယ်တွေ အောင်မြင်နိုင်တယ်လို့ ထင်မြင်ကြတယ်၊ တကယ်တော့ ဘိုးတော်လှဟာ သတ္တဝါတွေကို ကယ်တင်ပါမယ်လို့အကြောင်းပြပြီး ရှေးဟောင်းပစ္စည်းနဲ့ ဘိန်းမှောင်ခိုချနေတဲ့သူပါ ''







ဟု ပြောဆိုလေရာ၊ အောင်လံတို့သည် တအံ့တသြနားထောင်ကြလေ၏။

မူးက်လှည့်အဖွဲ့ခေါင်းဆောင်က ဆက်လက်၍

'' ဘိုးတော်လှရဲ့ တပည့်တပန်းတွေဟာ အယောက် ၅၀ လောက်ရှိတယ်၊ ဒီလူတွေ အားလုံးဟာ မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးတွေနဲ့ သူတော်ကောင်းဟန်ဆောင်ထားကြပေမယ့် သူတို့အားလုံး





www.burmeseclassic.com

www.burmeseclassic.com



အကျင့်စာရိတ္တ မကောင်းတဲ့သူတွေချည်းပဲ၊ ဒီဒေသကလူတွေဟာ အခက်အခဲနဲ့တွေ့ရင် ဘိုးတော်လုရဲ့ခြံကြီးကိုသွားကြတယ်၊ ဘိုးတော်လုကလဲ ခုနစ်ရက်သားသမီးတွေကို ကယ်တင်မယ်လို့ ကြွေးကြော်ထားတဲ့သူကိုး၊ ဘိုးတော်လုဟာ သူ့ဆီကို ဒုက္ခရောက်လို့ လာတွေ့ကြတဲ့သူတွေကို အထင်ကြီးအောင် အမျိုးမျိုးလုပ်ပြတယ်၊ ကောင်းကင်ကိုမော့ မျက်လုံးမှိတ်ပြီး လက်ဝါးဖြန့်လိုက်တာနဲ့ ဘယ်က ရောက်လာမှန်း မသိတဲ့အဆောင်တွေ၊ ပုတီးတွေ၊ ရဟန္တာရုပ်တွေကို လူတွေကိုပေးပြီး အထက်က ဆရာကြီးတွေ ပေးလိုက်သယောင်လုပ်ပြတယ်''

ဟုပြောလေရာ ချယ်ရီက စိတ်ဝင်စားဟန်ဖြင့်

'' ဟင် ဒါဆိုရင် ဘိုးတော်လုရဲ့ လက်ထဲကို ဘယ်လိုလုပ် အဆောင်တွေ၊ ပုတီးတွေ ရောက်လာတာလဲ ''

ဟု မေးမြန်းလေ၏။ မျက်လှည့်အဖွဲ့ခေါင်းဆောင်က သက်ပြင်းချ၍

'' သူဟာ တခြားလူတွေဆိုရင်တော့ လိမ်လို့ရချင်ရမယ်၊ ကျုပ်ကိုတော့ လိမ်လို့မရဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဘိုးတော်လုရဲ့ တန်ခိုးပြကွက်တွေဟာ မျက်လှည့်ပြကွက်တွေဖြစ်လို့ပဲ၊ သူပြသလို ကျုပ်လဲ ပြလို့ရတယ်၊ ဟောဒီမှာကြည့် ''

မျက်လှည့်အဖွဲ့ခေါင်းဆောင်သည် မျက်လုံးမှိတ်၍ တစ်စုံတစ်ရာကို ဆုတောင်းလိုက်ပြီး လက်နှစ်ဖက်ကို ကောင်းကင်ပေါ်သို့





ထောင်၍ ဇော့ယမ်းလိုက်၏။



အောင့်လံနှင့် ချယ်ရီသည် မျက်တောင်မခတ်တမ်းကြည့်ရှုနေစဉ်မှာပင် ၎င်း၏လက်ထဲသို့ လွန်စွာသေးငယ်သော ကြေးရေခွက်ကလေး ရောက်ရှိလာလေ၏။ မျက်လှည့်ဆရာက ချယ်ရီ၏အရှေ့ တွင် ကြေးရေခွက်ကို ထောင်ပြလိုက်ပြီး

'' ကောင်းကင်ကလာတဲ့ ကြေးရေခွက်ကို ကောင်းကင်ကိုပဲ ပြန်ပို့ပေးရမယ် ''

ဟုဆိုကာ ကောင်းကင်ပေါ်သို့ မော့ကြည့်၍ ရေခွက်ကိုမြှောက်တင်ဟန်ပြုလိုက်ရာ သူ၏လက်ထဲတွင် ရေခွက်ကို မတွေ့ရတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



❋ ချယ်ရီသည် တအံ့တသြဖြင့်

'' ဟယ် ရေခွက်ကလေး ပျောက်သွားပြီတော့ ''

ဟု အော်ဟစ်လိုက်လေ၏။

မျက်လှည့်ဆရာက ရယ်မော၍

'' ဒီလိုနည်းမျိုးတွေသုံးပြီး ဘိုးတော်လုက လိမ်စားနေတာပါ ဒီနေရာက အင်္ဂလိပ်အစိုးရရဲ့ အာဏာစက် မပြန့်နှံ့နိုင်တဲ့နေရာဖြစ်လို့ ဘိုးတော်လုရဲ့အဖွဲ့ဟာ ဖြစ်ချင်တိုင်းဖြစ်နေတာပေါ့၊ သူ့ရဲ့ တန်ခိုးပြ ကွက်တွေထဲမှာ အလိုလိုနေရင်း ဘုရားခန်းထဲက ဖယောင်းတိုင်တွေ မီးထတောက်တာ၊ ရောင်ခြည်တွေ တဝင်းဝင်းလက်တာတောင်ရှိ သေးတယ်၊ ဒါကြောင့်လဲ ဒေသခံရွာသားတွေဟာ သူပေးတဲ့ အဆောင် ယတြာတွေကို လက်ခံပြီး ယုံကြည်နေကြတာပေါ့၊ ဒေသခံတွေရဲ့ ယုံကြည်မှုကို အလွဲသုံးစားလုပ်ပြီး ရှေးဟောင်းပစ္စည်းနဲ့ ကျောက်စိမ်း တွေ၊ ပုလဲတွေကို တစ်ဖက်နိုင်ငံကို ရောင်းစားပြီး စီးပွား ဖြစ်နေသူပေါ့ ဘိုးတော်လုဟာ တစ်ဖက်နိုင်ငံဘက်ကိုလဲ သာသနာပြုဖို့ အကြောင်း ပြပြီး မကြာခဏ ခရီးထွက်လေ့ရှိတယ်၊ ကျုပ်အထင်တော့ တစ်ဖက်နိုင်ငံ က မှောင်ခိုအဖွဲ့တွေနဲ့ သွားပြီးတွေးနွေးရင်း မိန်းမတွေနဲ့ ပျော်ပါးတယ် လို့ထင်တယ်၊ ကျုပ်တို့ဘက်ကဖြစ်ဖြစ်၊ တစ်ဘက်နိုင်ငံကဖြစ်ဖြစ် ကုန်သွယ်ဖို့ရောက်လာတဲ့သူတွေဟာ ဒီဒေသကို ရောက်ရင် ဘိုးတော် လုကို ယုံကြည်သည်ဖြစ်စေ၊ မယုံကြည်သည်ဖြစ်စေ၊ သွားတွေ့ပြီးလို့





အန္တရာယ်ကင်းတယ်၊ သူကိုမတွေ့တဲ့သူတွေဟာ အန္တရာယ်တွေ့တတ် တယ်၊ ဒါကြောင့် ကုန်သည်တွေဟာ ဘိုးတော်လုကို သတိထားပြီး ဆက်ဆံနေကြတယ် ''

ဟုပြောလေရာ အောင်လံက သက်ပြင်းချ၍

'' ဒါဆိုရင် ဒီလူကြီးဟာ ဒုစရိုက်သမားကြီးပဲ၊ ဒေသခံတွေက သူ့ကို ကိုးကွယ်နေကြတာ အံ့ဩစရာပဲ ''

ဟု မှတ်ချက်ချလေ၏။ မျက်လှည့်ဆရာက ရယ်မော၍

'' ဟား ဟား ဟား... ဆင်ဖြူတိုင်ကိုရောက်ရင် မင်းပါးစပ်က ဒီလို မထွက်မိစေနဲ့၊ ဒေသခံတွေအားလုံး မင်းကိုရှောင်ခွာသွားလိမ့်မယ်၊ ရွာသူရွာသားတွေဟာ ဘိုးတော်လု မကောင်းမှုလုပ်တာကို သိကြတယ်၊ ဒါပေမယ့် သူ့ရဲ့ တန်ခိုးရှင်လိုလို အလိမ်အညာ အဖြီးအဖြန်းတွေကို ယုံကြည်ပြီး ထိတ်လန့်နေကြတာပဲ ''

ဟုပြောလေ၏။ ထိုအခါ ချယ်ရီက ဝင်၍

'' ဒါတွေဟာ အလိမ်အညာ အဖြီးအဖြန်းတွေဆိုပြီး ဖော် ထုတ်လိုက်ရင် ပြီးတာပဲ ''

ဟု ပြောလေ၏။ မျက်လှည့်ဆရာကဝင်၍

'' မင်းရဲ့ ဖော်ထုတ်မှုတွေမစမီမှာပဲ မင်းကို ဘိုးတော်လု သူတွေက အစပျောက်ပစ်လိုက်မယ်၊ ဘိုးတော်လုမှာ ဝတ်ဖြူစင် ကြယ်ဝတ် တပည့်ဆယ်ယောက်နဲ့ လူဆိုးလူသွမ်းအဲယောက်နှစ်ဆယ်



www.burmeseclassic.com

www.burmeseclassic.com



လောက်ရှိတယ်၊ သူတို့အားလုံးဟာ အပြာရောင်ဝတ်စုံတွေကို ဝတ်ထားကြတယ်၊ တကယ်တော့ ဒီနယ်မြေဟာ နှစ်နိုင်ငံနယ်စပ်ဖြစ်နေတော့ အစိုးရတွေ လက်လှမ်းမမီတာလဲ ပါတာပေါ့ကွာ၊ ဒါကြောင့် ဆင်ဖြူတိုင်ကိုရောက်ရင် အစစအရာရာ သတိထားပြီးနေပါ၊ အခက်အခဲနဲ့တွေ့ရင် ကျုပ်ကိုလာပြောပါ၊ တတ်နိုင်တဲ့ အကူအညီဆိုပေးပါမယ်၊ ကျုပ်ညီမရဲ့အသက်ကို ကယ်တင်ခဲ့တဲ့ကျေးဇူးကို ဘယ်တော့မှ မမေ့ပါဘူး၊ ကဲ... မောင်ရင်တို့လဲ ပင်ပန်းရော့မယ်၊ အေးအေးဆေးဆေး အနားယူပြီး အိပ်စက်လိုက်ပေတော့ ''

ဟု ပြောကာ စီးကရက်တစ်လိပ်ကို ထုတ်ယူ၍ မီးညှိသောက်နေလေ၏။ အောင်လံနှင့် ချယ်ရီသည် မျက်လှည့်အဖွဲ့ခေါင်းဆောင်၏ အနီးမှ ထွက်ခဲ့လေတော့၏။

အောင်လံနှင့် ချယ်ရီသည် ကျောက်တုံးကြီးအနီးတွင် သွားထိုင်ကြပြီးနောက် ချယ်ရီက

'' မျက်လှည့်ဆရာရဲ့ ပြကွက်တွေ သိပ်ကောင်းတယ်နော်''

ဟု ချီးမွမ်းလေရာ အောင်လံက ခေါင်းညိတ်၍

'' ကျုပ်လဲ မျက်လှည့်ပညာကို နည်းနည်းပါးပါးတော့ တတ်ပါတယ်၊ ဒါပေမယ့် ဒီလူရဲ့ပြကွက်တွေကတော့ အဆင့်မြင့်တာ အမှန်ပဲ၊ သူတို့အဖွဲ့ဟာ သာမန်မျက်လှည့်အဖွဲ့တစ်ဖွဲ့နဲ့မတူဘူး၊ ကျုပ်အမြင်မှာ ထူးဆန်းနေသလိုပဲ၊ မျက်လှည့်ဆရာဟာ လျှို့ဝှက်ပြီး အစွမ်း





သတ္တိတစ်ခု ရှိနေသလို ခံစားရတယ် ''

ဟုပြောလေ၏။ ထိုအခိုက်မှာပင် အနီးသို့ နန္ဒာဆိုသော မိန်းမပျို ရောက်ရှိလာပြီး

'' ရှင်တို့မောင်နှမ ဘာတွေ စကားကောင်းနေတာလဲ၊ အိပ်တော့လေ၊ မနက်ခရီးဆက်ရဦးမယ် ''

ဟုဆိုသဖြင့် အောင်လံက ချယ်ရီကို သူမနှင့် သွားအိပ်ရန် ပြောလေ၏။ အောင်လံကမူ မျက်လှည့်အဖွဲ့ရှိ ယောကျ်ားများနှင့် သွားရောက် အိပ်စက်လေ၏။

✿✿✿✿✿



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့နံနက်တွင် မျက်လှည့်အဖွဲ့သည် ခရီးစတင်ရန် ပြင်ဆင်လေ၏။ မျက်လှည့်ဆရာက အောင်လံတို့ဘက်သို့လှည့်၍

'' ဒီနေ့ နေ့လယ်လောက် ဆင်ဖြူတိုင်ကိုရောက်မယ်၊ ဟို ရောက်ရင်တော့ အတော်စည်ကားတဲ့ ရွာကြီးတစ်ရွာဆိုတာ တွေ့ရ ပါလိမ့်မယ် ''

ဟုပြောလေရာ ချယ်ရီကဝင်၍

'' ဒီဒေသဟာ အလွန်စည်ကားတယ်ဆိုပေမယ့် ကျွန်မတို့ အလာလမ်းမှာတော့ လူသူအရောက်အပေါက်နည်းလိုက်တာ ''





ဟုပြောလေ၏။ မျက်လှည့်ဆရာက ခေါင်းခါ၍

'' ဒီလမ်းက ဆင်ဖြူတိုင်ကိုသွားတဲ့လမ်းမမဟုတ်တာ၊ ဆင်ဖြူတိုင်ကို ဒီလမ်းက ဘယ်သူမှသွားလေ့မရှိဘူး၊ ဆင်ဖြူတိုင်ကို သွားမယ့်လူတွေဟာ ဝဇွမ်းချောင်းဘက်က သွားလေ့ရှိတယ်၊ အဲဒီ လမ်းကသွားရင် လူတွေနဲ့ စည်စည်ကားကားတွေ့ရလိမ့်မယ်၊ အန္တရာယ် တော့ သိပ်များတယ်၊ ကုန်သည်တွေကိုစောင့်ပြီး ခါးပြတိုက်တဲ့အဖွဲ့ တွေ အများကြီးရှိတယ် ''

ဟုပြောလေ၏။ ထို့နောက်တွင်မူ အောင်လံတို့အဖွဲ့သည် စတင်၍ ခရီးဆက်ခဲ့လေ၏။ လမ်းခရီးသည် တောင်တန်းများမရှိ တော့ဘဲ ပြေလျော့သွားလေ၏။

နေ့လယ်သို့ ရောက်သောအခါ ဆင်ဖြူတိုင်အနီး ပတ်ဝန်းကျင် သို့ ရောက်သောအခါ ကုန်သည်မျိုးစုံကို မြင်းများ၊ လှည်းများနှင့် တွေ့ရသဖြင့် အောင်လံတို့သည် အံ့သြသွားလေ၏။

ဆင်ဖြူတိုင်ရွာသည် ရွာကြီးတစ်ခုဖြစ်ပြီး ကုန်သည်များဖြတ် သန်းသွားလာသဖြင့် လက်ဖက်ရည်ဆိုင်၊ ထမင်းဆိုင်များရှိသော် လည်း ရွာလူရွာသားများသည် ရိုးသားအေးဆေးကြလေ၏။ မျက်လှည့် ဆရာက အောင်လံတို့အနီးသို့လာ၍

'' ဒါဟာ ဆင်ဖြူတိုင်ရွာပဲ၊ ရိုးသားအေးဆေးတဲ့ ရွာသူရွာ သားတွေ နေထိုင်ကြတယ်၊ ဒီဒေသမှာ ဆင်ဖြူတိုင်လို နာမည်ကျော်



www.burmeseclassic.com

www.burmeseclassic.com



ကြားတဲ့နေရာက ဒီရွာနဲ့ အတော်လှမ်းလှမ်းမှာရှိတယ်၊ အဲဒီမှာတော
တကယ်ဆိုးသွမ်းတဲ့နေရာပဲ၊ အရက်ဆိုင်တွေ၊ ဘိန်းခန်းတွေ၊ ပြည့်တ
ဆာတွေနဲ့ ပြည့်နှက်နေတယ်၊ ကုန်သည်တွေရော၊ လူဆိုးဓားပြတွေရေ
ခြေချင်းလိမ်နေတဲ့နေရာပေါ့၊ တကယ်တော့ တစ်ဖက်နိုင်ငံနဲ့ ထိစပ်
တာမို့ လူပေါင်းစုံဝင်ထွက်သွားလာနေတာပဲ၊ ဒီနေရာဟာ မြန်မာပြည်
အဖိုးတန်ရှေးဟောင်းပစ္စည်းနဲ့ ကျောက်စိမ်းတွေယိုစီး ထွက်တဲ့နေရာ
ဗြိတိသျှအစိုးရရဲ့ အာဏာစက်မကျရောက်နိုင်တဲ့ အတွက် ဒီလိုဖြစ်နေ
တာပဲ ''







ဟု ရှင်းလင်းပြလေ၏။ ထိုအမိုက်မှာပင် ဆင်ဖြူတိုင်ရွာဟု နာမည်ကျော်ကြားနေသော ရွာကြီးသို့ ရောက်ခဲ့လေတော့၏။

ထိုရွာကြီး၏ ပတ်ဝန်းကျင်တွင် ကုန်သည်များနှင့် မျက်နှာစိမ်းမျိုးစုံ ဝင်ထွက်သွားလာနေကြ၏။

ခေါက်ဆွဲဆိုင်၊ ထမင်းဆိုင်၊ အရက်ဆိုင်နှင့် ဘိန်းခန်းများ တည်းခိုနိုင်သော အိမ်ကြီးများရှိ၏။

မျက်လှည့်အဖွဲ့ခေါင်းဆောင်က အောင်လံ၏ပခုံးကို လက်ဖြင့်ပုတ်၍

'' ကဲ ကျုပ်တို့လမ်းခွဲကြမယ်မောင်ရင်၊ အကူအညီလိုရင် ကျုပ်ဆီကို အချိန်မရွေးလာခဲ့ပါ၊ ကျုပ်တို့အဖွဲ့ ဒီနေရာမှာ ဖလလောက် ရှိမယ်ထင်တယ်၊ ကျုပ်တို့ ပြန်ဆုံကြဦးမှာပါ၊ ဒီဒေသမှာနေရင်တော့ ဘိုးတော်လှကို အထူးဂရုစိုက်ပါ၊ သူဟာ ဒီဒေသမှာ တန်ခိုးအထွားဆုံးပဲ ''

ဟု ပြောလေ၏။ အောင်လံတို့သည် မျက်လှည့်အဖွဲ့နှင့် လမ်းခွဲထွက်ရန် ပြင်ဆင်နေစဉ် နန္ဒာဆိုသော မိန်းမပျိုက အောင်လံ၏အနီးသို့လာ၍

'' ဒီရွာကလေးက ကျဉ်းကျဉ်းလေးပါ၊ ကျွန်မတို့ ပြန်တွေ့ကြဦးမှာပါ၊ ကျွန်မအသက်ကို ကယ်တင်ပေးတဲ့ကျေးဇူးကို ဘယ်တော့မှ မမေ့ပါဘူး ''



www.burmeseclassic.com

www.burmeseclassic.com



ဟု လှိုက်လှိုက်လှဲလှဲပြောလေ၏။ အောင်လံတို့သည် မျ
လှည့်အဖွဲ့နှင့် လမ်းခွဲထွက်ပြီး လူအများရှုပ်ထွေးနေသော ရွာလ
လမ်းမကြီးကို လှည့်လည်ကြည့်ရှုလေ၏။ ချယ်ရီက လှုပ်လှုပ်ရွရွ သွား
လာနေသော လူများကိုကြည့်၍

'' ဆင်ဖြူတိုင်ရွာအစ်စက ရိုးသားအေးဆေးတဲ့ ရွာသားတွေ
ရှိပေမယ့် ဆင်ဖြူတိုင်လို့ ကျော်ကြားတဲ့ ဒီနေရာမှာတော့ ကုန်သည်
တွေ ခြေချင်းလိမ်နေတာပဲနော်၊ ကဲ ကျွန်မတို့ နေ့လယ်စာ စားရအော
ဟိုရှေ့က တရုတ်ဆိုင်ကိုပဲ ဝင်စားကြမယ် ''

ဟုပြောကာ တရုတ်ခေါက်ဆွဲဆိုင်သို့ဝင်၍ ခေါက်ဆွဲကြော်
အစိမ်းကြော်၊ တောက်တောက်ကြော်တို့ကို မှာယူ၍ စားသောက်
လေ၏။ ခေါက်ဆွဲဆိုင်၏ ကြော်လှော်ချက်ပြုတ်ပုံမှာ မြို့ကြီးများကဲ့ သို့
အရသာကောင်းမွန်လှကြောင်းတွေ့ရ၏။

သူမက ခေါက်ဆွဲစားရင်း နံရံရှိ ဆီဆေးပန်းချီကားတစ်ချ
လက်ညှိုးညွှန်ပြလိုက်၏။

အောင်လံက လှမ်းကြည့်လိုက်သောအခါ ဝတ်ဖြူစင်ကြ
ဝတ်ဆင်ထားသော မုတ်ဆိတ်မွေး ပါးမြိုင်းမွေးများနှင့် လူကြီး
ပုံကို တွေ့ရပြီး ပုံ၏အောက်တွင် 'အနန္တကျေးဇူးရှင် ဆရာ
ဘိုးတော်လှ' ဟုရေးသားထားလေ၏။

ဤဒေသရှိ လူများသည် ဘိုးတော်လှကို အမှန်တကယ





ယုံကြည်ကြပုံရ၏။

အောင်လံနှင့်ချယ်ရီသည် ခေါက်ဆွဲကြော်တစ်ပွဲစီ စားသောက်
ပြီးစီးသောအခါ ဆိုင်အနီး၌ လူစုလူဝေးကြီးကိုတွေ့ရသဖြင့် ဆိုင်ရှင်
တရုတ်ကြီးကို မေးမြန်းကြည့်လေရာ တရုတ်ကြီးက

'' သူခိုးတစ်ယောက်ကို ကြိမ်ဒဏ်ပေးမလို့ကွ ''

ဟုပြောလေရာ အောင်လံက အံ့ဩဟန်ဖြင့်

'' ဒီဒေသမှာ တရားဥပဒေစိုးမိုးမှုရှိသားပဲ၊ ဒါနဲ့ ကြိမ်ဒဏ်ပေး
တာ ဘယ်သူလဲ သူကြီးလား ''

ဟုမေးမြန်းလေ၏။ တရုတ်ကြီးက ခေါင်းခါ၍

'' ဒီဒေသမှာ သူကြီးမှမရှိတာ၊ ဘိုးတော်လှရဲ့တပည့်တွေကပဲ
ကြိမ်ဒဏ်ပေးမှာပေါ့ ''

ဟုပြောလေရာ အောင်လံတို့သည် အံ့ဩသွားလေ၏။

ဘိုးတော်လှတို့အဖွဲ့သည် အများပြည်သူများ၏အမြင်တွင် သူ
တော်ကောင်းဟု ထင်မြင်စေရန် ကြိုးပမ်းနေပုံရ၏။ အောင်လံတို့သည်
အစားအသောက်များကို လျှင်မြန်စွာ လက်စသတ်၍ လူစုလူဝေးရှိ
ရာသို့ ထွက်ခဲ့လေ၏။

ရွာထိပ်ညောင်ပင်ကြီးအောက်တွင် လူစုလူဝေးကြီးရှိနေပြီး မြေ
ပေါ်တွင်စိုက်ထားသော တိုင်ကြီးနှစ်တိုင်၏အနီးတွင် ထိပ်တုံးခတ်
ထားသော လူတစ်ယောက်ကို တွေ့ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက်မှာပင် ဝတ်ဖြူစင်ကြယ်ဝတ်လူလေးယောက်သည် လူစုလူဝေးရှိရာသို့ ရောက်လာလေ၏။ ထိုသူများသည် ကုတ်ပေါ် သို့ ဝဲကျမနေသော ဆံပင်ရှည်များရှိပြီး မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးများ ရှိလေ၏။

ချယ်ရီက ထိုသူလေးယောက်ကိုကြည့်၍

'' လူလိမ်တွေက သူတော်ကောင်းဟန် ဖမ်းထားကြတယ်၊ နယ်စပ်ဒေသမှာ အသိပညာနည်းတဲ့လူတွေများတော့ သူတို့လိမ်ချင်တိုင်း လိမ်လို့ရတာပေါ့ ''

ဟုတီးတိုးပြောလေ၏။ သူတော်စင်သဏ္ဍာန် ဝတ်ဆင်ထားသော လူလေးယောက်သည် ထိပ်တုံးခတ်ထားသောသူကို ထိပ်တုံးမှဖြုတ်၍ လူအများကြားအောင် အသံကျယ်ကျယ်ဖြင့်

'' ခုနစ်ရက်သားသမီးတွေကို ဒုက္ခမပေးပါနဲ့လို့ အဘက သေသေချာချာမှာထားရက်နဲ့ အခုတော့ သူတစ်ပါးပစ္စည်းကို ခိုးပြန်ပြီ၊ ဒီမှာပေါက်စ မင်းငါတို့ဆုံးမတာ ဘာဖြစ်လို့ နားမထောင်တာလဲ ''

ဟုပြောလေရာ ပေါက်စဆိုသူက အသံတုန်တုန်ယင်ယင်ဖြင့်

'' ဒီတစ်ခါတော့ ကျွန်တော်မခိုးပါဘူး၊ ချစ်စန်းခိုးတာပါ၊ ဆရာတို့ ကျွန်တော့်ကိုမှားပြီးဖမ်းတာပါ ''

ဟုပြောလေ၏။ ထိုအခါ ဝတ်ဖြူစင်ကြယ်တစ်ဦးက ခေါင်းကို ခါယမ်း၍





'' ဟေ့ကောင် မင်းဘာမှ မုသာဝါဒပြောမနေနဲ့၊ အဘပြော ဘယ်တော့မှမလွဲဘူး၊ အဘမှာ နတ်မျက်စိရှိတယ်၊ မင်းမှာအပြစ် တယ်၊ ကြိမ်ဒဏ်ကိုခံပေတော့ ''

ဟုပြောလေရာ ပေါက်စဆိုသူသည် မျက်စိမှုက်မျက်နှာပျက် ၍ တန်တန်တောင်းပန်သော်လည်း ထိုသူလေးယောက်က ပေါက်စ ကို ပေါ်တွင်စိုက်ထားသော တိုင်နှစ်တိုင်၏ကြားတွင် ကြိုးဖြင့်တုတ် ၍ တ်အစားများကိုချွတ်ကာ ကြိမ်လုံးများဖြင့် တရွှမ်းရွှမ်းရိုက် လေ၏။

ထိုသူများ၏ ရိုက်နှက်မှုပြင်းထန်သောကြောင့် ပေါက်စဆိုသူ ည် အမလေးအဘလေးအော်၍ ခွေညွှတ်ကျသွားလေ၏။ ထိုအခါ င် ဝတ်ဖြူစင်ကြယ်ဝတ်လူများသည် တိုင်တွင်ချည်ထားသော ကြိုး ားကိုဖြုတ်၍ ထွက်ခွာသွားလေ၏။

ကြိမ်ဒဏ်ခတ်ခြင်းကို ကြည့်ရှုနေသော လူစုလူဝေးကြီးသည် ခိုးပေါက်စကို မကူညီရဲဘဲ ထွက်ခွာသွားကြ၏။

အောင်လံသည် နာကျင်လွန်းသောကြောင့် မြေပေါ်တွင်လဲကျ နေသော ပေါက်စဆိုသူကို ကရုဏာသက်ဟန်ဖြင့် အနီးသို့ လျှောက် ွားကာ မေးမလိုက်၏။

အောင်လံက ရေဘူးထဲမှ ရေကိုထုတ်၍တိုက်ကာ

'' ရေသောက်လိုက်ပါဦး၊ ဘာဖြစ်လို့ မကောင်းမှုဒုစရိုက်ကို လုပ်ရတာလဲ ''



www.burmeseclassic.com

www.burmeseclassic.com



ဟုမေးမြန်းလေ၏။ ပေါက်စဆိုသူက ရေကို အငမ်းမရသောက်ရင်း

" ကျုပ်ဟာ အရင်က သူခိုးတစ်ယောက်ဆိုတာ မှန်ပါတယ်။ ဒါပေမယ့် မိန်းမရတဲ့အချိန်ကစပြီး ခိုးတဲ့အလုပ်ကို မလုပ်တော့ပါဘူး။

ဟုပြောလေရာ ချယ်ရီကဝင်၍

" ခိုးတဲ့အလုပ်ကိုမလုပ်ဘဲ ဘာအလုပ်လုပ်သလဲ "

ဟု မေးမြန်းလေ၏။ ပေါက်စဆိုသူက ညည်းညူရင်း

" အား... ကျွတ် ကျွတ်.. လိမ်တဲ့အလုပ်ကိုလုပ်ပါတယ် "

ဟုပြောလေရာ အောင်လံ၏မျက်နှာ ရှုံ့မဲ့သွားပြီး

" ခင်ဗျားဟာ ဘာထူးသေးလို့လဲ၊ လိမ်တဲ့အလုပ်ကလဲ မကောင်းမှုဒုစရိုက်အလုပ်ပါ "

ဟု ပြောလေ၏။ ပေါက်စဆိုသူက လက်ကာ၍

" မတူဘူးဗျ။ ခိုးတဲ့အလုပ်က လူမသိသူမသိခိုးရတာ၊ လိမ်တဲ့အလုပ်ကတော့ လူမြင်ကွင်းမှာ ကိုယ့်ကိုယုံကြည်မှုဖြစ်အောင် ပြောဆိုပြီးလိမ်ရတာ၊ ပိုပြီးအဆင့်မြင့်တယ်၊ ကျုပ်အဆင့်နိမ့်တဲ့အလုပ်ကို မလုပ်တာကြာပါပြီ၊ ဒီအလုပ်ကို လုပ်သွားတာ ချစ်စန်းဆိုတဲ့ကောင်ပါ၊ ဒီကောင်ဟာ မိန်းမနှစ်ယောက်ယူပြီးကတည်းက ခိုးတဲ့အလုပ်ကို ပိုလုပ်လာတယ်၊ ချစ်စန်းဟာ ဆင်ဖြူတိုင်ရဲ့ အဓိပတိသူခိုးကြီးပါ၊ ဘိုးတော်လှရဲ့အဖွဲ့က ချစ်စန်းနဲ့အဆင်ပြေနေလို့ ခိုးမှုဖြစ်တိုင်း ကျုပ်





ကို ကြိမ်ဒဏ်ပေးခံနေရတယ်၊ ဒီကိစ္စကို ကျုပ်လုံးဝမကျေနပ်ဘူး "

ဟု လက်သီးဆုပ်၍ပြောဆိုလေ၏။ ပေါက်စဆိုသူသည် ဘိုးတော်လှကို အတော်မကျေမနပ်ဖြစ်နေပုံရ၍ ချယ်ရီက

" ဒါဆိုရင် ဒီကိစ္စကို ဘိုးတော်လှကို သွားပြောကြည့်ပါလား၊ သူ့တပည့်တွေအကြောင်းကို ဘိုးတော်လှ သိချင်မှသိမှာပေါ့ "

ဟုအကြံပေးလေရာ ပေါက်စက ထွီခနဲတံတွေးထွေး၍

" ဒီကိစ္စတွေကို ဘိုးတော်လှမသိဘဲမနေဘူး၊ ဒီလူကြီးက လူလည်ကြီး ဒီကောင်တွေက ဘိုးတော်လှရဲ့လက်ကိုင်တုတ်တွေ၊ အကယ်တော့ ဘိုးတော်လှအပါအဝင် တစ်ခြံလုံး ကြောင်သူတော်ကြွက်သူခိုးတွေချည်းပဲ၊ ဒီလူတွေ ကျုပ်တို့အရပ်မှာကြီးစိုးနေရင် ကြာရင် ကျုပ်တို့ရွာပျက်လိမ့်မယ် "

ဟု ညည်းညူလေရာ အောင်လံကဝင်၍

" ခင်ဗျားက ဒီရွာသားလား "

ဟုမေးမြန်းလေ၏။ ပေါက်စက ခေါင်းညိတ်၍

" ကျုပ်က ဆင်ဖြူတိုင်ရွာသားအစစ်ပါဗျာ၊ ဘိုးတော်လှတို့ဟာ နောက်မှပေါက်တဲ့ရွှေကြာပင် "

ဟုပြောလေ၏။ ချယ်ရီက စိတ်ဝင်စားဟန်ဖြင့်

" ဘိုးတော်လှက ဆင်ဖြူတိုင်က မဟုတ်ဘူးလား "

ဟုမေးမြန်းလေ၏။



www.burmeseclassic.com

www.burmeseclassic.com



သူခိုးပေါက်စက ခေါင်းညိတ်၍

'' ဒီအကြောင်းတွေကို ကျုပ် အေးအေးဆေးဆေး ပြောပြချင်ပါတယ်၊ ဒါပေမယ့် လောလောဆယ် ဗိုက်ဆာလွန်းလို့ တစ်ခုခုကျွေးပါဦး ''

ဟု တောင်းဆိုလေရာ အောင်လံတို့က သူခိုးပေါက်စအား ခေါက်ဆွဲဆိုင်သို့ပင် ပြန်ခေါ်သွားပြီး ခေါက်ဆွဲကြော်တစ်ပွဲကို မှာယူ၍ ကျွေးမွေးလေ၏။

ပေါက်စသည် ခေါက်ဆွဲကြော်နှစ်ပွဲတိတိ စားသောက်ပြီးသောအခါ လေသံတိုးတိုးဖြင့် ဘိုးတော်လှ၏ ပန်းချီကားကိုလက်ညှိုးညွှန်ပြ၍

'' ဆိုင်ထဲမှာ ဘိုးတော်လှအကြောင်းပြောလို့မကောင်းဘူး ကျုပ်တို့တစ်နေရာရာကို သွားကြမယ် ''

ဟုပြောလေ၏။ ထို့နောက်တွင်မူ ရွာအပြင်သို့ထွက်၍ စမ်းချောင်းကလေးတစ်ခုအနီးတွင် ထိုင်ကြလေ၏။

ထို့နောက် သူခိုးပေါက်စက

'' တကယ်တော့ ဘိုးတော်လှဟာ အခုအချိန်မှာ သူတော်စင်ကြီးဂိုက် ဖမ်းထားပေမယ့် အရင်တုန်းက သူဟာ မုဆိုးတစ်ယောက်ဗျ၊ သူဟာဒီအရပ်ကို အသက် သုံးဆယ်လောက်မှာ မုဆိုးအဖြစ်ရောက်လာပြီး မြင့်မိုရ်လက်ခတ်တောင်ဝန်းကျင်မှာ မုဆိုးလုပ်ခဲ့တယ်၊ နောက်





...တော့ တောထဲမှာ တန်ခိုးရှင်တစ်ပါးနဲ့တွေ့ပြီး သာသနာပြုရမယ်ဆို...ီး အမိန့်ပေးတဲ့အတွက် မုဆိုးအလုပ်ကိုစွန့်လွှတ်ပြီး မြေလျှောက်ဝိဇ္ဇာ...)နှစ်လုပ်ပြီး ဂန္ဓာရီထွက်တယ်၊ ပြီးတော့ ဒီအရပ်ဒေသကို အောင်မြေ...ို့သတ်မှတ်ပြီး (၇)ရက်သားသမီးတွေကို ကယ်တင်နေတယ် ''

ဟုပြောလေရာ ချယ်ရီက သူ၏စကားမဆုံးမီ ဝင်၍

'' ဒါဆိုရင် ဘိုးတော်လှဟာ ဘိုးတော်အစစ်ပဲပေါ့၊ ဒီအရပ်မှာ ...)ရက်သားသမီးတွေကို ကယ်တင်နေတယ်မဟုတ်လား ''

ဟုမေးမြန်းလေ၏။ ပေါက်စက မျက်နှာရှုံ့မဲ့၍

'' ဘယ်က ကယ်တင်ရမှာလဲ၊ သူကယ်တင်ရင် ကျုပ်တို့သူခိုး...ဖြစ်မလား၊ (၇)ရက်သားသမီးတွေကို တယ်တင်ဖို့ဝေးလို့ သူ့ခြံထဲက ...ကြောင်သူတော်ကြွက်သူခိုးတွေကိုတောင် သူမကယ်တင်နိုင်ဘူး၊ ကျုပ်...ာစောက ပြောခဲ့တာက လူကြားကောင်းအောင်သတင်းလွှင့်တာ၊ ...ကယ်အစစ်အမှန်ကို အတွင်းသိတစ်ယောက်ကပြောပြတယ်၊ ဘိုး...တော်လှဟာ တောထဲက ဘုရားပျက်တစ်ဆူမှာ ရှေးဟောင်းရုပ်ပွား...တော်တွေ အတော်များများရခဲ့တယ်၊ ရှေးဟောင်းပစ္စည်းတွေကို တစ်...က်နိုင်ငံက ကုန်သည်တွေကို ရောင်းစားပြီးတဲ့နောက်မှာ ရှေးဟောင်း...ပစ္စည်းတွေရဲ့ တန်ဖိုးကို နားလည်ပြီး မြန်မာပြည်အနှံ့က ရှေးဟောင်း...ပစ္စည်းတွေ လိုက်ရှာရင်း လိမ်လည်ဖို့ နည်းလမ်းတွေကိုလဲ သင်ယူခဲ့...တယ်၊ သူဟာ (၅)နှစ်တိတိ လူလိမ်အနေနဲ့ မြန်မာပြည်အနှံ့လျှောက်



www.burmeseclassic.com

www.burmeseclassic.com



သွားတာကို မြေလျှောက်စီဇွာလုပ်တယ်လို့ သတင်းလွှင့်ရှာယ်၊ ဒီနေရာကို အောင်မြေလို့သတ်မှတ်ပြီး သာသနာပြုဖို့ ကြွေးကြော်တာလဲ ရယ်စရာကြီးပါ၊ တကယ်တော့ ဒီဒေသဟာ တစ်ဖက်နိုင်ငံက ကုန်သည်တွေ ခြေချင်းလိမ်နေတဲ့နေရာမို့ အရောင်းအဝယ်လုပ်ဖို့ အကောင်းဆုံးဖြစ်နေလို့ပါ၊ ဒါနဲ့မောင်ရင်တို့ ဘိုးတော်လှကို လှူဖွယ်ပစ္စည်းတွေနဲ့ ကန်တော့ပြီးပြီလား ''

ဟုမေးမြန်းလေရာ ချယ်ရီက မျက်နှာရှုံ့မဲ့၍

'' အို ဒီလူကြီးက လူလိမ်ကြီးဆို၊ ကျွန်မတို့က ဘာလို့ ကန်တော့ရမှာလဲ ''

ဟု မေးမြန်းလေ၏။ သူခိုးပေါက်စက

'' ဒီလိုမလုပ်နဲ့ မိန်းကလေး၊ ဒီဒေသကိုရောက်တဲ့ကုန်သည်တွေဟာ ဘိုးတော်လှကို ယုံသည်ဖြစ်စေ၊ မယုံသည်ဖြစ်စေ လက်ဆောင်ပစ္စည်းတွေနဲ့ သွားကန်တော့လေ့ရှိတယ်၊ ဒီလိုကန်တော့တဲ့လူကို ဘိုးတော်လှက သူ့ရဲ့သိဒ္ဓိဝင် လက်စွပ်တစ်ကွင်းစီ ပြန်ချီးမြှင့်တယ် ''

ဟုပြောလေ၏။ ထိုအခါ ချယ်ရီကစိတ်ဝင်စားဟန်ဖြင့်

'' လက်စွပ်က ရွှေအစစ်လား၊ ဒါဆိုရင်တော့ သွားကန်တော့ရအောင် ''

ဟုပြောလေရာ သူခိုးပေါက်စက

'' ဘယ်ကလာ ရွှေအစစ်ရမှာလဲ၊ တစ်မူးလောက်တန်တဲ့





ဘော်လက်စွပ်တွေပါ၊ ဒီလက်စွပ်တွေက တန်ဖိုးမရှိပေမယ့် ဒီဒေသမှာတော့ အတော်ဩဇာရှိတယ်၊ လက်မှာ ဘိုးတော်လှရဲ့လက်စွပ် ဝတ်ထားတဲ့လူဟာ ဘိုးတော်လှရဲ့ အစောင့်အရှောက်ခံရမယ်လို့ ယုံကြည်ကြတယ် ''

ဟုပြောလေရာ ချယ်ရီက ပေါက်စ၏လက်ကိုလှမ်းကြည့်ကာ

'' ရှင့်မှာတော့ ဘာလက်စွပ်မှမရှိပါလား ''

ဟု မေးမြန်းလေရာ ၎င်းက

'' အရင်ကတော့ ကျုပ်လဲ လက်စွပ်တစ်ကွင်းရအောင် ကြံဖန်ထားပါတယ်၊ ဒါပေမယ့် ပိုက်ဆံပြတ်တာနဲ့ ကုန်သည်တစ်ယောက်ကို ပြန်ရောင်းစားခဲ့တယ်၊ ရောင်းမစားလို့လဲမဖြစ်ဘူးဗျ၊ ကျုပ်တို့လို သူခိုးတစ်ယောက်ရဲ့လက်ထဲမှာ ဘိုးတော်လှရဲ့လက်စွပ်တွေ့ရင် ရိုက်ပုတ်ခံရမှာဗျ ''

ဟုပြောလေ၏။ ချယ်ရီက ပေါက်စ၏စကားကိုနားထောင်ရင်း သူ့မ၏ရင်ဘတ်ကို မသိမသာငုံ့ကြည့်ပြီး မျက်နှာကွက်ခနဲပျက်ကာ

'' ဟင်... ကျွန်မဆွဲကြိုး ဆွဲကြိုး မရှိတော့ဘူး ''

ဟု အော်ဟစ်လေရာ အောင်လံက မျက်လုံးပြူးသွားပြီး

'' ဟင်... ဆွဲကြိုးကိုချယ်ရီ ချွတ်ပြီး သိမ်းထားတာမဟုတ်ဘူးလား ''

ဟုမေးမြန်းလေ၏။ ချယ်ရီက ခေါင်းခါ၍



www.burmeseclassic.com

www.burmeseclassic.com



" အို... ဆွဲကြိုးက လည်ပင်းမှာပဲရှိတာပါ၊ ကျွန်မ မသိမ်းပါ ဘူး "

ဟုပြောလေ၏။ အောင်လံက သက်ပြင်းချ၍

" ဒါဆိုရင်တော့ ချယ်ရီရဲ့ဆွဲကြိုးဟာ တောထဲမှာ ပြုတ်ကျန် ခဲ့ပြီထင်တယ်၊ ချယ်ရီနဲ့အတူ လိုဏ်ဂူထဲမှာ အိပ်ကထည်းက ဆွဲကြိုး မရှိတော့တာ ကျုပ်သတိပြုမိတယ် "

ဟုပြောလေရာ ချယ်ရီက နှမြောတသဟန်ဖြင့်

" ဒီဆွဲကြိုးဟာ ကျွန်မရဲ့ မွေးစားဖခင် သိုင်းဆရာကြီးဦးညို လုပ်ပေးခဲ့တာပါ၊ ရွှေက တန်ဖိုးမရှိပေမယ့် ဖခင်ကြီးရဲ့လက်ဆောင်ဆို ပြီး အမှတ်တရထားတာပါ "

ဟုပြောလေ၏။ သူခိုးပေါက်စက ချယ်ရီကိုကြည့်၍

" ပစ္စည်းသခင်ရလို့သာသဘောထားပါဗျာ၊ မနက်ဖြန်ကျရင် ရှာထိမ်ကဇရပ်မှာ ဘိုးတော်လှ လှူဒါန်းမယ့် ကြေးသွန်းဘုရားကို လူတွေဖူးမြော်ဖို့ ပူဇော်ထားလိမ့်မယ်၊ ခင်ဗျားတို့ သွားကြည့်ရင် ကြည့်ပေတော့ "

ဟုပြောလေ၏။ ထိုအခါ အောင်လံက သက်ပြင်းချ၍


" ဘိုးတော်လှက အလှူအတန်းတွေ ဘာတွေ လုပ်တာလ နော် "

ဟု မှတ်ချက်ချလေရာ ပေါက်စက မျက်နှာရှုံ့မဲ့၍





" အလကားပါဗျာ၊ လူအထင်ကြီးအောင် ဟန်ပြအနေနဲ့ လှူဒါန်းပြတာပါ၊ ဒီနိုင်ငံထဲက အဖိုးတန် ရှေးဟောင်းပစ္စည်းတွေ၊ ကျောက်စိမ်းနဲ့ ပုလဲလို ပစ္စည်းတွေအများကြီး တစ်ဖက်နိုင်ငံက ကုန် သည်တွေကိုရောင်းစားပြီး စေတနာသဒ္ဓါတရားထက်သန်ချင်ဟန် ဆောင်ပြတာပါ "





www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလေ၏။ ထို နောက်တွင်မူ သူခိုးပေါက်စ သ
အောင်လံတို့ကို နှုတ် ဆက်၍ ထွက်ခွာသွားလေ ၏။ အောင်လံတို့
ဆင် ဖြူတိုင်ရွာတွင် တည်းခိုရန် နေရာကို မေးမြန်းလေ
ဆိုင်ရှင်တရုတ်ကြီးက ရွာ၏ အနောက်ဘက်တွင် တည်း ခို
အိမ်များရှိကြောင်းပြော ဆိုလေ၏။

အောင်လံတို့သည် ရွာနောက်ပိုင်းရှိ တည်းခိုခန်း မျာ
လိုက်လံကြည့်ရှုပြီး နောက် အောင်လံက

" ကျုပ်တို့ ဒီဒေသ မှာ တစ်ရက်နှစ်ရက် တည်းခို မှာမဟုတ်
လနဲ့ချီပြီး ကြာရင်ကြာနိုင်တယ်၊ ဒါ ကြောင့် တည်းခိုခန်းမှာတည်း
ပိုက်ဆံအတော်ကုန်လိမ့်မယ် "

ဟု ညည်းညူလေရာ တည်းခိုခန်းရှိ ကူလီလုပ်သောလူငယ်

" ဒါဆိုရင် တည်းခိုခန်းမှာမတည်းပါနဲ့၊ လနဲ့ချီပြီးတည်းခို
ရမယ့်အိမ်တွေရှိပါတယ်၊ ကျွန်တော်လိုက်ပို့ပါမယ် "

ဟုဆိုကာ ရွာစွန်ရှိ အိမ်ကလေးများကို ပို့ဆောင်ပေးလေ

ချယ်ရီတို့ သည် သေးငယ်သော အိမ်ကလေးတစ်လုံး
တစ်လလျှင် တစ်ဆယ်ကျပ်နှင့်ငှားရမ်းခဲ့လေ၏။

အိမ်ရှင်သည် အသက် ၄၀ ဝန်းကျင်ရှိသော မမစိမ်းဆို
မိန်းမတစ်ယောက်ဖြစ်၏။ မမစိမ်းသည် ရုပ်ရည်မှာ ရွက်ကြမ်းရည်
မျှသာရှိသော်လည်း ကိုယ်လုံးကိုယ်ပေါက်မှာ အလွန်တောင့်တင်း





စကားပြောလျှင် ချွဲချွဲနွဲ့နွဲ့ ပြော
တတ်၏။

ချယ်ရီတို့သည် ဖျော့ထောင်
အိမ်ကလေးထဲတွင် အနားယူ
ကြရင်း ချယ်ရီက

" အိမ်ရှင်မိန်းမ ကြီးကို
သတိထားနော်၊ စကားပြောရင်
ကျွန်မကို လုံးဝမကြည့်ဘူး၊ ရှင့်
မျက်နှာမှာပဲ မျက်လုံးက ရောက်
နေတယ်၊ မောင်လေး မောင်လေး
ဆိုပြီး မဟားတရားလုပ်မယ့်ပုံစံကြီး
ရှင်သူနဲ့ အရောမဝင်ရဘူး "

BURMESE CLASSIC

ဟုပြောလေရာ အောင်လံ
က သက်ပြင်းချ၍

" သဝန်တော့ပါနဲ့ ကွာ သူနဲ့
မိတ်ဆက်တုန်းက ကျွန်မချစ်သူပါလို့
မိတ်ဆက်မပေးဘဲ ညာဖြစ်လို့ မောင်
နှမလို့ မိတ်ဆက်ပေးရတာလေ "

ဟု မေးမြန်းလေ၏။ ထိုအခါ





www.burmeseclassic.com

www.burmeseclassic.com



ချယ်ရီက မျက်စောင်းထိုး၍

" ရတနာသိုက်နဲ့ ပတ်သက်တဲ့သဲလွန်စကို ရှာမတွေ့ခင်မှာ ရှင်နဲ့ကျွန်မ မောင်နှမလိုပဲ နေချင်သေးတယ်၊ ချစ်သူတွေလို မနေချင်ဘူး၊ ရှင့်ကို တစ်ကြိမ်တည်းနဲ့ ကြောက်သွားပါပြီ "

ဟုပြောလေ၏။ အောင်လံက ရယ်မော၍

" ဟား ဟား ဟား ကြောက်တယ်ဆိုတော့ ကျုပ်တော့မယုံပါဘူး၊ မင်းဟန်ဆောင်နေတာသိပါတယ်၊ ကဲ ချယ်ရီဆန္ဒအတိုင်းပါပဲ ဒါပေမယ့် သူရဲကြောက်တယ်ဆိုပြီး ညဘက်ကျုပ်အိပ်တဲ့နေရာကို ဒုတိယအကြိမ် ရောက်လာရင်တော့ မောင်နှမတွေဘာတွေ နားမလည်ဘူးနော်၊ ချစ်သူဟာ ချစ်သူပဲ "

ဟုပြောလေရာ သူမက မျက်စောင်းထိုး၍

" ရှင့်က သူ့ရဲ့ထက်ကြောက်စရာကောင်းတယ်၊ ဒီတစ်ခါ သရဲကြောက်လို့ လိပ်ပြာလွင့်ရင် လွင့်သွားပါစေ၊ ရှင့်ဆီကိုတော့ လုံးဝ ရောက်မလာဘူး "

ဟုပြောလေရာ အောင်လံက တဟားဟားရယ်မော၍ သူမကို ရင်ခွင်ထဲသို့ ဆွဲယူပွေ့ဖက်လိုက်လေ၏။

သူမကာ ရုန်းကန်ခြင်းမရှိဘဲ ရင်ခွင်ထဲသို့ အလိုက်သင့် တိုးဝင်လာလေတော့၏။





အောင်လံနှင့် ချယ်ရီသည် ထိုဒေသသို့ လှည့်ပတ်ကြည့်ရှုလိုသဖြင့် နောက်တစ်နေ့တွင် အိမ်ကလေးမှ ထွက်ခဲ့လေ၏။

ခြံဝသို့ရောက်သောအခါ တစ်ဖက်ခြံတွင်နေထိုင်သော အိမ်ရှင်မမစိမ်းက

" ဒီမောင်နှမနှစ်ယောက် ဘယ်ကိုသွားမလို့လဲ၊ ဘိုးတော်လှကို သွားဖူးလိုက်ဦးလေ "

ဟုအကြံပြုလေရာ အောင်လံက နားမလည်ဟန်ဖြင့်

" ဘိုးတော်လှကို သွားမတွေ့လို့မရဘူးလား "



www.burmeseclassic.com

www.burmeseclassic.com



ဟုမေးမြန်းလေ၏။

မမစိမ်းက ထိတ်လန့်ဟန်ဖြင့် ရင်ဘတ်ကိုလက်ဖြင့်ဖိ၍

" အမလေး ဆင်ဖြူတိုင်ကိုရောက်ရင် ဘိုးတော်လှကို အရင်ဆုံးဖူးရတယ်၊ ဘိုးတော်လှရဲ့အန္တရာယ်ကင်းလက်စွပ်ကိုရမှ သွားရင်ကင်းမှာ၊ ဟိုရောက်ရင် သိဒ္ဓိရေစင်ကိုလဲ မရရအောင်တောင်းသောက်လိုက်ဦး "

ဟုအကြံပြုလေ၏။ ထိုဒေသတွင် ဘိုးတော်လှသည် အလွန်တန်ခိုးထွားနေသည်မှာ သေချာနေပေပြီ။

သို့သော် မျက်လှည့်အဖွဲ့ခေါင်းဆောင်နှင့် သူခိုးပေါက်စတို့၏ အပြောကြောင့် အောင်လံတို့သည် ဘိုးတော်လှနှင့် တပည့်တပန်းများကို အထင်ကြီးဟန်မရှိပေ။ ဆင်ဖြူတိုင်ရွာအစစ်မဟုတ်ဘဲ ဆင်ဖြူတိုင်ဟု ကျော်ကြားသော ရွာကလေးသည် တစ်ဖက်နိုင်ငံမှကုန်သည်များ လောင်းကစားသမားများ၊ ဒုစရိုက်သမားများနှင့် စည်ကားနေလေ၏။

ရွာ၏တောင်ဘက်တွင် စည်ကားသောဈေးတန်းရှိ၏။ ထိုဈေးတန်းအနီးတွင် သားဝါးနှင့် အသီးအရွက်များသာမက အဖိုးတန်ဆေးမြစ်ဆေးဥများ၊ စပါးကြီးသည်းခြေ၊ ဝက်ဝံသည်းခြေစသော ရှားပါးပစ္စည်းများ၊ ရှေးဟောင်းပစ္စည်းများ၊ လူသုံးကုန်များကို စုံလင်စွာ တွေ့ရှိရလေ၏။

ဈေးတန်းတစ်နေရာသို့ရောက်သောအခါ ချယ်ရီက လူအများ





စုအုံနေသောနေရာကိုကြည့်၍

" ဟင် ဟိုမှာ ကျွန်မကိုယ်ပေါ် ဖက်တက်တဲ့ မျောက်ကလေးနဲ့ မျောက်ဆရာလဲ ဒီမှာရောက်နေတယ် "

ဟုပြောလေရာ အောင်လံက သူမ၏လက်ကိုဆွဲ၍

" ဒါဆိုရင် အဲဒီကိုမသွားနဲ့တော့၊ ဒီတစ်ကြိမ် မျောက်က ဖက်တက်ရင် ဒုက္ခရောက်လိမ့်မယ်၊ အဲဒီမျောက်က မျောက်ထီးထင်တယ်၊ မျောက်တောင်ချယ်ရီကို သဘောကျလို့ ဖက်တက်တယ်ဆိုရင်တော့ ကျုပ်ကိုအပြစ်ဆိုဖို့ မသင့်တော့ပါဘူး "

ဟု နောက်ပြောင်လေ၏။ ချယ်ရီက နှုတ်ခမ်းစူ၍

" ဟုတ်ပါတယ်၊ ရှင့်ကို အပြစ်ဆိုဖို့ မသင့်တော့ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ရှင်က မျောက်နဲ့ အကျင့်တူနေတာကိုး "

ဟု ပြန်လည်ပြောဆိုလေရာ အောင်လံက တဟားဟားရယ်မောလိုက်လေတော့၏။

ရင်းတို့သည် ရွာထဲတွင်ရှိသော အိမ်ကြီးအိမ်ကောင်းများကို လှည့်လည်ကြည့်ရှုလေရာ အများစုမှာ လောင်းကစားဝိုင်းများရှိသော စားသောက်ဆိုင်များ၊ တည်းခိုအိမ်များဖြစ်နေလေ၏။ ချယ်ရီက လောင်းကစားဝိုင်းများကို တအံ့တသြကြည့်ရှု၍

" တစ်ရွာလုံး လောင်းကစားဝိုင်းတွေ ပြည့်နေတာပဲ၊ ဒီဒေသကတော့ တကယ့်ကို ပွဲတော်ကြီးပါလား၊ အင်းပေါ်လေး ကုန်သည်တွေ



www.burmeseclassic.com

www.burmeseclassic.com



စုဝေးနေတဲ့အရပ်ဆိုတော့ ဒီလိုပဲဖြစ်ရမှာပေါ့ ''

ဟုပြောလေ၏။ အောင်လံတို့သည် ရွာထိပ်သို့ရောက်သောအခါ ဇရပ်ကြီးတစ်ဆောင်အနီးတွင် လူအများစုဝေးနေ၍ သွားရောက်ကြည့်ရှုလေ၏။

ထိုအခါ ဇရပ်၏ရှေ့တွင် ပိတ်ဖြင့်ရေးထားသော ရွှေခြည်ငွေခြည်ထိုး ဆိုင်းဘုတ်ကြီးရှိနေပြီး ဆိုင်းဘုတ်ကို ဖတ်ရှုကြည့်သောအခါ

'' *ဆရာသခင် ဘိုးတော်လှ မန္တလေး မဟာမြတ်မုနိဘုရားသို့ လှူဒါန်းမည့်ကြေးသွန်းဘုရားကို အပူဇော်ခံထားပါသည်၊ ခုနစ်ရက်သားသမီးများ ဇရပ်ပေါ်သို့ တက်ရောက်ဖူးမြော်နိုင်ပါသည်* ''

ဟုတွေ့ရလေ၏။ အောင်လံနှင့် ချယ်ရီသည် ထိုဆိုင်းဘုတ်ကြီးကို ဖတ်ရှုပြီး ချယ်ရီက

'' ကြေးသွန်းဘုရားတဲ့ တက်ပြီးဖူးရအောင် ''

ဟုဆိုကာ ဇရပ်ပေါ်သို့ တက်ရန်ပြင်လေ၏။ ဝတ်ဖြူစင်ကြယ်လူများကိုတွေ့ရလေ၏။

၎င်းတို့သည် ကြေးသွန်းဘုရားကို စောင့်ကြပ်နေပုံရ၏။ အောင်လံတို့သည် ဇရပ်လှေကားပေါ်သို့တက်လေရာ ဝတ်ဖြူစင်ကြယ်တစ်ယောက်က အောင်လံနှင့် ချယ်ရီ၏လက်ကိုကြည့်၍ မျက်မှောင်ကြုတ်၍ အပေါက်ဝမှ တားဆီးလိုက်ရင်း





'' ဟေ့ မင်းတို့ ဇရပ်ပေါ်ကို တက်ခွင့်မရှိဘူး ''

ဟု ပြောလေရာ အောင်လံက မျက်မှောင်ကြုတ်၍

'' ဘာဖြစ်လို့လဲဗျ ''

ဟုမေးမြန်းလေ၏။ ထိုအခါ ဝတ်ဖြူစင်ကြယ်ဝတ်လူက

'' မောင်ရင်တို့မှာ အဘရဲ့လက်စွပ်ဝတ်ထားတာ မတွေ့ရဘူး၊ အဘလက်စွပ်မရှိရင် ဒီဇရပ်ပေါ်ကို တက်ခွင့်မပေးနိုင်ဘူး ''

ဟုပြောလေရာ ချယ်ရီက နားမလည်ဟန်ဖြင့်

'' နေပါဦး၊ လက်စွပ်မရှိတာနဲ့ ဇရပ်ပေါ် ဘာဖြစ်လို့ မတက်ရတာလဲ ''

ဟုမေးလေ၏၊ ဝတ်ဖြူစင်ကြယ်ဝတ်လူက

'' လက်စွပ်မရှိဘူးဆိုတာ မင်းတို့က အဘကို မဖူးရသေးလို့ပေါ့ကွာ၊ အဘကို မဖူးရသေးတဲ့လူကို ငါတို့မယုံနိုင်ဘူး၊ ကြေးသွန်းဘုရားက အလွန်တန်ဖိုးရှိတယ်၊ သူခိုးဓားပြတွေကို ဖူးမြော်ခွင့်ပေးလိုက်ရင် ကြေးသွန်းဘုရားပျောက်သွားမှာ စိုးရိမ်ရတယ်၊ သူတော်ကောင်း မှန်ရင် အဘကို ဖူးမြော်ပြီးသူဖြစ်ရမယ် ''

ဟုပြောလေရာ သူခိုးပေါက်စ၏ စကားကို ကြားယောင်နေသော ချယ်ရီက မခံချိမခံသာဖြစ်သွားပြီး

'' ဩော် ကျွန်မတို့က ဘိုးတော်လှကို လာမတွေ့ရတာနဲ့ အလိုလိုနေရင်း သူခိုးဓားပြတွေဖြစ်သွားတာလား၊ တော်တော်ရယ်



www.burmeseclassic.com

www.burmeseclassic.com



စရာကောင်းတဲ့ စွပ်စွဲချက်ပဲ၊ သူခိုးစားပြတွေကလဲ ဘိုးတော်လှကို လာတွေ့ရင် သူတော်ကောင်းဖြစ်သွားသလား။ ရှင်တို့ပြောတာ အတော် အဓိပ္ပါယ်မဲ့တာပဲ ''

ဟုပြောလိုက်လေ၏။

ချယ်ရီ၏ ဟောင်ဖွာဟောင်ဖွာပြောဆိုမှုကြောင့် ဇရပ်ပေါ်ရှိ ကုန်သည်များနှင့် ရွာသူရွာသားများသည် ထိတ်လန့်အံ့ဩသွားလေ၏။ ဘိုးတော်လှနှင့်ပတ်သက်၍ ဤကဲ့သို့ ပြန်လည်ပြောဆိုဝံ့သူ ရှိ ..ရှိပေ။

အောင်လံနှင့် ချယ်ရီတို့ကိုကြည့်၍ ဘိုးတော်လှ၏ ဒဏ်ခတ် ခြင်းကို ခံရတော့မည်ဟု ကရုဏာသက်နေလေ၏။

ဝတ်ဖြူစင်ကြယ်တစ်ဦးက မျက်နှာရှုံ့မဲ့သွားပြီး

'' ဘယ်လိုပြောလိုက်တာလဲ၊ အဘကို မရိုမသေနဲ့ စော်ကား မော်ကားပြုချင်တာလား ''

ဟု ငြိမ်းခြောက်လေ၏။ ထိုအခါ အောင်လံကဝင်၍

'' ဒီမှာ ကျွန်တော်တို့ပြောတဲ့စကားက စော်ကားတာ တစ်. မဟု. မပါဘူး၊ ခင်ဗျားတို့ ချိတ်ထားတဲ့ဆိုင်းဘုတ်ကြီးကို ပြန်ကြည့်. ခုနစ်ရက်သားသမီးများ ဇရပ်ပေါ်သို့ ဆက်ရောက်ဖူးမြော်နိုင်ပါသည် တဲ့၊ ဆိုင်းဘုတ်မှာ လက်စွပ်ပါမှ ဇရပ်ပေါ်တက်ရမယ်လို့မပါဘူး ''

ဟု မထီလေးစားပြန်ပြောလေ၏။ အောင်လံ၏ စကားကြောင့်





ကြည့်ရှုနေသူအပေါင်းသည် အောင်လံ၏သတ္တိကို စိတ်ထဲမှကျိတ်၍ ချီးကျူးနေကြလေ၏။

ရင်းတို့သည် ဘိုးတော်လှကို တန်ခိုးရှင်တစ်ဦးအဖြစ် ရှိ. ကြောက်ကြီးဖြစ်နေလေ၏။ ဘိုးတော်လှ တပည့်တပန်းများ၏ လူမိုက် ဆန်ဆန် ဗိုလ်ကျစိုးမိုးခြင်းကို မကျေမနပ်ဖြစ်နေခဲ့၏။

ချယ်ရီက ဝင်၍

'' နေပါစေရှင်၊ ကြေးသွန်းဘုရားကို မဖူးရလဲ ကျွန်မတို့ဘာမှ မဖြစ်ဘူး။ ပြန်ကြမယ် ''

ဟုပြောလေ၏။ ထိုအခိုက်မှာပင် ရင်းတို့၏အနောက်မှ တည် ကြည်ခံ့ညားသော လူတစ်ယောက်၏အသံကို ကြားရလေ၏။

'' သူတို့ဟာ ဗုဒ္ဓဘာသာဝင်တွေပါ၊ ဗုဒ္ဓဘာသာဝင်အချင်းချင်း မို့ ပူဇော်ထားတဲ့ဘုရားကို ဖူးမြော်ခွင့်ပေးသင့်ပါတယ်၊ ပြဿနာတစ် ခုတစ်ခု မဖြစ်ဖို့ ကျုပ်တာဝန်ယူပါတယ် ''

ထိုအသံကြောင့် အောင်လံတို့ လှည့်ကြည့်လိုက်ရာ မျက်လှည့် အဖွဲ့ခေါင်းဆောင်လူကို တွေ့ရလေ၏။

ထိုသူ၏အနီးတွင် သူ၏ညီမဖြစ်သူ နန္ဒာဆိုသော်မိန်းမပျိုနှင့် အဖော်တစ်ဦးကိုလည်းတွေ့ရ၏။

ဝတ်ဖြူစင်ကြယ်ဝတ်လူများသည် မျက်လှည့်ဆရာနှင့်သိကျွမ်း ပုံရပြီး စိတ်လျှော့လိုက်ဟန်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



" ကိုသီဟာ တာဝန်ယူတယ်ဆိုရင်တော့ သူတို့နှစ်ယောက်ကို ဖူးမြော်ခွင့်ပေးလိုက်ပါမယ်၊ ကျုပ်တို့က ကြေးသွန်းဘုရားရဲ့ လုံခြုံရေးကို တာဝန်ယူထားရတဲ့ သူတွေမို့လို့ပါ "

ဟုပြောလေ၏။ အောင်လံက မျက်လှည့်အဖွဲ့ခေါင်းဆောင်ထံသို့သွား၍ နှုတ်ဆက်ကာ

" ကျွန်တော်တို့ကို ပြောဆိုပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် "

ဟုပြောလိုက်ရာ နန္ဒာဆိုသော မိန်းမပျိုက အောင်လံကို ကြည့်၍

" ရှင်တို့ မောင်နှမ ဘယ်မှာတည်းခိုသလဲ၊ ရှင်တို့အဖေကိုရော တွေ့ပြီလား "

ဟု မေးမြန်းလေ၏။ အောင်လံက ၎င်းတို့ငှားရမ်းသည့်အိမ်ကိုပြောပြ၍ ဖခင်၏သတင်းကို မရသေးကြောင်းပြောလေ၏။

ထို့နောက် ၎င်းတို့အုပ်စုသည် ဇရပ်ပေါ်ရှိ ကြေးသွန်းဘုရားကို တက်ရောက်ဖူးမြော်ကြလေ၏။

ကြေးသွန်းဘုရားသည် ဉာဏ်တော်တစ်ပေနီးပါးရှိပြီး အလွန်သပ္ပါယ်လှ၏။

အောင်လံသည် ကြေးသွန်းဘုရားအနီးတွင် အလှူခံထားသော ငွေဖလားကြီးထဲသို့ကြည့်လိုက်ရာ ငွေစက္ကူများ အဖွေးသား ရှိနေ





ကြောင်း တွေ့ရလေ၏။

ဘိုးတော်လှနှင့် အဖွဲ့သည် ကြေးသွန်းဘုရားကိုပူဇော်၍ အလှူ လားကြီးများနှင့် အမြတ်ထုတ်ထားခြင်းဖြစ်ပုံရ၏။

အောင်လံတို့သည် ကြေးသွန်းဘုရားကို ဖူးမြော်ပြီးနောက် ျာတို့ မောင်နှမနှင့်အတူ ရွာလယ်ရှိ ကာကာဆိုင်တွင် ထိုင်ကြ လေ၏။

နန္ဒာနှင့် ချယ်ရီသည် အပွဲ့ကျနေပြီး စကားဖောင်ဖွဲ့ မဆုံးနိုင် ာင်ရှိနေ၏။

အောင်လံသည် မျက်လှည့်အဖွဲ့ခေါင်းဆောင်ကိုသီဟ၏ စူးရှ ာ မျက်လုံးများကိုကြည့်ရင်း မေးခွန်းများကို သတိထားဖြေနေရ၏။

ကိုသီဟသည် ထူးခြားသော စွမ်းအင်သတ္တိရှိနေသည်ဟု ထင် ိမိလေ၏။

သူ၏ တည်ငြိမ်သော မျက်ဝန်းနှင့် စူးရှသောအကြည့်များသည် ၏ ရင်ထဲသို့ ထိုးဖောက်ဝင်ရောက်သွားမလား အောက်မေ့ရ၏။ ိုသီဟက အောင်လံကို စူးရှသောအကြည့်များဖြင့်ကြည့်၍

" ဒီဒေသကို ဘယ်လိုရည်ရွယ်ချက်နဲ့ပဲ ရောက်လာပါစေ၊ ာတိကိုတော့ အမြဲမပြတ်ထားပါ၊ အထူးသဖြင့် ဘိုးတော်လှကို သတိ ြ၊ မောင်ရင်တို့ ဇရပ်ပေါ်မှာ သူ့တပည့်တွေကို ဆက်ဆံတဲ့ပုံစံမျိုး ဒေသမှာ ဘယ်သူမှ မဆက်ဆံရဲဘူး၊ သူတို့ဟာ အပေါ်ယံက သူ ာ်ကောင်းဟန်ဆောင်ထားပေမယ့် ကွယ်ရာမှာ လူတစ်ယောက်ကို



www.burmeseclassic.com

www.burmeseclassic.com



သတ်ဖို့ဝန်မလေးဘူး၊ ဒီဒေသမှာ သူတို့ကို ကလန်ကဆန်လုပ်
သူတွေတွေ ပျောက်ချင်းမလှပျောက်သွားတာ မနည်းတော့ဘူး
ကြောင့် သတိကို အမြဲမပြတ်ရှိစေချင်တယ်၊ အန္တရာယ်နဲ့ကြုံရင်
ကို အကူအညီတောင်းပါ၊ ကျုပ်ညီမရဲ့အသက်ကို ကယ်ခဲ့တယ်ဆို
မောင်ရင့်ကျေးဇူး ကျုပ်တို့မောင်နှမအပေါ်မှာ ရှိပါတယ် ''

ဟုပြောလေရာ အောင်လံက ကိုသီဟကို ကျေးဇူးတင် ကြောင်း ပြောပြ၍ အန္တရာယ်ကို ဂရုစိုက်မည်ဖြစ်ကြောင်း ပြောဆို လေ၏။

ထို့နောက်တွင်မူ ကိုသီဟတို့မောင်နှမနှင့် လမ်းခွဲ၍ ပြန်ခဲ့လေ၏။ အိမ်သို့ရောက်သောအခါ မမစိမ်းက ဆီးကြို၍

'' မင်းတို့နှစ်ယောက် ဘိုးတော်လှရဲ့ တပည့်တွေကို မ
ပြောခဲ့တယ်ဆို၊ ဒါဆိုရင်တော့ ဘိုးတော်လှဆီကို အမြန်ဆုံးသွား
တောင်းပန်ပေတော့၊ မသိနားမလည်တဲ့ အမိုက်အမဲလေးတွေကို
မယူပါနဲ့လို့ တောင်းပန်လိုက်ပါ ''

ဟုပြောလေ၏။

အောင်လံက မမစိမ်းနှင့် စကားအခြေအတင် မပြောလိုသ

'' ဟုတ်ကဲ့ပါ၊ မနက်ဖြန်သွားပြီး တောင်းပန်လိုက်ပါမယ် ''

ဟုပြောကာ ချယ်ရီကိုလက်ဆွဲ၍ အိမ်ထဲသို့ဝင်ခဲ့လေ၏။
တို့သည် အိမ်ထဲသို့ ရောက်သောအခါ ချယ်ရီက

'' ကျွန်မတို့ ဒီအရပ်ကို ရောက်လာတဲ့ အခိကအ





ကိုင်ပင်ဆွေးနွေးရတော့မယ်၊ အိမ်တံခါးတွေ ပိတ်လိုက်ပါ ''

ဟုဆိုသဖြင့် အောင်လံသည် အိမ်ရှေ့တံခါးကို ပိတ်လိုက်လေ၏။ ချယ်ရီက ပြတင်းပေါက်များကို လိုက်လံပိတ်၍ အိမ်ထဲတွင် အမှောင်ဖုံးလွှမ်းသွားသောအခါ မှန်အိမ်လေးနှစ်လုံးကို ထွန်းညှိလိုက်လေ၏။

အောင်လံက ပြတင်းပေါက်မှ အပြင်သို့ ချောင်းကြည့်၍

'' ဟဲ ဟဲ နေ့ခင်းကြောင်တောင် တံခါးတွေ ပိတ်ပြီးနေရင်တော့ သူများတွေက ကျုပ်တို့ကို တစ်ခုခုလုပ်နေတယ် ထင်မှာပဲနော် ''

ဟုပြောလေရာ ချယ်ရီ၏ မျက်နှာကွက်ခနဲပျက်သွားပြီး

'' ရှင်နော်၊ မဟုတ်ကဟုတ်ကလုပ်ဖို့ စိတ်မကူးနဲ့၊ ဒီမှာ အရေးကြီးတာကို တိုင်ပင်ဆွေးနွေးမလို့ ဥစ္စာ ''

ဟု လေသံမာမာဖြင့် ပြောလေ၏။ အောင်လံက ရယ်မော၍

'' ဘာမှ စိတ်မကူးပါဘူးဗျာ၊ ကျုပ်ပြောတာ အဓိပ္ပါယ်ရိုးရိုးနဲ့ ပြောတာပါ၊ ခင်ဗျားဘာသာလိုရာဆွဲတွေးနေတာကတော့ မတတ်နိုင်ဘူး၊ ကျုပ်ပြောတဲ့အဓိပ္ပါယ်က သူများတွေ သံသယဖြစ်မယ်လို့ ပြောတာပါ ''

ဟုပြောလေရာ ချယ်ရီက ချစ်စဖွယ်မျက်စောင်းထိုးလိုက်လေ၏။

ထိုနောက်တွင်မူ ချယ်ရီက စားပွဲခုံပေါ်သို့ မီးအိမ်တစ်လုံးကို



www.burmeseclassic.com

www.burmeseclassic.com



တင်၍ တစ်လုံးကို တိုင်တွင်ချိတ်ကာ မြေပုံစာရွက်ကို ဖြန့်ခင်း
လေ၏။ မြေပုံထဲတွင် ဆင်ဖြူတိုင်ရွာပတ်ဝန်းကျင်ကို ရေးဆွဲပြထား
ရွာစွန်တစ်နေရာတွင် ကြယ်ပွင့် အမှတ်အသားပြထားလေ၏။

ထိုကြယ်ပွင့်ကိုကြည့်၍ ချယ်ရီက

" ကြယ်ပွင့်နေရာမှာ ရတနာမြေပုံရှိတာ သေချာတ
ရတနာဆိုတဲ့စာလုံးကို ခပ်သေ့သေ့ရေးထားတယ်၊ ဒါပေမယ့်
ကြယ်ပွင့်ဟာ ဆင်ဖြူတိုင်ရဲ့ ဘယ်နေရာမှာ ရှိမယ်ဆိုတာ မသိနိုင်ဘူ

ဟုပြောလေရာ အောင်လံက ခေါင်းညိတ်၍

" ကျုပ်တို့နှစ်ယောက် သံတူရွှင်းကိုယ်စီနဲ့ ရွာပြင်မှာလှည့်
တူးဆွကြည့်ရမလို ဖြစ်နေပြီ၊ ဒါဆိုရင်လဲ ကျုပ်တို့ကို အရူးလို့ ပြော
သေချာတယ် "

ဟုပြောလေရာ ချယ်ရီက ခေါင်းညိတ်၍

" ဟောဒီနေရာမှာ ဇာတ်စာလိုလို၊ စာပြောင်လိုလို ရေး
တာရှိတယ်၊ ဒီစာကြောင်းရဲ့ အဓိပ္ပါယ်ကို ဖော်နိုင်ရင် ကျွန်မတို့ရှာ
တဲ့ ရတနာသိုက်ရဲ့အဖြေကို တွေ့နိုင်တယ် "

ဟုပြောလေ၏။ အောင်လံက ထိုစာကြောင်းကို တီး
ရေရွတ်၍

" အဓိပ္ပါယ်က ဝေးရခက်နေတယ်၊ ဟုတ်တယ်၊ ဒီဥ
ရတနာသိုက်ရဲ့ လျှို့ဝှက်ချက်ပဲ၊ ဘာတဲ့ ရွှေတံတား၊ ငွေတံတားခင်





လနတ်သမီးတဲ့၊ လနတ်သမီးက ရွှေတံတားငွေတံတားခင်းပေးတယ် ပေါ့
ဒါဟာ ရတနာသိုက်ကို ဝှက်စာသဘောမျိုးလုပ်ထားတာဖြစ် မယ်၊
ဒီဝှက်စာဟာ နှစ်တွေဘယ်လောက်ကြာပြီလဲ၊ ဘာကြောင့် မှန်
အိမ်ကြီးထဲမှာ လျှို့ဝှက်ထည့်သွင်းထားရတာလဲ၊ အားလုံးဟာ
ပဟေဠိတွေပဲ၊ ကျုပ်တို့ ပဟေဠိတွေကို အဖြေညှိနိုင်ရင်တော့ သူဌေး
ဖြစ်ပြီပေါ့ "

ဟုပြောလေ၏။ ချယ်ရီက သက်ပြင်းချ၍

" သူဌေးဖြစ်ဖို့ မဖြစ်ဖို့ အရေးမကြီးပါဘူး၊ ကျွန်မတို့ ရည်
ရွယ်ချက်က မြေကြီးအောက်မှာ ပျောက်ဆုံးနေတဲ့ ရတနာတွေကို
အများကောင်းကျိုးအတွက် အသုံးပြုဖို့ပဲ "

ဟုပြောလေ၏။ အောင်လံက ရတနာသိုက်၏မြေပုံအညွှန်းကို
သေချာစွာကြည့်ရှုပြီး ခေါင်းကို ခါယမ်းလိုက်ကာ

" ဒီအချိန်ထိတော့ သဲလွန်စကျောက်လို့ မရသေးဘူး၊ ဒီအရပ်
ကလူတွေဆီမှာ တဖြည်းဖြည်းစုံစမ်းကြည့်ကြတာပေါ့၊ တစ်နေ့နေ့မှာ
လနတ်သမီးရဲ့အဖြေကို တွေ့မယ်ထင်ပါတယ်၊ ဒါပေမယ့် ဒီအရပ်မှာ
ကျုပ်တို့နှစ်ယောက် အတော်ကြီးသတိထားပြီးနေရမယ်၊ မျက်လှည့်
ဆရာ ကိုသီဟက ဘိုးတော်လုနဲ့ပတ်သက်ပြီး အကြိမ်ကြိမ် သတိပေး
နေတယ်၊ သူဟာ ကျုပ်တို့အပေါ် စေတနာထားတာ သေချာတယ် "

ဟုပြောလေရာ ချယ်ရီက



www.burmeseclassic.com

www.burmeseclassic.com



" ကျွန်မစိတ်ထဲမှာ ကိုသီဆိုတဲ့လူကို မြင်တိုင်း သူ့မှာ လျှို့ဝှက်ချက်တစ်ခုရှိမယ်လို့ ထင်တယ်၊ သူဟာ ဘိုးတော်လှတို့အဖွဲ့နဲ့ ကောင်းကောင်းသိကျွမ်းပြီး အစွမ်းအစရှိပုံရတယ် "

ဟုပြောလေ၏။ အောင်လံကလည်း ယူမကဲ့သို့ပင် ထင်မြင်မိသဖြင့်

" ဟုတ်တယ်၊ ကိုသီဟာမှာ အစွမ်းသတ္တိရှိပုံရတယ်၊ သူ့မျက်လုံးတွေကလဲ အတော်စူးရှထက်မြက်တယ်၊ ကျုပ် သူ့မျက်လုံးတွေကိုကြည့်ပြီး မှသားမပြောရဲဘူး၊ သူဟာ ကျုပ်ရင်ထဲကို ထိုးဖောက်မြင်နေသလို ခံစားရတယ် "

ဟုပြောလေ၏။ ချယ်ရီက ဆက်လက်၍

" ကျွန်မစိတ်ထဲမှာ သံသယဖြစ်တာ တစ်ခုရှိသေးတယ် မနန္ဒာနဲ့ ကိုသီဟဟာ မောင်နှမဆိုပေမယ့် သူတို့နှစ်ယောက်ရဲ့ အမူအရာဟာမောင်နှမနှစ်ယောက်လို ရင်းရင်းနှီးနှီး မရှိဘူး၊ တစ်ဦးနဲ့ တစ်ဦး ခပ်စိမ်းစိမ်းဖြစ်နေတယ် "

ဟုပြောလေ၏။ အောင်လံက ရယ်မော၍

" ကျုပ်တို့နှစ်ယောက်လို ဘဂ်လားမောင်နှမများဖြစ်နေလားမသိဘူး "

ဟုပြောလေ၏။ ချယ်ရီက ခေါင်းခါ၍

" ဟင့်အင်း ဒီလိုလဲ မဖြစ်နိုင်ဘူး၊ ကိုသီဟပုံစံက သိပ်တည်





ငြိမ်နေတယ်၊ ကျွန်မတို့က မိန်းမသားချင်းဆိုတော့ ပိုသတိထားမိတယ်၊ မနန္ဒာရဲ့အမူအရာက ကိုသီဟကို ကြောက်ရွံ့လေးစားနေပုံရတယ်၊ သူတို့ဟာ မောင်နှမလဲ မဟုတ်ဘူး၊ ချစ်သူတွေလဲ မဟုတ်ဘူး၊ တစ်စုံတစ်ခုသောအကြောင်းကြောင့် ခေတ္တပေါင်းသင်းနေတာ ဖြစ်နိုင်တယ် "

ဟုပြောလေ၏။ အောင်လံက ကိုသီဟ၏ အပြုအမူများကို ပြန်လည်မြင်ယောင်လာပြီး

" ချယ်ရီပြောတာ ဖြစ်နိုင်တယ်၊ ကိုသီဟရဲ့အမူအရာက သိပ်ပြီး တည်ငြိမ်ခံ့ညားလွန်းတယ်၊ သူ့မှာ ကြောက်ရွံ့စိတ်ဆိုတာ ရှိပုံမရဘူး၊ သူဟာ ကျုပ်တို့ ရန်သူတော့ မဖြစ်နိုင်ပါဘူး၊ ကျုပ်တို့ အပေါ် စေတနာထားတာပဲ "

ဟုပြောလေ၏။ ချယ်ရီက သက်ပြင်းချ၍

" သူ့လို လူမျိုးနဲ့လည်း ရန်သူမဖြစ်ချင်ပါဘူးရှင်၊ ကဲ ဗိုက်ဆာလာပြီ၊ အပြင်ထွက်ပြီး တစ်ခုခုစားကြမယ်၊ နောက်ပြီးတော့၊ ရွာထဲမှာလဲ လျှောက်လည်ကြတာပေါ့ "

ဟုပြောလေ၏။ ထို့နောက်တွင်မူ ချယ်ရီနှင့် အောင်လံသည် အိမ်တံခါးကိုပိတ်၍ ညနေစာ စားသောက်ရန် ထွက်ခွာသွားလေ၏။

ရွာထဲသို့ရောက်သောအခါ ထမင်းဆိုင်တစ်ဆိုင်သို့ဝင်၍ ညစာစားသောက်နေစဉ် ဆိုင်ထဲသို့ဝင်လာသော လူသုံးဦးကိုကြည့်၍ ချယ်ရီ



www.burmeseclassic.com

www.burmeseclassic.com



သည် မျက်စိမျက်နှာပျက်သွားပြီး

“ ဟင် ဟိုမှာ ဟိုမှာ မှော်ဆရာလူကြီးသုံးယောက် ”

ဟုပြောလေရာ အောင်လံက ထမင်းစားနေရာမှ ခေါင်းမေ

ကြည့်လိုက်ရာ တောထဲတွင် တွေ့ရသော လူထူးလူဆန်းသုံးယော

ကို တွေ့ရလေ၏။

အောင်လံက မျက်မှောင်ကြုတ်ကြည့်၍

“ ကျေးဇူးရှင်ကြီး သုံးယောက်ပါလား၊ သူတို့လဲ ဒီဒေသ

ရောက်နေတယ် ”

ဟု ရေရွတ်လေရာ ချယ်ရီက မျက်စောင်းထိုး၍

“ ဘာကျေးဇူးရှင်ကြီးလဲ ”

ဟု မေးမြန်းလေ၏။ အောင်လံက ရယ်မော၍

“ သူတို့သုံးယောက်ကိုကြောက်လို့ တောထဲမှာ ကျုပ်နဲ့ချယ

ရင်းနှီးခဲ့တာ မဟုတ်လား ”

ဟုပြောရင်း

“ သူတို့လဲ ဒီဒေသကိုရောက်နေတယ်၊ မျောက်ဆရာ

မျောက်ကလေးလဲ ရောက်နေတယ်၊ ကျုပ်တို့လမ်းမှာ တွေ့ခဲ့တဲ့သူ တိ

ဆင်ဖြူတိုင်ကိုရောက်နေပါလား။ ဆင်ဖြူတိုင်မှာတော့ တကယ့် လူ

လူဆန်းတွေ စုံနေပြီ ”

ဟု တီးတိုးရေရွတ်လေ၏။ ထိုအခိုက်မှာပင် ချယ်ရီက မျေ





ဆရာဟု စွပ်စွဲသော လူသုံးယောက်သည် ထမင်းဟင်းများကို ခပ်သွက်သွက်စား၍ အလျှင်အမြန် ထွက်ခွာသွားလေ၏။

အောင်လံတို့သည် ထမင်းစားပြီးနောက် ရွာထဲတွင် လှည့်လည်ကြည့်ရှုလေရာ ညသို့ရောက်သော်လည်း တစ်ရွာလုံး လင်းထိန်နေကြောင်းတွေ့ရလေ၏။ လောင်းကစားအိမ်ကြီးများမှ မှန်အိမ်များ၊ အောက်လင်းမီးများကို ခြံဝ၌ ထွန်းညှိထားလေ၏။

တည်းခိုအိမ်များနှင့် စားသောက်ဆိုင်များကလည်း ကညင်ဆီမီးတုတ်ကြီးများကို ခြံဝတွင် ထွန်းညှိထားသဖြင့် တစ်ရွာလုံး နေ့အလားလင်းထိန်နေလေ၏။ ရွာလယ် ကွက်လပ်သို့ ရောက်သောအခါ လူအများစုအုံပြီး အောက်လင်းမီးနှင့် မီးတုတ်အလင်းရောင်များ ရှိသဖြင့် ထိုနေရာသို့ ထွက်ခဲ့လေ၏။

ထိုအခါ ၂ပေခန့်မြင့်သောစင်မြင့်ပေါ်တွင် ကတ္တီပါကားလိပ်ယ်လေးချထားပြီး ရွှေခြည်ထိုးဆိုင်းဘုတ်တွင် ‘မြနန်းသီရိအမြင့်သဘင်’ ဟု ရေးထိုးထားသဖြင့် ရုပ်သေးပွဲဖြစ်ကြောင်း သိလိုက်ရလေ၏။ ချယ်ရီက ဝမ်းမြောက်ဝမ်းသာစွာဖြင့် ရုပ်သေးပွဲကြည့်ချင်ကြောင်းပြောလေ၏။

ရွာသူရွာသားများလည်း ရုပ်သေးပွဲကို စိတ်ဝင်တစား စောင့်မျှော်ကြည့်ရှုနေလေ၏။

မှတ်ချက်။ ။ ထိုခေတ်က တောရွာများတွင် အငြိမ့်သဘင်ခေါ် ရုပ်



www.burmeseclassic.com

www.burmeseclassic.com



သေးပွဲများကို လူအများ အမြတ်တနိုးကြည့်ရှုလေ့ရှိပါသည်။ မြန် ဇာတ်သဘင်၏အစသည် ရုပ်သေးပွဲများမှ စတင်သည်ဟု ဆိုနိုင် သည်။ ရုပ်သေးပွဲများတွင် အဆို၊ အကို၊ အပြော ဝေဝေဆာဆာ ဘုရားလောင်းဇာတ်တော်များကို သိဆိုကပြလေ့ရှိပါသည်။ ယနေ့ခေ အငြိမ့်ပွဲ၊ ဇာတ်ပွဲများသည် ထိုအချိန်က မြေဝိုင်းသဘင်ဟုခေါ်သေ အဆင့်တွင်သာ ရှိနေပါသည်။ မြေဝိုင်းသဘင်များသည် မြေပေါ်တွ မီးများထွန်း၍ ကပြအသုံးတော်ခံလေ့ရှိပါသည်။ အငြိမ့်ပွဲ၊ ဇာတ်ပွဲ ကို ဇာတ်စင်နှင့် ပြသခြင်းကို ၁၈၉၈ ခုနှစ်တွင် လမ်းမတော်၊ တဝန်လမ်းရှိ မင်းသားကြီးဦးကျော်ယုံက စတင်တီထွင်၍ အသုံး လာခဲ့ပါသည်။

စာရေး

ထိုအချိန်မှာပင် အမြင့်သဘင်ဟုရေးထိုးထားသော ကန့် ကားလိပ်နောက်မှ ထွက်လာသော လူသုံးယောက်ကိုတွေ့ရ၍ ချ က အထိတ်တလန့်ဖြင့်

" ဟင် မှော်ဆရာလူကြီးတွေ "

ဟု အော်ဟစ်လိုက်လေ၏။ ထိုသူသုံးယောက်၏ လက်ထဲ ရုပ်သေးရုပ်ကိုယ်စီကိုင်ထား၍ ရုပ်သေးဆရာများဖြစ်ကြောင်းသိလို ရလေ၏။ ထိုသူများအနက် တစ်ယောက်က

" ကျွန်တော်တို့ မန္တလာ ရုပ်သေးအဖွဲ့က ယနေ့ညဖျော်





င်ဆက်မယ့်ဇာတ်ကတော့ ဘူရိဒတ်ဇာတ်တော်ကြီးပါပဲ "

ဟုဆိုလေရာ ကြည့်ရှုနေသူများသည် လက်ခုပ်လက်ဝါးတီး ိုက်ရလေ၏။

" တကယ်တော့ ကျွန်တော်တို့ဟာ မန္တလာက ဆရာခကြီး ့ သားတပည့်တွေပါ၊ မန္တလေးရွှေမြို့တော်ကြီးမှာ ကိုလိုနီလက် အောက်ကျတဲ့ အချိန်ကစပြီး မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်တွေ ာဖြည်းဖြည်း ပျောက်ဆုံးတုန်လို့ ရေကြည်ရာမြက်နုရာ ရှာဖွေ ုပ်ကိုင်ရင်း ဒီအရပ်ကို ရောက်လာရတာပါ၊ ဒီညဟာ ပထမဦးဆုံး မယ့်ညမို့ အမှားအယွင်းလေးများပါရင် မေတ္တာထားပြီး သနားချစ်ခင် ြပါခင်ဗျာ၊ တကယ်တော့ ကျွန်တော်တို့ ရုပ်သေးဆရာတွေဟာ ုပ်သေးပျက်ရင် ဘဝပျက်တာပါပဲ၊ ကျွန်တော်တို့ ဆရာကြီးတွေက ုပ်သေးဆရာလုပ်တော့မယ်ဆိုကတည်းက ရုပ်သေးထဲမှာ ကျွန်တော် ို့လိပ်ပြာသွင်းပေးပြီးသားပါ၊ ညအိပ်ရင်တောင် ရုပ်သေးကို ခေါင်းရင်း ထားပြီး အိပ်ရပါတယ်၊ ကျွန်တော်တို့ သေရင်တောင်မှ အလောင်းရဲ့ ခေါင်းရင်းမှာ ရုပ်သေးချိတ်ရတဲ့ ထုံးစံရှိပါတယ်၊ သူခိုးဓားပြရန်က အသက်အေးလွတ်အောင် ပြေးတဲ့အခါမှာတောင် ရုပ်သေးကို တစ်ပါ ည်း ယူပြီးပြေးရပါတယ်၊ ဒါကြောင့် ရုပ်သေးဟာ ကျွန်တော်တို့ရဲ့ ညာဉ်ပါ၊ အသက်သွေးကြောပါ၊ ဒါကြောင့် ရုပ်သေးပညာ မတိမ်ကော၊ ပျောက်အောင် **အစွမ်းကုန်** ကြိုးစားပြီး ရင်နှစ်ခြမ်းဖြန့်ဖြန့်ကွဲအောင်



www.burmeseclassic.com

www.burmeseclassic.com



ကပြပါမယ် ''

ဟုပြောလေရာ ရုပ်သေးပညာရှင်သုံးဦး၏ စကားများကို နားထောင်ပြီး ချယ်ရီနှင့် အောင်လံသည် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်၍ ရယ်မောမိလေ၏။

အဘယ်ကြောင့်ဆိုသော် တောထဲတွင် ရုပ်သေးပညာရှင် သုံးဦးပြောသောစကားများကို တလွဲထင်၍ မှော်ဆရာများဟု အထင်ရောက်ခြင်းကို သတိရသောကြောင့်ဖြစ်၏။

ထိုညက ချယ်ရီသည် ရုပ်သေးပွဲကို ညလုံးပေါက်ကြည့်၍ သဘောအကျကြီးကျကာ ရုပ်သေးစင်ရှေ့ရှိ အလှူခံဖလားကြီးထဲသို့ ငွေများ သွားရောက်လှူဒါန်းလေ၏။ အချို့သော ရွာသူရွာသားများက ဝက်ပျော်သီး၊ ပေါက်ပေါက်ဆုပ်၊ ကရေကရာစသော မုန့်ပဲသရေစာများကို သွားရောက်လှူဒါန်းလေ၏။

နောက်တစ်နေ့သို့ရောက်သောအခါ ချယ်ရီက

'' ကျွန်မတို့ကို ဒီဒေသကလူတွေက ပျောက်ဆုံးနေတဲ့အဖေကိုရှာဖို့ထွက်လာတဲ့ မောင်နှမနှစ်ယောက်လို့ လူသိကြတယ်၊ ဒါကြောင့် ရှင်အနေအထိုင် သတိထားဆင်ခြင်ပါ၊ လောလောဆယ်တော့ ရွှေတံတား ငွေတံတားခင်းတဲ့ လနတ်သမီးဆိုတဲ့ တဘောင်လိုလို ဖွက်စာလိုလိုဟာကို အဓိပ္ပါယ်ဖော်ကြမယ် ''

ဟုပြောကာ ရွာထဲသို့ ထွက်ခွာသွားကြလေ၏။





ဆင်ဖြူတိုင်ရွာတစ်ရွာလုံး အောင်လံနှင့်ချယ်ရီ၏ အကြောင်းကို ကြားဖူးနားဝရှိသဖြင့် ၎င်းတို့အား ဝယ်ယူသည့်ပစ္စည်းများကို ပိုက်ဆံအနည်းငယ်သာယူ၍ ပိုပိုသာသာပေးကြလေ၏။ ဆင်ဖြူတိုင် အရပ်မှလူများသည် ဘိုးတော်လှ၏တပည့်များကို ရွံရှာမုန်းတီးနေဟန်ရှိပြီး ၎င်းတို့ကိုအန်တုဝံ့သော အောင်လံတို့ကို ခင်မင်ရင်းနှီးကြခြင်းဖြစ်၏။

၎င်းတို့စားသောက်လေ့ရှိသော ထမင်းဆိုင်ရှင် အဒေါ်ကြီးထံသို့ သွား၍

'' ဒီမှာအဒေါ်ကြီး၊ ရွှေတံတား ငွေတံတားဆိုတာ ဘယ်နားမှာလဲ ''

ဟုမေးမြန်းလေရာ အဒေါ်ကြီးက မျက်မှောင်ကြုတ်၍

'' ဒီရွာမှာ ဘယ်လိုလုပ် ရွှေတံတား ငွေတံတားရှိမှာလဲ၊ ထုံးတံတားပဲရှိတယ် ''

ဟုပြောလေရာ ချယ်ရီ၏မျက်နှာရှုံ့မဲ့သွားပြီး

'' လနတ်သမီးဆိုတာရော ကြားဖူးလား ''

ဟုမေးမြန်းလေ၏။ အဒေါ်ကြီးက ခေါင်းခါ၍

'' မင်းတို့ဘာတွေလာမေးနေတာလဲ၊ ဈေးရောင်းမကောင်းလို့ စိတ်ညစ်နေရတဲ့အထဲ လာနောက်မနေနဲ့ ''

ဟုမောင်းထုတ်လေ၏။ ဤသို့ဖြင့်အောင်လံတို့သည် တစ်ရွာလုံးလှည့်လည်၍ ရောက်တတ်ရာရာ မေးမြန်းလေရာ မည်သူမျှ တိတိ



www.burmeseclassic.com

www.burmeseclassic.com



ပပ မဖြေနိုင်ဘဲ ကပေါက်တိကပေါက်ချာအဖြေများကိုသာ ရခဲ့လေ၏။ အောင်လံက သက်ပြင်းရှည်ကြီးကိုချ၍

'' ဟူး ရှေ့တံတား နွေတံတားနဲ့ လနတ်သမီးဆိုတာ ဒီရွာမှာ ဘယ်သူမှ မသိပါလား။ ကြည့်ရတာ ဒီနာမည်ကို ယောင်လို့တောင် မကြားဖူးဘူးနဲ့တူတယ်၊ ကျုပ်တို့လိုက်ရမဲ့ သဲလွန်စက အတော်ခက်နေပြီ ''

ဟုပြောလေရာ ချယ်ရီက အံကိုကြိတ်၍

'' ကျွန်မတို့ ဖွဲမလျှော့သင့်ဘူး၊ လမ်းဆုံးရင် ရွာတွေ့မယ်လို့ ကျွန်မတော့ ယုံကြည်တယ် ''

ဟုပြောလေ၏။ အောင်လံကလည်း ခေါင်းညိတ်၍

'' ဟုတ်တယ်၊ ကျုပ်ဆန္ဒလဲ ဒီအတိုင်းပါပဲ ''

ဟုပြောလိုက်လေ၏။

ထိုအခိုက်မှာပင် ဆူဆူညံညံအသံများကိုကြားရပြီး စားသောက်ဆိုင်တစ်ဆိုင်ရှိ လူဝကြီးတစ်ယောက်က ဗယာကြော်ရောင်းသော လူငယ်လေးတစ်ဦး၏ ရင်ဘတ်ကိုဆောင့်တွန်း၍

'' ဟေ့ကောင်၊ မင်းကိုဒီဆိုင်ရှေ့မှာ ဗယာကြော်မရောင်းပါနဲ့လို့ ငါဘယ်နှစ်ခါပြောရမလဲ၊ သေချင်လို့လား ''

ဟုအော်ဟစ်ကြိမ်းမောင်းလေရာ လူငယ်လေးက ခေါင်းငုံ့၍ နားထောင်နေရာမှ





'' ကျွန်တော်ရောင်းတဲ့နေရာက ရွာလမ်းပေါ်မှာရောင်းတာပါ၊ ဦးလေးတို့ဆိုင်နဲ့အဝေးကြီးပဲ ''

ဟုပြောလေ၏။ ထိုအခါ လူဝကြီးက စိတ်ဆိုးဟန်ဖြင့် လူငယ်လေး၏ အကြော်ဗန်းကိုယူ၍ အဝေးသို့လွှင့်ပစ်ရန်ကြံလိုက်၏။ အောင်လံသည် လူဝကြီး၏အမူအရာကိုကြည့်၍ ဗယာကြော်ဗန်းကို အတင်းလုယူ၍

'' ဒီလိုမလုပ်ပါနဲ့ဗျာ၊ ကောင်လေးကို ကောင်းကောင်းမွန်မွန် ပြောရင် ရပါတယ် ''

ဟုပြောလေ၏။ ထိုအခါ လူဝကြီးက အောင်လံကို ဒေါသတကြီးကြည့်၍ ဗယာကြော်ဗန်းကို လွှတ်ပေးလိုက်ပြီး

'' ဟေ့ကောင် မင်းနဲ့ဘာဆိုင်လို့ ကျုပ်ကိစ္စကို ဝင်ရှုပ်ရတာလဲ၊ ဒီကောင့်ကို အကြိမ်ကြိမ်ပြောပြီးပြီ၊ မရဘူးကွ ''

ဟုပြောလေ၏။ အောင်လံက ကောင်လေး၏ပခုံးကိုဖက်၍

'' ဒီမှာငါ့ညီ၊ တစ်ရွာလုံးမှာ ဈေးရောင်းရတဲ့နေရာတွေ အများကြီးရှိပါတယ်၊ သူတို့မကြိုက်တဲ့နေရာမှာ မရောင်းပါနဲ့ ''

ဟုပြောလေ၏။ ကောင်လေးက ဗယာကြော်ဗန်းနှင့်မီးဖိုလေးကို ကိုင်၍အောင်လံနှင့်အတူထွက်ခဲ့လေ၏။

ရွာလယ်ရှိ သစ်ပင်ရိပ်သို့ရောက်သောအခါ ကောင်လေးက သစ်ပင်အောက်တွင် ခြေပစ်လက်ပစ်ထိုင်၍



www.burmeseclassic.com

www.burmeseclassic.com



" ဒီလူတွေရဲ့စိတ်သဘောထား ဒီလောက်ယုတ်မာတာ အံ့ဩဖို့ကောင်းပါတယ် "

ဟုပြောလေ၏။ အောင်လံက နားမလည်ဟန်ဖြင့်

" ဘယ်လိုဖြစ်တာလဲ ဖိုးညို "

ဟုပြောလေ၏။ ကောင်လေးက သက်ပြင်းချ၍

" ကျွန်တော်ဟာ တစ်ဦးတည်းသောညီမလေးကို ဖယာကြော်ရောင်းပြီး ကျွေးမွေးနေရတာပါခင်ဗျာ၊ တကယ်တော့ ညီမလေးဟာ ကျန်းမာရေးမကောင်းရှာပါဘူး၊ မိဘတွေကလဲ မရှိတော့ ကျွန်တော်ပဲ လုပ်ကျွေးပြုစုနေတာပါ၊ အဖေက အရင်တုန်းက ရွာမှာ လက်ဝှေ့လဲထိုးတယ်၊ လက်ဝှေ့ဝါသနာပါတဲ့ လူငယ်တွေကိုလဲ ပညာသင်ပေးတယ်၊ ဘိုးတော်လှရဲ့လူတွေက ရွာကလူငယ်တွေ ကိုယ်ခံပညာတတ်မှာ မလိုလားဘူး၊ ဒါကြောင့် ရပ်ရွာအေးချမ်းသာယာရေးအတွက်ဆိုပြီး အကြောင်းပြပြီး အဖေ့ကိုလက်ဝှေ့မသင်ဖို့ တားမြစ်ခဲ့တယ်၊ အဖေက သူတို့ရဲ့အကြောင်းပြချက်ဟာ အဓိပ္ပါယ် မရှိတဲ့အတွက် လက်မခံခဲ့ဘူး၊ လူငယ်တွေကို ပညာသင်ပေးမြဲ သင်ပေးခဲ့တယ်၊ ဒါပေမယ့် အဖေရဲ့လက်ဝှေ့သင်တန်းကို တက်တဲ့လူငယ်တွေ တဖြည်းဖြည်းလျော့လျော့သွားတယ်၊ အဖေဟာ ဘိုးတော်လှ တပည့်တွေရဲ့ သက်ချက်ဆိုတာသိလို့ အတော်ခံပြင်းသွားတယ်၊ မြိတ်သျှ ကိုလိုနီ သက်အောက်မှာ နေထိုင်ရတဲ့အတွက် လက်ဝှေ့ပညာကို လူငယ်တွေ





တတ်ကျွမ်းသင့်တယ်လို့ အဖေယုံကြည်နေတယ်၊ ဒါကြောင့် မခံမရပ်နိုင်ဖြစ်ပြီး ရွာထိပ်မှာ လက်ဝှေ့ကြိုးဝိုင်းတစ်ခုကို အဖေကိုယ်တိုင်ဆောက်လုပ်တယ်၊ ပြီးတော့ ရွာမှာရှိတဲ့ အသည်းကောင်းတဲ့ယောက်ျားမှန်ရင် ဒူ့ကိုလာယှဉ်လှည့်ပါလို့ စိန်ခေါ်ခဲ့တယ်၊ တကယ်တော့ အဖေဟာ ဘိုးတော်လှရဲ့တပည့်တွေကို မခံချင်လို့ လုပ်တာပါ၊ ဒေသခံရွာသူရွာသားတွေကတော့ အဖေနဲ့ ဘိုးတော်လှ ပွဲကြီးပွဲကောင်းတွေ့ပြီလို့ ယူဆခဲ့တယ်၊ ဘိုးတော်လှ တပည့်တွေဟာ အဖေ့ကို တစ်ယောက်မှ စင်ပေါ်မှာ ယှဉ်မထိုးဝံ့ပါဘူး၊ လူမသိသူမသိနဲ့ပဲ လက်ဝှေ့ကြိုးဝိုင်းကို ဖိတ်ပစ်ဖို့ လာခြိမ်းခြောက်ပါတယ်၊ အဖေဟာ ခေါင်းမာမာနဲ့ ဖိတ်မပစ်ခဲ့ဘူး၊ အဖေနဲ့လက်ဝှေ့ ယှဉ်ထိုးတဲ့သူတွေက တစ်ဖက်နိုင်ငံက ပသျှူးလက်ဝှေ့ကျော်တွေ များတယ်၊ ဒါပေမယ့် သူတို့ဟာ အဖေ့ကို မယှဉ်နိုင်ဘဲ ရှုံးနိမ့်သွားကြတာ များပါတယ်၊ ဒါပေမယ့် တစ်နေ့မှာတော့ တစ်ဖက်နိုင်ငံက အလွန်သန်မာ ထွားကျိုင်းတဲ့ ဆူနဝမ်းဆိုတဲ့လက်ဝှေ့သမားကြီးဟာ အဖေနဲ့ ယှဉ်ပြိုင်ပြီး ထိုးခဲ့ပါတယ်၊ အဲဒီပွဲမှာတော့ အဖေဟာ ရှုံးနိမ့်သွားခဲ့တယ်၊ ဒဏ်ရာလဲ အပြင်းအထန်ရခဲ့တယ်၊ ဒဏ်ရာရပြီး သုံးရက်လောက် အကြာမှာပဲ အဖေဟာ ကျွန်တော်တို့ မောင်နှမကို ထားရစ်ခဲ့ပြီး လူ့လောကက ထွက်ခွာသွားတယ်၊ အဖေမရှိတော့တဲ့အချိန်ကစပြီး ကျွန်တော်ပဲ ညီမလေးကို လုပ်ကိုင်ကျွေးမွေးနေရတာပါ၊ ဒါပေမယ့် ဘိုးတော်လှရဲ့တပည့်တွေဟာ ဒီနေ့အထိ



www.burmeseclassic.com

www.burmeseclassic.com



အဖေ့ကိုရှန်ငြိုးဖွဲ့ပြီး မုန်းတီးတဲ့စိတ်နဲ့ ကျွန်တော့်ကို ဒုက္ခပေးနေကြတာယ်''

ဟုပြောလေရာ ချယ်ရီက စိတ်ဝင်စားဟန်ဖြင့် လူငယ်၏ပခုံးကိုဖက်၍

'' ဘယ်လိုဒုက္ခပေးတာလဲ ဝါ့မောင်၊ ပြောစမ်းပါဦး ''

ဟုတောင်းဆိုလေ၏။ လူငယ်က သက်ပြင်းချ၍

'' ကျွန်တော့်ကို ရွာလယ်က လူစည်ကားတဲ့စားသောက်ဆိုင်ကြီးတွေနားမှာ ဗယာကြော်ရောင်းလို့မရအောင်လုပ်တယ်၊ စားသောက်ဆိုင်ကြီးတွေရဲ့ပိုင်ရှင်တွေဟာ ဘိုးတော်လှရဲ့တပည့်တွေကို ကြောက်လန့်နေသူတွေဆိုတော့ ကျွန်တော့်ကို ဘယ်သူမှ သူတို့ဆိုင်ရှေ့မှာ ဈေးရောင်းခွင့်မပေးကြဘူး၊ ဒါကြောင့် ဆိုင်ကြီးတွေအားလုံးက ကျွန်တော့်ကိုမောင်းထုတ်ကြတယ်၊ ကျွန်တော်ရောင်းတဲ့ ဗယာကြော်ဆိုတာ ဆိုင်ကြီးတွေနဲ့ တွဲမရောင်းရင် အရောင်းအတော်ပါးသွားတယ် ''

ဟုစိတ်ပျက်လက်ပျက်ပြောလေ၏။ အောင်လံက လူငယ်လေး၏ အဖြစ်ကို နားထောင်၍ တက်ခေါက်ကာ

'' တောက် ဒီကောင်တွေဟာ ကလေးတစ်ယောက်ကို စော်ကားလိုက်ပြီးဒုက္ခပေးနေတယ်၊ ဒီအရပ်ကလူတွေကလဲ ဒီလောက် တောင် ဘိုးတော်လှကို ကြောက်ရသလား ''







ဟုရေရွတ်လေ၏။ လူငယ်လေးက

'' ဘိုးတော်လှရဲ့တပည့်တွေရဲ့ အကျင့်စရိုက်တွေကို တဖြည်းဖြည်း လူတွေသိကုန်ပါပြီ၊ ဒါပေမယ့် သူတို့က ရပ်ရွာလုံခြုံရေး အတွက် ထိမ်းသိမ်းရတယ်လို့ အကြောင်းပြပြီး လူတွေကို ဒုက္ခပေးနေတာပါ ''

ဟုပြောလေ၏။ ချယ်ရီက တစ်စုံတစ်ရာကို တွေးတောနေဟန်ဖြင့် လူငယ်လေးကိုကြည့်၍ လက်ဖျစ်တီးကာ

'' ဟုတ်ပြီး မင်းကို မမတို့အကူအညီပေးနိုင်တာ တစ်ခုရှိတယ်၊ ဒီပုံစံအတိုင်းဆိုရင် မင်းကိုဘယ်သူမှ မောင်းထုတ်လို့မရတော့ဘူး ''



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလေ၏။ လူငယ်လေးက စိတ်အားတက်ကြွစွာဖြင့်

'' ပြောပါဦး အစ်မရယ်၊ ဝမ်းသာလိုက်တာ၊ ဈေးရောင်းမကောင်းရင် ကျွန်တော်တို့မောင်နှမ စားဝတ်နေရေးခက်ခဲလို့ပါ ''

ဟုပြောလေ၏။ ချယ်ရီက

'' မင်းကို ဆိုင်ကြီးတွေက မောင်းထုတ်နေတာ သူတို့ဆိုင်ရှေ့မှာ ဆိုင်ခုံတွေခင်းပြီး ဖယာကြော်ထိုင်ကြော်နေလို့ဖြစ်တာပဲ၊ ဒီတော့ မင်းရဲ့ဖယာကြော်ဆိုင်ကို အသေမထားဘဲ အရှင်လုပ်ရမယ်၊ အစ်မတို့ မြိတ်မြို့မှာ ဖယာကြော်ရောင်းတဲ့သူတွေဟာ လက်ဆွဲမီးဖိုလေးတွေနဲ့ ရောင်းလေ့ရှိတယ်၊ မီးဖိုအပေါ်မှာ ဖယာကြော်ထည့်ဖို့ ဇန်းလေးလဲပါတယ်၊ အောက်ဆုံးအဆင့်မှာ မီးသွေးထည့်ဖို့ အကန့်လေးတစ်ခုပါတယ်၊ ဒီလိုလုပ်ပြီး ရောင်းမယ်ဆိုရင် မင်းကို ဘယ်သူမှ တားလို့မရတော့ဘူး။ ဖယာကြော်ရောင်းတဲ့ လက်ဆွဲမီးဖိုလေးကို ဆွဲပြီး ဆိုင်ကြီးတစ်ဆိုင်ပြီးတစ်ဆိုင် ပြောင်းပြီးရောင်းနေရင် အခုလိုထိုင်ပြီးရောင်းတာထက် အများကြီးပိုရောင်းရဦးမယ် ''

ဟုပြောလေရာ လူငယ်လေးက ဝမ်းသာအားရဖြင့်

'' ကျေးဇူးတင်လိုက်တာ အစ်မရယ်၊ ဒါဆိုရင် ကျွန်တော် ဖယာကြော်တွေ ပိုရောင်းရမှာ သေချာတယ်၊ ဆိုင်ကြီးတွေကလဲ ကျွန်တော့်ကို မောင်းထုတ်လို့မရတော့ဘူး၊ ဒါပေမယ့် လက်ဆွဲမီးဖိုဆိုတာ ဘယ်လိုလုပ်ရမှာလဲ ''





ဟုပြောလေ၏။ အောင်လံကဝင်၍

'' ဒီအတွက်မပူနဲ့၊ အစ်ကိုတို့လုပ်ပေးမယ်၊ မင်းတို့ရွာမှာ သံဖြူဆိုင်ရှိတယ်မဟုတ်လား ''

ဟုမေးမြန်းလေရာ လူငယ်က ခေါင်းညိတ်၍ သံဖြူဆိုင်သို့ လိုက်လံပို့ဆောင်ပေးလေ၏။

ထို့နောက်တွင်မူ ချယ်ရီတို့သည် သံဖြူဆရာထံသို့သွားကာ လူငယ်လေးအတွက် ဖယာကြော်ရောင်းရန်လိုအပ်သော လက်ဆွဲမီးဖိုလေးကို အပ်နှံ၍ ပြုလုပ်ခိုင်းလေ၏။

✿✿✿✿✿



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် အောင်လံတို့သည် ဆင်ဖြူကိုင်ရွာကလေး၌ မယ်မယ်ရရ အလုပ်အကိုင်ဟူ၍ မရှိဘဲ ဖခင်ကိုရှာဖွေသည်ဟု အကြောင်းပြကာ လှည့်လည်သွားလာရင်း ရတနာသိုက်၏ သဲလွန်စကို ရှာဖွေနေလေ၏။

၎င်းတို့သည် ရတနာသိုက်နှင့်ပတ်သက်၍ သဲလွန်စ မယ်မယ်ရရမရှိသော်လည်း ဖွဲလုံ့လဝီရိယဖြင့် သဲကြီးမဲကြီး ရှာဖွေနေလေ၏။

ဗယာကြော်ရောင်းသော ကလေးငယ်သည် အောင်လံတို့၏ ကျေးဇူးကြောင့် လက်ဆွဲမီးဖိုလေးဖြင့် လှည့်လည်ရောင်းချနိုင်သောကြောင့် များစွာ အဆင်ပြေနေလေ၏။





လူငယ်လေးသည် အောင်လံတို့ကို ကျေးဇူးတင်၍ မဆုံးပေ။

တစ်နေ့သ၌ လူငယ်လေးက အောင်လံတို့စားသောက်ရန် ဗယာကြော်များကို လာရောက်ပို့ဆောင်ရင်း

" ဘိုးတော်လှရဲ့ တပည့်တွေနဲ့ အစ်ကိုတို့မောင်နှမ ကြေးသွန်းဘုရား ပူဇော်ပွဲမှာ ပြဿနာဖြစ်သွားတယ်လို့ ကြားရတယ်၊ ဒီအတွက် ဒီကောင်တွေဟာ ဆင်ကြံကြံတတ်တယ်၊ ရွာထဲကလူအချို့က အစ်ကိုတို့မောင်နှမကို ဘေးအန္တရာယ်ဖြစ်မယ်လို့ ကရုဏာသက်နေကြတယ်၊ ဘာဖြစ်လို့လဲဆိုတော့ အစ်ကိုတို့ ရွာကိုရောက်တာ ရက်တွေကြာပေမယ့် ဘိုးတော်လှကို ဒီနေ့အထိ သွားမတွေ့သေးခူးလေ "

ဟုပြောရင်း လူငယ်လေးသည် မျက်မှောင်ကြုတ်၍ တစ်စုံတစ်ရာကို စဉ်းစားလိုက်ပြီး

" တကယ်တော့ ကျွန်တော်သာဆိုရင် ဘိုးတော်လှကို ခင်မင်ရင်းနှီးဟန်ဆောင်ပြီး အစ်ကိုတို့ရဲ့ ပျောက်ဆုံးနေတဲ့ အဖေကို ရှာဖွေမှာပဲ၊ ဘာလို့လဲဆိုတော့ ဘိုးတော်လှဟာ ဒီအရပ်မှာ အတော်လေးနံ့နံ့စပ်စပ်ရှိတယ် "

ဟုပြောလေ၏။ လူငယ်လေး၏ စကားကို နားထောင်၍ ချယ်ရီက လက်ဖျစ်တီး၍

" ဟုတ်ပြီ၊ မောင်လေးရဲ့အကြံကောင်းတယ်၊ ကျွန်မတို့



www.burmeseclassic.com

www.burmeseclassic.com



ဘိုးတော်လှကို အနီးကပ်တွေ့ဆုံပြီး သဲလွန်စတွေကို ရှာဖွေကြည့်မယ်''

ဟုပြောလေ၏။ ထိုအခါ အောင်လံကလည်း သူမ၏အကြံအစည်ကို သဘောတူလေ၏။

ထိုနေ့ ညနေစောင်းသောအခါ ချယ်ရီက ခေါက်ဆွဲကြော်စားချင်သည်ဆို၍ ရွာလယ်ရှိ တရုတ်ဆိုင်ကြီးတစ်ဆိုင်သို့ သွားရောက်ခဲ့လေ၏။ အောင်လံတို့သည် ရွာလယ်ရှိ တရုတ်ဆိုင်ကြီးသို့ ရောက်သောအခါ ဒေါင့်ဘက်ရှိ စားပွဲတစ်လုံးတွင် နေရာယူ၍ ခေါက်ဆွဲကြော်နှစ်ပွဲကို မှာယူလေ၏။

ထိုဆိုင်ကြီးတွင် အရက်များကိုပါ ရောင်းချသောကြောင့် အခန်းထဲရှိ စားပွဲဝိုင်းများတွင် အရက်သောက်နေသူများကို တွေ့ရလေ၏။ အရက်သမားများသည် ချောမောလှပသော ချယ်ရီ၏ မျက်နှာကိုသာ စူးစူးစိုက်စိုက်ကြည့်ရှုနေလေ၏။

ချယ်ရီသည် စားပွဲဝိုင်းများရှိ မျက်နှာအဆီပြန်နေသော အရက်သမားများကိုကြည့်၍

'' ကျွန်မတို့ ဒီဆိုင်ကိုလာခဲ့တာ မှားပြီထင်တယ်၊ အားလုံးရဲ့ မျက်လုံးတွေက ကျွန်မ ခန္ဓာကိုယ်ကိုပဲ စူးစိုက်ကြည့်နေတယ် ''

ဟုပြောလေရာ အောင်လံက မသိမသာ မျက်လုံးဝေ့ကြည့်၍

'' သူတို့ကို ဂရုမစိုက်နဲ့ချယ်ရီ၊ မသိချင်ဟန်ဆောင်နေ ''

ဟုပြောလေ၏။ အောင်လံ၏ စကားကြောင့် ချယ်ရီက ခေါင်း





ကိုင့်၍ နေလိုက်၏။

အရက်သမားများသည် ယဉ်ရှယ်သော အောင်လံကို မလောက်လေး မလောက်စားဟန်ဖြင့် သဘောထားကာ ချယ်ရီကို ရမ္မက်နိုးဝေနေသော မျက်လုံးများဖြင့် စူးစိုက်ကြည့်နေလေ၏။

ချယ်ရီတို့သည် ခေါက်ဆွဲကြော်များ ရရှိသောအခါ လျှင်မြန်စွာစားသောက်၍ ဆိုင်ထဲမှ ထွက်ခွာရန် ပြင်လေ၏။

ထိုအခိုက်မှာပင် သူတို့၏ စားပွဲသို့ သန်မာထွားကျိုင်းသောလူကြမ်းကြီးတစ်ယောက် ရောက်ရှိလာပြီး ချယ်ရီကို မျက်လုံးများမှေးစင်း၍ကြည့်ကာ

'' ဟဲ ဟဲ မင်းနာမည် ဘယ်လိုခေါ်သလဲ ''

ဟုပြောလေရာ ချယ်ရီက လူကြီးကို မော့ကြည့်၍ မဖြေဘဲ ခေါင်းကိုငုံ့ထားလိုက်လေ၏။

လူကြမ်းကြီးက တဟဲဟဲရယ်မော၍

'' ဖြေစမ်းပါကွ၊ မင်းလေးက ကျုပ်နဲ့ စကားမပြောချင်လို့လား၊ သင်ဖြူတိုင်မှာ စလကြီးဆိုရင် အားလုံးပွဲပြီးမီးသေပြီးသားပဲ၊ မင်းတို့ဘာလုပ်ချင်သလဲ၊ ဘာဖြစ်ချင်သလဲ အားလုံးကူညီပေးလို့ရတယ်၊ ဟုတ်တယ်မဟုတ်လား ကိုယ့်လူတို့ ''

ဟုပြောကာ အနောက်ဘက်စားပွဲဝိုင်းတွင် ကျန်ရှိနေသော သူ၏အပေါင်းအသင်းများကိုလှည့်၍ ပြောလေရာ လူကြမ်းသူကြမ်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်က တဟားဟားရယ်မောရှ်

" ဟုတ်တာပေါ့ဗျာ၊ ဗလကြီးနဲ့အဖွဲ့ဆိုရင် ဆင်ဖြူတိုင်မှာ ဘယ်သူမှ မယှဉ်ဝံ့ဘူး "

ဟုပြောလေ၏။

ဗလကြီးတို့အဖွဲ့သည် ဆင်ဖြူတိုင်တွင် အတော်အတန် ဩဇာညောင်းပုံရ၏။ ဆိုင်ထဲရှိ အရက်သမားအချို့မှာ ဗလကြီးတို့ အပြုအမူကို ကြည့်ရှု၍သာနေကြပြီး မည်သူမျှ မပြောဝံ့ချေ။

အောင်လံသည် ဗလကြီးကို စကားတစ်ခွန်းမှ မပြောဆိုဘဲ ပန်းကန်ထဲရှိ ခေါက်ဆွဲများကိုသာ မြိန်ရှက်စွာ စားသောက်နေလေ၏။

ဗလကြီးသည် အောင်လံကဲ့သို့ လူငယ်လေးတစ်ယောက်ကို စာရင်းထဲတွင် ထည့်ပုံမရဘဲ ချယ်ရီ၏ မျက်နှာကိုသာ စူးစူးရဲရဲကြည့်၍

" ကိုယ်မေးတာ ဖြေပါဦးကွယ် "

ဟုဆိုကာ ချယ်ရီ၏မေးစေ့ကို လက်ကြမ်းကြီးဖြင့် ဆွဲမလိုက်၏။

ချယ်ရီသည် သည်းခံနိုင်စွမ်းမရှိတော့သဖြင့် ထိုင်ရာမှ ဆတ်ခနဲ ထ၍ ထဘီကို အနည်းငယ်မကာ လူကြမ်းကြီး၏ ပေါင်ကြားကို ခြေဖြင့် ဆတ်ခနဲတိုက်လိုက်ရာ လူကြမ်းကြီးသည် အင့်ခနဲအော်၍ ကြမ်းပေါ်သို့ ဝုန်းခနဲ လဲကျသွားလေ၏။

ထိုအခါ ဆိုင်ထဲရှိ အရက်သမားအားလုံး မယုံနိုင်ဟန်ဖြင့်





ဟာခနဲ အော်ဟစ်လိုက်ပြီး လူကြမ်းကြီး၏ အပေါင်းအဖော်နှစ်ဦးသည် ထိုင်ရာမှထ၍ ချယ်ရီကိုတိုက်ခိုက်ရန် ပြေးလာကြ၏။

ထိုအခိုက်မှာပင် ခေါက်ဆွဲကို မြိန်ရှက်စွာ စားသောက်နေသော အောင်လံက လူကြမ်းကြီးတစ်ယောက်ကို ခြေထိုးခံလိုက်ရာ ချယ်ရီ အရှေ့၌ ဟပ်ထိုးလဲလေ၏။

ကျန်လူကြမ်းတစ်ယောက်မှာ သူ၏အဖော်ကို နင်းမိမှာစိုး၍ ကြောင်အမ်းအမ်း ရပ်တန့်နေစဉ် အောင်လံက ထိုင်ရာမှ ဆတ်ခနဲထ၍ ၎င်း၏အောက်ပိုင်းကို ခြေဖြင့်သိမ်းရိုက်ကာ ကြမ်းပေါ်သို့ကျသည်နှင့် တစ်တောင်ဖြင့် ထောင်းလိုက်၏။

ချယ်ရီကလည်း လဲကျနေသော လူကြမ်းကြီး၏ မျက်နှာကို ခြေဖြင့် တအားလွှဲကန်လိုက်ရာ လူကြမ်းကြီးသည် မေ့မြောသွားလေတော့၏။

ရန်ပွဲကိုကြည့်ရှုနေသော ဆိုင်ထဲရှိ အရက်သမားများမှာ အောင်လံတို့အစွမ်းကိုကြည့်၍ ပါးစပ်အဟောင်းသားဖြစ်သွားလေ၏။

အောင်လံက ထိုင်ရာမှထ၍ လဲကျနေသော ဗလကြီး၏ ပခုံးပေါ်သို့ ခြေတစ်ဖက်တင်ကာ ဆိုင်ထဲရှိ လူများကို မျက်လုံးဝေ့ကြည့်၍

" ဒီဒေသကို နှစ်ယောက်တည်းလာတယ်ဆိုပြီး အထင်မသေးနဲ့၊ ကျုပ်တို့က လူငယ်ပေမယ့် အဆိပ်ပြင်းတယ် "

ဟု ကြုံးဝါးလိုက်လေရာ ဆိုင်ထဲရှိ လူများသည် အောင်လံတို့



www.burmeseclassic.com

www.burmeseclassic.com



ကို အထင်မသေးရဲ့တော့ဘဲ ငြိမ်သက်သွားလေ၏။

ထိုအခါမှပင် အောင်လံနှင့် ချယ်ရီသည် ရင်ကိုကော့၍ ဆိုင်ထဲမှ ထွက်ခဲ့လေတော့၏။

✿✿✿✿✿

ရပန်စာ၊ ဘာကြံပေးစာများ ရေးသားလိုပါလျှင်...

**မင်းမြတ်သူရ**

အမှတ်-၇၊ အသောကလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်သို့

လိပ်မူ၍ ရေးသားနိုင်ပါသည်။





ထိုနေ့ညသို့ရောက်သောအခါ ချယ်ရီက ရုပ်သေးကြည့်ချင်သည်ဟု ပူဆာသဖြင့် ရွာလယ်ရှိ ရုပ်သေးပြရာ မြေကွက်လပ်သို့ ထွက်ခဲ့လေ၏။ အောင်လံတို့ ရောက်ရှိသောအခါ ရုပ်သေးပွဲစတင်နေပြီး ဘုရားဟော မဟာဇနက္ကဇာတ်၏ အလယ်သို့ပင် ရောက်ရှိနေ ပေပြီ။

ရုပ်သေးပွဲသို့ နောက်ကျသွားသဖြင့် အောင်လံကို တီးတိုး အပြစ်ဖို့နေလေ၏။

ရုပ်သေးဆရာသုံးယောက်၏ ကြိုးဆွဲကောင်းမွန်ခြင်း၊ အဆိုအငို အပြောတို့ ပိုင်နိုင်ခြင်းတို့ကြောင့် ရုပ်သေးပွဲကြည့်သူများပြုံးလှ၏။



www.burmeseclassic.com

www.burmeseclassic.com



ရှာလယ်သစ်ပင်ကြီးအောက်တွင် လူအများပြည့်လျှံနေပြီး ကညင်ဆီမီးတိုင်ကြီးများကို နေရာအနှံ့ ထိုးစိုက်ထားရပြီး ရုပ်သေး ရာစင်မြင့်တွင် အောက်လင်းမီးများကို တွေ့ရလေ၏။

ရုပ်သေးပွဲကြည့်သူများကို ဈေးရောင်းနေသော လှူငယ်လေး များကိုလည်း တွေ့ရလေ၏။

ရုပ်သေးကြိုးဆွဲ ဆရာသုံးဦးသည် မဟာဇနက္ကဇာတ်ကို ကြိုး စားပမ်းစား သရုပ်ဖော်တင်ဆက်နေလေ၏။

ထိုအခိုက်မှာပင် ရုပ်သေးစင်၏ ထောင့်ဘက်ရှိ မြင်းကိုယ်စီ ဖြင့် ကြည့်ရှုနေသူများထဲမှ ဆူဆူညံညံအသံများ ထွက်လာ၏။

ထိုသူများသည် တစ်ဖက်နိုင်ငံမှ ကုန်သည်များဖြစ်ပြီး မဟာ ဇနက္ကမင်းသားသင်္ဘောပျက်၍ ပင်လယ်ပြင်တွင် ခုနစ်ရက်ခုနစ်ည ကူးခတ်နေစဉ် မဏိမေခလာနတ်သမီးက ကယ်တင်သောအခန်းကို လှောင်ပြောင်နေကြ၏။

၎င်းတို့သည် မဟာဇနက္ကမင်းသား၏ ဖွဲ့လုံ့လဝီရိယကြီးမားမှု ကို မရိပ်စားမိဘဲ ပင်လယ်ပြင်တွင် ဒုက္ခရောက်နေစဉ် ကယ်တင်သူကို ငြင်းဆန်နေခြင်းမှာ သဘာဝမကျဟု ထင်မြင်သောကြောင့် လှောင်ပြောင် နေခြင်းဖြစ်၏။

ကုန်သည်များသည် ဆိုးသွမ်းသော စိတ်ဓာတ်ရှိပုံရပြီး အရက် သေစာသောက်စားထားသဖြင့် ပိုမို၍ စိတ်ရိုင်းများဖြစ်ပေါ်နေ၏။





ချယ်ရီက ထိုသူများကိုကြည့်၍ မျက်နှာရှုံ့မဲ့ကာ

"ဒီလိုဆိုးသွမ်းနေသူတွေကိုတော့ ဘိုးတော်လှတပည့်တွေက ရုပ်ရှာလုံခြုံရေးအတွက် မထိန်းသိမ်းဘူးလား"

ဟု ရေရွတ်လေ၏။ ထိုအခါ အနီးတွင် နားထောင်နေသော ရွာသားတစ်ယောက်က လေသံတိုးတိုးဖြင့်

"သူတို့က ဘိုးတော်လှတပည့်တွေကို လက်ဆောင်ပဏ္ဏာတွေ အလျှံအပယ်ပေးထားတာ"

ဟုပြောလေ၏။ ထိုအခိုက်မှာပင် တစ်ဖက်နိုင်ငံမှ ကုန်သည် တစ်ဦးက မြန်မာစကားမပီမသဖြင့်

"အရူးတွေ၊ အရူးတွေ"

ဟု လှောင်ပြောင်လေ၏။ ထိုအခါ အရက်မူးယစ်နေသော ကျန်ကုန်သည်များက ရယ်မော၍ စင်ပေါ်ရှိ ရုပ်သေးရုပ်များကို လိမ္မော် သီးများ၊ ငှက်ပျောခွံများဖြင့် ပစ်ပေါက်ကြလေရာ ရုပ်သေးပွဲတစ်ခုလုံး လှုပ်လှုပ်ရွရွဖြစ်သွားလေ၏။

ရုပ်သေးဆရာ နှစ်ဦးသည် မျက်စိမျက်နှာပျက်၍ စင်ရှေ့မှ ကာရံပြီး

"မလုပ်ကြပါနဲ့၊ မလုပ်ကြပါနဲ့၊ ပွဲပျက်အောင်မလုပ်ကြပါနဲ့"

ဟုသနားစဖွယ် တောင်းပန်ရှာ၏။ သို့သော် အရက်မူးယစ် နေသော ကုန်သည်များသည် အသိစိတ်မရှိတော့ဘဲ ရိုင်းပြစွာဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ရုပ်သေးစင်အနီးသို့ မြင်းများဖြင့် တိုးဝင်သွားပြီး ရုပ်သေးရုပ်တစ်ရုပ်ကို လှယူ၍ လူအုပ်ထဲသို့ ပစ်ပေါက်လိုက်လေ၏။

ရုပ်သေးဆရာများသည် ၎င်းတို့၏ ရုပ်သေးကို အသက်ဝိညာဉ်ကဲ့သို့ သဘော ထားသူများ ဖြစ်သဖြင့် လွန်စွာမခံချိ မခံသာဖြစ် သွား ပြီး ကုန်သည်ကို မြင်းပေါ်မှ ဆွဲချ၍ လက်သီးဖြင့် ထိုးလေတော့၏။



ထို အခါ ကုန်သည်များသည် အများစုဖြစ်သဖြင့် ရုပ်သေးဆရာ သုံး





ယောက်ကိုဝိုင်း ပန်းထိုးကြိတ်ကြလေ၏။

ရုပ်သေးပွဲတစ်ခုလုံးလည်း ရှုတ်ရှုတ်သဲသဲဖြစ်သွားလေ၏။ အောင်လံက တစ်ဖက်နိုင်ငံမှ ကုန်သည်များ၏ နိုင်လိုမင်းထက်ပြုကျင့်ပုံကို မနှစ်မြို့ သဖြင့်တက်ခေါက်၍

'' တောက်၊ ဒီကောင်တွေ သက်သက်စော်ကားတာပဲ၊ ရုပ်သေးဆရာတွေဘက်က ကျုပ်ဝင်ချမယ် ''

ဟုပြောကာ ရန်ပွဲအတွင်းသို့ဝင်၍ ကုန်သည်များကို ဝင်ရောက်ထိုးကြိတ်လေ၏။ ထိုအခါ ချယ်ရီကလည်း မနေသာတော့ဘဲ ကုန်သည်





www.burmeseclassic.com

www.burmeseclassic.com



များကို တိုက်ခိုက်ပြန်၏။

အောင်လံသည် လက်ဝှေ့ကျော်တစ်ဦးဖြစ်သဖြင့် ကုန်သည်များကို ဒူးဖြင့်တိုက်ခြင်း၊ တံတောင်ဖြင့် ထောင်းခြင်းတို့ကို ဖယ်ကော်သလို တိုက်ခိုက်သွားလေရာ ကုန်သည်များသည် တစ်ယောက်ပြီး တစ်ယောက်မြေပေါ်သို့ ပြိုလဲကျကုန်၏။

ချယ်ရီကလည်း အောင်လံနှင့် အတူ ဝင်ရောက်၍ ကုန်သည်များ၏ ပေါင်ကြားသို့ ခြေဖြင့်ကန်၍ လည်တိုင်ကို လက်ဝါးစောင်းဖြင့် ခုတ်ခြင်းတို့ကို ပြုလုပ်လေ၏။

နောက်ဆုံးတွင် ကုန်သည်အုပ်စု၏ ခေါင်းဆောင်နှင့် အပေါင်းအပါတစ်ယောက်သာကျန်ခဲ့ပြီး ခေါင်းဆောင်က မြင်းကုန်းနှီးအိတ်ထဲရှိ ခြောက်လုံးပြူးသေနတ်ကို ထုတ်လိုက်ပြီး အောင်လံတို့ကို ချိန်လေ၏။

အောင်လံနှင့် ချယ်ရီသည် ခြောက်လုံးပြူးကိုမြင်သဖြင့် မလှုပ်ဝံ့တော့ဘဲ ငြိမ်သက်သွားလေ၏။

ကုန်သည်ခေါင်းဆောင်က ၎င်းတို့၏ဘာသာဖြင့် ညစ်ညမ်းစွာဆဲဆို၍ အောင်လံတို့ကို ပစ်ခတ်ရန် ပြင်လိုက်၏။

ထိုအခိုက်မှာပင် သူ၏အနီးသို့တစ်စုံတစ်ဦးရောက်ရှိလာပြီး သေနတ်ကို ခြေဖြင့်လှမ်းခတ်လိုက်ရာ သေနတ်လွင့်ထွက်သွားလေ၏။ ထိုသူကိုကြည့်လိုက်သောအခါ မျက်လှည့်အဖွဲ့ခေါင်းဆောင် ကိုသီဟ





ဖြစ်နေလေ၏။

ကိုသီဟက သေနတ်မရှိတော့သော ကုန်သည်ခေါင်းဆောင်၏ မေးရိုးကို လက်သီးဖြင့် ထိုးလိုက်ရာ ထိုသူမှာ မြေပေါ်သို့ ဝုန်းခနဲ ပြိုလဲကျသွားလေ၏။

အောင်လံက မျက်လှည့်ဆရာကိုသီဟကိုကြည့်၍

" ကျေးဇူးတင်လိုက်တာ ကိုသီဟရယ် "

ဟုပြောလိုက်လေ၏။ ထိုအခိုက်မှာပင် အမှောင်ထဲမှ အပြာရောင်ဝတ်စုံဝတ် ဘိုးတော်လူ၏တပည့်များရောက်ရှိလာ၏။ ၎င်းတို့အုပ်စုမှ ခေါင်းဆောင်ဆိုသူက အခြေအနေကိုကြည့်၍ နားမလည်ဟန်ဖြင့်

" ဘယ်လိုဖြစ်နေတာလဲ၊ တစ်ရွာလုံး ဆူညံပွက်နေပါလား "

ဟုပြောလေ၏။ အောင်လံက ရှင်းပြရန် ပြင်ဆင်နေစဉ် ကိုသီဟက ရှေ့သို့ ထွက်ရပ်ရင်း ...

" တစ်ဖက်နိုင်ငံက ကုန်သည်တွေက ရုပ်သေးဆရာ သုံးယောက်ကို အရက်မူးပြီး ရန်စစော်ကားတယ်၊ ရန်စစော်ကားတဲ့အကြောင်းကလဲ ဘုရားလောင်းမဟာဇနက္ကဇာတ်တော်ကို ကပြနေတာကို နားမလည်ဘဲ လှောင်ပြောင်သရော်တာဖြစ်တယ်၊ ဒါကြောင့် ရန်ပွဲဖြစ်ပွားရာကတင် ဒီလူငယ်နှစ်ယောက်နဲ့ ကျုပ်က ရုပ်သေးဆရာတွေဘက်က ဝင်ကူညီခဲ့တယ်၊ ဒါပါပဲ "



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလေရာ ဘိုးတော်လှ၏ တပည့်များသည် ရန်ပွဲကိုမျက်လုံးဝေ့ကြည့်၍ ခေါင်းခါယမ်းကာ

'' ရုပ်သေးပွဲပြရင် ဒီလိုဖြစ်မယ်ဆိုတာ ကျုပ်တို့ ကြိုတင်ပြီး ရိပ်စားမိတယ်၊ ဒါကြောင့် ရွာမှာ ရုပ်သေးပွဲမလုပ်ပါနဲ့လို့ တားခဲ့တာပဲ၊ ဒါကြောင့် ဒီနေ့ကစပြီး ခင်ဗျားတို့ ရုပ်သေးမပြရတော့ဘူး၊ နောက်ထပ် ရန်ပွဲတွေဖြစ်ရင် ကျုပ်တို့ မဖြေရှင်းနိုင်ဘူး ''

ဟု အမိန့်ထုတ်လိုက်လေ၏။ ထိုအခါ ရုပ်သေးဆရာများသည် မျက်စိမျက်နှာပျက်သွားပြီး ဘိုးတော်လှ၏ တပည့်များထံသို့ ဒူးထောက်လှမ်တာတ် ဦးညွှတ်ကာ

'' ဒီလိုတော့ မလုပ်ပါနဲ့ဆရာတို့ရယ်၊ နောင် ဒီလို ပြဿနာ ပဖြစ်စေရပါဘူး၊ ရုပ်သေးပွဲကိုတော့ မဖျက်လိုက်ပါနဲ့ ကျွန်တော်တို့မှာ ဒီပညာလေးအားကိုးပြီး ထမင်းစားနေရတာပါ ''

ဟုပြောလေ၏။ ထိုအခါ ဘိုးတော်လှ၏ တပည့်တစ်ဦးက ခေါင်းကိုသာခါ၍

'' ဒီမှာ ခင်ဗျားတို့ ရုပ်သေးမပြခင်ကတည်းက ကျုပ်တာ ပြောထားသလဲ၊ ပြဿနာမဖြစ်အောင် ကိုယ့်တာဝန်ကိုယ်ယူရမယ်လို့ဆိုထားတာ မေ့နေပြီလား၊ ကျုပ်တို့က တစ်ရွာလုံးရဲ့ လုံခြုံရေးကို တာဝန်ယူထားရတာ၊ ရန်ပွဲဖြစ်တိုင်း လိုက်မရှင်းနိုင်ဘူး ''

ဟုလေသံမာမာဖြင့်ပြောလေ၏။ ရုပ်သေးဆရာများကလည်း





မျက်စိမျက်နှာပျက်၍ အနူးအညွတ်တောင်းပန်ပြန်၏။

ကိုသီဟက ထိုမြင်ကွင်းကိုကြည့်၍ ဘိုးတော်လှ၏ တပည့်များကို ဣန္ဒြေရရကြည့်၍

'' ဒီမှာ၊ ရုပ်သေးအဖွဲ့ရဲ့ ဖြေဖျော်တင်ဆက်မှုကို တစ်ရွာလုံးက နှစ်သက်ကြပါတယ်၊ သူတို့ပြပြီး သုံးရက်အတွင်းမှာ အခုလို အောက်လင်းမီးတွေ၊ ထိန်ထိန်ညီးပြီး ပြသနိုင်တာ တစ်ရွာလုံးက ရုပ်သေးကို ဘယ်လောက်ကြိုက်သလဲဆိုတာ သိသာပါတယ်ဗျာ၊ ဒါကြောင့် ဖြစ်နိုင်ရင် ရုပ်သေးပွဲကိုတော့ ပြခွင့်ပေးလိုက်ပါ ''

ဟု ဝင်ရောက်ပြောဆိုလေ၏။ ထိုအခါ ဘိုးတော်လှ၏ တပည့်များက ကိုသီဟကို လေသံမာမာဖြင့်

'' ဒီမှာ ကိုသီဟ၊ ကျုပ်တို့အဖွဲ့ဟာ တစ်ရွာလုံးရဲ့ လုံခြုံရေးကို တာဝန်ယူထားရတာ၊ ခင်ဗျားအနေနဲ့ နေရာတကာဝင်ပြီး ဆရာမလုပ်ရင်ကောင်းမယ် ''

ဟုပြောလေ၏။ ကိုသီဟက ၎င်း၏စကားကိုနားထောင်၍ မခိုးမခန့် ပြုံးကာ

'' ဆရာလုပ်တာမဟုတ်ပါဘူးဗျာ၊ ကျုပ်က တစ်ရွာလုံးရဲ့ ဆန္ဒကို တင်ပြပေးတာပါ၊ ဒီကိစ္စကို ခင်ဗျားတို့ သဘောမတူဘူးဆိုရင် ပေါ့ ဘိုးတော်လှကို ကျုပ်ကိုယ်တိုင်တွေ့ပြီး ရုပ်သေးအဖွဲ့ကို ပြသခွင့်ပေးဖို့ တောင်းပန်ရမှာပဲ၊ ဟဲ ဟဲ ဘိုးတော်လှဟာ ရွာသူရွာသားတွေကို



www.burmeseclassic.com

www.burmeseclassic.com



မေတ္တာစေတနာထားတဲ့သူဆိုတော့ အားလုံးရဲ့ဆန္ဒကို ဆန့်ကျင်မယ်မထင်ဘူး ''

ဟုပြောလိုက်လေရာ ၎င်းတို့အဖွဲ့ခေါင်းဆောင်၏ မျက်နှာကွက်ခနဲပျက်သွားပြီး ခေါင်းကိုခါယမ်းကာ

'' ဒီမှာကိုသီဟ၊ ခင်ဗျားကို ကျုပ်နောက်ဆုံး သတိပေးလိုက်မယ်၊ ဒီရွာရဲ့ကိစ္စတွေမှာ ဝင်မပါရင်ကောင်းမယ်၊ ကဲ၊ ဒီတစ်ကြိမ်တော့ နောက်ဆုံးအနေနဲ့ ခင်ဗျားရဲ့ဆန္ဒကို လိုက်လျောလိုက်မယ်၊ ရုပ်သေးပွဲကိုပြပါ၊ ပြဿနာမဖြစ်အောင်တော့ တာဝန်ယူပါ၊ နောက်တစ်ကြိမ်ဆိုရင်တော့ ကျုပ်တို့သည်းခံမှာမဟုတ်တော့ဘူး၊ ရုပ်သေးပွဲကိုလဲ နေ့စဉ်ပြသဖို့ ခွင့်မပြုနိုင်ဘူး၊ တစ်ပတ်ကို သုံးရက်ပဲ ပြရမယ် ''

ဟုပြောလေ၏။ ကိုသီဟက ခေါင်းညိတ်၍

'' ဒါဆိုရင်တော့ မဆိုးပါဘူး၊ ရုပ်သေးဆရာတွေရဲ့ စီးပွားလဲ မပျက်တဲ့အပြင် ရွာသူရွာသားတွေလဲ ကျေနပ်ကြမှာပါ ''

ဟုပြောလေ၏

ဘိုးတော်လှ၏ တပည့်များသည် ကိုသီဟနှင့် ပြောဆိုရင်း အောင်လံတို့မောင်နှမကို လှမ်းကြည့်ကာ

'' ဒီမယ် မင်းတို့လဲ ကြပ်ကြပ်သတိထားပါ၊ ရွာကိုရောက်တာ တစ်ပတ်မပြည့်သေးဘူး။ မင်းတို့သတင်းက တစ်ရွာလုံး ဟိုးဟိုးကျော်နေလို့ ဘိုးတော်လှကတောင် မေးမြန်းနေရပြီ၊ နေရာတကာ လူတွင်





…ယ်ဝင်မလုပ်ပါနဲ့၊ နောက်တစ်ခါ ပြဿနာဖြစ်ရင် ငါတို့က သည်းမခံ…ဘူး ''

ဟုပြောလေရာ အောင်လံနှင့် ချယ်ရီက စကားမတုံ့ပြန်ဘဲ …ခင်းတင်းလုပ်နေကြလေ၏။

ဘိုးတော်လှ၏ တပည့်များ ထွက်ခွာသွားသောအခါ ကိုသီဟ… အနီးသို့ရောက်လာပြီး အောင်လံ၏ ပခုံးကိုဖက်ကာ

'' မောင်ရင်တို့ နှစ်ယောက်က အစွမ်းအစမသေးပါလား၊ …ခ်နေ့တော့ ဘိုးတော်လှနဲ့ထိပ်တိုက်တွေ့မှာ မြင်ယောင်သေးတယ်…ာ ''

ဟုပြောလိုက်လေတော့၏။

အောင်လံက သက်ပြင်းချ၍

'' ကျုပ်တို့က မဟုတ်တာလုပ်တာမှမဟုတ်တာ၊ ထိပ်တိုက်…တွေ့လဲ ဂရုမစိုက်ပါဘူး ''

ဟုပြောလေရာ ကိုသီဟက တဟားဟားရယ်မော၍

'' သတ္တိကိုတော့ ကြိုက်သွားပြီ မောင်ရင် ''

ဟုချီးမွမ်းလိုက်လေ၏။ အောင်လံတို့သည် ထိုနေ့ညက ကိုသီဟ…နှင့်လမ်းခွဲ၍ အိမ်သို့ပြန်လာခဲ့ရင်းလမ်း၌ ချယ်ရီက

'' ကျွန်မတို့ ခန့်မှန်းတဲ့အတိုင်း ကိုသီဟဟာ အစွမ်းသတ္တိ…ရှိတဲ့သူဆိုတာ ပေါ်လွင်လာတယ်နော် ''



www.burmeseclassic.com

www.burmeseclassic.com



ဟုမှတ်ချက်ချလေ၏။ အောင်လံက ခေါင်းညိတ်၍ သက်ပြင်းချကာ

" ဟုတ်တယ်၊ ကိုသီဟရဲ့ဂုိယ်ခံပညာက အဆင့်အတန်းသိပ်မြင့်ပုံရတယ်၊ ဒါ့အပြင် ဘိုးတော်လှရဲ့လူတွေဟာ တစ်ရွာလုံးကို အနိုင်ယူနေပေမဲ့ ကိုသီဟကိုတော့ သိပ်သတိထားနေပုံရတယ်၊ ဘိုးတော်လှဆီကို ကိုသီဟ မလာစေချင်ပုံရတယ် "

ဟုမှတ်ချက်ချလေ၏။ အောင်လံတို့သည် ထိုနေ့ညက ရန်အကြောင်းကို ပြောဆိုရင်း ညဥ့်အတော်နက်မှ အိပ်ရာဝင်ဖြစ်ခဲ့၏။

အိပ်ရာဝင်ခါနီးတွင် ချယ်ရီက မနက်ဖြန် ဘိုးတော်လှကို သွားတွေ့ရန် အကြံပြုလေ၏။ အောင်လံက ခေါင်းညိတ်၍

" ဒီလူကြီးကို ကျုပ်တို့တွေ့သင့်တာကြာပြီ၊ သူနဲ့တွေ့ရင် ကျုပ်တို့ရှာဖွေနေတဲ့ ရတနာသိုက်ရဲ့သဲလွန်စကိုရနိုင်တယ် "

ဟုမှတ်ချက်ချလေတော့၏။

☼☼☼☼☼

ဆိုင်အမှတ်(၇) မျက်နှာစာတန်း၊ ကျောက်မြောင်းဈေး တာမွေ





နောက်တစ်နေ့တွင် အောင်လံတို့သည် ဘိုးတော်လှကို သွားရောက်တွေ့ဆုံရန် အိမ်မှထွက်ခွာလေ၏။

၎င်းတို့သည် ဈေးသို့ဦးစွာသွားရောက်၍ ဘိုးတော်လှကို လက်ဆောင်ပဏ္ဏာဆက်ရန် ပစ္စည်းရှာဖွေလေ၏။ ဆင်ဖြူတိုင်ရွာတွင် အောင်လံနှင့်ချယ်ရီသည် တစ်ပတ်အတွင်း ရန်ပွဲအမျိုးမျိုးဆင်နေသဖြင့် ဟီးရိုးသဖွယ်ဖြစ်နေလေ၏။ ထိုကြောင့် ဈေးထဲသို့ဖြတ်သန်းသောအခါ လူအများသည် ဝိုင်းဝန်းကြည့်ရှုကြလေ၏။

အချို့သော ရွာသူရွာသားများသည် ဘိုးတော်လှ၏အဖွဲ့၏ အနိုင်ယူမှုများကို ရင်ထဲတွင်ကြိတ်၍ မကျေမနပ်ဖြစ်နေသူများဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သဖြင့်အောင်လံတို့ကို မသိမသာ ကောင်းချီးသြဘာပေးကြလေ၏။

အောင်လံတို့ ဈေးသို့လှည့်လည်နေသောအခါ အားလုံးက စိတ်ဝင်စားစွာဖြင့် တအံ့တသြကြည့်ရှုနေလေ၏။ ပန်းအိုးများရောင်းသောမိန်းမကြီးတစ်ဦးက ပြုံးရွှင်စွာဖြင့် ချယ်ရီကိုကြည့်၍

" ဘာလိုချင်လို့လဲ တူမလေး "

ဟုမေးမြန်းလေရာ ချယ်ရီက မိန်းမကြီးကို ပြန်ညီပြုံးပြရင်း

" ဘိုးတော်လှကို သွားတွေ့မလို့ ဘာလက်ဆောင်ဝယ်သွားရင် ကောင်းမလဲဆိုတာ ရှာဖွေနေတာပါ "

ဟုပြောလေ၏။ ထိုအခါ မိန်းမကြီးက ကောင်းနိုးရာရာများကို အကြံပြုလေ၏။

အောင်လံတို့သည် မိန်းမကြီးအနီးမှထွက်ခွာသောအခါ ဘိုးတော်လှကို သွားရောက်တွေ့ဆုံမည့်သတင်းသည် တစ်ဈေးလုံးသို့ ပြန့်နှံ့သွားလေ၏။

ထိုအခိုက်မှာပင် ၎င်းတို့အနီးသို့ တရုတ်ဘိန်းစားတစ်ယောက် မသိမသာတိုးကပ်လာပြီး တစ်ယောက်တည်းပြောဆိုဟန်ဖြင့်

" အင်း ဘိုးတော်လှလိုလူမျိုးဟာ မုန့်တွေ၊ ပိတ်အုပ်တွေကို လက်ခံနေပေမဲ့ ဒီလူကြီးတကယ်လိုချင်တာက ပိုက်ဆံပါပဲ၊ ဒါကြောင့် ကျုပ်သာဆိုရင် ပင်ပန်းခံပြီး လက်ဆောင်ပေးဖို့ ပစ္စည်းရှာမနေတော့ပါဘူး၊ ပိုက်ဆံပဲပေးလိုက်တာ အကောင်းဆုံးပါပဲ "





ဟုပြောလိုက်လေတော့၏။

အောင်လံတို့သည် တရုတ်ဘိန်းစား၏ စကားကိုသဘောကျသွားလေ၏။ ချယ်ရီက သဘောကျဟန်ဖြင့်

" ဟုတ်တယ်ရှင်၊ ဒီလိုအယောင်ဆောင်ဘိုးတော်တွေဟာ မုန့်ဘူးတွေ၊ ပိတ်အုပ်တွေကို မကောင်းတတ်လို့သာ အကန်တော့ခံနေပေမဲ့ သူတို့တကယ်လိုချင်တာ အရက်ပုလင်းတို့၊ ပိုက်ဆံတို့ပဲ၊ ဒီတော့ ကျွန်မတို့မှာရှိတဲ့ ပိုက်ဆံတွေကို ပေးလိုက်တာအကောင်းဆုံးပါပဲ "

ဟုပြောလေတော့၏။ ထိုအခါ အောင်လံကဝင်၍ တစ်စုံတစ်ရာကိုတွေးတောမိပြီး

" နေဦး၊ ပိုက်ဆံမပေးဘဲ ချယ်ရီဆီမှာရှိတဲ့ ပုလဲတွေထဲက အညံ့ဆုံးပုလဲတစ်လုံးကို ပေးလိုက်ရင် မကောင်းဘူးလား "

ဟုအကြံပြုလေရာ ချယ်ရီက ခေါင်းညိတ်၍

" ရှင့်အကြံမဆိုးဘူး၊ အညံ့ဆုံးပုလဲတစ်လုံးကို ရှင်ပဲရွေးပေးပါ "

ဟုတောင်းဆိုလေ၏။

ထို့နောက်တွင်မူ ၎င်းတို့သည် အိမ်သို့ပြန်၍ လျှို့ဝှက်စွာသိမ်းဆည်းထားသော ပုလဲများကိုထုတ်ကာ အညံ့ဆုံးပုလဲကို ရွေးချယ်၍ ဘိုးတော်လှ၏ခြံကြီးသို့ ထွက်ခဲ့လေ၏။

ဘိုးတော်လှ၏ခြံသည် ရွာ၏အစွန်အဖျားတွင်ရှိ၏။ ခြံရှေ့တွင်



www.burmeseclassic.com

www.burmeseclassic.com



လွန်စွာကြီးမားသော အုတ်တံတိုင်းကြီးကို ကာရံထားပြီး သစ်ဝါးရိပ်များဖြင့် အေးအေးမြမြရှိကြောင်းတွေ့ရ၏။

အောင်လံတို့ ခြံထိပ်သို့ရောက်သောအခါ ဘိုးတော်လှ၏ လက်ပါးစေနှစ်ယောက်က လက်ဆောင်ပစ္စည်းများ မပါသဖြင့် မျက်နှာရှုံ့မဲ့သွားပြီး

'' ဘာကိစ္စရှိလို့လဲ ''

ဟုလေသံမာမာဖြင့် မေးလိုက်လေ၏။ ထိုအခါ ချယ်ရီက

'' ဘိုးတော်လှကို ဖူးချင်လို့ပါ ''

ဟုပြောလိုက်လေ၏။ ဘိုးတော်လှ၏ လက်ပါးစေတစ်ဦးက

'' အဘကို ဖူးချင်ရင် ကန်တော့ဖို့ ပစ္စည်းတစ်ခုခုပါမှာပေါ့ကွ မင်းတို့က အဘကို မခန့်လေးစားလုပ်တာလား ''

ဟုလူမိုက်ဆန်ဆန်ပြောဆိုလေ၏။ ချယ်ရီက မျက်နှာမဲ့၍

'' ရှင်တို့ဘိုးတော်လှက လက်ဆောင်မပါရင် ခြံထဲကို မဝင်ရဘူးလို့ အမိန့်ထုတ်ထားလို့လား၊ ဒါဆိုရင်လဲ ဘာမှမပူပါနဲ့ရှင်၊ ပေးမှာကြည့် ''

ဟုဆိုကာ သူမ၏အကျႌအိတ်ထဲမှ ပုလဲလုံးကိုထုတ်ပြ၍

'' ဟောဒီပုလဲလုံးဟာ အလွန်အဖိုးထိုက်တန်တယ်၊ ဒီပုလဲလုံးနဲ့ ဘိုးတော်လှကို ကျွန်မတို့က ကန်တော့မှာရှင့်၊ ကဲ တံခါးကို ဖွင့်ပေတော့ ''





ဟုပြောလေတော့၏။

ထိုအခိုက်မှာပင် အနီးသို့ ဝတ်စုံဖြူဝတ်လူတစ်ဦးရောက်ရှိလာပြီး

'' ညှော်သည်နှစ်ယောက် ကျုပ်နောက်လိုက်ခဲ့ကြပါ၊ အဘ တရားထိုင်လို့ပြီးပါပြီ ''

ဟုဆိုကာ အောင်လံတို့ကို ခေါ်ဆောင်သွားလေ၏။

ထိုသူသည် စမ်းချောင်းကလေးသို့ ရှေ့မှ ဦးဆောင်၍ လျှောက်သွားပြီးလျှင် တံတားငယ်လေးမှ ဖြတ်သန်းရလေ၏။

ရေကန်ထဲတွင် ကြာပွင့်ကြာခိုင်လေးများ ပေါက်ဖွားနေသဖြင့် ရှုမငြီးအောင် လှပလေ၏။

တံတားငယ်ကို ဖြတ်သန်းပြီးသောအခါ ဝါးရုံတောတစ်ခုကို ရောက်ပြန်၏။

ဝါးရုံတောကို စက်ဝိုင်းပုံကျော်ဖြတ်ပြီး ရှေးဆန်ဆန် ဆောက်လုပ်ထားသော ကျွန်းအိမ်မည်းကြီးတစ်လုံးကို တွေ့ရလေ၏။

ကျွန်းအိမ်မည်းကြီးကို ဘုံ၊ ပြာသဒ်များဖြင့် အလှဆင်ထားသဖြင့် လူနေအိမ်နှင့် မတူဘဲ ဘုန်းကြီးကျောင်းနှင့် တူနေလေ၏။

ဝတ်စုံဖြူဝတ်လူက နောက်သို့ လှည့်ကြည့်၍ အိမ်ကြီး၏ အပေါက်ဝတွင်ရပ်ကာ

'' ဒီမှာ မင်းတို့ကို သတိပေးရဦးမယ်၊ အဘနဲ့တွေ့တဲ့အခါ



www.burmeseclassic.com

www.burmeseclassic.com



မရှိမသေ မလေးမစားမလုပ်ပါနဲ့၊ အခန်းထဲကို ၎ုရုန္ဓြေရရောင်သွား
အဘရှေ့ရောက်ပြီး အရင်ဦးဆုံး ထိုင်ကန်တော့ပါ၊ ပြီးတော့မှ နေ
ကို အသာလေးဆုတ်ပြီး မလှမ်းမကမ်းနေရာမှာထိုင်ပါ၊ အဘနဲ့
ရင် ဝမ်းသာအားရဖြစ်ပြီး ခြေသလုံးကို ပြေးနှိပ်တာတို့၊ ဘာတို့
လုံးလုံးရှောင်ပါ၊ အဘမကြိုက်ဘူး ''

ဟုပြောလေရာ ချယ်ရီက ခေါင်းညိတ်၍

'' ဒါတော့ စိတ်ချပါ၊ အိမ်မှာ ကျွန်မအဖေက နှိပ်ခိုင်းရင်တော
အကြောင်းအမျိုးမျိုးပြပြီး လှည့်ပတ်ပြေးတဲ့အကျင့်ရှိတယ်၊ ဘိုးတေ
လှကိုဆို သာတောင်ဆိုးဦးမယ် ''

ဟုပြောလေ၏။ သူမ၏ စကားကြောင့် ဝတ်စုံဖြူဝတ်လူမှာ
မျက်နှာတင်းမာသွားလေ၏။ ထိုသူက ဆက်လက်၍

'' နောက်ပြီးတော့ အဘနဲ့တွေ့ရင် ကိုယ့်ရဲ့အခက်အခဲ
ကိုပြောပြပြီး အကူအညီမျိုးစုံမတောင်းပါနဲ့၊ အဘက သိဒ္ဓိရှင်ဖြစ်
ပြီ၊ သတ္တဝါတွေကို ကယ်တင်သင့်တဲ့အချိန်ရောက်ရင် ချက်ချင်း
တင်လိမ့်မယ်၊ အဲဒီအခါကျရင် ကာယကံရှင်က တောင်းဆိုစရာတော
မလိုဘူး ''

ဟုပြောလေ၏။ ထိုသူ၏ စကားကိုနားထောင်၍ ချယ်ရီ
ရယ်မော၍

'' ဒါလဲ စိတ်ချပါ၊ ကျွန်မက ကိုယ့်ကိုယ်ကိုသာ အားကိုးတ





တယ်၊ သူတစ်ပါးနာခေါင်းပေါက်နဲ့ အသက်မရှူတတ်ဘူး၊ ဘိုးတော်လှ
က မစချင်လို့ပါဆိုရင်တောင် ကျွန်မက သည်းခံပါအဘရယ်လို့ ပြန်
တောင်းပန်လိုက်မှာပဲ ''

ဟု ပြောလေရာ ဝတ်ဖြူစင်ကြယ်ဝတ်လူမှာ ပိုမို၍ မျက်နှာ
မျက်သွားလေ၏။

သို့သော် ဘိုးတော် လှ၏ ခြံထဲတွင် ပြဿနာ မဖြစ်ပွားလိုသဖြင့်
စိတ်ကို ချုပ်တီးလိုက်ပုံရပြီး

'' ကောင်းပြီ၊ မင်း
တို့ နှစ်ယောက် အိမ်ထဲကို
ဝင်နိုင်ပါပြီ ''

ဟု ပြောလေ၏။
အောင်လံတို့ အိမ်ကြီးထဲ
သို့ ရောက်သောအခါ
ဝတ်စုံဖြူဝတ်လူတစ်ဦးက
ကြိုဆို၍ ဘုရားခန်းသို့
ခေါ်ဆောင် သွားလေ၏။

ဘိုး တော် လှ ၏
ဘုရားခန်းသည် အောင်လံ
တို့မြင်ဖူးသမျှ ဘုရားခန်း





www.burmeseclassic.com

www.burmeseclassic.com



များအားလုံးထက် သပ္ပါယ်စွာ ပြင်ဆင်ထားကြောင်းတွေ့ရလေ၏။

ဘုရားခန်းထဲတွင် ဖယောင်းတိုင်၊ အမွှေးတိုင်းများ ထွန်းညှိထားပြီး ကန်တော့ပွဲပေါင်းမြောက်မြားစွာကို ပြင်ဆင်ထားလေ၏။

လူသာမန်တစ်ဦးသည် ဘုရားခန်းကိုမြင်သည်နှင့် ဘိုးတော်လှကို ကြည်ညိုစိတ်ဝင်သွားပြီး ထိုင်ရှိခိုးချင်စိတ်များ ဖြစ်ပေါ်လာနိုင်၏။

ဘုရားကျောင်းဆောင်၏ရှေ့တွင် ကော်ဇောတစ်ချပ်ပေါ်တွင် မိန့်မိန့်ကြီးထိုင်နေသော ဘိုးတော်လှကို တွေ့ရလေ၏။

အောင်လံတို့သည် ဘိုးတော်လှကို မကြည်ညိုသော်လည်း သက်ကြီးဝါကြီးတစ်ယောက်ဟု သဘောထားကာ ကုန်း၍ ကန်တော့လိုက်လေ၏။

ပြီးနောက် အနောက်သို့ဆုတ်၍ ဣန္ဒြေရရ ထိုင်လေရာ ဘိုးတော်လှက လွန်စွာပြဲဇာရှိသောအသံဖြင့်

“ အိမ်း သားတို့သမီးတို့၊ ဘယ်အရပ်က လာကြသလဲ ”

ဟုမေးမြန်းလိုက်လေ၏။

အောင်လံသည် ဘိုးတော်လှ၏ ဟိတ်ဟန်ကောင်းပုံကို စိတ်ထဲတွင် ကျိတ်၍ ချီးကျူးလိုက်လေ၏။

ချယ်ရီကဝင်၍

“ ကျွန်မတို့ မြိတ်မြို့က လာခဲ့တာပါ၊ ကျွန်မတို့ မောင်နှမငဲ့ ဖခင်ဦးရွှေပါဟာ ဆင်ဖြူတိုင်ဘက်ကို စီးပွားရှာမယ်ဆိုပြီးထွက်သွား





ခဲ့တာ ၅ နှစ်လောက်ရှိပါပြီ၊ ဒါကြောင့် အဖေ့ကို သတိရတဲ့စိတ်နဲ့ ဆင်ဖြူတိုင်ကို လိုက်ရှာခဲ့တာပါ ”

ဟုပြောလေရာ ဘိုးတော်လှက ခေါင်းတဆတ်ဆတ်ညိတ်၍

“ ဝါသမီးရဲ့ အဖေနဲ့ ပြန်တွေ့ပြီလားကွယ် ”

ဟု မေးမြန်းလေ၏။

ချယ်ရီက ဝမ်းနည်းသောလေသံဖြင့်

“ မတွေ့သေးပါဘူး အဘရယ် ”

ဟုပြောလိုက်လေ၏။ ထိုအခါ ဘိုးတော်လှက မျက်လုံးမှိတ်၍ အာရုံယူလိုက်ပြီး ခဏအကြာတွင် သက်ပြင်းချကာ

“ မစိုးရိမ်ပါနဲ့ သမီးရဲ့ဖခင်ဘာမှမဖြစ်ဘူး၊ ဒီအရပ်နဲ့ ဝေးတဲ့နေရာမှာ ကောင်းကောင်းမွန်မွန်ရှိနေတယ်၊ ပျောက်သောသူ ရှာရင်တွေ့ဆိုတဲ့ စကားလဲ ရှိတာပဲ၊ ဒါကြောင့် ဝါ့သားတို့ သမီးတို့ ဖခင်ရင်းနဲ့ ပြန်ဆုံတွေ့မှာပါ၊ အလွယ်တကူ ပြန်တွေ့နိုင်အောင်လဲ အဘက မေတ္တာထားပြီး ကူညီလိုက်ပါမယ် ”

ဟုပြောကာ ဘိုးတော်လှသည် သူ၏စကားဆုံးသည်နှင့် ကောင်းကင်ပေါ်သို့ လက်ဝါးဖြန့်၍ လေထဲတွင် လှုပ်ရမ်းလိုက်သောအခါ ကြေးနီရောင်အရုပ်ကလေးတစ်ရုပ်ကို လက်ဝါးထဲတွင် အံ့ဩဖွယ်တွေ့ရလေ၏။

ချယ်ရီတို့သည် ဘိုးတော်လှ၏ မျက်လှည့်ပညာစွမ်း ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ကြောင်း သိရှိနေသော်လည်း လွန်စွာအံ့ဩဟန်ဖြင့်

" ဒီ ကောင်းကင်က အရုပ်ကလေးကျလာတယ် "

ဟု တအံ့တဩ ရေရွတ်လိုက်လေ၏။

ဘိုးတော်လှက လေသံအေးအေးဖြင့်

" အထက်က ပုဂ္ဂိုလ်ကြီးတွေက သားနဲ့သမီးအတွ
အဆောင်ချီးမြှင့်လိုက်တာကွယ့်၊ ပောဒီကြေးနီရုပ်ကလေးဟာ ဒီမြ
ပြည်က တန်ခိုးကြီးတဲ့ ဆရာကြီးတစ်ပါးရဲ့ပုံကွယ်၊ ဆရာကြီးရဲ့ အ
ကတော့ ပျောက်တဲ့သူရှာရင် အလွန်ကောင်းတယ်၊ ဒါကြောင့် ဒီအ
ကစွာပြီး သားနဲ့သမီးရဲ့ဖခင်ကို အမြန်ဆုံးရှာပေတော့ "

ဟု မိန့်ကြားလိုက်လေတော့၏။ ဘိုးတော်လှ၏ အပြော
အရ အောင်လံတို့အား ဤအရပ်မှ အမြန်ဆုံးထွက်ခွာစေချင်သော
ရည်ရွယ်ချက် ရှိပုံရလေ၏။ အောင်လံတို့သည် ဘိုးတော်လှကို ကျေး
တင်ဟန်ဖြင့် ပြောဆိုပြီး သူ၏အရှေ့ရှိ အလှူခံဖလားကြီးထဲသို့ ပု
လုံးကလေးကို ထည့်လိုက်လေ၏။ ဘိုးတော်လှသည် ပုလဲလုံးကို
ဝင်စားဟန်မပြဘဲ မျက်လွှာကိုသာ ချလိုက်လေ၏။

အောင်လံတို့သည် ဘိုးတော်လှ၏ ခြံကြီးမှ ပြန်လာခဲ့လေ၏
အပြန်လမ်းတွင် အောင်လံက

" ဘိုးတော်လှဟာ ဟန်ဆောင်ပရိယာယ်တော့ အ
ကောင်းတယ်၊ ရွာထဲမှာ ကျုပ်တို့ဖြစ်ခဲ့တဲ့ ပြဿနာတွေကို မသိ





ယောင်ဆောင်ပြီး တစ်ခွန်းမှ မပြောသွားဘူး "

ဟုပြောလေ၏။ ချယ်ရီက ခေါင်းညိတ်၍

" ဟုတ်တယ်၊ ဘိုးတော်လှလိုလူမျိုးဟာ သူသေလောက်
အောင် မုန်းတီးနေပါစေ၊ လူအများသိလောက်အောင်တော့ အမူအရာ
ပြမှာမဟုတ်ဘူး။ ကျွန်မတော့ သူ့ခြံထဲက လျှို့ဝှက်ထားတဲ့ နေရာတွေကို
သက်ဘူး။ ကျွန်မတို့ရှာဖွေနေတဲ့ ရတနာသိုက်ရဲ့ သဲလွန်စဟာ သူ့ခြံ
ထဲမှာ ရှိချင်ရှိနိုင်တယ် "

ဟုပြောလေ၏။ အောင်လံက သက်ပြင်းချ၍

" အခုအချိန်လောက်ဆိုရင် ကျုပ်တို့ရွာထဲမှာ လှည့်ပြီး စုံစမ်း
နေတဲ့ ရွှေတံတား ငွေတံတားနဲ့လနတ်သမီးဆိုတဲ့ တဘောင်လိုလို
ကားဝှက်လိုလိုစာသားကို ဘိုးတော်လှ ကြားပြီးလောက်ပြီ၊ ဘာပဲ
ဖြစ်ဖြစ် သူဟာ ကျုပ်တို့နဲ့ကိုသီဟာကို ဒီအရပ်မှာ မနေစေချင်တာ
သိသာတယ် "

ဟုပြောလေ၏။ ချယ်ရီက သက်ပြင်းချ၍

" ကျွန်မကတော့ ဘိုးတော်လှရဲ့ ခြံကြီးကို တစ်ခေါက် လောက်
ပြီး သွားကြည့်ချင်တယ် "

ဟုပြောလေ၏။

အောင်လံက ခေါင်းခါ၍

" ဟာ ဒါကိုတော့ ကျုပ်သဘောမတူဘူး၊ ဘိုးတော်လှမှာ



www.burmeseclassic.com

www.burmeseclassic.com



လက်မရွံ့လူမိုက်တွေအများကြီးမွေးထားတယ်၊ ချယ်ရီအတွက် အန္တရာယ်အများကြီးရှိတယ် ''

ဟုတားဆီးလိုက်လေရာ ချယ်ရီသည် စကားမတုံ့ပြန်ဘဲ ငြိမ်သက်သွားလေ၏။ ထိုနေ့ညသို့ရောက်သောအခါ ချယ်ရီသည် အိမ်ရှင်မမစိမ်းနှင့် လက်ဖက်သုတ်စားရင်း စကားဖောင်ဖွဲ့နေရာမှ ငါးခနဲ သမ်း၍

'' အမလေး၊ ဒီနေ့မှ ကျွန်မ အိပ်ချင်လိုက်တာ၊ မျက်လုံးတွေ စင်းနေပြီ ''

ဟုရေရွတ်ကာ အိမ်ခန်းအတွင်းသို့ ဝင်သွားလေ၏။

ထိုအခါ အိမ်ရှေ့ရှိ ကွပ်ပျစ်ပေါ်တွင် အောင်လံသည် မမစိမ်းနှင့် အတူ ကျန်ရစ်ခဲ့လေ၏။

မမစိမ်းသည် အပျိုကြီးတစ်ယောက်ဖြစ်ပြီး အချိန်ရှိသရွေ့ အောင်လံကို ထိကပါး ရိကပါးပြောဆိုနေတတ်၏။ မမစိမ်းက ထိန်ထိန် သာနေသော လမင်းကြီးကို ငေးမောကြည့်၍

'' အခုလို လသာတဲ့ညမျိုးမှာ မမစိမ်းရင်ထဲမှာ တစ်မျိုးကြီးခံစားရတယ်၊ အဲဒါ ဘယ်လိုခံစားမှုမျိုးထင်သလဲ မောင်လေး ''

ဟု မေးမြန်းလေရာ အောင်လံက ခေါင်းခါ၍

'' ဘယ်သိပါ့မလဲဗျာ ''

ဟုပြောလေ၏ မမစိမ်းက





'' တစ်ကိုယ်တည်းအထီးကျန်နေရတဲ့ ခံစားမှုမျိုးပေါ့မောင်လေးရယ်၊ တကယ်တော့ အထီးကျန်ဘဝဟာ အင်မတန် အနေရခက်လှပါတယ်၊ မောင်လေးစဉ်းစားကြည့်ပါ၊ အိပ်ရာပေါ်မှာ တစ်ကိုယ်တည်းအထီးကျန်ဖြစ်နေတဲ့ မိန်းမတစ်ယောက်ရဲ့ဘဝဟာ ဘယ်လောက်သနားစရာကောင်းသလဲ၊ မောင်လေး မမကို မသနားဘူးလားဟင် ''

ဟု ရိသဲ့သဲ့ပြောပြန်ရာ အောင်လံသည် လွန်စွာစိတ်ညစ်သွားလေ၏။ ထို့ကြောင့် ခေါင်းကိုကုတ်၍

'' ဒါဆိုရင် သင့်တော်နဲ့သူနဲ့တွေ့ရင် အိမ်ထောင်ပြုလိုက်ပေါ့ အစ်မရယ် ''

ဟု အကြံပြုလိုက်လေ၏။

မမစိမ်းက အောင်လံဘက်သို့ မသိမသာကပ်ထိုင်၍

'' အဲဒါခက်တာပေါ့မောင်လေးရယ်၊ မမနေရာက စဉ်းစားကြည့်စမ်း၊ ရွာထဲက ယောကျ်ားတွေဆိုတာ များသောအားဖြင့် လူရိုးလူကောင်းရှားတယ်၊ သူတို့နဲ့လက်ထပ်ပြီး မမစိမ်းရဲ့စည်းစိမ်ဥစ္စာတွေကို အပိုင်သိမ်းသွားရင် ဘယ်နှယ်လုပ်မလဲ၊ မမစိမ်းမှာ အိမ်နှစ်လုံးနဲ့ လက်ဖက်ရည်ဆိုင်အပြင် အတွင်းပစ္စည်းတော်တော်များများလဲ စုဆောင်းမိထားတယ်လေ၊ ဒါကြောင့် ကိုယ့်ကိုတကယ်မချစ်ဘဲ စည်းစိမ်မက်ပြီး လက်ထက်မယ့်ယောကျ်ားမျိုးကို ကြောက်တယ် ''



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလေ၏။ အောင်လံက သက်ပြင်းချ၍

'' အိမ်ထောင်ပြုတဲ့ကိစ္စဆိုတာ ထီထိုးသလိုပဲလို့ ကြားဖူးတယ်၊ ဒီတော့ အစ်မအနေနဲ့ အထီးကျန်ဘဝက လွတ်အောင် နည်းနည်းတော့ စွန့်စားရမှာပေ့ါ ''

ဟုပြောလိုက်လေ၏။

ထိုအခါ မမစိမ်းက အားတက်သရောဖြင့် ခေါင်းညိတ်ကာ

'' စွန့်စားပါမယ်ကွယ်၊ စွန့်စားပါ့မယ်၊ အခုတော့ မမစိမ်း ဆုံးဖြတ်လိုက်ပြီ၊ အချစ်အတွက် စွန့်စားတော့မယ်၊ မမစိမ်းအချစ်ဟာ သိပ်ဆန်းကျယ်ပါတယ်၊ အသက်ချင်း အဒေါ်နဲ့တူလို ကွာခြားပေမယ့် အချစ်ကတော့ နုနယ်ပျိုမြစ်ပါတယ်ကွယ်၊ မောင်လေးကရော မမစိမ်းအချစ်ကို ဘယ်လိုသဘောရသလဲ ''

ဟု မေးမြန်းလေရာ အောင်လံက အူကြောင်ကြောင်ဖြင့် ခေါင်းညိတ်၍

'' ကောင်းပါတယ်၊ ရင်ထဲက ဆန္ဒရှိရင် မျိုးသိပ်ထားတာ မကောင်းဘူး၊ ပွင့်အန်ထုတ်လိုက်ပေ့ါ၊ အသက်ချင်းကွာပေမယ့် အချစ်မှာ မျက်စိမရှိဘူးလို့ကြားဖူးတယ်၊ မမစိမ်းချစ်နေတဲ့သူက ရွာထဲကပဲလား ''

ဟု ပြန်လည်မေးမြန်းလေ၏။ ထိုအခါ မမစိမ်းက အောင်လံ၏ အနီးသို့ ထပ်မံတိုးကပ်၍





'' အို မောင်လေးက တဲ့တိုးကြီးမေးတော့ မမစိမ်းက ဘယ်ဖြေ ရဲ့ပါ့မလဲကွယ်၊ မိန်းမတို့ဘက်ကစပြီး ရှေ့ဆောင်သွားရမှာ ကြားဖူးတယ် မဟုတ်လား၊ ဒီတော့ နောက်မှပြောပြမယ်ကွာ၊ မမစိမ်း ရှက်တယ်၊ သွားတော့မယ် ''

ဟုပြောကာ ကွပ်ပျစ်မှထ၍ တစ်ဖက်ခြံသို့ ပြေးထွက်သွားလေ၏။

အောင်လံသည် အူကြောင်ကြောင်နိုင်သော မိန်းမကြီးကို နားမလည်ဟန်ဖြင့်ကြည့်၍ ခေါင်းကိုခါယမ်းလိုက်လေ၏။

ညဥ့်အတော်နက်နေပြီဖြစ်သဖြင့် သူသည် အိပ်ခန်းအတွင်းသို့ ဝင်ခဲ့လေ၏။ ချယ်ရီ၏ အိပ်ခန်းတံခါးမှာမူ ပိတ်လျက်သားရှိနေပြီး သူမ အိပ်ပျော်နေပုံရ၏။

အောင်လံသည် အိပ်ခန်းထဲသို့ဝင်ခဲ့ပြီးနောက် ဘိုးတော်လှ၏ လျှို့ဝှက်သောခြံကြီးအကြောင်းကို စဉ်းစားနေလေ၏။

ဘိုးတော်လှခြံကြီးအတွင်း အပြင်လူများမသိစေချင်သော လျှို့ဝှက်ချက်များရှိနေပုံရ၏။ အောင်လံသည် သူတို့ရှာဖွေနေသော ရတနာသိုက်နှင့်ပတ်သက်သည့် သဲလွန်စကို ထိုခြံကြီးတွင်ရှိနိုင်သည်ဟု တွေးမိလေ၏။

ထို့ကြောင့် ဘိုးတော်လှ၏ ခြံကြီးသို့ တိတ်တဆိတ်ဝင်ရောက်ချင်စိတ်များဖြစ်ပေါ်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



ယနေ့ညတွင်ပင် ဘိုးတော်လှ၏ခြံကြီးသို့ ဘိတ်တဆိတ်ခိုးဝင်ရန် အကြံဖြစ်ပေါ်လေ၏။

ဘိုးတော်လှ၏ခြံကြီးသို့ သွားရောက်လျှင် ချယ်ရီကိုခေါ်၍ မဖြစ်နိုင်ပေ။

အန္တရာယ်နှင့်ရင်ဆိုင်ကြုံတွေ့နိုင်၏။ ချယ်ရီမသိအောင် တိတ်တဆိတ်သွားရမည်ဟု စိတ်ပိုင်းဖြတ်ထားလေ၏။

အောင်လံသည်အတွေးဆုံးသည်နှင့် အနက်ရောင်အကျႌနှင့်ဘောင်းဘီကိုဝတ်ဆင်၍ ဓားရှည်တစ်လက်ကို ကျောတွင်သိုင်းလွယ်ပြီး ပြတင်းပေါက်မှ အသံမကြားအောင် ခုန်ချလိုက်လေ၏။

ခြံစည်းရိုးမှ ကျော်ထွက်ကာနီး ချယ်ရီ၏အိပ်ခန်းရှိရာသို့ လှမ်းမျှော်ကြည့်လိုက်မိ၏။

ချယ်ရီသည် နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်နေဆဲရှိပုံရ၏။

အောင်လံသည် အမှောင်ထုကိုအကာအကွယ်ပြု၍ ရွာလမ်းကြီးအတိုင်းထွက်ခဲ့လေ၏။

ရွာထဲတွင် လောင်းကစားအိမ်ကြီးများတွင် မီးရောင်များရှိနေဆဲဖြစ်သဖြင့် ဝိုင်းများရှိနေဆဲဖြစ်ပုံရ၏။

သူသည် ရွာစွန်ရှိ ဘိုးတော်လှ၏ခြံကြီးအနီးသို့ရောက်သောအခါ မှောင်ရိပ်ခို၍ခြံကြီးကို ကြည့်လေ၏။

ထိုအခါ ခြံတံခါးရှေ့တွင် မီးအိမ်ကြီးနှစ်လုံးကို ယှဉ်တွဲ၍ ထွန်း





ညှိထားကြောင်းတွေ့ရ၏။

အောင်လံသည် အုတ်တံတိုင်းအနီးသို့ ချဉ်းကပ်လိုက်ပြီး လူရိပ်လူခြည်ကို ခဏမျှအကဲခတ်ပြီး အုတ်တံတိုင်းအပေါ်သို့ ခိုဆွဲ၍တက်လေ၏။

တံတိုင်းပေါ်သို့ ခြေချမိသောအခါ လရောင်ဖြင့် တံတိုင်းအပေါ်တွင် လင်းလင်းလက်လက်အရာများကိုတွေ့ရသဖြင့် ပုလင်းကွဲများကပ်ထားကြောင်း တွေ့ရ၏။

သူ၏လက်တွင် လက်အိတ်စွပ်ထားသဖြင့် လက်ကိုမရှသွားခြင်းဖြစ်၏။

အောင်လံသည် အုတ်တံတိုင်းပေါ်တွင် ဝပ်၍လရောင်ဖြင့် ခြံထဲသို့ကြည့်ရှုလေရာ ဝတ်စုံဖြူဝတ်လူလေးယောက်သည် ခြံတွင်းရှိဇရပ်ကြီးပေါ်တွင်ထိုင်၍ တစ်စုံတစ်ရာကို ပြောဆိုနေကြောင်းတွေ့ရ၏။

ဇရပ်အောက်တွင် ကညင်ဆီမီးတိုင်ကြီးနှစ်တိုင်ကို မြေပေါ် တွင်စိုက်၍ ထွန်းထားလေ၏။

ဇရပ်လှေကားဝတွင် ဝတ်စုံပြာဝတ် လူဆိုးလူမိုက်သုံးယောက်သည် ပုလင်းနှင့် ဖန်ခွက်များကို ကိုင်ထားသဖြင့် အရက်သောက်နေပုံရ၏။

ထိုအခိုက်မှာပင် ဝတ်စုံပြာဝတ် လူဆိုးလူမိုက်တစ်ယောက်သည် အောင်လံရှိရာ အုတ်တံတိုင်းဆီသို့ လှမ်းကြည့်လိုက်သဖြင့် အောင်လံ



www.burmeseclassic.com

www.burmeseclassic.com



သည် ရင်ထဲတွင် ထိတ်ခနဲဖြစ်သွားလေ၏။

လူဆိုးလူမိုက်သည် လရောင်ဖြင့် မိမိအား တွေ့မြင်သွားလေသည်မသိ။

ထိုသူသည် အုတ်တံတိုင်းရှိရာသို့ လှမ်းကြည့်နေရာမှ ရုတ်တရက် မတ်တတ်ရပ်လိုက်သဖြင့် အောင်လံသည် နောက်ကြောင်းသို့ ပြန်ပြေးရမည်လောဟု တွေးမိလေ၏။

ထိုသူသည် အုတ်တံတိုင်းရှိရာသို့ တစ်လှမ်းချင်းလျှောက်လာလေ၏။

အောင်လံသည် မိမိကိုမမြင်နိုင်ဟု စိတ်အားတင်းကာ အုတ်တံတိုင်းပေါ်တွင် အသင့်အနေအထားဖြင့် စောင့်နေလေ၏။

ထိုသူသည် အောင်လံရှိနေရာ အုတ်တံတိုင်းအနီးသို့ ရောက်ရှိလာပြီး အပေါ့သွားလေ၏။

အောင်လံသည် ထိုအခါမှပင် သက်မချနိုင်လေ၏။

ထိုသူနှင့်အောင်လံ နီးကပ်လွန်းသဖြင့် အောင်လံက လက်ဖြင့်ပုတ်လျှင် ထိုသူ၏ ဦးခေါင်းကို ထိနိုင်လောက်၏။

အောင်လံသည် ထိုသူကို တိုက်ခိုက်၍ အပြာရောင်ဝတ်စုံကို ဝတ်ကာ ခြံကြီးထဲတွင် လှည့်လည်သွားလာလျှင်ပိုကောင်းမည်ဟု တွေးမိလေ၏။

ထို့နောက်တွင်မူ အုတ်တံတိုင်းအောက်သို့ အသံမကြား အောင်





ခုန်ချလိုက်ရာ သစ်ကိုင်းခြောက်ပေါ်တည့်တည့်ကျသဖြင့် ရန်သူသည် အနောက်သို့လှည့်ကြည့်လေ၏။

အောင်လံသည် ထိုသူ၏လည်တိုင်ကို လက်ဝါးစောင်းဖြင့် ခုတ်လိုက်ရာ အသံမထွက်နိုင်ဘဲ မေ့မြောသွားလေ၏။

ထိုအခါမှပင် ထိုသူ၏အဝတ်အစားများကိုချွတ်၍ သူ၏ ဝတ်စုံပေါ်တွင် ထပ်၍ ဝတ်လေ၏။

ပြီးနောက် ကိုယ်တုံးလုံးဖြစ်နေသော လူဆိုးလူမိုက်ကို ချုံပုတ်ထဲတွင် ဖွက်ထားလိုက်၏။

သူသည် အပြာရောင်ဝတ်စုံကိုဝတ်ဆင်ပြီးသောအခါ မီးတုတ်အလင်းရောင်ရှိသော ဇရပ်ဘက်သို့မသွားဘဲ ကျောခိုင်းထွက်ကာ ခြံ၏တစ်နေရာသို့ထွက်ခဲ့လေ၏။

ဇရပ်လှေကားတွင်ထိုင်နေသော အပေါင်းအဖော်များအနက် တစ်ယောက်က အောင်လံ၏နောက်ကျောကိုကြည့်၍

"ဟေ့ကောင် ဘယ်သွားမလို့လဲ၊ မသောက်တော့ဘူးလား"

ဟု လှမ်းမေးလေ၏။

အောင်လံသည် မဖြေဘဲထွက်သွားလျှင် သံသယရှိမည်စိုးသဖြင့် နောက်သို့မသိမသာလှည့်၍ လက်ခါပြလိုက်လေ၏။

ထိုအခါ ဇရပ်ပေါ်တွင်ရှိ လူများက မယုံနိုင်ဟန်ဖြင့်

"ဘီလေးဘိုင် ဘယ်လိုဖြစ်သွားတာလဲ၊ အရက်ဆိုင်ဟုန်းကဆိုရင်



www.burmeseclassic.com

www.burmeseclassic.com



ကာစ်လုံးနဲ့တောင်မဖြုံဘူးကွ ''

ဟု ရေရွတ်လေ၏။ အောင်လံသည် အမှောင်ထုအတွင်း ဆက်လက်သွားလေရာ တစ်နေရာအရောက်တွင် ဝတ်ဖြူစင်ကြယ်ဝတ်လူများ ဖဲရိုက်နေသည်ကို တွေ့ရလေ၏။

ထိုသူများသည် ဖဲဝိုင်းကိုအာရုံစိုက်နေသဖြင့် အနီးသို့ တိုးကပ်၍ မသိမသာကြည့်လိုက်ရာ ဖဲချပ်များ၏နောက်ကြောတွင် ကိုယ်လုံးတီးမိန်းမများ၏ ကိုယ်ဟန်များ ကပ်ထားကြောင်းတွေ့ရ၏။

အောင်လံသည် ဖဲဝိုင်းအနီးမှ မသိမသာခွာထွက်လေရာ ဖဲဝိုင်းတွင် အာရုံစိုက်နေသူ ဝတ်ဖြူစင်ကြယ်တစ်ဦးက နောက်သို့လှည့်ကြည့်၍ အောင်လံကိုမြင်သွားပြီး

'' ရေနွေးတစ်အိုးလောက် လုပ်ပါဦးကွာ ''

ဟု မှာကြားလေ၏။ အောင်လံသည် အမှောင်ထဲမှနေ၍

'' ဟုတ်ကဲ့၊ အခုပဲ ယူလာခဲ့ပါမယ် ''

ဟုပြောရင်း ထိုနေရာမှထွက်ခဲ့လေ၏။ ဘိုးတော်လှ၏ ခြံကြီးထဲတွင် ဝတ်ဖြူစင်ကြယ်ဝတ်လူ ရှစ်ဦးကို တွေ့ခဲ့ပြီးဖြစ်သဖြင့် ဝတ်ဖြူစင်ကြယ်ဝတ်လူ နှစ်ယောက်ခန့်သာကျန်တော့ကြောင်း ရိပ်စားမိလေ၏။

အောင်လံသည် အမှောင်ရိပ်ကိုခို၍ ဘိုးတော်လှနေထိုင်ရာ ကျွန်းအိမ်မည်းကြီးရှိရာသို့ ထွက်ခဲ့လေ၏။

ခြံကြီးထဲတွင် မီးအိမ်ကလေးများထွန်းညှိထားသောနေရာတွင်





ဝတ်စုံပြာဝတ် လူဆိုးလူသွမ်းအချို့ကို တွေ့ရ၍ ရှောင်ကွင်းထွက်ခဲ့လေ၏။

ဘိုးတော်လှ၏ ကျွန်းအိမ်မည်းကြီးရှိရာသို့ စမ်းချောင်းကလေးကို ဖြတ်သန်း၍ သွားရ၏။

စမ်းချောင်းတစ်ဖက်တွင် ကျွန်းအိမ်မည်းကြီးရှိပြီး၊ ကျွန်းအိမ်မည်းကြီးရှေ့တွင် ကြိမ်ကုလားထိုင်နှစ်လုံးရှိပြီး ထိုကုလားထိုင်ပေါ်တွင် ဝတ်ဖြူစင်ကြယ်ဝတ် လူနှစ်ဦးရှိ၏။

အောင်လံသည် ၎င်းတို့အနီးရှိ မှောင်ရိပ်ကိုခို၍ နားစွင့်ကြည့်လေရာ ထိုသူနှစ်ဦးအနက် တစ်ဦးက

'' ဟဲ ဟဲ... အခုအချိန်ဆိုရင်တော့ ဘိုးတော်လှကတော့ ကောင်မလေးနဲ့ ငြိမ့်နေပြီ ''

ဟု ပြောလေရာ အောင်လံသည် မျက်လုံးပြူးသွားလေ၏။

ကျန်တစ်ဦးကလည်း မချင့်မရဲဖြစ်ဟန်ဖြင့်

'' အဟုတ်ပဲကွာ၊ ကောင်မလေးက တကယ့်စွံမက်ဖို့ကောင်းတယ်၊ ကိုယ်လုံးကိုယ်ပေါက်ကလည်း နုနုထွားထွားလေး၊ မျက်နှာကလဲ ချောမှချောကွ၊ တစ်ဖက်နိုင်ငံက ဘိုးတော်လှအဆက်အသွယ်တွေက ပို့ပေးလိုက်တာဆိုပဲ၊ တကယ်ဆိုရင် ဘိုးတော်လှက ငါတို့ကိုလည်း အလှည့်ပေးသင့်ပါတယ်ကွာ ''

ဟုပြောလေ၏။ ကျန်တစ်ဦးက




www.burmeseclassic.com

www.burmeseclassic.com



" ဒါမျိုးဆို ဘိုးတော်လှက ဘယ်တုန်းက ဝေမျှပေးဖူးလို့လဲ တစ်ကိုယ်ကောင်းသမားကြီး "

ဟု ပြစ်တင်ရှုတ်ချလေ၏။







အောင်လံသည် ဘိုးတော်လှ၏ မင်းသားခေါင်းဆောင်းသော ဘီလူးရုပ်ကိုမြင်လိုသဖြင့် ထိုသူနှစ်ဦး၏အနောက်မှ ခြေကိုဖွနင်း၍ ကျွန်းအိမ်မည်းကြီးထဲသို့ ဝင်ခဲ့လေ၏။

ကျွန်းအိမ်မည်းကြီး၏ အပေါ်ထပ်သို့ရောက်သောအခါ မီးလင်းနေသော အခန်းတစ်ခန်းကိုတွေ့၍ ချောင်းကြည့်လိုက်ရာ ဘိုးတော်လှနှင့် မိန်းမလှလေးတစ်ယောက်ကိုတွေ့ရလေ၏။

မိန်းမလှလေး၏ ချောမောလှပပုံကိုကြည့်၍ အောင်လံသည် သက်ပြင်းရှည်ကြီးကို ချလိုက်လေ၏။ အတန်ကြာသောအခါ ဘိုးတော်လှက လေသံတိုးတိုးဖြင့် အံဆွဲထဲက တစ်စုံတစ်ရာကို ထုတ်ယူလိုက်ပြီး

" နေ့လယ်က အစ်ကိုကြီးကို လာကန်တော့တဲ့ ပုလဲလုံးလေး၊ အနည်းဆုံး ငွေ ၅၀၀ လောက်တန်တယ်၊ မင်းကို လက်ဆောင်ပေးတာ "

ဟုပြောလိုက်ရာ မိန်းမလှလေး ပုလဲလုံးကို သဘောကျဟန်ဖြင့်ကြည့်၍

" ဒါကြောင့်အစ်ကိုကြီးက သဘောကောင်းတယ်လို့ သတင်းကြီးတာပေါ့၊ ကျွန်မ ဒီမှာရှိတုန်း၊ အစ်ကိုကြီးကို ကောင်းကောင်းပြုစုပါမယ် "

ဟု မြန်မာစကား မပီကလာပီကလာဖြင့် ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုနောက်တွင်မူ ဘိုးတော်လှနှင့် မိန်းမလှလေး၏ ကလူ ကျီစယ် ပုံများကို မမြင်ချင်တော့သောကြောင့် အခန်းဝမှ ပြန်ထွက်ခဲ့လေ၏။

ထိုအခိုက်မှာပင် ဘိုးတော်လှ၏ အိပ်ခန်းထဲမှ ဝတ်စုံပြာဝတ် လူတစ်ဦးသည် ပုန်းလျှိုးကွယ်လျှိုးထွက်လာလေရာ အောင်လံနှင့် ထိပ်တိုက်တိုးလေ၏။

ထိုသူသည် ဘိုးတော်လှ၏ အချစ်နာလန်ထခြင်းကို ချောင်း မြောင်းနေပုံရ၏။

အောင်လံသည် ထိုသူအား လက်ဦးမှုရယူ၍ ဖမ်းချုပ်လိုက်ပြီး မအော်နိုင်ရန် ပါးစပ်ကို ပိတ်ရန်ကြိုးစား၏။

သို့သော် ဝတ်စုံပြာဝတ်လူဆိုးမှာ ကိုယ်ခံပညာကျွမ်းကျင်ဟန် တူပြီး ရှောင်ကွင်း၍ ထွက်သွားနိုင်၏။

အောင်လံသည် လူဆိုး၏အစွမ်းကြောင့် အံ့သြသွားပြီးရှေ့သို့ တရကြမ်းတိုးဝင်၍ ချုပ်ကိုင်ရန်ကြိုးစား၏။

အံ့သြဖွယ်ကောင်းသောအချက်မှာ ရန်သူသည် အသံမပြုဘဲ အောင်လံနှင့် တိတ်တဆိတ်တိုက်ခိုက်နေခြင်းဖြစ်သည်။

ရန်သူသည် ဘိုးတော်လှအခန်းကို ချောင်းမြောင်းခဲ့သူဖြစ်သ ဖြင့် ဘိုးတော်လှရိပ်မိမှာစိုးသောကြောင့် အသံထွက်ဝံ့ဟန်မတူပေ။

အောင်လံသည် အချိန်ဆွဲနေလျှင် သူ့အတွက် အန္တရာယ် ကျ ရောက်မှာစိုးသဖြင့် ရန်သူကို အစွမ်းကုန်တိုက်ခိုက်ရာ ရန်သူသည်





ဝရန်တာဘက်သို့ ဆုတ်ခွာသွားလေ၏။ အောင်လံသည် ကျဉ်းမြောင်း သော ဝရန်တာနေရာသို့ ရောက်သောအခါ ရန်သူကို ညှပ်ပူးညှပ်ပိတ် ပြု၍ ချုပ်ကိုင်လိုက်၏။ ထိုအခါ ရန်သူသည် သူ၏ရင်ခွင်ထဲသို့ ရောက် ရှိလာပြီး နူးအိသောအသားစိုင်များကို ထိမိကိုင်မိသဖြင့် အလွန်အံ့သြ သွားလေ၏။

ရန်သူသည် မိန်းမသားတစ်ယောက်ဖြစ်နေလေ၏။

ထို့ထက်ပို၍ အံ့သြရခြင်းမှာ ရန်သူ၏ကိုယ်မှ ရနံ့မျိုးကို ရင်း ရင်းနှီးနှီး ရခဲ့ဖူးသယောင် ထင်မြင်ရ၏။

ရန်သူသည် အောင်လံ၏ ရင်ခွင်ထဲမှ အလွတ်ရုန်းထွက်နေ၏။ အောင်လံသည် ရန်သူခေါင်းကို ချုပ်ကိုင်ရင်း ခေါင်းပေါ်တွင် စိုက်ထား သော ငွေရောင်ဆံထိုးကို လရောင်ဖြင့်မြင်ရသောအခါ ရင်ထဲတွင် ထိတ်ခနဲဖြစ်သွားလေ၏။

ထို့နောက် ထိတ်လန့်သောစိတ်မှ ရယ်ချင်သောစိတ်သို့ ပြောင်း လဲသွားပြီး ရန်သူ၏ပါးပြင်ကို နမ်းရှိုက်လိုက်မိ၏။

ရန်သူသည် အောင်လံ၏အပြုအမူကြောင့် လွန်စွာ ဒေါသပုန် ထသွားပြီး

“ ခွေးကောင်၊ ယုတ်မာလှချည်လား၊ တဏှာရူး ”

ဟု ဆဲဆိုလေ၏။ အောင်လံက ရန်သူ၏ပါးစပ်ကို လျှင်မြန်စွာ ပိတ်၍



www.burmeseclassic.com

www.burmeseclassic.com



" ဒီမှာချယ်ရီ ကျုပ်ယုတ်မာတာမဟုတ်ဘူး ရန်သူနယ်မြေကို တစ်ယောက်တည်း အရဲစွန့်သွားတဲ့ မင်းကို ဒဏ်ခတ်လိုက်တာ "

ဟု ပြောလိုက်ရာ ရန်သူသည် အောင်လံ၏အသံကို မှတ်မိသွားပြီး

" အို... ရှင်... ရှင်ကို။ ဝမ်းသာလိုက်တာ၊ ကျွန်မတော့ ရန်သူလက်ထဲမှာ ဒုက္ခရောက်ပြီလို့ ထင်နေတာ၊ ရှင့်လိုလူမို့ ကျွန်မကို ဖမ်းနိုင်တာပေါ့ "

ဟု ရေရွတ်လိုက်လေ၏။ အောင်လံက သူမ၏ပခုံးကို ဆွဲလှည့်၍ လေသံတိုးတိုးဖြင့်

" ကျုပ်ကို အသိမပေးဘဲ တစ်ယောက်တည်း ဘာလို့ထွက်သွားရတာလဲ "

ဟုမေးမြန်းလေ၏။ ချယ်ရီက လေသံတိုးတိုးဖြင့်

" ရှင့်ကို အသိပေးရင် ကျွန်မရဲ့အကြံအစည်ကို ဖျက်မှာစိုးလို့ ရှင်ကရော ဘာဖြစ်လို့တစ်ယောက်တည်းထွက်လာရတာလဲ "

ဟုမေးမြန်းလေ၏။ အောင်လံက သက်ပြင်းချ၍

" မင်းလိုက်လာရင် အန္တရာယ်နဲ့ တွေ့မှာစိုးလို့၊ ကျုပ်တစ်ယောက်တည်းထွက်ခဲ့ရတာပဲ "

ဟုပြောလိုက်လေ၏။ ထိုအခါ ချယ်ရီက

" ဒါဆိုရင် ကျွန်မတို့နှစ်ယောက်ကျေပြီ၊ ပြန်ကြရအောင်





ကြာရင် အန္တရာယ်နဲ့ တွေ့လိမ့်မယ်၊ ဝတ်စုံပြာ နှစ်ယောက်ကိုကျွန်မမေ့ဆေး ကျွေးထားတယ် "


ဟု ပြောလေရာ အောင်လံသည် မျက်လုံးပြူးသွားလေ၏။ ချယ်ရီသည် မိမိထက်ပင် လက်စွမ်းထက်နေလေ၏။

အောင်လံက

" မနက်က မြင်ခဲ့တဲ့ရွှေရုထားတဲ့အဆောက်အဦကြီးကို သွားကြည့်ချင်သေးတယ် "

ဟု ပြောလေ၏။ ချယ်ရီကသူ၏လက်မောင်းကိုဆွဲ၍

" မကြည့်နဲ့တော့ ရှင်၊ ကျွန်မကြည့်ပြီးပြီ၊ အဲဒီ





www.burmeseclassic.com

www.burmeseclassic.com



အဆောက်အဦထဲမှာ ရှေးဟောင်းပစ္စည်းတွေ၊ ရုပ်ထုမျိုးစုံတွေ အများကြီးပဲရှိတယ်၊ နိုင်ငံခြားကို ခိုးထုတ်မလို့နဲ့တူတယ်၊ အဲဒီဘက်မှာ ဘိုးတော်လှရဲ့တပည့် ဝတ်စုံပြာတွေ အများကြီးရှိတယ်၊ ကျွန်မနဲ့ ထိပ်တိုက်တိုးတာနဲ့ မေ့ဆေးပေးလိုက်ရတယ် ''

ဟုပြောလေ၏။ အောင်လံသည် သူမ၏စကားကြောင့် အိမ်ကြီးပေါ်မှ ခြေသံမကြားအောင်ဆင်းခဲ့လေ၏။

အောက်ထပ်သို့ ရောက်သောအခါ ဆင်ဝင်အောက်တွင် ကြိမ်ကုလားထိုင်ကိုယ်စီဖြင့် ရှိနေကြသော ဝတ်ဖြူစင်ကြယ်နှစ်ယောက် သည် အပေါ်ထပ်သို့ ခေါင်းမော့ကြည့်၍

'' စောစောက အပေါ်ထပ်မှာ အသံဗလံကြားလိုက်သလိုပဲ''

ဟုပြောလေရာ ကျန်တစ်ယောက်က ရယ်မော၍

'' ဘိုးတော်လှ ကောင်မလေးနဲ့ ကျီစယ်နေတာဖြစ်ပါလိမ့်မယ်၊ ဟိ ဟိ သူတို့ကျတော့ ကံကောင်းလိုက်တာကွာ ''

ဟုပြောလေ၏။ အောင်လံတို့သည် ခြေသံကို လုံလုံထား၍ ပြတင်းပေါက်မှကျော်ထွက်ခဲ့လေ၏။ ထို့နောက်တွင်မူ အမှောင်ကို အကာအကွယ်ပြု၍ ခြံစည်းရိုးအနီးသို့ ချဉ်းကပ်ခဲ့လေ၏။

တစ်နေရာသို့ ရောက်သောအခါ ချယ်ရီက ရပ်တန့်၍

'' ဟိုမှာကြည့်စမ်း၊ သစ်ပင်အောက်မှာဘာလဲ ''

ဟု မေးမြန်းလေ၏။ သူမ၏ အမေးကြောင့် အောင်လံ လှမ်း





ကြည့်လိုက်ရာ သစ်ပင်ကြီးတစ်ပင် အောက်တွင် ရွှေရောင်အိမ်ငယ် လေးတစ်လုံးကိုတွေ့ရလေ၏။

အိမ်ကလေးသည် လွန်စွာသေးငယ်ပြီး နှစ်ပေပတ်လည်ခန့် သာရှိသော်လည်း အိမ်ကို ရွှေရောင်ဆေးသုတ်ထား၏။

ထို့အပြင် အိမ်ကလေး၏ မန်းမဝေးတွင် မီးအိမ်တစ်လုံးကို လည်း ချိတ်ဆွဲထားလေ၏။

အောင်လံတို့သည် ထူးဆန်းသော အိမ်ကလေးကိုကြည့်၍ သိချင်စိတ်များ နိုးကြားလာ၏။ ချယ်ရီက အိမ်ကလေးအနီးသို့ တိုး ကပ်၍

'' အိမ်ကလေးက သေးသေးလေးနော်၊ ကြည့်ရတာ ချစ်စရာ လေး၊ ဘာလုပ်ထားတာလဲမသိဘူး၊ ဘိုးတော်လှ ယကြာ ချေထား တာလား၊ အမယ် အိမ်ရှေ့မှာ တံခါးလေးနဲ့တော့ ''

ဟု ရေရွတ်ကာ အိမ်၏အနီးသို့ ချဉ်းကပ်သွားလေ၏။ အောင် လံသည် အိမ်ကလေးကို စိတ်ဝင်စားစွာကြည့်ရင်း အန္တရာယ်၏ အရိပ် အယောင်ကို တွေ့ရသယောင်ခံစားမိလေ၏။

ထို့ကြောင့် အိမ်အနီးသို့တိုးကပ်၍ ဒူးထောက်ထိုင်ချလိုက် သော ချယ်ရီအား

'' ချယ်ရီ နောက်ဆုတ် နောက်ဆုတ် ''

ဟုအော်ဟစ်လိုက်လေ၏။ သို့သော် သူ၏သတိပေးချက်



www.burmeseclassic.com

www.burmeseclassic.com



နောက်ကျသွားလေပြီ။

ချယ်ရီသည် အိမ်ကလေး၏တံခါးကိုဖွင့်လိုက်ရာ အိမ်ကလေးထဲမှ လွန်စွာသေးငယ်သော မဲမဲသဏ္ဌာန်တစ်ခုထွက်လာပြီး ချယ်ရီ၏လက်ကို ကိုက်ခဲလိုက်၏။

ချယ်ရီသည် သူ၏လက်ကို မီးစနှင့် အထိုးခံရသကဲ့သို့ဖြစ်သွားသဖြင့် နာကျင်စွာအော်ဟစ်လိုက်ရာ တိတ်ဆိတ်ငြိမ်သက်နေသော ပတ်ဝန်းကျင်တစ်ခုလုံး ဆူညံပွက်သွားလေ၏။

အောင်လံက စိုးရိမ်တကြီးဖြင့်

" ချယ်ရီ ချယ်ရီ ဘာဖြစ်လို့လဲ "

ဟု အော်ဟစ်၍ အနီးသို့ တိုးကပ်သွားလေရာ အိမ်ကလေးထဲမှ ပင့်ကူငယ်လေးတစ်ကောင် ထွက်လာကြောင်းတွေ့ရ၏။ ချယ်ရီ၏ လက်ကို အဆိပ်ပြင်းသောပင့်ကူ ကိုက်ခြင်းကို ခံလိုက်ရပေပြီ။

ထိုအချိန်တွင် ခြံဝင်းတစ်နေရာတွင် မီးတုတ်များထွန်းညှိလိုက်ကြောင်းတွေ့ရ၏။ ထို့ကြောင့် ချယ်ရီ၏လက်ကိုဆွဲ၍ အုတ်တံတိုင်းရှိရာသို့ ပြေးလွှားခဲ့လေ၏။

ချယ်ရီသည် လက်မှနာကျင်မှုကြောင့် အုတ်တံတိုင်းပေါ်သို့ မတက်နိုင်သဖြင့် အောင်လံက တင်ပါးမှ တွန်းတင်ပေးရ၏။

သူမ အုတ်တံတိုင်းပေါ်သို့ ရောက်သောအခါ အောင်လံက တွယ်တက်လိုက်စဉ် ၎င်းတို့အနီးသို့ လက်နှိပ်ဓာတ်မီးရောင်များ ထိုး





ကျလာလေ၏။ မြေပေါ်မှ ခုန်ချလိုက်သောအခါ ချယ်ရီသည် ရှုတ်တရက်မပြေးနိုင်ဘဲ

" ကျွန်မမျက်လုံးတွေ ပြာနေသလိုပဲ၊ ရှင့်ကို သိပ်မမြင်ရဘူး "

ဟုပြောလေရာ အောင်လံသည် သူမအတွက် စိုးရိမ်သွားလေ၏။

ရန်သူများသည် မကြာမီ သူတို့အနောက်မှ လိုက်လာပေတော့မည်။ ထို့ကြောင့် ချယ်ရီကို အားပေးစကားပြော၍ သူမလက်ကို ဆွဲကာ ထိုနေရာမှ ပြေးထွက်ခဲ့လေ၏။

❋❋❋❋❋

၆၀ ဖန်စီ၊ ဘုန်းကြီးပေးစာများ ရေးသားလိုပါလျှင်...

**မင်းမြတ်သူရ**

အမှတ်-၇၊ အသောကလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်သို့

လိပ်မူ၍ ရေးသားနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ချယ်ရီသည် အောင်လံ၏ လက်ဆွဲခေါ်ဆောင်ရာသို့ စမ်းတဝါး လိုက်ပါလာလေ၏။

၎င်းတို့သည် ရွာလယ်လမ်းမကြီးအတိုင်းပြေးခဲ့ရာ အနောက်မှ မီးတုတ်များဖြင့် လိုက်လာသော ဘိုးတော်လူ၏ အစေအပါးများကို တွေ့ရလေ၏။

အောင်လံသည် ချယ်ရီ၏လက်ကိုဆွဲပြေး၍ သူမ၏ခြေလှမ်းများလေးကန်လာသဖြင့် လွန်စွာစိုးရိမ်သွားပြီး

" ချယ်ရီ ချယ်ရီ ဘယ်လိုနေသေးလဲ "

ဟု မေးမြန်းလေရာ သူမသည် စကားမတုံ့ပြန်နိုင်ဘဲ အားအင်ချိနဲ့ဟန်ဖြင့် မြေပေါ်သို့ ဝုန်းခနဲပြိုလဲကျသွား၏။



ရန်သူများလည်း အနောက်မှ ညာသံပေး၍ လိုက်ပါလာချေပြီ။ အောင်လံသည် ချယ်ရီ၏ ကိုယ်ခန္ဓာကို ပွေ့ဖက်လိုက်ပြီး ချီမကာ ဆက်လက်ပြေးလွှားခဲ့လေ၏။

သို့သော်သူ၏ရန်သူများသည် တဖြည်းဖြည်း နီးကပ်လာသဖြင့် ဆက်လက်ပြေးရန်မဖြစ်နိုင်တော့ဘဲ ချယ်ရီကို မှောင်ရိပ်တစ်နေရာတွင် ချကာ ရန်သူများကို လှည့်ပြီး ရင်ဆိုင်ရန် ဆုံးဖြတ်လိုက်၏။

ရန်သူနှစ်ဦးသည် သစ်ပင်အောက်သို့ ရောက်သောအခါ အောင်လံက သစ်ပင်အကွယ်မှ လျှင်မြန်စွာထွက်၍ ခြေဖြင့်လှမ်းကန်လိုက်ရာ အလစ်အငိုက်မိ၍ နှစ်ဦးစလုံး လဲကျသွားလေ၏။

ထိုအခိုက်မှာပင် ရန်သူတစ်ဦးအနီးသို့ ရောက်လာ၍ ၎င်း၏ အောက်ပိုင်းကို ခြေဖြင့်သိမ်းရိုက်၍ မြေပေါ်သို့ လဲကျသောအခါ တံတောင်ဖြင့်ထောင်းပြီး ပွဲသိမ်းလိုက်၏။

အောင်လံသည် ရန်သူ သုံးဦးလဲကျသွားသဖြင့် ချယ်ရီတို့ ချီပိုး၍ ဆက်လက်ပြေးလွှားရန် ကြံလိုက်စဉ် ဝတ်ဖြူစင်ကြယ်ဝတ်လူ တစ်ဦးရောက်လာပြီး ခြောက်လုံးပြူးဖြင့်ချိန်ကာ

" ဟေ့ကောင်၊ မလှုပ်နဲ့ ငြိမ်ငြိမ်လေးနေစမ်း၊ သေသွားချင်သလား "

ဟု ခြိမ်းခြောက်လိုက်ရာ အောင်လံသည် သက်ပြင်းကိုချ၍ လက်နှစ်ဖက်ကို မြှောက်လိုက်ရလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဝတ်ဖြူစင်ကြယ်ဝတ်လူက

" တောက် ဘိုးတော်လုရဲ့ ခြံထဲကို ကျူးကျူးကျော်ကျော်နဲ့ ဝင်စော်ကားတဲ့ကောင်၊ မင်းအသက်ကို ဖက်နဲ့ထုပ်ထားပေတော့ "

ဟုကြိုးဝါးလိုက်လေ၏။

ထိုအခိုက်မှာပင် သစ်ပင်ပေါ်မှ တစ်စုံတစ်ဦး ဝုန်းခနဲခုန်ချလာပြီး ဝတ်ဖြူစင်ကြယ်ဝတ်လူ၏ သေနတ်ကို ခြေဖြင့် နင်းချလိုက်လေ၏။

ထိုသူက ရန်သူ၏လည်ပင်းကို ချုပ်ကိုင်၍ ဒူးဖြင့်တိုက်လိုက်ရာ ရန်သူမေ့မြောသွားလေ၏။

အောင်လံက အပင်ပေါ်မှ ခုန်ချလာသူကိုကြည့်လိုက်ရာ ၎င်းတို့၏ မိတ်ဆွေကြီး ကိုသီဟဖြစ်နေလေ၏။

ကိုသီဟက

" ဟေ့ ဘာကြောင်ကြည့်နေတာလဲ၊ ကောင်မလေးကို အမြန်ခေါ်ခဲ့ "

ဟု သတိပေးကာ အောင်လံ၏ရှေ့မှ ဦးဆောင်ခေါ်သွားလေ၏။ အနောက်မှ ဘိုးတော်လု၏ လူများ မီးတုတ်ကိုယ်စီဖြင့် လိုက်ပါလာလေ၏။

ကိုသီဟသည် လမ်းသွယ်လေးတစ်ခုသို့ ချိုးဝင်လိုက်ပြီး ခြံတံခါးဖွင့်ကာ ရှေ့မှဦးဆောင်ဝင်သွား၏။

ခြံထဲသို့ ရောက်သောအခါ ခြံတံခါးကို ချက်ခတ်၍ ပြန်ပိတ်





လိုက်လေ၏။

ထိုအခိုက်မှာပင် ဘိုးတော်လု၏ တပည့်တပန်းများသည် မီးတုတ်ကိုယ်စီဖြင့် ခြံရှေ့မှ ဖြတ်လျှောက်သွားလေ၏။

ကိုသီဟသည် အိမ်ထဲသို့ ခေါ်ဆောင်သွားပြီး ချယ်ရီကို ခုတင်ပေါ်သို့တင်စေ၏။ ပြီးနောက်

" မိန်းကလေး ဘယ်လိုဖြစ်တာလဲ "

ဟု မေးမြန်းလေ၏။ အောင်လံက ဖြစ်ကြောင်းကုန်စင်ကို အတိုချုပ်၍ ရှင်းပြ၏။

ကိုသီဟက နားထောင်၍

" မောင်ရင်တို့က ရာဇဝတ်အိုးကို တုတ်နဲ့သွားထိုးလာတာကိုး၊ ကောင်မလေးဟာ ဘိုးတော်လုမွေးထားတဲ့ ရွှေပိုးနီအဆိပ်မိသွားတာဖြစ်မယ် "

ဟုပြောလေ၏။ အောင်လံက နားမလည်ဟန်ဖြင့်

" ရွှေပိုးနီအဆိပ်၊ ဟုတ်လား၊ ဒါဆိုရင် အန္တရာယ်ရှိတာပေါ့နော် "

ဟုမေးမြန်းလေ၏။

ကိုသီဟက ခေါင်းညိတ်၍

" သိပ်ရှိတာပေါ့၊ ရွှေပိုးနီဆိုတဲ့ ပင့်ကူအမျိုးအစားဟာ ရိုးမတောထဲမှာရှိတယ်၊ သူ့ရဲ့အကိုက်ခံရပြီးရင်, သုံးနာရီအတွင်းဆေး

www.burmeseclassic.com

www.burmeseclassic.com



မကုနိုင်ရင် အသက်မမီဘူး ''

ဟုပြောလေရာ အောင်လံသည် လွန်စွာစိုးရိမ်သွားပြီး

'' ဟင်... ဒါဆိုရင် ကျွန်တော်ဘယ်လိုလုပ်ရမလဲ ''

ဟုမေးမြန်းလေ၏။

ကိုသီဟက လက်ကာပြ၍

'' ကျုပ်တတ်စွမ်းသမျှ သူ့အဆိပ်ကိုပြေအောင် ကြိုးစားပေးပါမယ်၊ ဘာမှမပူပါနဲ့၊ လောလောဆယ် ရေနွေးတစ်အိုးလောက် အမြန်ဆုံးတည်ရအောင် ''

ဟုပြောကာ မီးမွှေး၍ ရေနွေးအိုးတည်ကာ ရေနွေးဆူသောအခါ အိုးတစ်လုံးထဲသို့ ဆေးမြစ်များထည့်၍ ရေနွေးအနည်းငယ်ဖြင့် ပြုတ်လေ၏။

ထိုဆေးမြစ်များကိုကြည့်၍ ကိုသီဟက

'' ဂျင်စင်ဆေးမြစ်တွေပဲ၊ အဆိပ်ရှိတဲ့သတ္တဝါ အကိုက်ခံရရင် ဂျင်စင်းက အကောင်းဆုံးပဲ၊ ဒါပေမယ့် ရွှေပိုးနီ မင့်ကူ အကိုက်ခံရရင်တော့ ဂျင်စင်းက သက်သာအောင်ပဲလုပ်ပေးတယ်၊ မပျောက်နိုင်သေးဘူး။ သူ့ဝေဒနာပျောက်ဖို့ကတော့ ကျုပ်ရဲ့သက်စောင့်ဆေးကို အသုံးချရမှာပဲ၊ ဒါဆိုရင်တော့ ဝေဒနာပျောက်ကင်းမှာသေချာပါတယ် ''

ဟုပြောလေ၏။ အောင်လံသည် ကိုသီဟ၏ စကားကိုနားထောင်၍ လွန်စွာဝမ်းမြောက်ဝမ်းသာဖြစ်သွားပြီး





'' ကျေးဇူးတင်လိုက်တာဗျာ၊ ချယ်ရီအသက်ဆုံးရရင် ကျွန်တော့်ဘဝဟာ ဘာအဓိပ္ပါယ်မှ ရှိတော့မှာမဟုတ်ဘူး ''

ဟု ပြောလိုက်လေတော့၏။

ကိုသီဟသည် အိပ်ခန်းတွင်းသို့ဝင်သွားပြီး ငွေကြုတ်လေးတစ်လုံးကို ယူလာလေ၏။

ငွေကြုတ်ထဲမှ အစိမ်းရောင်အရည်များကို ကြွေပန်းကန်ကလေးထဲသို့ထည့်၍ ချယ်ရီ၏ ပါးစပ်မှ လောင်းထည့်ပေးလေ၏။

အောင်လံသည် ချယ်ရီကို စိုးရိမ်စိတ်ဖြင့် ရူးစိုက်ကြည့်နေလေ၏။

ခဏကြာလျှင် ချယ်ရီသည် မျက်နှာသွေးရောင်လွှမ်းလာပြီး ဟင်းခနဲညည်းညူ၍ ပြန်လည်သတိရလာ၏။

အောင်လံက ဝမ်းသာအားရဖြင့်

'' ချယ်ရီ ချယ်ရီ သတိရလာပြီ ''

ဟု ရေရွတ်လေ၏။ ကိုသီဟက သက်ပြင်းချ၍

'' တော်ပါသေးရဲ့၊ သူ့ရဲ့အသက်အန္တရာယ်ကို မစိုးရိမ်ရတော့ဘူး။ ကျုပ်ရဲ့သက်စောင့်ဆေးက ရွှေပိုးနီရဲ့အဆိပ်ကိုမဖြေနိုင်ရင် မိန်းကလေးအသက်ဆုံးရှုံးမှာပဲ ''

ဟုပြောလေ၏။ အောင်လံက ချယ်ရီအား သူမ၏အသက်ကို ကိုသီဟက ကယ်တင်ခဲ့ပုံကိုပြောပြလေရာ ချယ်ရီက ကျေးဇူးတင်ကြောင်း လေးနက်စွာ ပြောလေ၏။ ကိုသီဟက သက်ပြင်းချ၍



www.burmeseclassic.com

www.burmeseclassic.com



" ကျုပ် ညီမရဲ့အသက်ကို မောင်ရင်က ကယ်ခဲ့တယ်ဆို တော့ တစ်ယောက်နဲ့တစ်ယောက် ကျေပြီပေါ့ "

ဟုပြောလေ၏။ ထိုအခါမှပင် အောင်လံက ကိုသီဟ၏ ညီမ နန္ဒာဆိုသောမိန်းမပျိုကို မမြင်သဖြင့် မေးမြန်းကြည့်ရာ ကိုသီဟက

" ကျုပ်ညီမ နန္ဒာက ခြံထဲက အိမ်ကလေးတစ်လုံးမှာ မျက်လှည့်အဖွဲ့နဲ့တူနေတယ် "

ဟုပြောလေ၏။ နန္ဒာဆိုသော မိန်းမပျိုသည် ကိုသီဟနှင့် အတူမနေခြင်းမှာ ထူးဆန်းလှ၏။ ကိုသီဟက ဆက်လက်၍

" ဒီပုံအတိုင်းဆိုရင် မိန်းကလေးရဲ့ ကျန်းမာရေး အကောင်း ပကတိအတိုင်း ပြန်ဖြစ်သွားလိမ့်မယ်၊ မကြာမီ ပျို့အန်ပြီး ဝမ်းတွေ သွားလိမ့်မယ်၊ ဒီအခါမှာ အဆိပ်အတောက်တွေအားလုံး ပြေပျောက် သွားလိမ့်မယ်၊ မောင်ရင်တို့နှစ်ယောက် ဘာဖြစ်လို့ ဘိုးတော်လှခြံထဲ ကို ခိုးဝင်ရတာလဲဆိုတာတော့ မမေးတော့ပါဘူး၊ ဒါပေမယ့် ရှေ့ဆက် ပြီး ဘာလုပ်လုပ် သတိထားဖို့လိုတယ်၊ ဒီအချိန်လောက်ဆိုရင် ဘိုး တော်လှဟာ သူ့ခြံထဲကို မောင်ရင်တို့ ခိုးဖင်တာသိသွားလောက်ပြီ ဒီအတွက် အန္တရာယ်ပေးမှာသေချာတယ် "

ဟုပြောလေ၏။ ရွှေအောင်လံက သက်ပြင်းချ၍

" ခြံထဲမှာလဲ သူ့တပည့်အတော်များများကို ကျွန်တော်တို့ တိုက်ခိုက်ခဲ့တယ်၊ ညအမှောင်ရှိပေမယ့် ကျွန်တော်တို့နှစ်ယောက် လက်ချက်ဆိုတာ ရိပ်စားမိမှာ သေချာပါတယ် "





ဟုပြောလေ၏။ ထိုနေ့မနက်သို့ ရောက်သောအခါ အောင်မွှေလံ တို့သည် ကိုသီဟကိုနှုတ်ဆက်၍ ၎င်းတို့၏အိမ်ကလေးသို့ ပြန်ခဲ့လေ ၏။

✲✲✲✲✲

ပန်းအိမ်စာကြည့်တိုက်



www.burmeseclassic.com

www.burmeseclassic.com



၃

အိမ်သို့ရောက်သောအခါ ချယ်ရီသည် မျိုးအန်၍ ဝမ်းသွား
လေ၏။

ထိုအခါမှပင် သူမ၏ရောဂါ လုံးဝသက်သာပျောက်ကင်းသွား
ရ၏။ သူမ၏ လက်တွင် ဒဏ်ရာဒဏ်ချက်အနေဖြင့် အနီစက်ကလေး
သာတွေ့ရလေ၏။

ချယ်ရီသည် မနက်မိုးစင်စင်လင်းသောအခါ အိပ်ရာပေါ်တွင်
ရင်း

" ကျွန်မတို့ ဒီအရပ်ကိုရောက်တာ တစ်လလောက်ရှိတော့
သ်နော်၊ အန္တရာယ်အမျိုးမျိုးနဲ့လဲ ရင်ဆိုင်ကြုံတွေ့ရပြီးပြီ၊ ရတနာ





သိုက်ရဲ့ သဲလွန်စကိုလည်း ဘယ်လိုမှ ရှာလို့မရဘူး၊ သိုက်စာ လိုလို၊
တဘောင်လိုလို၊ စကားဝှက်လိုလို ရေးထားတဲ့ ရွှေတံတား ငွေတံတား
ခင်းတဲ့ လနတ်သမီးဆိုတာကို ဘယ်လိုမှ အဓိပ္ပါယ်ဖော်လို့မရဘူး၊
ဒီအကြောင်းကို ဒီအရပ်က ဘယ်သူမှ သိပုံမရဘူး၊ ကျွန်မတော့ ရှေ့
ဆက်ရမယ့် ခရီးကို အားလျော့သလိုတောင် ဖြစ်နေပြီ "

ဟု ညည်းညူလေ၏။ အောင်လံသည် စိတ်အားငယ်သလို
ဖြစ်နေသော ချယ်ရီကိုကြည့်၍ သူမ၏ပခုံးကိုဖက်ကာ

" အားမလျော့ပါနဲ့ ချယ်ရီရယ်၊ ဖွဲလုံ့လဝီရိယရှိရင် အချိန်
တန်ရင် အောင်မြင်မှာပါ "

ဟု အားပေးစကားပြောလေ၏။ သို့သော် ချယ်ရီက ခေါင်းကို
ခါယမ်း၍

" ကျွန်မတို့နှစ်ယောက်ဟာ စိတ်ကူးယဉ်ဆန်သလိုဖြစ်နေ
တယ်၊ မှန်အိမ်ဟောင်းကြီးထဲမှာ တွေ့ရတဲ့ ရတနာမြေပုံလိုလိုဟာ
နောက်ကို တပင်တပန်းလိုက်ခဲ့ကြတယ်၊ ဒါပေမယ့်၊ ရှေ့ဆက်ရမယ့်
ခရီးဟာ ဘာတစ်ခုမှ ရေရေရာရာ မရှိဘူး၊ ရှင်လည်း ကျွန်မအတွက်
အန္တရာယ်တောထဲ တိုးဝင်ခဲ့ရတယ် "

ဟု ညည်းညူလေ၏။ အောင်လံက ခေါင်းကိုခါယမ်း၍

" ကျုပ်ကတော့ ဒီလိုဘယ်တော့မှ မမှတ်ပါဘူး၊ မင်းနဲ့အတူ
တွဲပြီး စွန့်စားရတာ၊ စိတ်လှုပ်ရှားရတာ ပျော်တယ် "



www.burmeseclassic.com

ဟုပြောလေ၏။ ချယ်ရီက အောင်လံ၏ အားပေးစကားကြောင့် မျက်နှာဝင်းပသွားပြီး

" ရှင်တကယ်ပြောတာလားဟင်၊ ဒါဆိုရင်တော့ ကျွန်မတို့ ခရီးမှာ ရတနာသိုက်ကိုမတွေ့ရလည်း ကျွန်မ ကျေနပ်ပါတယ်၊ ဘာဖြစ်လို့လည်းဆိုတော့ ဘဝတစ်လျှောက်လုံး လက်တွဲရင်ဆိုင်မယ့် အဖော်ကောင်းတစ်ယောက်ကို မမျှော်လင့်ဘဲ ရလိုက်ပြီလေ၊ ကျွန်မ ဆုံးဖြတ်လိုက်ပြီ၊ ကျွန်မတို့နယ်စပ်ကနေ ပြန်တော့မယ်၊ ကျွန်မမှာ ရှိတဲ့ပုလဲတွေကို ထုခွဲရောင်းချပြီး မြိတ်မှာ စက်လှေတွေဝယ်မယ် "

ဟုပြောလေ၏။ အောင်လံက သူမ၏ စကားကြောင့် ရယ်မောရ၍

" ဟား ဟား ဟား... မင်းစိတ်ချမ်းသာရင်း ပြီးတာပါပဲ ချယ်ရီရယ် "

ဟုပြောလေရာ ချယ်ရီက သူ့ရင်ခွင်ထဲသို့ တိုးဝင်လာလေ၏။

✲✲✲✲✲

၆၀ ဖန်တီး၊ အကြံပေးစာများ ရေးသားလိုပါလျှင်...

**မင်းမြတ်သူရ**

အမှတ်-၇၊ အသောကလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်သို့

လိပ်မှု၍ ရေးသားနိုင်ပါသည်။





နောက်တစ်နေ့မှစ၍ အောင်လံနှင့် ချယ်ရီသည် ရတနာသိုက် ရှာပုံတော်ကို လက်လျှော့လိုက်လေ၏။

ထို့ကြောင့် ချယ်ရီက

" ကျွန်မတို့ ဒီဒေသမှာ တစ်ပတ်လောက်နေပြီးရင် မြိတ်ကို ပြန်ကြမယ်၊ ကျွန်မတို့မပြန်ခင် ရွာထဲမှာလှည့်ပြီး လည်ကြမယ်၊ အရင်တုန်းက စိတ်လွတ်ကိုယ်လွတ် တစ်ခါမှ မလည်ခဲ့ရဘူး "

ဟုပြောလေ၏။ အောင်လံက ခေါင်းညိတ်၍

" ဘိုးတော်လှရဲ့ ရန်ကိုလည်း ဂရုစိုက်ရဦးမယ်၊ ကျုပ်တို့က ကျားမြီးသွားဆွဲပြီးပြီ "



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလေ၏။ အောင်လံ၏ စကားကြောင့် ချယ်ရီက သက်ပြင်းချ၍

" ကျွန်မတို့ ကျားမြီးသွားဆွဲပေမယ့် ဘိုးတော်လှဟာ ကျွန်မတို့ကို သည်းခံပြီး ဘေးမဲ့ပေးထားသလိုပဲ "

ဟုပြောလေ၏။ အောင်လံက ခေါင်းညိတ်၍

" ဟုတ်တယ်၊ အဲဒါဟာ ကိုသီဟကြောင့်ပဲလို့ထင်တယ်၊ ညက ကျုပ်တို့ကိုကယ်တင်သွားတာ ကိုသီဟဆိုတာ ဘိုးတော်လှ ရိပ်စားမိနိုင်တယ်၊ ကျုပ်တို့နဲ့ ကိုသီဟ ပတ်သက်နေသရွေ့ ဘိုးတော်လှက သည်းခံနေမယ့်သဘောရှိတယ် "

ဟုပြောလေ၏။ ချယ်ရီက မျက်မှောင်ကြုတ်၍ စဉ်းစားလိုက်ပြီး

" ကိုသီဟဟာ ဘယ်လိုလူစားမျိုးမို့လို့ ဘိုးတော်လှဟာ ကြောက်ရွံ့နေသလဲမသိဘူးနော် "

ဟု မှတ်ချက်ချလေ၏။ ထိုအခါ အောင်လံက ထိုင်ရာမှထ၍

" ကဲ... ဒါတွေကို တွေးမနေနဲ့တော့ ကျုပ်တို့ ဒီနေ့ တရုတ်စာနဲ့ နေ့လယ်စာ စားကြမယ်၊ အင်း ဘိုးတော်လှရဲ့လူတွေ ကျုပ်တို့ကို ဂရုစိုက်ပြီး ကြည့်နေမှာသေချာတယ်၊ ရွှေပိုးနီဆိုတဲ့ပင့်ကူ အကိုက်ခံရပြီး ချယ်ရီအသက်မဆုံးဘဲ ပျော်ပျော်ပါးပါးသွားလာနေရင် ဒီကောင်တွေ အံ့ဩမှာသေချာတယ် "





ဟုပြောလေ၏။ ချယ်ရီတို့သည် အိမ်ထဲမှ ထွက်၍ ရွာလယ်လမ်းမကြီးအတိုင်း လျှောက်လိုက်သည်နှင့်လမ်းပေါ်တွင် ဘိုးတော်လှ၏ တပည့် ဝတ်စုံပြာဝတ်လူများကိုတွေ့ရလေ၏။

ထိုသူများသည် အောင်လံနှင့်ယှဉ်တွဲ၍ ပြုံးရွှင်သောမျက်နှာပေးဖြင့် တွဲလျှောက်လာသော ချယ်ရီကိုကြည့်၍ မယုံနိုင်ဟန်ဖြင့် မျက်လုံးပြူးသွားကြလေ၏။

၎င်းတို့သည် လွန်စွာအဆိပ်ပြင်းသော ရွှေပိုးနီပင့်ကူ အကိုက်ခံရသဖြင့် ချယ်ရီသေဆုံးကြောင်းသတင်းကို နားစွင့်ရန် စောင့်ကြည့်နေခြင်းဖြစ်၏။ ထိုနေ့က ရွာလယ်လမ်းမကြီးတွင် ဘိုးတော်လှ၏ တပည့်များကို ပိုမိုတွေ့ရှိပြီး ၎င်းတို့သည် ကျန်းမာရွှင်လန်းနေသော ချယ်ရီကိုမြင်သည်နှင့် မယုံနိုင်ဟန်ဖြင့် မျက်လုံးပြူးသွားလေ၏။

ထိုသူများသည် ကျန်းမာပကတိရှိနေသော ချယ်ရီကိုကြည့်၍ ဘိုးတော်လှ၏ ခြံကြီးသို့ ကမန်းကတန်းထွက်သွားလေ၏။

အောင်လံတို့သည် တရုတ်ဆိုင်တစ်ဆိုင်သို့သွားကာ ခေါက်ဆွဲကြော်၊ အစိမ်းကြော်၊ တောက်တောက်ကြော် စသည့်တရုတ်စာများကို မြိန်ယှက်စွာစားသောက်ကြလေ၏။

ထိုအချိန်တွင် ဘိုးတော်လှ၏ ခြံကြီးရှိရာသို့ အောင်လံတို့ကို စောင့်ကြည့်နေသော လူဆိုးလူသွမ်းများ ပြန်လည်ရောက်ရှိလာပြီး ဘိုးတော်လှအား ချယ်ရီ၏ ကျန်းမာရေးအခြေအနေကို ပြောပြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဘိုးတော်လှသည် မယုံနိုင်ဟန်ဖြင့်

'' ဟိုက်... တုတ်ရဲလားကွာ၊ ရွှေပိုးနီအကိုက်ခံရပြီးရင် ဘယ်လို လူမျိုးမှ အသက်မရှင်နိုင်ဘူးကွ၊ ဒီကောင်မလေးက ဘာဖြစ်လို့ မသေ ရတာလဲ ''

ဟု ရေရွတ်လေ၏။ ဝတ်စုံဖြူဝတ်သူတစ်ဦးက တစ်စုံတစ်ရာ ကို စဉ်းစား၍

'' သူတို့မှာ ဆေးစွမ်းကောင်းရှိလို့လားမသိဘူး ''

ဟု မေးမြန်းလေ၏။ ဘိုးတော်လှက ခေါင်းခါ၍

'' ငါသိသလောက် ရွှေပိုးနီအကိုက်ခံရပြီး ဘယ်လိုဖြေဆေး နဲ့မှ မဖြေလို့မရဘူး၊ အလွန်အင်မတန် အစွမ်းထက်တဲ့ အဆိပ်ဖြေဆေး ကိုလည်း ဒီလိုရွာကလေးမှာ အလွယ်တကူရဖို့မဖြစ်နိုင်ဘူး ညက ဒီကောင်နဲ့ ကောင်မကို သီဟဆိုတဲ့ကောင် ကယ်သွားတာနဲ့တူတယ်၊ သီဟဟာ ငါတို့အတွက်တော့ အနှောင့်အယှက်ပဲ၊ ဒီကောင်ဟာ ဒီဒေသ မှာ မျက်လှည့်ဆရာအနေနဲ့ ခြေရှုပ်နေတာ ခြောက်လလောက်ရှိပြီ၊ သူဟာ ငါနဲ့လည်း ခုနစ်ကြိမ်လောက် လာတွေ့ပြီးပြီ၊ သူ့ကို ကြည့်ရတာ ခြေသလုံးအိမ်တိုင် လှည့်လည်နေတဲ့ မျက်လှည့်ဆရာ တစ်ယောက်နဲ့ မတူတာ ငါရိပ်စားမိလို့ သတိထားဆက်ဆံခဲ့တာပဲ၊ သူဟာ ကိုယ့်ကိုယ် ကို ယုံကြည်မှုရှိပြီး အလွန်ရဲစွမ်းသတ္တိရှိတဲ့ ပုံစံ ရှိတယ်၊ ဒါကြောင့် သူ့ကို သတိထားဖို့ပြောခဲ့တာပဲ ''





ဟုပြောလေ၏။ ဝတ်စုံဖြူဝတ်တစ်ယောက်က

'' ဟိုကောင်လေးနဲ့ ကောင်မလေးဟာလည်း အစွမ်းသတ္တိ မသေးဘူးနော် ''

ဟုပြောလေ၏။ ဘိုးတော်လှက မျက်မှောင်ကြုတ်၍

'' ဟုတ်တယ်၊ ရွာကိုရောက်တာ တစ်လမပြည့်သေးဘူး၊ စီကနဲ အသံကြားရင် သူတို့နှစ်ယောက်ပဲ ဖြစ်နေတယ်၊ သူတို့နှစ်ယောက်ဟာ မောင်နှမလို့ဆိုတယ်၊ ဒါပေမယ့် မောင်နှမနဲ့မတူဘူး၊ သူတို့ဟာ ပျောက်ဆုံးနေတဲ့ အဖေကို လိုက်ရှာတယ်လို့ပြောတယ်၊ ဒါပေမယ့် ရွာထဲမှာ ရွှေတံတားငွေတံတား တဘောင်ကို လိုက်လံစုံစမ်းနေတာ ကြားရတယ်၊ ဒါဟာ ရတနာသိုက်ရဲ့ သိုက်ညွှန်းပဲ၊ ငါလဲ ရွှေတံတား ငွေတံတားဆိုတဲ့ သဲလွန်စကို ဖော်နေတာကြာပြီ၊ အခုထိ ဖော်လို့မရ သေးဘူး၊ ဒီတော့ မင်းတို့အားလုံး ဒီကောင်နဲ့ကောင်မကို စောင့်ကြည့် ကြ၊ သီဟဆိုတဲ့ကောင်ကိုလည်း အလွတ်မပေးနဲ့၊ အခြေအနေပေးရင် သူတို့သုံးယောက်စလုံး ရှင်းပစ်လိုက်ဖို့ ငါဆုံးဖြတ်ထားတယ်၊ ဒီလို အမှိုက်တွေကိုရှင်းပစ်မှ ငါတို့ရဲ့ အရောင်းအဝယ်ကိစ္စ အောင်မြင်မယ် ''

တပည့်များကို ညွှန်ကြားလိုက်လေ၏၊ ဘိုးတော်လှသည် တပည့်များအားလုံးကို အသေးစိတ်မှာကြားပြီးသောအခါ တစ်ဖက် နိုင်ငံမှ သူ၏မိတ်ဆွေများ ပို့လိုက်သော မိန်းမချောလေးကို အနီးသို့ ခေါ်ယူလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



သူသည် ညက မိန်းမချောလေးနှင့် ကျီစယ်ခဲ့သော်လည်း မကျေနပ်နိုင်သေးဘဲ ထပ်မံခေါ်ယူလိုက်လေ၏။

အောင်လံတို့သည် ညနေစောင်းသောအခါ ရွာထဲသို့ လှည့်လည်ကြည့်ရှုရင်း၊ လိုချင်သည်များကို ဝယ်ခြမ်းကြ၏။

အောင်လံတို့သည် ဈေးအတွင်း လှည့်လည်ရင်း တစ်နေရာသို့ ရောက်သောအခါ မျောက်ဆရာ၏သီချင်းသံနှင့်အတူ ကခုန်နေသော မျောက်ကလေးနှင့် ၎င်းတို့ကို ဝိုင်းအုံကြည့်နေသော လူအုပ်ကိုတွေ့ရ၏။

ချယ်ရီသည် မျောက်ကလေးခုန်တက်ခြင်းကို အမှတ်မရှိသေးဘဲ

" သွားကြည့်ရအောင် "

ဟုပြောလေရာ အောင်လံက

" ဟိုတစ်ခါကလို မျောက်ခုန်တက်တာ ခံချင်လို့လား "

ဟုပြောဆိုလေ၏။ သို့သော် ချယ်ရီကနားမဝင်ဘဲ လူအုပ်အနီးသို့ တိုးကပ်သွားပြီး တစ်စုံတစ်ရာကိုမြင်သောအခါ ကမန်းကတန်း ပြန်လှည့်ပြေးလာ၏။ အောင်လံက နားမလည်ဟန်ဖြင့်

" ဘာဖြစ်လို့လဲ "

ဟု မေးမြန်းသောအခါ ချယ်ရီက

" အိမ်ရှင်အပျိုကြီးမမစိမ်းလေ၊ ရှင့်ကိုတွေ့ရင် မောင်လေး





မောင်လေးနဲ့ စကားပြတ်မှာမဟုတ်တော့ဘူး၊ အဲဒီမိန်းမကြီးကို သိပ်အမြင်ကတ်တာပဲ၊ မတတ်သာလို့ သူ့အိမ်မှာနေနေတာ၊ ကြာရင် ကျွန်မလက်ထဲက ရှင့်ကိုလုသွားမယ် "

ဟု သဝန်တိုသောလေသံဖြင့် ပြောဆိုလေ၏။ အောင်လံသည် ချယ်ရီ၏အမူအရာကြောင့် ရယ်မောလိုက်ပြီး အိမ်သို့ပြန်ခဲ့လေ၏။

အောင်လံတို့အိမ်သို့ရောက်ပြီး ညနေစာ စားသောက်နေချိန်တွင် တစ်ဖက်ခြံမှ အိမ်ရှင်အပျိုကြီးရောက်လာပြီး အောင်လံ၏အနီးတွင် တိုးကပ်ထိုင်ကာ

" မောင်လေးကို ရယ်စရာပြောရဦးမယ်၊ ညနေက ဈေးထဲမှာလေ၊ မျောက်ဆရာက သီချင်းဆိုပြီး မျောက်ကလေးက ကခုန်နေလို့ သွားကြည့်မိပါတယ်၊ ခဏကြာတော့ မျောက်ကလေးက မမအပေါ် ခုန်တက်တာလေ၊ လန့်လိုက်တာကွယ်၊ ရုတ်တရက် မျောက်က မမပခုံးပေါ်ခုန်တက်တော့ လန့်ပြီးငယ်သံပါအောင် အော်လိုက်မိတယ်၊ မျောက်ဆရာက သူမျောက်ကလေးရဲ့ အပြုအမူကြောင့် မမကို တောင်းပန်တယ်၊ ပထမတော့ မမလဲ စိတ်ဆိုးတာပေါ့၊ ဒါပေမယ့် မျောက်ဆရာရဲ့တောင်းပန်တဲ့ စကားတစ်ခွန်းကြောင့် စိတ်ဆိုးရ ခက်ခက်ဖြစ်သွားတယ်၊ မျောက်ဆရာက ဘယ်လိုတောင်းပန်တယ် ထင်သလဲ "

အပျိုကြီးက ဟန်ပါပါဖြင့် မေးမြန်းလေရာ အောင်လံက အဲ့မြင်



www.burmeseclassic.com

www.burmeseclassic.com



ကတ်ကတ်ဖြင့်

'' ဘယ်သိပ့်ါမလဲဗျာ ''

ဟုပြောလေ၏။ အဖိုးကြီးက ပြီတီတီဖြင့် ရယ်မောရင်း

'' မျောက်ဆရာကပြောတာက စိတ်မဆိုးပါနဲ့ မမရယ်တဲ့၊ ကျွန်တော်မျောက်ကလေးက အထီးလေးမို့လို့လားမသိဘူး။ မကောင်းတဲ့အကျင့်တစ်မျိုး ရှိတယ်တဲ့၊ အဲဒါကတော့ လူအုပ်စုထဲမှာ မိန်းမချောမိန်းမလှတွေမြင်ရင် အချောဆုံးအလှဆုံးကိုရွေးပြီး အခုလိုပဲ ခုန်တက်လေ့ရှိတယ်တဲ့၊ ခုန်တက်ပြီး အန္တရာယ်ပြုတာတော့ မဟုတ်ပါဘူးတဲ့ ''

ဟု အဖိုးကြီးက ဂုဏ်ယူဟန်ဖြင့် ပြောလေရာ ချယ်ရီသည် တစ်ဖက်သို့ လှည့်၍ မျက်နှာကို ရှုံ့မဲ့လိုက်လေ၏။ သို့သော် အဖိုးကြီးသည် ရိပ်မိဟန်မတူဘဲ အောင်လံအနီးသို့ ပွတ်သီးပွတ်သပ် တိုးကပ်ကာ စကားမရှိစကားရှာ၍ ပြောဆိုနေလေတော့၏။

ညမှောင်ရီသန်းစပြုသောအခါမှပင် အဖိုးကြီးအိမ်သို့ ပြန်သွားလေတော့၏။





ထိုနေ့ညသို့ရောက်သောအခါ ချယ်ရီက ရုပ်သေးပွဲသွားကြည့်ရန် ပူဆာသဖြင့် အိမ်မှထွက်ခွာရန်ပြင်ဆင်ကြ၏။

ထိုအခိုက်မှာပင် အဖိုးကြီးအိမ်မှ ဆူဆူညံညံအသံကြားရပြီး အဖိုးကြီး၏ အိမ်ဖော်ကောင်မလေးကို ဆူပူနေသံကြားရလေ၏။

အဖိုးကြီးက

'' ညနေက ဈေးကိုမသွားမီ ဝါးဆွဲကြိုးရှိပါသေးတယ်၊ အခု ဘယ်ကိုရောက်သွားသလဲ ''

ဟု အော်ဟစ်လေ၏။ သူ့မ၏ အိမ်ဖော်ကောင်မလေးက မကျေမနပ်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



" မမဈေးသွားတုန်းက ပြုတ်ကျသွားတာဖြစ်မှာပေါ့ မမဲ လည်ပင်းက ဆွဲကြိုးကို ကျွန်မက ဘယ်လိုဖြုတ်ပြီး ခိုးလို့ရမှာလဲ "

ဟု ပြောဆိုသံကို ကြားရလေ၏။ ချယ်ရီက ထိုအသံများကို နားထောင်၍ ရယ်မောကာ

" ဟီဟိ... ကောင်းတယ်၊ ကောင်းတယ်၊ ရွှံ့ထုတ်ချင်တဲ့အဖျိုကြီး ဈေးထဲမှာ ဆွဲကြိုးကျပျောက်သွားပြီ "

ဟု ရေရွတ်လေ၏။ အောင်လံက ခေါင်းတဆတ်ဆတ်ညိတ်၍

" ဆင်ဖြူတိုင်ရွာကိုလာတဲ့လမ်းမှာ ချယ်ရီဆွဲကြိုးလေး ကျပျောက်သွားတယ်နော် "

ဟုပြောလေရာ ချယ်ရီက ခေါင်းညိတ်၍

" ဟုတ်တယ်၊ အဲဒီကြိုးက ကျွန်မရဲ့ မွေးစားဖခင်ကြီး လုပ်ပေးသွားတာ နမြောဖို့သိပ်ကောင်းတယ် "

ဟုရေရွတ်လေ၏။ ထို့နောက်တွင်မူ အောင်လံတို့သည် ရွာလယ်လမ်းမကြီးအတိုင်း ရုပ်သေးပွဲရှိရာဘက်သို့ လျှောက်ခဲ့လေ၏။

ရွာလယ်ကွက်လပ်ကြီးမှ ရုပ်သေးဆရာများ၏ သီချင်းသီဆိုသံကိုကြားရလေ၏။

ရုပ်သေးပွဲသို့ရောက်သောအခါ လူအများနှင့် အလွန်စည်ကားနေပြီး ပရိသတ်များသည် ရုပ်သေးဆရာများ၏အသံကို ငြိမ်သက်စွာနားထောင်ရင်း ရုပ်သေးပွဲကို ကြည့်ရှုနေ၏။





ရုပ်သေးဆရာများ ပြသသော ဇာတ်ထုပ်မှာ အလွန်စိတ်ဝင်စားဖွယ်ကောင်းပြီး မြန်မာများအလွန်နှစ်ခြိုက်သော ဇာတ်ထုတ်ဖြစ်၏။ ချယ်ရီသည် ရုပ်သေးပွဲကို ခဏမျှကြည့်ရှုပြီး အောင်လံဘက်သို့လှည့်ကာ

" ဒီနေ့ည ဇာတ်ထုတ်က သိပ်ကောင်းတယ်၊ ကျွန်မတို့ ပြီးတဲ့အထိကြည့်မယ် "

ဟုပြောကာ ဖျာခင်း၍ အကျအနကြည့်ရှုနေသော အဘိုးကြီး အဘွားကြီးများ၏အနီးသို့ ဝင်ထိုင်လိုက်၏။

အဘိုးကြီးအဘွားကြီးအုပ်စုသည် လွန်စွာသဘောကောင်းသန်ရှိပြီး အောင်လံတို့ကို နေရာပေးကာ ၎င်းတို့ ယူဆောင်လာ သောသက်ဖက်များ၊ ရေနွေးကြမ်းများကို စားသောက်စေ၏။

အောင်လံသည် ပွဲခင်းထဲတွင် ဘိုးတော်လှ၏ ဝတ်စုံပြာဝတ်လူများကိုတွေ့၍ ရင်ထဲတွင် လေးလံသွားလေ၏။

အောင်လံတို့သည် ဇာတ်ကို မိတ်ဝင်စားစွာကြည့်ရှုသောအခါ ဒုဆန်းသော ဆင်းရဲသားမိသားစုသုံးယောက်၏ဘဝကို သရုပ်ဖော်သားခြင်းဖြစ်၏။

မိသားစုသုံးယောက်အနက် အငယ်ဆုံးသားကလေးမှာ လူထုတ်ဘဲ လိပ်ဖြစ်နေလေ၏။

အစ်ကိုဖြစ်သူမှာ စိတ်သဘောထားယုတ်မာသော လူဆိုးလူ

www.burmeseclassic.com



သွမ်းဖြစ်၏။

အစ်ကိုဖြစ်သူသည် သူ၏ညီငယ်လေး လိပ်ဖြစ်နေခြင်းကို နှစ်သက်သူမဟုတ်။ သူတို့မိသားစု၏ မျိုးရိုးဂုဏ်သိက္ခာကျဆင်းစေသူအဖြစ် ညီငယ်ကို မုန်းတီးနေ၏။

အစ်ကိုသည် ညီဖြစ်သူအား မိခင်သူဆင်းရဲမကြီး မရှိခိုက်တွင် အမျိုးမျိုး ဒုက္ခပေးတတ်၏။

ရုပ်သေးကြည့်သူများသည် မြန်မာလူမျိုးများပီပီ ညီဖြစ်သူလိပ်ကလေးကို အစ်ကိုဖြစ်သူက နှိပ်စက်သောအခန်းတွင် အစ်ကိုကို မုန်းတီးကြ၏။ ညီငယ်လိပ်ကလေးကို သနားကရုဏာသက်ကြ၏။

သို့သော် ညီငယ် လိပ်ကလေးမှာ လူယောင်ဖန်ဆင်းနိုင်သော လိပ်ကလေးဖြစ်နေ၏။

လိပ်ကလေးသည် လသာသောညများတွင် လူယောင်ဖန် ဆင်းလိုက်သောအခါ မင်းသားကလေးကဲ့သို့ ချောမောလှပနေ၏။

ညီငယ်မင်းသားလေး လူယောင်ဖန်ဆင်းနိုင်သောအချိန်တွင် ပရိတ်သတ်များသည် အလွန်သဘောကျကြ၏။

လက်ခုပ်လက်ဝါးတီး၍ ချီးမွမ်းကြ၏။ လိပ်ကလေးသည် လသာသောညများတွင် လိပ်ခွံထဲမှထွက်၍ လနတ်သမီးနှင့်အတူတူ ပျော်ပါးကခုန်လေ့ရှိကြောင်း ပြလေ၏။

လိပ်မင်းသားနှင့် ချောမောလှပသော လနတ်သမီးလေး၏





ကခုန်နေပုံကိုကြည့်၍ အောင်လံနှင့် ချယ်ရီသည် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်လေ၏။

ထို့နောက် လူကြမ်းဖြစ်သူ အစ်ကိုက ညီငယ်လိပ်ကလေးကို တောထဲကိုခေါ်သွားပြီး သတ်ဖြတ်ရန်အကြံမ်ကြံမ် ကြိုးစားပုံကိုပြလေ၏။ ရုပ်သေးကြည့် ပရိသတ်များသည် အစ်ကို လူကြမ်းရုပ်ကို အော်ဟစ်ဆဲဆိုသည့်အထိ ရုပ်သေးပွဲကို အာရုံဝင်စားကြလေ၏။

❂❂❂❂❂



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့သ၌ ညီငယ်လိပ်ကလေးသည် ဘုရင့်သမီးတော်ကို မမျှော်လင့်ဘဲ မြင်တွေ့ပြီး စွဲလမ်းသွားလေ၏။ လိပ်ကလေးမှာ သမီးတော်ကို စွဲလမ်းစိတ်ဖြင့် မစားနိုင်မအိပ်နိုင်ဖြစ်သောအခါ မိခင်သူဆင်းရဲမကြီးမှာ သားအတွက် ရတက်ပွေရ၏။

မှိုင်တွေငေးမောနေသော သားငယ်လေးကို ချော့မော့ဖျောင်းဖျ၍ အစားအစာအမျိုးမျိုးကို စီမံချက်ပြုတ်ပေး၏။

သို့သော် သားငယ်ဖြစ်သူမှာ မည်သို့မျှ ချော့မော့၍မရဘဲ မင်းသမီးကိုသာ လက်ထပ်လိုကြောင်း ပြောလေ၏။





ထိုအခါ သူဆင်းရဲမကြီးသည် သားငယ်၏အဖြစ်ကို မကြည့်ရက်သောကြောင့် နန်းတော်ထဲကိုသွားပြီး ဘုရင်ကိုလျှောက်တင်ဖို့ ပြင်လေ၏။

ထိုအခန်းများသို့ရောက်သောအခါ ရုပ်သေးကြည့်ပရိသတ်များကို များစွာဖမ်းစားနိုင်ကြောင်းသိရ၏။

ရုပ်သေးပွဲတစ်ခုလုံး အသံတစ်စက်မထွက်ဘဲ ငြိမ်သက်စွာ ကြည့်ရှု အားပေးနေ၏။

အောင်လံတို့နှင့်အတူတူ ပွဲကြည့်နေသော အဘိုးကြီးနှစ်ယောက်အနက် တစ်ယောက်က

" တို့ငယ်စဉ်တုန်းက ဒီစူဠလိပ်နဲ့ ဘုရင့်သမီးတော်ဇာတ်ကို ကြည့်ခဲ့ဖူးပါတယ်ကွာ၊ ကြည့်ရတာ အလွန်ကောင်းတာပဲ "

ဟုချီးကျူးလေ၏။ ကျန်အဘိုးကြီးတစ်ယောက်က

" ဟုတ်ကောင်၊ မင်းတစ်ယောက်တည်း မှတ်မိတာမဟုတ်ဘူး၊ ငါလဲ မှတ်မိပါတယ်ကွ၊ ဟိုးအရင်က ရုပ်သေးပြရင် အခုလို ရွာလယ်မှာမပြဘူး၊ ငါတို့ရွာသားတွေက ရွာပြင်က ကျောက်ဖျာကြီးမှာ သွားကြည့်ရတယ်၊ ရုပ်သေးဆရာတွေက ရုပ်သေးစင် ထိုးစရာမလိုဘူး၊ ကျောက်ဖျာပေါ်မှာ ကရုံပဲ "

ဟုဝင်ရောက်ထောက်ခံသောလေသံကို ကြားရလေ၏။

ရုပ်သေးဆရာများသည် ပွဲကို ဆက်လက်ပြသလေ၏။



www.burmeseclassic.com

www.burmeseclassic.com



မိခင်သူဆင်းရဲမကြီးသည် သားဧဖြင့် နန်းတော်ထဲသို့ အရဲစွန့်သွားကာ ဘုရင်မင်းနှင့်တွေ့ဆုံပြီး ကျွန်တော်မျိုးမ၏ သားကလေး ဗုဇ္ဇလိပ်နဲ့ သမီးတော်ကို လက်ဆက်ပေးပါဟု တောင်းပန်လေ၏။

ဘုရင်သည် သူဆင်းရဲမ၏ စကားကိုကြားသောအခါ လွန်စွာ ဒေါသူပုန်ထသွားလေ၏။

ဘုရင့်သမီးတော်ကို သူဆင်းရဲမသားက လာရောက်တောင်း ရမ်းခြင်းသည် ရှက်ဖွယ်လီလီဖြစ်၏။

သို့သော် ဘုရင်သည် ပရိယာယ်ကြွယ်သော မင်းဖြစ်သဖြင့် သူဆင်းရဲမကို ပြစ်ဒဏ်မပေးဘဲ သူဆင်းရဲသားအမိမလုပ်နိုင်သော တောင်းဆိုမှုတစ်ခုကိုပြုလေ၏။

ဘုရင်၏ တောင်းဆိုမှုကို မပြုလုပ်နိုင်လျှင် သူဆင်းရဲသားအမိ သုံးယောက်စလုံး အသတ်ခံရမည်ဖြစ်၏။

ရွာသူရွာသားများသည် ဘုရင်၏ တောင်းဆိုမှုကို စိတ်ဝင်စား လွန်းသဖြင့် မျက်တောင်မခတ်တမ်းကြည့်ကြလေ၏။

ဘုရင်မင်းမြတ်က သူဆင်းရဲမကို မိန့်ကြားလိုက်၏။

" ဟဲ့... သူဆင်းရဲမ၊ နင့်သားက ငါကိုယ်တော်မြတ်ရဲ့ သမီး တော်ကို လိုချင်တယ်ဆိုရင် အစွမ်းအစရှိမှဖြစ်မှာပေါ့၊ ဒါကြောင့် နင့်အိမ် နဲ့ ငါ့နန်းတော်ကို ခုနစ်ရက်အတွင်း ရွှေတံတား၊ ငွေတံတားခင်းနိုင်ရင် နင့်သားနဲ့ ငါ့ရဲ့သမီးတော်ကိုပေးစားမယ်၊ အိမ်း... ငါခိုင်းတာမလုပ် နိုင်ရင်တော့ နင်တို့သားအမိသုံးယောက်စလုံးကို ကွပ်မျက်ရမယ် "

ဘုရင်၏ မိန့်ကြားချက်ကို ကြားလိုက်ရသောအခါ အောင်လံ နှင့် ချယ်ရီသည်လည်း တစ်ယောက်မျက်နှာတစ်ယောက် တအံ့တသြကြည့် ၍

" ရွှေတံတား၊ ငွေတံတား "

ဟု ရွတ်ဆိုလိုက်လေ၏။

၎င်းတို့ ရှာဖွေနေသော ရတနာသိုက်၏သဲလွန်စတွင် ရွှေတံ တား၊ ငွေတံတားခင်းတဲ့ လနတ်သမီးဟူသော ဝှက်စာတစ်ခုပါရှိ၏။

အောင်လံနှင့် ချယ်ရီသည် ၎င်းတို့ ရှာဖွေနေသော ရတနာ သိုက်၏ သဲလွန်စကို မမျှော်လင့်ဘဲ ရလိုက်သဖြင့် ရုပ်သေးအဖွဲ့၏ ဇာတ်ထုပ်ကို မျက်တောင်မခတ်တမ်းကြည့်ရှုနေမိ၏။

သူဆင်းရဲမကြီးသည် ဘုရင်၏ အမိန့်တော်ကို ကြားလိုက်ရ သည်နှင့် ငိုကြီးချက်မဖြင့် သားငယ်ရှိရာသို့ ပြန်လာခဲ့လေ၏။

သားငယ်လိပ်သည် အကျိုးအကြောင်းသိရသောအခါ ရွှေ တံတား၊ ငွေတံတားကို သူဆင်းရဲမတစ်ယောက်က ခုနစ်ရက်အတွင်း မည်သို့မျှ မခင်းနိုင်သဖြင့် ဝမ်းပန်းတနည်းဖြစ်ကာ နောင်တကြီးစွာ ရရှိလေ၏။

မိမိအတွက် မိသားစုတစ်ခုလုံး မင်းပြစ်မင်းဒဏ်သင့်တော့မည် ဟု ပူဆွေးသောကရောက်လေ၏။







www.burmeseclassic.com

www.burmeseclassic.com



မိသားစုတစ်ခုလုံး ဝမ်းပန်းတနည်းဝိုင်ယိုနေစဉ် ပရိသတ်များကလည်း မျက်ရည်တစမ်းစမ်းဖြစ်လာ၏။

ထိုအခိုက်မှာပင် သားဝယ်လိပ်နှင့် လပြည့်ညတိုင်း အတူတူကပွဲဆင်နွှဲလေ့ရှိသော လမင်းသမီးရောက်ရှိလာ၏။

လမင်းသမီးက သူ၏အစွမ်းဖြင့် ရွှေတံတား ငွေတံတားကို ခင်းပေးလိုက်သောအခါ ဘုရင်သည် လိပ်မင်းသားနှင့် သမီးတော်ကို ကတိအတိုင်းပေးစားလိုက်ရလေ၏။ လိပ်မင်းသားသည် သမီးတော် နှင့် မင်္ဂလာဆောင်နှင်းသောနေ့တွင်ပင် ခန္ဓာကိုယ်မှ လိပ်ခွံကျွတ်ပြီး လူသားစင်စစ် ကေန်ဖြစ်သွားပြီး ပျော်ရွှင်စွာဖြင့် ဇာတ်ပေါင်းထုပ် လေ၏။

အောင်လံတို့သည် ရတနာသိုက်၏ သဲလွန်စဖြစ်သော ရွှေတံတားငွေတံတားခင်းတဲ့ လနတ်သမီးဟူသော ဝှက်စာကို မမျှော်လင့်ဘဲ တွေ့လိုက်ရသဖြင့် လွန်စွာ စိတ်လှုပ်ရှားနေလေ၏။

ထိုအခိုက်မှာပင် ၎င်းတို့နှင့်အတူ ထိုင်နေသော အဘိုးကြီး၊ အဘွားကြီးများအနက် အဘွားကြီးတစ်ယောက်က

'' ဒီဇာတ်ထုပ်ကို ကျုပ်တို့ ငယ်ငယ်တုန်းကတည်းက ရွာပြင်မှာ ကြည့်ခဲ့ဖူးပါသေးတယ်နော်၊ ရှင်တို့ မမှတ်မိလို့ပါ ''

ဟုပြောလေရာ ကျန်အဘိုးကြီးတစ်ယောက်

'' ဒီမယ် ဘွားသင်၊ ညည်းတစ်ယောက်တည်း မှတ်ဉာဏ်ကောင်းတယ်ထင်လို့လား၊ ကျုပ်လဲ မှတ်မိတယ်၊ ရွာထိပ်က ကျောက်





ဖျာကြီးပေါ်မှာ ကတာလေ၊ အဲဒီတုန်းက ရုပ်သေးဆရာတွေက ဒီထက်ကောင်းတယ်၊ ကျောက်ဖျာကြီးပေါ်ကနေ ရွှေတံတားငွေတံ တားခင်းတဲ့ပြကွက်ကို သေသေချာချာပြတာ ဝါမှတ်မိတယ်၊ တံတားနှစ်စင်းကို ရွှေရောင်၊ ငွေရောင်တွေနဲ့လုပ်ပြီး လနတ်သမီးကို ကျောက်ဖျာအနီး သစ်ပင်ကြီးပေါ်က တဖြည်းဖြည်းဆင်းလာတဲ့ပြကွက်ကို ဝါ တစ်သက်မမေ့ဘူး ''

ဟုပြောလေ၏။ ကျန်အဘွားကြီးတစ်ယောက်

'' ရှင်တို့ မှတ်ဉာဏ်တွေ အတော်ကောင်းသေးတာပဲ၊ အဲဒီတုန်းက ကျုပ်တို့ အသက်ရှိလှရင် ၁၅ နှစ်လောက်ပဲ ရှိဦးမယ်၊ လနတ်သမီးလေးကို ရုပ်သေးဆရာက ငွေခြည်ထိုးထည်ကလေးတွေနဲ့ ဝတ်ပေးထားတာ အလွန်လှတာပဲ၊ ကျုပ်တို့တော့ ဒီနေ့ထိ မျက်လုံးထဲက မထွက်ဘူး ''

ဟုပြောလေ၏။ အဘွားကြီးတစ်ယောက်ကလည်း

'' လနတ်သမီးရဲ့ ရွှေတံတားငွေတံတားခင်းပေးလို့ ဘုရင်ကြီးက သမီးတော်ကို လက်ဆက်ပေးတဲ့ အခန်းကို ကျောက်ဖျာကြီးပေါ်မှာ အရုပ်တွေ အများကြီးနဲ့ကပြတာ ကြည့်လို့ကောင်းလိုက်တာ၊ ကျုပ်တို့ အသက် ၃၀ ကျော်ကျော်လောက်အထိ ကျောက်ဖျာကြီးပေါ်မှာပဲ ရုပ်သေးပွဲတွေ အများကြီးကြည့်ခဲ့ဖူးတယ်၊ နောက်ပိုင်းတော့ ရုပ်သေးပွဲတွေကို ရွာထဲမှာပဲပြတော့တယ်၊ ကျုပ်တော့ ရွာထဲမှာကြည့်



www.burmeseclassic.com

www.burmeseclassic.com



ရတဲ့ ကျောက်ဖျာပေါ်မှာလောက် အရသာမရှိဘူးထင်တယ် ''

ဟုပြောလေ၏။ အောင်လံတို့သည် ရုပ်သေးပွဲပြီးသည်အထိ ရုပ်သေးပွဲပြရာစင်ကြီးရှေ့တွင် တစ်စုံတစ်ရာကိုတွေးတော၍ ကျန်ရစ်ခဲ့လေ၏။ အောင်လံက ခေါင်းကြာရှင် လက်ဖျစ်တီး၍

'' ဟုတ်ပြီ၊ ကျုပ်တို့ ဒီနေ့ရတဲ့ သဲလွန်စထဲမှ ကျောက်ဖျာကြီးဟာ အတော်အရေးပါတယ်၊ ရွှေတံတားငွေတံတား ခင်းတဲ့လနတ်သမီးဆိုတာ ရုပ်သေးပွဲပြလေ့ရှိတဲ့ ကျောက်ဖျာကြီးကို ရည်ညွှန်းတာ မဖြစ်နိုင်ဘူးလား ''

ဟုမေးမြန်းလေ၏။ ထိုအခါ ချယ်ရီက ခေါင်းညိတ်၍

'' သိပ်ဖြစ်နိုင်တာပေါ့၊ ရွှေတံတား ငွေတံတားခင်းတဲ့ လနတ်သမီးဆိုတဲ့ စာဝှက်ဟာ ကျောက်ဖျာကြီးကိုခေါ်တာပဲ ကျောက်ဖျာကြီးမှာ ရတနာသိုက်ရဲ့ သဲလွန်စရှိနိုင်တယ် ''

ဟု မှတ်ချက်ချလေ၏။ ထိုအခါ အောင်လံက စိတ်လှုပ်ရှားစွာဖြင့်

'' ဒါဆိုရင် ကျုပ်တို့အခုပဲ ရွာပြင်က ကျောက်ဖျာကြီးကို သွားရှာကြည့်ရအောင် ''

ဟုပြောလေ၏။ ချယ်ရီက မျက်မှောင်ကြုတ်၍

'' ညကြီးမင်းကြီး ဖြစ်ပါ့မလား ''

ဟုပြောလေ၏။ အောင်လံက သက်ပြင်းချ၍





'' ကျုပ်တို့ စွန့်စားရမှာပဲ၊ ဒီနေ့ညပွဲမှာ ရွှေတံတားငွေတံတားခင်းတဲ့ လနတ်သမီးဆိုတဲ့ သဲလွန်စကို ဘိုးတော်လှရဲ့လူတွေလဲ ရသွားနိုင်တယ်၊ ကျုပ်တို့နောက်ကျလို့မဖြစ်ဘူး၊ လက်ဦးမှု ရထားမှဖြစ်မယ် ''

ဟုပြောလေရာ ချယ်ရီကလည်း သဘောတူသဖြင့် အိမ်သို့ပြန်ကာ မီးတုတ်၊ လက်နှိပ်ဓာတ်မီးနှင့် သံတူရွင်းများ၊ ပေါက်ပြားများကို ယူ၍ ရွာပြင်သို့ ထွက်ခဲ့လေ၏။

ရွာနှင့် အတော်လှမ်းသည့်နေရာသို့ ရောက်သည့်အထိ ကျောက်ဖျာကြီးကို မတွေ့ရပေ။

ချယ်ရီက မျက်မှောင်ကြုတ်၍

'' အခုထိ မတွေ့သေးဘူး၊ ရွာသားတွေဟာ ရွာပြင်ကို ထွက်ကြည့်တယ်ဆိုတော့ ရွာနဲ့ ခပ်ဝေးဝေးမှာတော့ မဖြစ်နိုင်ဘူး ''

ဟုပြောလေတော့၏။

အောင်လံသည် လက်နှိပ်ဓာတ်မီးနှင့် ရှေ့ခရီးကို ထိုးကြည့်၍ မှန်းဆရင်း

'' ရှေ့ဘက်ကို နည်းနည်းသွားကြည့်ရအောင် ''

ဟုပြောလေ၏။ အောင်လံတို့သည် လက်နှိပ်ဓာတ်မီးအလင်းရောင်ဖြင့် စမ်းတဝါးဝါး ခရီးဆက်ခဲ့လေ၏။ အတန်ကြာသောအခါ မဲမဲသဏ္ဍာန်ကြီးတစ်ခုကိုကြည့်၍ ချယ်ရီကလည်း ထိုနေရာသို့ ဓာတ်မီးနှင့် ထိုးလိုက်ရာ ကျောက်ဖျာကြီးတစ်ချပ်ကို မြင်ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ချယ်ရီက ဝမ်းသာအားရဖြင့်

'' တွေ့ပြီ၊ ကျောက်ဖျာကြီးကိုတွေ့ပြီ ''

ဟု အော်ဟစ်လိုက်လေ၏။ ကျောက်ဖျာကြီး၏အမြင့်မှာ ၂ပေ ခန့်သာရှိပြီး အလျား ၁၀ ပေနှင့် အနံ ၅ ပေ ခန့်သာရှိ၏။

ကျောက်ဖျာကြီးမှာ သဘာဝအတိုင်းဖြစ်ပေါ်နေသော်လည်း လူများပြုလုပ်ထားသကဲ့သို့ မျက်နှာပြင်မှာ အံ့သြဖွယ်ကောင်းလောက် အောင်ပင် ညီညာပြန့်ပြူးပြီး ဘဲဥပုံဖြစ်လေ၏။ ချယ်ရီက ကျောက်ဖျာကြီးကို ကိုင်တွယ်ကြည့်ရင်း

'' လူတွေ ပြုပြင်ထားတဲ့အတိုင်းပဲနော်၊ မျက်နှာပြင်က စည် လို ချောမွေ့နေတယ်၊ ဒါကြောင့် ကျောက်ဖျာကြီးကို ဇာတ်ခုံလို သဘောထားပြီး ရုပ်သေးကခဲ့တာနဲ့တူတယ် ''

ဟု မှတ်ချက်ချလေ၏။ ကျောက်ဖျာကြီး၏ရှေ့တွင် ချုံနွယ်ပိတ် ပေါင်းများ မရှိသော်လည်း နောက်ပိုင်း၌ ဘေးပတ်ပတ်လည်တွင် ချုံ နွယ်များ ထူထပ်စွာပေါက်ရောက်နေလေ၏။

အောင်လံတို့သည် ကျောက်ဖျာပတ်ပတ်လည်ရှိ ချုံနွယ်များကို ဓားဖြင့် ခုတ်ထွင်ရှင်းလင်းရင်း ကျောက်ဖျာကြီး၏ ပတ်ပတ်လည်ကို လေ့လာကြည့်ရှုလေ၏။

အောင်လံသည် လက်နှိပ်ဓာတ်မီးဖြင့် ကျောက်သားများကို ထိုးကြည့်နေစဉ် ချယ်ရီက ချုံနွယ်များကို ဓားဖြင့် ရှင်းလင်းနေ၏။





ထိုအခိုက်မှာပင် ချယ်ရီက ငယ်သံပါအောင် အော်ဟစ်လိုက် သဖြင့် ချုံထဲသို့ ကမန်းကတန်းလှမ်းကြည့်လိုက်ရာ ချုံထဲမှထွက်လာ သော မြွေဟောက်ကြီးတစ်ကောင်ကို ထိတ်လန့်ဖွယ်တွေ့ရလေ၏။

အောင်လံက ကျောတွင်သိုင်းလွယ်ထားသော ဓားရှည်ကို လျှင်မြန်စွာထုတ်၍ ချယ်ရီအား နောက်ဆုတ်ခိုင်းလေ၏။

ထိုအခါ ဓားရှည်ဖြင့် လှမ်းခုတ်လိုက်ရာ မြွေဟောက်သည် ခေါင်းပြတ်၍ အဝေးသို့ လွင့်ထွက်သွားလေ၏။

အောင်လံသည် ချုံနွယ်များကို ချယ်ရီကို မရှင်းခိုင်းတော့ဘဲ ကိုယ်တိုင် ခုတ်ထွင်ရှင်းလင်းလေ၏။

အောင်လံတို့သည် အတန်ကြာသောအခါ ချုံနွယ်ပိတ်ပေါင်း များရှင်းရင်း ကျောက်ဖျာကြီး၏ အနောက်သို့ တဖြည်းဖြည်း ရောက် သွားလေ၏။ လက်နှိပ်ဓာတ်မီးများမှာ တစ်လက်ပြီးတစ်လက် ဓာတ် ခဲ ကုန်သွားသဖြင့် မီးတုတ်များကို ထွန်းညှိလိုက်ရ၏။

၎င်းတို့ရောက်ရှိနေသော ကျောက်ဖျာကြီးသည် ရွာနှင့် အတန် ငယ်ဝေးသဖြင့် လူသူအရောက်အပေါက်နည်းလှ၏။

အောင်လံသည် ချုံနွယ်များကို ရှင်းလင်းပြီးသောအခါ ကျောက် ဖျာကြီး၏ အနောက်သို့ သေချာစွာကြည့်ရှု လေ၏။

ထိုအခါ ကျောက်ဖျာ၏အနောက်တွင် လူတို့ထွင်းထုထားဟန် ရှိသော လေးထောင့်စပ်စပ် အရေးအကြောင်းတစ်ခုကို တွေ့ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



အောင်လံက ကျောက်ဖျာအနောက်ရှိ အရေးအကြောင်းကို လက်ဖြင့် ခြစ်ကြည့်ကာ

'' ဒီကျောက်ဖျာဟာ လူတွေ ပြုပြင်ထားတဲ့ ညဲလွှန်စကိုတွေ့ ရတယ် ''

ဟုပြောလေ၏။ အောင်လံသည် ကျောက်ဖျာကြီး၏အောက် ပိုင်းကို ဒူးထောက်၍ သေချာစွာကြည့်လိုက်သောအခါ မြွေကြီးများ ဖုံးလွှမ်းနေသော မသကာဖွယ်အရာကိုတွေ့ရသဖြင့် မြွေကြီးများ တူရွင်းဖြင့် ဖယ်ထုတ်လေ၏။

ချယ်ရီက စိတ်လှုပ်ရှားစွာဖြင့်

'' ဘာတွေ့လို့လဲ ''

ဟု မေးမြန်းလေ၏။ အောင်လံက ချယ်ရီကို မီးတုတ်ကိုင် ခိုင်း၍

'' မြွေကြီးတွေနဲ့ ဖုံးထားတဲ့ တောင်ပို့လိုအရာနောက်မှာ လျှို့ဝှက်မှုတစ်ခု ရှိမယ်ထင်တယ်၊ ကျုပ်တို့ တူးကြည့်ရအောင် ဒါ နှစ်ကာလကြာရှည်လို့ ဖုံးလွှမ်းသွားတာမဟုတ်ဘူး၊ လူတွေမဖြင် အော ဖုံးကွယ်ထားသလိုပဲ ''

ဟုပြောကာ မြွေကြီးများကို သံတူရွင်းဖြင့် တဖြည်းဖြည်း ဖယ်ထုတ်လေရာ မြွေကြီးများအောက်တွင် ထိုးထိုးထောင်ထော ထွက်နေသော သံချောင်းကြီးတစ်ခု တွေ့ရလေ၏။

ထိုသံချောင်းမှာ (၂) ပေကျော်ကျော်ရှိပြီး မောင်းတံတစ်ခု





သဏ္ဍာန်တူလေ၏။

အောင်လံတို့သည် မောင်းတံကြီးကို အံ့ဩစွာကြည့်ရင်း ချယ်ရီက

'' ဟုတ်ပြီ၊ ဒီမောင်းတံကြီးကို ဆွဲလိုက်ရင် လျှို့ဝှက်မှုတစ်ခု ကို တွေ့ရမယ်ထင်တယ်၊ ကျွန်မတို့ ဆွဲကြည့်ရအောင် ''

ဟုပြောလေရာ အောင်လံနှင့် နှစ်ယောက်ပေါင်း၍ မောင်းတံ ကို ဆွဲကြည့်ရာ တုတ်တုတ်မျှပင် မလှုပ်ချေ။

နှစ်ကာလ ရှည်ကြာလွန်းသဖြင့် မောင်းတံမှာ ကျပ်နေဟန် ရှိ၏။

အောင်လံတို့သည် ချွေးတဒီးဒီးကျသည်အထိ မောင်းတံကို ကြည့်သော်လည်း ရွေ့လျားခြင်းမရှိပေ။ ချယ်ရီက သံတူရွင်းဖြင့် ကော် ၍ အကြံပေးသဖြင့် ကော်ကြည့်ရာ မောင်းတံသည် အနည်းငယ် ရွေ့လျားလာ၏။

၎င်းတို့သည် စိတ်အားတက်ကြွပြီး မောင်းတံကို ထပ်မံ၍ အားစိုက်ပြီး ဖိလိုက်ရာ မောင်းတံကြီးသည် ဂျိန်းခနဲမြည်၍ ရွေ့လျား သွားပြီး ကျောက်ဖျာကြီး၏အနောက်ပိုင်း၌ နှစ်ပေပတ်လည်ခန့်ရှိ သော အပေါက်တစ်ပေါက်ဖြစ်ပေါ်လာ၏။

အပေါက်ကြီးထဲသို့ ကြည့်ပြီးနောက် အောင်လံနှင့် ချယ်ရီသည် စိတ်လှုပ်ရှားလွန်းသဖြင့် ဟာခနဲ အော်ဟစ်လိုက်လေ၏။

ကျောက်ဖျာထဲတွင် လိုဏ်ခေါင်းသဏ္ဍာန် ထွင်းထုထားသော



www.burmeseclassic.com

www.burmeseclassic.com



အခန်းငယ်လေးကို တွေ့ရပြီး ထိုနေရာတွင် ရုပ်သေးရုပ်ကလေး နှစ်ရုပ်ကို အုံ့ဩဖွယ်တွေ့ရလေ၏။

ရုပ်သေးရုပ်မှာ မင်းသားရုပ်နှင့် မင်းသမီးရုပ်ဖြစ်ပြီး ရုပ်သေးရုပ်ပေါ်တွင် ဝတ်ဆင်ထားသော အဝတ်အစားများမှာ ဟောင်းနွမ်းနေသော်လည်း စုတ်ပြဲခြင်း မရှိသေးပေ။

ချယ်ရီနှင့် အောင်လံသည် ရုပ်သေးရုပ်ကလေး နှစ်ရုပ်ကို တအံ့တဩကြည့်၍ ပြိုင်တူထုတ်ယူလိုက်လေ၏။

ထိုအခါ ရုပ်သေးရုပ်၏ အကျႌနောက်ပိုင်းတွင် စုတ်ပြဲနေ၍ အတွင်းသို့ လှန်ကြည့်လိုက်ရာ အရုပ်အတွင်းတွင် အခေါင်းပေါက် တစ်ပေါက်စီ တွေ့ရ၏။

'' ဟင် အရုပ်ထဲမှာ အခေါင်းပေါက်တွေရှိတယ်၊ အခေါင်းပေါက်ထဲမှာ ရတနာတွေများ ရှိနေမလားမသိဘူး ''

ဟု ရေရွတ်လေ၏။ အောင်လံက မျက်မှောင်ကြုတ်၍ ရုပ်သေးရုပ်၏ အခေါင်းပေါက်ထဲသို့ လက်ဖြင့် ထိုးနှိုက်ကြည့်၏။

ထိုမှုနှင့် မကျေနပ်သေးဘဲ ရုပ်သေးရုပ်ကို လှုပ်ခါကြည့်၏။

သို့သော် ရုပ်သေးရုပ်ထဲတွင် မည်သည့်ရတနာကိုမျှ မတွေ့တော့ပေ။ အောင်လံက သက်ပြင်းချ၍

'' အင်း ကျုပ်ထင်တဲ့အတိုင်းဖြစ်နေပြီ၊ ရတနာသိုက်ကို တစ်ယောက်ယောက်ခိုးသွားပြီ၊ ဒီလူဟာ ကျုပ်တို့ထက် သုံးလေးနှ





လောက်စောပြီး ရတနာသိုက်ကို တွေ့သွားတာဖြစ်နိုင်တယ်၊ ဒါပေ မယ့် ရတနာသိုက်ကို တွေ့တဲ့သူဟာ ထူးတော့အတော်ထူးတယ်၊ ရတနာတွေကိုယူပြီး ရုပ်သေးရုပ်တွေကို ခြေရာမပျက်ပြန်ထားခဲ့တယ် ''

ဟုပြောလေ၏။ ချယ်ရီက ခေါင်းညိတ်၍

'' အင်းဖြစ်နိုင်တယ်၊ ဒါကြောင့် မြေသားတွေကို တူရွင်းနဲ့ပေါက်ကြည့်တော့ နှစ်ပေါင်းများစွာ ကြာတဲ့ပုံ ပေါက်မနေဘူး၊ မြေသားတွေဟာ ထင်တာထက်ပိုပြီး ပွနေသလိုပဲ ''

ဟုပြောလေ၏။ ချယ်ရီသည် ကျောက်ဖျာကြီးအတွင်းရှိ ဖုံများဖုံးလွှမ်းနေသောနေရာသို့ တောလိုက်ဓားမြှောင်ဖြင့် ခြစ်လိုက်ရာ ဖုံများအောက်တွင် ကြေးပုရပိုက်တစ်ဆူကိုတွေ့ရလေ၏။ ချယ်ရီက စိတ်လှုပ်ရှားစွာဖြင့် ကြေးပုရပိုက်ကို လှမ်းယူပြီး ကြည့်လိုက်ရာ မြန်မာဘာသာဖြင့် ရေးထိုးထားကြောင်း တွေ့ရလေ၏။

အောင်လံက သက်ပြင်းချ၍

'' အင်း ပုရပိုက်ထဲက စာတွေ ဖတ်ကြည့်ရင်တော့ ရတနာသိုက်ရဲ့ နောက်ကြောင်း ရာဇဝင်ကို တွေ့ရမှာပဲ၊ ရတနာသိုက်ကို တွေ့သွားတဲ့သူဟာ ရတနာတွေကိုပဲယူပြီး ပုရပိုက်နဲ့ ရုပ်သေးရုပ်တွေကို ထားရစ်ခဲ့တာ အံ့ဩစရာပဲ ''


ဟုပြောလေတော့၏။ ထို့နောက်တွင်မှု အောင်လံတို့သည် ကျောက်ဖျာကြီး၏ ထွင်းထုထားသော အခေါင်းအတွင်း သေချာစွာ



www.burmeseclassic.com

www.burmeseclassic.com









ရှာဖွေလေရာ မည်သည့်အရာကိုမျှ မတွေ့ရတော့ချေ။

ထို့ကြောင့် ကျောက်ဖျာကြီး၏ အခေါင်းပေါက်ကို မောင်းတံဖြင့် ပြန်လည်ပိတ်လိုက်ပြီး ထိုမောင်းတံကို မြေသားများဖြင့် လူသူလေးပါးမမြင်အောင် ပြန်လည်ဖုံးလွှမ်းလိုက်လေ၏။

ထို့နောက်တွင်မူ အောင်လံတို့သည် ရုပ်သေးရုပ်နှစ်ရုပ်နှင့် ကြေးပုရပိုက်ကြီးကိုယူကာ ထူးဆန်းသော ကျောက်ဖျာကြီးမှ ပြန်လည်ထွက်ခွာလာခဲ့လေတော့၏။

ငင်းတို့သည် ရွာတွင်းသို့ အန္တရာယ်ကင်းစွာဖြင့်ပင် ပြန်လည်ရောက်ရှိခဲ့လေ၏။

ဝေဖန်စာ၊ အကြံပေးစာများ ရေးသားလိုပါလျှင်...

**မင်းမြတ်သူရ**

အမှတ်-၇၊ အသောကလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်သို့

လိပ်မူ၍ ရေးသားနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အောင်လံတို့သည် အိမ်သို့ ရောက်သောအခါ အိပ်စက်ရန်မပင် စိတ်မဝင်စားဘဲ မီးအိမ်ကြီးကို ထွန်းညှိကာ ကြေးပုရပိုက်မှ ရှေးဆန်ဆန် ရေးသားထားသော စာများကို ဖတ်ရှုကြလေ၏။ ပုရပိုက်တွင် အောက်ပါအတိုင်း ရေးသားထားလေ၏။

'ကျွန်ုပ်မောင်အိုးစိန်သည် မြိတ်မြို့ ဆိပ်ကမ်း မင်းကြီး ချုပ်ဆင်မြူရယ်ဂျိုက်ခေါ် ယိုးဒယားဂိုက်၏ ရေ့ရှုစလင်သင်္ဘော၏ မာလိန်မှူးဖြစ်ပေ၏။ ကျွန်ုပ်သည် ငယ်စဉ်ကပင် ပင်လယ်ကမ်းရိုးတန်းကို လှည့်လည်သွား လာသော ရွက်လှေကြီးများတွင် လှေထိုးသား အဖြစ်အလုပ်ဝင်ခဲ့ရ၏။ ကျွန်ုပ်အရွယ်ရောက်





လာသောအခါ အသက်အငယ်ဆုံး မာလိန်မှူးဖြစ်ခဲ့ရလေ၏။ ထိုစဉ်က ကျွန်ုပ်အသက်မှ (၃၀) အရွယ် သာရှိ၍ မြိတ်မြို့တွင် မာလိန်မှူးအိုးစိန်ဟု လူသိများလေ၏။ တစ်နေ့သ၌ ဆိပ်ကမ်း မင်းကြီးချုပ် ယိုးဒယားဂိုက်ပိုင်ဆိုင်သော ရေ့ရှုစလင် သင်္ဘောရှိ မာလိန်မှူးကြီးကို ယိုးဒယားဂိုက်က မနှစ်သက်သဖြင့် အလုပ်မှ ဖြုတ်လိုက်ကြောင်း ကြားရလေ၏။

ထိုအခါ ကျွန်ုပ်သည် ရေ့ရှုစလင်သင်္ဘောကြီး၌ မာလိန်မှူး လုပ်ရလျှင် ကောင်းပေစွဟု စိတ်ကူး ယဉ်ခဲ့မိ၏။ ကျွန်ုပ်စိတ်ကူး ယဉ်ပြီး တစ်လခန့်အကြာတွင် ကျွန်ုပ်နှင့်ခင်မင်သော လှေသူကြီး ဦးရွှေခင်ဆိုသူက ယိုးဒယားဂိုက်၏ စံအိမ်တော်ကြီးသို့ ခေါ်ဆောင် သွားလေ၏။ စံအိမ်တော်သို့ ရောက်သောအခါ ယိုးဒယားဂိုက်က ကျွန်ုပ်ကို အနည်းငယ်စစ်ဆေးမေးမြန်း၍ ရေ့ရှုစလင်သင်္ဘောတွင် မာလိန်မှူး လုပ်ရန် ခန့်အပ်လိုက်လေ၏။ ကျွန်ုပ်သည် ဝမ်းမြောက် ဝမ်းသာဖြင့် မာလိန်မှူး အလုပ်ကို လက်ခံခဲ့လေ၏။ အဘယ်ကြောင့် ဆိုသော် ယိုးဒယားဂိုက်၏ ရေ့ရှုစလင်သင်္ဘောကြီးကို မာလိန်မှူး လုပ်ရလျှင် လစာငွေများစွာ ရရှိနိုင်သောကြောင့်ဖြစ်၏။

ဤသို့ဖြင့် ကျွန်ုပ်သည် ရေ့ရှုစလင်သင်္ဘောကြီး၏ မာလိန်မှူး ဘဝဖြင့် မြိတ်နှင့် ပီနန် ကူး ချည်သန်း ပြု၍ နေရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် ဂျေရုစလင်သင်္ဘော၏ မာလိန်မှူး ဖြစ်ခဲ့ပြီး ၆လခန့်ကြာသောအခါ ယိုးဒယားဘုရင်၏ ဇာတိရုပ်ကို အံ့သြဖွယ် သိလိုက်ရ၏။

အဘယ်ကြောင့်ဆိုသော် ယိုးဒယားဘုရင်သည် မြိတ်မြို့တွင် ဆိပ်ကမ်းမင်းကြီး ချုပ်အဖြစ် သူတော်ကောင်းဟန်ဆောင်၍ နေသော်လည်း သူ၏ သင်္ဘောကြီးဖြင့် အခွင့်အရေး ရလျှင်ရသလို ပင်လယ်ဓားပြအလုပ်ကို လုပ်ကိုင်သောကြောင့်ဖြစ်၏။

ဤသို့ဖြင့် ကျွန်ုပ်သည် ရိုးသားသော မာလိန်မှူးဘဝမှ ပင်လယ်ဓားပြဘဝသို့ ကူးပြောင်းခဲ့ရ၏။

ထိုခေတ်က ယိုးဒယားဘုရင်၏ ဩဇာအာဏာမှာ အလွန်ကြီးမားသဖြင့် ကျွန်ုပ်တို့ကျူးလွန်ခဲ့သော ပင်လယ်ဓားပြမှုများသည် လူအများ ရိပ်မိခြင်း မရှိဘဲ ရှိလေ၏။

ယိုးဒယားဘုရင်သည် ကျွန်ုပ်၏ ရဲစွမ်းသတ္တိရှိမှု တိုက်ရည်ခိုက်ရည်ကောင်းမွန်မှုတို့ကို သဘောကျ၍ မကြာခဏ ချီးကျူးကာ ဆုတော်ငွေများ ချီးမြှင့်လေ့ရှိ၏။

တစ်နေ့သ၌ ယိုးဒယားဘုရင်က သူ၏ စံအိမ်တော်ကြီးသို့ ကျွန်ုပ်အားခေါ်ယူ၍ အခန်းတံခါးများကို လုံခြုံစွာပိတ်၍ ရွှေကလပ်ကြီး တစ်ခုပေါ်တွင် တင်ထားသော ပတ္တမြားကြီး ၉ လုံးကို ပြသလေ၏။





ကျွန်ုပ်သည် ကျောက်မျက်ရတနာများ၏ တန်ဖိုးကို နားလည်ခြင်း မရှိသော်လည်း ကွမ်းသီးလုံးခန့်ရှိသော ပတ္တမြားကြီး ၉ လုံးသည် အလွန်တန်ဖိုးရှိမည်ဟု ထင်မြင်မိလေ၏။

ယိုးဒယားဘုရင်က ထိုပတ္တမြားများသည် မြန်မာပြည် မိုးကုတ်ထွက်ပတ္တမြားများဖြစ်ပြီး အင်္ဂလန်သို့ပို့၍ ရောင်းချလျှင် ပေါင်တစ်သိန်းမျှ ရနိုင်ကြောင်း ပြောလေ၏။

ကျွန်ုပ်ထင်သည့်အတိုင်း ပတ္တမြားကြီးများသည် အလွန်တန်ဖိုးရှိကြောင်း သိရလေ၏။

ယိုးဒယားဘုရင်သည် ထိုပတ္တမြားများကို ထားဝယ်မြို့ရှိ သူဌေးကြီးတစ်ဦးထံမှ မတရားနည်းဖြင့် ရယူထားခြင်းဖြစ်သည်ဟု သိရ၏။

ကျွန်ုပ်သည် ထိုနေ့ညက ယိုးဒယားဘုရင်၏ စံအိမ်တော်ကြီးတွင် တည်းခိုအိပ်စက်ရင်း အိပ်မပျော်နိုင်ဘဲ ပတ္တမြားကြီးများကိုသာ မြင်ယောင်နေလေ၏။

ထိုပတ္တမြားကြီးများကို ရယူချင်သော လောဘစိတ်များလည်း တဖွားဖွား ပေါ်ပေါက်လာ၏။

နောက်ဆုံးတွင် လောဘစိတ်က စေဆော်မှုကြောင့် ညဉ့်နက်သန်းခေါင် အိပ်ရာမှထ၍ ပတ္တမြားများ ထားရှိရာ အခန်းသို့ကူး၍ ရွှေကလပ်ထဲမှ ပတ္တမြားများကို ခိုးယူခဲ့၏။



www.burmeseclassic.com

ထို့နောက် မနက်စောစော အရုဏ်မတက်မီ အိပ်ရာမှထ၍ မြတ်မြို့မှထား ရာသို့ပြေး ခဲ့လေ၏။

ကျွန်ုပ်သည် မာလိန်မှူး တာဝန်ထမ်းဆောင်နေသော ဂျေရူစလင်သင်္ဘော ဆီသို့ မပြေးဘဲ ကုန်းလမ်းအတိုင်း ပြေးခဲ့လေ၏။

ဂျေရူစလင်သင်္ဘော ရှိ သင်္ဘောသား အများစုမှာ ယိုးဒယား ဂိုဏ်း၏ သစ္စာခံများ ဖြစ်သောကြောင့်ပင် ဖြစ်၏။

ကျွန်ုပ်သည် ကုန်းလမ်း အတိုင်း ပြေးလွှားရင်း မြို့များ ရွာများကို ကျော်ဖြတ်၍ ပြေးလွှား ခဲ့လေ၏။ ယိုးဒယားဂိုဏ်းသည် သူ၏ ပတ္တမြားကြီး ၄ လုံးကို ကျွန်ုပ်ခိုးယူမှန်း ရိပ်စားမိသော အခါ သူ၏ သစ္စာခံ တပ်သားများကို ကျွန်ုပ်နောက်သို့ လိုက်လံတိုက်ခိုက် ခိုင်းလေ၏။

ကျွန်ုပ်သည် ယိုးဒယားဂိုဏ်း၏ တပ်များကို တိမ်းရှောင်ရင်း ယိုးဒယား မြန်မာ နယ်စပ်သို့ တပြည်းပြည်း နီးကပ်လာ၏။ ကျွန်ုပ်သည် ကုန်းလမ်း အတိုင်း ယိုးဒယား ဘက်သို့ပြေး ရန် စိတ်ဆုံးဖြတ်ထား၏။

သို့သော် ယိုးဒယားဂိုဏ်းသည် ကျွန်ုပ်၏ စိတ်ကူး ကိုကြိုတင် ရိပ်စားမိပြီး ယိုးဒယား မြန်မာ နယ်စပ်တစ်လျှောက်တွင် သူ၏ သစ္စာခံ တပ်များ ကိုကြိုတင်လွှတ်ထား သဖြင့် အခက်တွေ့နေလေ၏။

ထို့ကြောင့် ကျွန်ုပ်သည် မထင်မရှား ကုန်သည်လေး တစ်ဦး





အနေနှင့် ရွာများကို လှည့်လည်ပုန်းအောင်းရလေ၏။

ထိုကဲ့သို့ပြေး လွှား ရင်း ရုပ်သေး ဆရာကြီး ဦးဖူးညို၏ သမီး မနှိပ်မြနှင့် အိမ်ထောင်ကျ ခဲ့လေ၏။

ဤသို့ဖြင့် ကျွန်ုပ်သည် ရုပ်သေး အဖွဲ့နှင့်အတူ လှည့်လည်၍ ရွာများ တွင် လှည့်လည်ကပြခဲ့လေ၏။

တစ်နေ့သ၌ ကျွန်ုပ်တို့ ရုပ်သေး အဖွဲ့သည် ယိုးဒယား မြန်မာ နယ်စပ်ရှိ ဆင်ဖြူကိုင်ဟူသော ရွာကြီး သို့ရောက်ခဲ့လေ၏။

ထိုရွာကြီး၌ ကုန်သည်များ စည်ကား လှသဖြင့် ရက်ပေါင်း များစွာ နေထိုင်၍ ကပြရလေ၏။

ကျွန်ုပ်တို့ ရုပ်သေး ပွဲပြ ရာနေရာမှာ ရုပ်သေး စင်မဟုတ်ဘဲ သဘာဝ အတိုင်း ဖြစ်ပေါ်နေသော ကျောက်ဖျာကြီး ဖြစ်၏။

ကျွန်ုပ်သည် ကျောက်ဖျာကြီး ပေါ်တွင် ရုပ်သေး ကပြရင်း မျှော်လင့်ဘဲ ကျွန်ုပ်၏ ပတ္တမြား များကို ကျောက်ဖျာအောက်တွင် လိုဏ်ခေါင်း တွင်း ဖွက်ထား ရန် အကြံဖြစ်ပေါ် ခဲ့၏။

အဘယ့်ကြောင့်ဆိုသော် ကျွန်ုပ်တို့ ရုပ်သေး အဖွဲ့သည် အနယ်နယ် အရပ်ရပ် လှည့်လည်ကပြနေ သဖြင့် တောပုန်း ဓားပြများ၏ ရန်ကို စိုးရိမ်ရသောကြောင့် ဖြစ်၏။

ထို့ကြောင့်ပင် ဆင်ဖြူကိုင်ရွာတွင် သုံးလခန့် နေထိုင်စဉ် ကျောက်ဖျာကြီး သို့ နေ့စဉ် လူမသိ၊ သူမသိအောင်သွား၍



www.burmeseclassic.com

www.burmeseclassic.com



လိုက်ခေါင်း ထွင်းထုလေ၏။

ကျောက်ပျာကြီး၏ နောက်တွင် ချုံနွယ်ပိတ်ပေါင်းများ ရှိနေပြီး ကျောက်ပျာမှာ ရှာဖွေမြင်ခဲ့ ရှိသဖြင့် ကျွန်ုပ်၏ အစီအမံကို မည်သူမျှ မရိပ်စားမိဘဲ အောင်မြင်စွာပြုလုပ်နိုင်လေ၏။

ကျောက်ပျာကြီးကို ထွင်းထုပြီး နောက် ကျွန်ုပ်နှင့် ပတ္တမြားကြီး ၉ လုံး ဆက်စပ်ပုံကို ကြေးပုရပိုက်တွင် ရေးသားမှတ်တမ်းတင်ခဲ့၏။ ထိုသို့မှတ်တမ်းတင်ရခြင်းမှာ ကျွန်ုပ်သည် ကံဆိုးမိုးမှောင်ကျ၍ အန္တရာယ်နှင့် တွေ့ကြုံခဲ့လျှင် နောက်လာနောက်သားများ အနက် ကံထူးသူများသည် ပတ္တမြားများကို ရရှိလျှင် အကြောင်းရင်းကို သိနိုင်ရန်ဖြစ်၏။

ကျွန်ုပ်သည် အထက်တွင် ဖော်ပြထားသကဲ့သို့ ယိုးဒယား မြန်မာ နယ်စပ်ရွာကလေး ရှိ လွန်စွာထူးဆန်းသော ကျောက်ပျာကြီး ရှိ ပတ္တမြားကြီး ၉ လုံးကို မင်းသား မင်းသမီး ရုပ်သေး ရုပ်ထဲတွင်ထည့်၍ သိမ်းဆည်းခဲ့လေ၏။

ယိုးဒယားဂိုဏ်း၏ သစ္စာစောင့်တပ်များ မေ့လျော့သွားသော အချိန်မှပင် ကျောက်ပျာကြီး ထဲတွင် ဝှက်ထားသော ပတ္တမြားများကို ပြန်လည်ယူဆောင်မည်ဟု ဆုံးဖြတ်ထားလေ၏။

ကျွန်ုပ်သည် ကျောက်ပျာကြီး၏ တည်နေရာကိုလည်း မြေပုံဆွဲ၍ မှတ်သားထားလေ၏။





ထိုသို့ မြေပုံဆွဲရာတွင် စာရွက်တွင် ရေးဆွဲခြင်းမဟုတ်ဘဲ ကြေးပုရပိုက်တွင် ရေးသားမှတ်တမ်းတင်ရင်း အနီးရှိ ကြေးမီးအိမ်ကြီး၏ အောက်ခြေတွင် ရေးဆွဲခဲ့လေ၏။

ရတနာသိုက်၏ တည်နေရာကိုလည်း သိုက်စာဆန်ဆန်ဖြင့် ရွှေတံတား၊ ငွေတံတား ခင်းတဲ့ လနတ်သမီး ဟု ရေးသားခဲ့၏။

ထိုစာသားများမှာ ကျွန်ုပ်တို့ကပြလေ့ရှိသော ရုပ်သေးဇာတ်ထဲတွင်ရှိ စာသားများပင်ဖြစ်၏။

ကျွန်ုပ်သည် နှစ်ကာလကြာ ရှည်ပြီး ယိုးဒယားဂိုဏ်း၏ သစ္စာခံတပ်များ မေ့လျော့သော အခါမှပင် ကျောက်ပျာကြီး အောက်တွင်ဝှက်ထားသော ပတ္တမြားများကိုပြန်ယူရန် စီစဉ်ခဲ့လေ၏။

ဆိုးဝါးသော ကံကြမ္မာ၏ အပြစ်ဒဏ်ခတ်မှုကြောင့် ပတ္တမြားကြီး ၉ လုံးကို ကျွန်ုပ် ပြန်လည်ထုတ်ဖော်ခွင့် မရခဲ့ဘဲ ကံထူးသူတစ်ယောက်က ထုတ်ဖော်ရရှိလျှင် ပတ္တမြား၏ တစ်ဝက်တိတိကို အများကောင်းကျိုးအတွက် လှူဒါန်းရန် ကျန်တစ်ဝက်ကို မိမိကိုယ်ကျိုးအတွက်အသုံးပြုနိုင်ကြောင်း မှာကြားခဲ့လေ၏။

မာလိန်မှူး ဘိုးစိန်၊

အောင်လံတို့သည် မာလိန်မှူး ဘိုးစိန်၏ ကြေးပုရပိုက်ကြီးကို ဖတ်ရှုပြီးသောအခါ မိုးစင်စင်လင်း၍နေပေပြီ။

ရင်းတို့သည် ကြေးပုရပိုဒ်ကြီးကို ဖတ်ရှုပြီး မာလိန်မှူး ဘိုးစိန်



www.burmeseclassic.com

www.burmeseclassic.com



၏ ရတနာများ၏နောက်ကြောင်းကို ကောင်းစွာ သိနားလည်ခဲ့လေ၏။ အောင်လံက သက်ပြင်းချ၍

'' မာလိန်မှူး ဘိုးစိန်ဟာ ကျောက်ဖျာထဲက ပတ္တမြားကြီး ၉ လုံးကို ပြန်မရလိုက်ရှာဘူး၊ သူဟာ ယိုးဒယားရှိုက်ဆိုတဲ့ ပင်လယ်ဓားပြကြီးရဲ့ သစ္စာခံတပ်သားများ လက်ချက်မိသွားတယ်ထင်တယ်''

ဟု မှတ်ချက်ချလေရာ ချယ်ရီက ခေါင်းညိတ်၍

'' ကျွန်မရဲ့ မွေးစားဖခင် သိုင်းဆရာကြီး ဦးညိုဆီမှာ မာလိန်မှူး ဘိုစိန်ရေးထိုးခဲ့တဲ့ ကြေးမီးအိမ်ကြီး ရောက်နေတဲ့အတွက် ဦးညိုဟာ မာလိန်မှူးဘိုးစိန်ရဲ့ အဆက်အနွယ်တစ်ယောက်ဖြစ်နိုင်တယ်၊ ဘာပဲဖြစ်ဖြစ်၊ သဲလွန်စပျောက်ပြီး မြေကြီးထဲမှာ နှစ်ပေါင်းရာချီပြီး ပျောက်ဆုံးခဲ့တဲ့ ရတနာသိုက်ရဲ့ နောက်ကြောင်းရာဇဝင်ကို ကျွန်မတို့ သိနားလည်ခဲ့တဲ့အတွက် ကျွန်မတို့ စွန့်စားရကျိုးနပ်ပါတယ်လေ ''

ဟုပြောလေ၏။ အောင်လံက သက်ပြင်းချ၍

'' မာလိန်မှူး ဘိုးစိန် ဖွက်ထားတဲ့ ပတ္တမြားကြီး ၉ လုံးကို လွန်ခဲ့တဲ့ နှစ်အနည်းငယ်က တစ်စုံတစ်ယောက် တွေ့သွားခဲ့တယ် ဆိုတာ သေချာတယ်၊ ပတ္တမြားတွေကို ဘယ်သူရသွားသလဲ မသိဘူး၊''

ဟုရေရွတ်လေ၏။ ထိုအခါ ချယ်ရီက မျက်မှောင်ကြုတ်၍

'' ပတ္တမြား ၉ လုံးကို ဘိုးတော်လှ ရသွားသလားမသိဘူး''

ဟု ရေရွတ်ပြလေ၏။ အောင်လံက ခေါင်းခါ၍





'' ဘိုးတော်လှရတာတော့ မဖြစ်နိုင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဘိုးတော်လှသာ ရတနာသိုက်ကိုရရင် ရုပ်သေးရုပ်နဲ့ ကြေးပုရဲ ပိုက်တွေကို ထားခဲ့မယ်မထင်ဘူး။ ကျုပ်အထင် ပတ္တမြားကြီးတွေကို တွေ့သွားတဲ့သူဟာ ကျုပ်တို့လို သဲလွန်စရှာပြီး တွေ့သွားတာမဟုတ်ဘူး၊ မမျှော်လင့်ဘဲ ရတနာသိုက်ကို တွေ့သွားတာဖြစ်မယ်၊ ရတနာသိုက်ကို တွေ့တဲ့သူဟာ စာမတတ်ပေမတတ်တဲ့သူမျိုးဖြစ်နိုင်တယ်၊ ဒါကြောင့် ကြေးပုရပိုက်ကို မယူဘဲထားခဲ့တာပဲ၊ အဲဒီလူဟာ ဆင်းရဲနွမ်းပါးပြီး အသိဉာဏ်မဲ့တဲ့ ရွာသားတစ်ယောက်လဲဖြစ်နိုင်တယ်၊ ဘာကြောင့်လဲဆိုတော့ ရုပ်သေးရုပ်နှစ်ရုပ်ဟာ ရတနာတွေ မရှိတော့ပေမယ့် ရှေးဟောင်းပစ္စည်းအနေနဲ့ အဖိုးတန်နေပြီ၊ ဒါကိုမသိလို့ ရတနာ သိုက်ကို တူးဖော်တွေ့ရင်း ရုပ်သေးရုပ်ထဲက ပတ္တမြားတွေကိုထုတ်ပြီး ကျန်တာအားလုံးကို အဖိုးမတန်ဘူးဆိုပြီး ထားခဲ့တာပဲ ''

ဟု မှတ်ချက်ချလေရာ ချယ်ရီက ခေါင်းညိတ်၍

'' သဲလွန်စ ရသွားမှာစိုးလို့ ပတ္တမြားတွေကိုပဲ ယူသွားတာလဲ ဖြစ်နိုင်တာပဲ ''

ဟု ရေရွတ်လေ၏။ အောင်လံက သက်ပြင်းချ၍

'' ဘာပဲဖြစ်ဖြစ် ကျုပ်တို့ရဲ့ ရှာဖွေမှုကြီးဟာ ထူးဆန်းစွာ ပြီးဆုံးသွားပါပြီ၊ လျှို့ဝှက်စွာ ပျောက်ဆုံးနေတဲ့ အရာတစ်ခုကို ရှာဖွေ တွေ့ရှိခဲ့တာ ကျုပ်ရင်ထဲမှာ ပီတိဖြစ်လို့ မဆုံးဘူး။ ကဲ ကျွန်တို့ တရေး

www.burmeseclassic.com



တာမောအိပ်လိုက်ရအောင်၊ မိုးတောင်လင်းနေပြီ ''

ဟုဆိုကာ အိပ်ခန်းအသီးသီးသို့ ဝင်ခဲ့လေတော့၏။

၆၀ ဖန်စီာ၊ ဘာကြံပေးစာများ ရေးသားလိုပါလျှင်...

**မင်းမြတ်သူရ**

အမှတ်-၇၊ အသောကာလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်သို့

လိပ်မူ၍ ရေးသားနိုင်ပါသည်။





နောက်တစ်နေ့ နံနက်အိပ်ရာနိုးသောအခါ ချယ်ရီသည် အိပ်ခန်းထဲမှ ဦးစွာထွက်လာပြီး ညှိခန်းထဲတွင်ချိတ်ဆွဲထားသော ရုပ်သေးရုပ်နှစ်ရုပ်ကို မတွေ့ရသဖြင့် မျက်မှောင်ကြုတ်လိုက်ပြီး အောင်လံ၏အခန်းကို တံခါးသွားခေါက်လေ၏။

အောင်လံသည် တံခါးဖွင့်ပေးရင်း

'' ဘာဖြစ်လို့လဲ ချယ်ရီ ''

ဟုမေးမြန်းလေရာ ချယ်ရီက

'' ရှင်ညက ရုပ်သေးရုပ်နှစ်ရုပ်ကို အခန်းထဲမှာသိမ်းထားသေးသလား ''



www.burmeseclassic.com

www.burmeseclassic.com



ဟုမေးမြန်းလေ၏။ အောင်လံက ခေါင်းခါ၍

" မသိမ်းပါဘူး၊ အိမ်ရှေ့က နံရံမှာချိတ်ထားတာပဲ "

ဟုပြောလေ၏။ ထိုအခါ ချယ်ရီက ရုပ်သေးရုပ်နှစ်ရုပ်မရှိတော့ကြောင်း ပြောလေ၏။ ရုပ်သေးရုပ်များနှင့်အတူ ချိတ်ဆွဲထားသော ကြေးပုရပိုက်မှာလဲ မရှိတော့ပေ။ အောင်လံက သက်ပြင်းချ၍

" ရုပ်သေးရုပ်ရဲ့ကိုယ်မှာ ကြေးပုရပိုဒ်ကို ထိုးထည့်ထားတာ အခုတော့ အားလုံးအခိုးခံလိုက်ရပြီ "

ဟုပြောလေ၏။ အောင်လံသည် အိပ်ခန်းတံခါးများကို လိုက်ခံကြည့်ရှုလေရာ ခြေရာလက်ရာမပျက်သဖြင့် လွန်စွာအံ့ဩနေမိ၏။

သူခိုးသည် အိမ်ထဲသို့ မည်သည့်နည်းနှင့် ဝင်ရောက်လေသည် မသိ။

အောင်လံသည် ခေါင်မိုးပေါ်သို့ မော့ကြည့်လိုက်ရာ လေဝင်ပေါက်တစ်ပေါက်ကိုတွေ့သဖြင့် ထိုနေရာသို့ တွယ်ကပ်တက်၏။

ခေါင်မိုးပေါ်ရှိ လေဝင်ပေါက်သို့ရောက်သောအခါ မသက်ာဖွယ်ရာ တစ်စုံတစ်ခုကိုတွေ့ရသဖြင့် ခေါင်းတဆတ်ဆတ်ညိတ်၍ အောက်သို့ ပြန်ဆင်းလာလေ၏။ ချယ်ရီက

" ရှင်သဲလွန်စရပြီလား "

ဟု မေးမြန်းလေ၏။

အောင်လံက ခေါင်းညိတ်၍





" သူခိုး၊ ကျုပ်ရိပ်မိပြီ၊ ကျုပ်တို့ ကံကောင်းရင် သူခိုးဆီက ပျောက်ဆုံးသွားတဲ့ ရုပ်သေးရုပ်နှစ်ရုပ်အပြင် အရင်တုန်းက ပျောက်သွားတဲ့ ပစ္စည်းတွေတောင် ပြန်ရနိုင်တယ် "

ဟုပြောလေရာ ချယ်ရီက နားမလည်ဟန်ဖြင့်

" အရင်တုန်းက ပျောက်သွားတဲ့ပစ္စည်း ဟုတ်လား။ ကျွန်မတို့ အရင်က ဘာပစ္စည်းမှ မပျောက်ပါဘူး "

ဟုပြောလေ၏။ ထိုအခါ အောင်လံက

" ကဲ ကျုပ်နောက်ကို အမြန်ဆုံးလိုက်ခဲ့ပေတော့၊ သူခိုးကို လိုက်ရှာကြမယ် "

ဟုပြောလေ၏။ အောင်လံတို့သည် ဈေးတစ်နေရာသို့ ရောက်သောအခါ သစ်ပင်ရိပ်အောက်တွင် မျောက်ဆရာနှင့် မျောက်တလေးကို တွေ့ရလေ၏။ အောင်လံက မျောက်ဆရာထံသို့ ခြေလှမ်းသွက်သွက်လှမ်းရင်း ထိုသူ၏ ကုတ်ကိုဆွဲကိုင်လိုက်ပြီး

" ဒီမှာ ကိုယ့်လူ၊ စကားရှည်ရှည်ဝေးဝေး မပြောချင်ဘူး။ ရုပ်သေးရုပ်နှစ်ရုပ်ကို အခုချက်ချင်းပြန်ပေးပါ "

ဟု တောင်းဆိုလိုက်ရာ ချယ်ရီသည် ထိုသူကို အံ့ဩစွာ ကြည့်ရှုလေ၏။

မျောက်ဆရာသည် အောင်လံကို နားမလည်နိုင်ဟန်ဖြင့် ကြည့်၍



www.burmeseclassic.com

www.burmeseclassic.com



" ဒီမှာကောင်လေး၊ ဘာတွေလာပြောနေတာလဲ "

ဟုမေးမြန်းလေ၏။ အောင်လံက ထိုသူ၏အမေးကို မဖြေတော့ဘဲ ထိုသူ၏ လွယ်အိတ်ကိုဆတ်ခနဲလုယူ၍ လွယ်အိတ်ထဲ မှ အဝတ်ထုပ်နှစ်ထုပ်ကို ယူ၍ ဖြည်ကြည့်လိုက်၏။

ထိုအခါ အဝတ်ထုပ်ထဲတွင် ရွှေကြိုးများ၊ ရွှေကြယ်သီးများကို တွေ့ရှိရပြီး အောင်လံက ဆွဲကြိုးတစ်ကုံးကို ယူ၍ ချယ်ရီဘက်သို့ ကမ်းပေးလိုက်၏။

" ရော့ ဒီမှာ ချယ်ရီရဲ့ဆွဲကြိုး "

ဟုပြောရင်း အထုပ်ထဲတွင် ထပ်မံရှာဖွေ၍

" ဟောဒီမှာ အပျိုကြီးရဲ့ဆွဲကြိုး "

ဟု ပြောလိုက်လေ၏။

အောင်လံက မျောက်ဆရာကို ချုပ်ကိုင်၍

" ဒီမှာကိုယ့်လူ၊ ခင်ဗျားဘာလုပ်တယ်ဆိုတာ ကျုပ်ရိပ်စားမိတာကြာပြီ၊ ရွာလူထုရဲ့လက်ထဲကို ဆွဲကြိုးတွေနဲ့တကွ ခင်ဗျားကို အပ်လိုက်ရင် ဘာဖြစ်သွားမယ်ထင်သလဲ၊ ဒီတော့ အန္တရာယ်မဖြစ်ချင်ရင် ရုပ်သေးရုပ်နှစ်ရုပ်ကို ပြန်ပေးပါ "

ဟုတောင်းဆိုလိုက်၏။ ထိုအခါ မျောက်ဆရာက အောင်လံကို မလိမ်ညာဝံ့တော့ဘဲ ထိတ်လန့်သွားပြီး

" ကျုပ်ကိုခွင့်လွှတ်ပါဗျာ၊ ရုပ်သေးရုပ်နှစ်ရုပ် ကျုပ်လက်ထဲမှာ





မရှိတော့ပါဘူး၊ ရှေးဟောင်းပစ္စည်းတွေကို အဖိုးတန်တယ်ဆိုပြီး ဘိုးတော်လှရဲ့တပည့်တွေဆီမှာ ငွေ ၅၀ ကျပ်နဲ့ ဒီနေ့မနက်မှာတင် ရောင်းလိုက်ပါပြီ "

ဟုပြောလိုက်လေ၏။ အောင်လံက စိတ်ဆိုးမာန်ဆိုးဖြင့် တက်ခေါက်လိုက်ပြီး

" တောက်၊ ခင်ဗျားဟာ ကျုပ်တို့နှစ်ယောက်ကို ဘေးအန္တရာယ်ကျရောက်အောင် လုပ်ခဲ့တာပဲ၊ ခင်ဗျားရဲ့ မတော်လောဘစိတ်ကြောင့် ကျုပ်ဒုက္ခရောက်တော့မယ် "

ဟု ပြောလိုက်လေတော့၏။ ထို့နောက်တွင်မူ ချယ်ရီကိုခေါ်၍ အပျိုကြီး၏အိမ်သို့ အမြန်ဆုံး ပြန်လာခဲ့လေ၏။

ချယ်ရီသည် အောင်လံကို နားမလည်ဟန်ဖြင့်ကြည့်၍

" ရှင့်ဘာတွေလုပ်နေတာလဲ၊ ကျွန်မကို ရှင်းပြပါဦး၊ မျောက်ဆရာကို သူခိုးဆိုတာ ရှင် ဘယ်လိုလုပ်သိသလဲ "

ဟုမေးမြန်းလေ၏။ အောင်လံက သက်ပြင်းချ၍

" ကျုပ်တို့ ဆင်ဖြူတိုင်ကို အလာလမ်းမှာ ချယ်ရီကို မျောက်ကလေးခုန်တက်ခဲ့တာ သတိရတယ်မဟုတ်လား၊ တကယ်တော့ သူခိုးဟာ မျောက်ဆရာမဟုတ်ဘူး၊ မျောက်ကလေးပဲ၊ မျောက်ဆရာက မျောက်ကလေးကို ခိုးတတ်အောင် လေ့ကျင့်ပေးထားတာ၊ မျောက်ကလေးဟာ ပရိသတ်အလယ်မှာ ကပြရင်း ရွှေဆွဲကြိုးဝတ်ထားတဲ့



www.burmeseclassic.com

www.burmeseclassic.com



မိန်းမတွေမြင်ရင် ခုန်တက်ပြီး ဆွဲကြိုးကို ဖြတ်လိုက်တာပဲ၊ လူတွေဟာ မျောက်ကခုန်တက်လို့ လန့်နေတုန်း ဆွဲကြိုးကို အဖြတ်ခံရတာပဲ၊ တကယ်တော့ မျောက်က ဆွဲကြိုးဖြတ်တယ်ဆိုတော့ ပြဿနာဖြစ်ရင်လဲ အပြစ်မရှိဘဲ မတော်တဆလိုလို လုပ်လို့ရတယ် ''

အောင်လံက ဆက်လက်၍

'' လွန်ခဲ့တဲ့ရက်က ဈေးထဲမှာ အဲ့ပျိုကြီးဟာ မျောက်ပွဲကြည့်နေတာ သတိထားမိတယ်၊ အပျိုကြီးဈေးကပြန်လာတော့ သူ့ကိုယ်ပေါ်ကို မျောက်ခုန်တက်ကြောင်း ဂုဏ်ယူပြီးပြောခဲ့တယ်၊ ဒီကတည်းက ကျုပ်မသင်္ကာလို့ အပျိုကြီးရဲ့လည်ပင်းကို လှမ်းကြည့်လိုက်တော့ ဆွဲကြိုးမရှိတော့တာ သတိထားမိတယ်၊ တကယ်တော့ မျောက်ဆရာဟာ မျောက်ကိုလေ့ကျင့်ပေးပြီး ဆင်ဖြူတိုင်မှာ ခိုးမှုအမျိုးမျိုးကို ကျူးလွန်နေတာပဲ၊ မနေ့ညက ကျုပ်တို့ အခန်းကို သူခိုးဝင်တယ်ဆိုပေမယ့် တံခါးပေါက်တွေကြည့်လိုက်တော့ ဖောက်ထွင်းရာကို မတွေ့ရဘူး၊ အိမ်ရဲ့မျက်နှာကျက်မှာပဲ အလွန်သေးငယ်တဲ့ လေဝင်ပေါက်လေး တွေ့တယ်၊ ကျုပ်ဟာ လေဝင်ပေါက်ကို ခိုဆွဲပြီးတက်ကြည့်တော့ မျောက်စားထားတဲ့ ငှက်ပျောခွံတစ်ခွံတွေ့တယ်၊ ဒီတော့မှ ကျုပ်တို့ ရုပ်သေးရုပ်ကို မျောက်ဝင်ခိုးသွားတယ်ဆိုတာ ရိပ်စားမိခဲ့တာပဲ၊ ဒါတွေကို ထားလိုက်ပါတော့၊ ဒီနေ့ ဘိုးတော်လှဆီကို ရုပ်သေးရုပ်တွေရောက်သွားတာ ကျုပ်တို့အတွက် အန္တရာယ်သိပ်များသွားပြီ၊ ဘိုးတော်လှနဲ့အဖွဲ့ဟာ



ကြေးပုရပိုက်က စာကိုဖတ်ပြီး ကျုပ်တို့ လက်ထဲကို ပတ္တမြားကြီး ၉ လုံးရောက်သွားပြီလို့ ယူဆမှာပဲ၊ ဒီလိုယူဆပြီး ကျုပ်တို့ကို အမျိုးမျိုးလုယက်တိုက်ခိုက်လိမ့်မယ်၊ ဒါကြောင့် အကောင်းဆုံးကတော့ ကျုပ်တို့ ဒီနေရာက အမြန်ဆုံးပြေးတာ အကောင်းဆုံးပဲ ''

ဟုပြောလေ၏။ ချယ်ရီက ခေါင်းညိတ်၍

'' ဟုတ်တယ်၊ ကျွန်မတို့ဆီမှာ ပတ္တမြားကြီး ၉ လုံးမရှိဘူးဆိုတာ ဘယ်လိုနည်းနဲ့မှ သူတို့ယုံကြည်မှာမဟုတ်ဘူး၊ ကျွန်မတို့ အမြန်ဆုံးပြေးကြမယ် ''

ဟုဆိုကာ အထုပ်အပိုးများကို အမြန်ဆုံးပြင်ဆင်၍ အိမ်ထဲမှ ထွက်ခဲ့ကြလေ၏။ ထိုအခါ အိမ်ရှင်အပျိုကြီးသည် အောင်လံတို့ကို အံ့ဩဟန်ဖြင့်ကြည့်ရင်း

'' ဟင် မောင်လေးတို့ ဘယ်ကိုသွားမလို့လဲ ''

ဟု မေးမြန်းလေ၏။

ချယ်ရီက ဝင်၍

'' ကျွန်မတို့ရဲ့ ပျောက်ဆုံးနေတဲ့ အဖေ့ရဲ့သတင်းကို ဒီနားက ရွာလေးမှာရလို့ ခဏ သွားစုံစမ်းမလို့ပါ ''

ဟု ပြောကာ ကမန်းကတန်း သုတ်ခြေတင်လေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်၌မှာပင် ဘိုးတော်လှနှင့် ဝတ်ဖြူစင်ကြယ်ဝတ်လှူများသည် ကြေးပုရပိုက်ကြီးကို ရှေ့တွင်ချ၍ ခေါင်းချင်းရိုက်နေလေ၏။ ဘိုးတော်လှက ကြေးပုရပိုက်ကို ဖတ်ရှု၍

'' တောက်၊ ရွှေတံတား ငွေတံတားခင်းတဲ့ လနတ်သမီးဆိုတဲ့ ဝက်စာရဲ့အခိပ္ပါယ်ကို ဒီကောင်နဲ့ ဒီကောင်မ ဖော်လို့ရသွားပြီ၊ မာလိန်မှူးဘိုးစိန်ရဲ့ ရတနာသိုက်ဆိုတာ အရင်တုန်းကတော့ ငါ ကြားဖူးတယ်၊ သူတို့ဟာ ဒီရည်ရွယ်ချက်ကြောင့် ငါတို့အရပ်မှာ အခြေချနေတာကိုး၊ မျက်လှည့်ဆရာ သီဟာဆိုတဲ့ကောင်လဲ ရတနာသိုက်ရဲ့ အနံ့ကိုရလို့ ဆင်ဖြူတိုင်ကို ရောက်နေတာဖြစ်နိုင်တယ်၊ ဘာပဲဖြစ်ဖြစ် ပေါင်တစ်သိန်းလောက်တန်တဲ့ ပတ္တမြား ၉ လုံးကိုတော့ ငါတို့ရအောင်





ယူရမယ်၊ ဒီပတ္တမြားတွေနဲ့ပဖော်သက်ပြီး ဘယ်သူကိုမှ ဂရုမစိုက်နဲ့၊ ဒီကိစ္စမှာ မျက်လှည့်ဆရာဝင်ရှုပ်ရင် သူ့ကိုလဲ ရှင်းလိုက်ပေတော့ ''

ဟု အမိန့်ပေးလေ၏။

ဘိုးတော်လှ၏ တပည့်ဝတ်ရုံပြာနှင့် ဝတ်ရုံဖြူများသည် အောင်လံနှင့်ချယ်ရီကို စောင့်ကြည့်ရန် ရွာထဲသို့ ကမန်းကတန်း ထွက်ခွာသွားလေ၏။

ဘိုးတော်လှသည် ပတ္တမြားကြီး ၉ လုံး၏ တန်ဖိုးပေါင်ကို တွက်ချက်ရင်း လောဘဇောများ ပိုမိုတက်ကြွလာ၏။

လွန်ခဲ့သော နှစ်ပေါင်း ၂၀၀ ခန့်က ပေါင်တစ်သိန်းတန်သော ပတ္တမြားများသည် ယနေ့ခေတ်တွင်ပိုမို၍ တန်ဖိုးရှိပေလိမ့်မည်။

ထို ပတ္တမြားများကို ရရှိပါက ဘိုးတော်အယောင်ဆောင်ဘဝကို စွန့်လွှတ်၍ တစ်ဖက်နိုင်ငံတွင် နတ်သမီးလေးငါးရာနှင့် ပျော်ချင်တိုင်းပျော်နိုင်သည်ဟု တွေးမိလေ၏။

ထိုအခိုက်မှာပင် သူ၏အနီးသို့ တစ်ဖက်နိုင်ငံမှ လှသူဇာလေး ရောက်ရှိလာပြီး ခွဲ့နွဲ့သောအမူအရာဖြင့် ရင်ခွင်ထဲသို့ တိုးဝင်လိုက်၏။

ဘိုးတော်လှသည် မိန်းမလှလေး၏ ချောမောလှပသော ရုပ်ရည်ကို ကြည့်၍ လောဘစိတ်များခဏမျှ ကွယ်ပျောက်သွားပြီး တဏှာလှိုင်း များ ဝင်ရောက်လာလေ၏။

အောင်လံတို့သည် တနင်္သာရီ ချောင်းကိုကျော်ဖြတ်ပြီးသော



www.burmeseclassic.com

www.burmeseclassic.com



အခါ နွားလှည်းတစ်စီးကိုတွေ့သဖြင့် လှည်းပိုင်ရှင်ထံသို့သွားကာ

" ကျုပ်တို့ အရေးတကြီး ခရီးထွက်စရာရှိလို့ ဝဇွန်းချောင်းကို လိုက်ပို့ပေးနိုင်မလား "

ဟု မေးမြန်းလေရာ နွားလှည်းဆရာက ခရီးလမ်းနှင့် မတန်တဆဈေးကိုတောင်းလေ၏။ တောင်းဆိုသောဈေးမှာ များပြားလွန်းနေသော်လည်း အောင်လံတို့ ဈေးဆစ်ခြင်းမရှိဘဲ နွားလှည်းပေါ်သို့ တက်၍ အမြန်ဆုံးခရီးနှင်ခဲ့လေ၏။

နွားနှစ်ကောင်သည် ဖုံလုံးများ တလိမ့်လိမ့်တက်အောင် ရုန်းကန်ပြီး ပြေးလွှားသွားလေတော့၏။

အောင်လံတို့သည် နေ့လယ် ထမင်းစားချိန်သို့ ရောက်သောအခါ ဆင်ဖြူတိုင်မှ ဝယ်ယူလာသော ထမင်းထုပ်များကို စားလေ၏။

နွားလှည်းမောင်းသူကိုလည်း ကျွေးမွေးလေ၏။ ထို့နောက် မရပ်မနား ခရီးဆက်ကြပြန်၏။

နွားလှည်းမောင်းသူသည် ညနေစောင်းသောအခါ ရွာတစ်ရွာသို့ဝင်၍

" ကျုပ်တို့ဒီရွာမှာ ညအိပ်မှဖြစ်မယ် "

ဟုပြောလေ၏။ အောင်လံက

" နေမဝင်သေးပါဘူး။ ခရီးဆက်လို့ ရပါသေးတယ် "

ဟုပြောလေ၏။





ချယ်ရီတို့သည် ထိုနေ့ညက ရွာသူကြီးအိမ်တွင် တည်းခိုအိပ်စက်ခဲ့လေ၏။ အောင်လံတို့သည် နောက်တစ်နေ့နံနက်တွင်

" အခုလောက်ဆိုရင် ကျုပ်တို့ထွက်ပြေးတာ ဘိုးတော်လှရဲ့အဖွဲ့ ရိပ်မိလောက်ပြီ၊ ဒါကြောင့် လောဘဇောကပ်ပြီး နောက်ကနေတရကြမ်းလိုက်လာရင် လမ်းတစ်ဝက်မှာ ကျုပ်တို့ကို မှီမှာသေချာတယ် "

ဟုပြောလေ၏။ ချယ်ရီက သက်ပြင်းချ၍

" လမ်းမှာ တစ်ညမအိပ်ဘဲ ခရီးဆက်ရင် ကျွန်မတို့ကို မမီနိုင်ဘူး "

ဟုပြောလေ၏။ အောင်လံတို့သည် နောက်တစ်နေ့နံနက်တွင် ပျင်းရိညည်းငွေ့သော လှည်းသမားကို အိပ်ရာမှနိုး၍ ခရီးပြင်းနှင်ခိုင်းလေ၏။

၎င်းတို့သည် နွားလှည်းဖြင့် တစ်နေကုန်မရပ်မနား မောင်းနှင်ခဲ့ပြီးနောက် တစ်ရွာပြီးတစ်ရွာ ကျော်ဖြတ်ခဲ့လေ၏။

ညနေစောင်းသောအခါ ဘုရားကျောင်းပျက်ကြီး တစ်ခုရှေ့သို့ ရောက်သော်အခါ လှည်းသမားက

" ကျုပ်တို့ ဘုရားကျောင်းပျက်ကြီးမှာပဲ ညအိပ်ရအောင် "

ဟုပြောလေ၏။ ချယ်ရီက မျက်မှောင်ကြုတ်၍

" ဒီဘုရားကျောင်းက ရွာတွေနဲ့ဝေးတယ်နော်၊ ရွာနေအိမ်ခြေ



www.burmeseclassic.com

www.burmeseclassic.com



မရှိဘဲ ဘုရားကျောင်းပျက်ကြီးရှိနေတာ ထူးဆန်းမနေဘူးလား ''

ဟု ရေရွတ်လေ၏။ ထိုအခါ လှည်းမောင်းသမားက

'' အရင်တုန်းက ဒီနေရာမှာ ရွာတစ်ရွာ ရှိခဲ့ဖူးတယ်၊ နောက်တော့ ခေါ်ပြတွေ သောင်းကျန်းလို့ ရွာပျက်သွားပြီး ဘုရားကျောင်းပျက်ကြီးပဲ ကျန်ခဲ့ပါတယ်။ ဘုရားကျောင်းပျက်မှာ ကျောင်းစောင့်ကြီးတော့ရှိပါတယ်၊ သူ့ဆီမှာ ခွင့်တောင်းပြီး တည်းရင် တည်းလို့ရပါတယ် ''

ဟုပြောလေ၏။ အောင်လံတို့သည် နွားလှည်းကို ဘုရားကျောင်းပျက်ကြီးရှေ့တွင်ရပ်၍ ကျောင်းထဲသို့ ဝင်ခဲ့၏။

ကျောင်းပေါက်ဝသို့ ရောက်သောအခါ ခါးကုန်းကြီးတစ်ယောက်ထွက်လာပြီး

'' ခရီးသွားတွေလား။ ကျောင်းမှာတည်းချင်ရင် ကိုယ့်အိပ်ရာလိပ် ကိုယ်ယူခဲ့ရမယ်နော်၊ ကျောင်းပေါ်မှာ စောင်၊ ခြင်ထောင်မရှိဘူး။ ကျွေးစရာ ထမင်းဟင်းလဲမရှိဘူး။ ကျုပ်တစ်ယောက်တည်းတောင် စားဝတ်နေရေးသိပ်ပြေလည်တာမဟုတ်ဘူး ''

ဟုပြောလေ၏။ အောင်လံက ကျောင်းစောင့်ခါးကုန်းကြီးကို ကြည့်၍ ကရုဏာသက်သွားပြီး

'' ကျောင်းစောင့်ကြီးအတွက် ပိုက်ဆံနည်းနည်းပေးခဲ့ပါမယ် ''

ဟုပြောကာ လက်ထဲရှိ ငွေတစ်ကျပ်ကို ပေးလိုက်လေ၏။

အောင်လံတို့သည် ညစာကို ကျောင်းအနီး ပတ်ဝန်းကျင်တွင်





ထမင်းအိုးတည်၍ အမဲခြောက်များကို ဖုတ်ကာ ချက်ပြုတ် စားသောက်လေ၏။

ထမင်းနှင့် အမဲခြောက်များမှာ နွားလှည်းဆရာယူဆောင်လာခြင်းဖြစ်ပြီး အောင်လံတို့က ထမင်းစရိတ်ပေးရ၏။

ကျောင်းစောင့်ကြီးကို ညစာ စားသောက်ရန် ဖိတ်ခေါ်လေရာ ၎င်းက ခေါင်းခါ၍

'' ကျုပ် ညစာ စားလေ့မရှိဘူး ''

ဟု တိုတိုတုတ်တုတ်ပြောကာ အခန်းထဲမှ ထွက်သွားလေ၏။

အောင်လံတို့သည် ညစာစားပြီးနောက် ဘုရားကျောင်းပျက်အနောက်ရှိ အခန်းတစ်ခန်းထဲတွင် သုံးယောက်စလုံးအိပ်စက်ရန် ကျောင်းစောင့်ကြီးက ခေါ်ယူသွားလေ၏။

အခန်းမှာ ပေ ၂၀ ပတ်လည်ခန့်ရှိပြီး ပြတင်းပေါက်မရှိဘဲ အဝင်ပေါက်တစ်ပေါက်သာရှိ၏။

လှည်းဆရာက အခန်းကိုကြည့်၍

'' ဒီအခန်းထဲမှာအိပ်ရင်တော့ ကျုပ်တို့ မွန်းကျပ်ပြီး နေတော်မှာမဟုတ်ဘူး။ အပြင်မှာ အိပ်လို့မရဘူးလား ကျောင်းစောင့်ကြီး ''

ဟုမေးမြန်းလေရာ ကျောင်းစောင့်ကြီးက ခေါင်းခါ၍

'' ခရီးသွားတွေကို အပြင်မှာ အိပ်ခွင့်မပေးနိုင်ဘူး အခန်းထဲမှာ အိပ်ကြပါ၊ အိပ်ရင်လဲ မီးအိမ်ကို ငြိမ်းပြီးမှအိပ်ပါ

www.burmeseclassic.com



နမော်နမဲ့သိပ်နိုင်တယ်၊ ကျုပ်တို့က စေတနာနဲ့ ကျောင်းမှာပေးအိပ် ပေမယ့် စည်းမဲ့ကမ်းမဲ့နေတော့ တစ်ခါတုန်းက ကျောင်းကြီးမီးလောင် မလိုဖြစ်ဖူးတယ်၊ ဒါကြောင့် ညအိပ်ရင် မီးအိမ်ကိုငြိမ်းပြီးမှ အိပ်ကြပါ''

ဟုပြောလေ၏။ အောင်လံတို့သည် ကျောင်းစောင့်ကြီးနှင့် စကားမဆိုတော့ဘဲ အခန်းထဲသို့ဝင်၍ အိပ်စက်ရန်ကြိုးစားကြလေ၏။

ကျောင်းစောင့်ကြီးပေးသော အခန်းသည် ဟောင်းနွမ်းဆွေး မြည့်နေသော ကွပ်ပျစ်များရှိ၍ တော်ပါသေး၏။

အောင်လံတို့သည် ခရီးပန်းလာသဖြင့် ခေါင်းချလိုက်သည်နှင့် မှေးခနဲ အိပ်ပျော်သွား၏။

ညသန်းခေါင်သို့ ရောက်သောအခါ အခန်းအပြင်မှ မီးခြစ်ခြစ် သံကြား၍ အောင်လံသည် အိပ်ရာမှ လန့်နိုးလာ၏။ ကျောင်းစောင့် ကြီး၏ မီးခြစ်သည် ခါတ်ဆီကုန်နေပုံရ၏။ မီးခြစ်ကို အချိန်ကြာမြင့် စွာ ခြစ်နေသော်လည်း မီးလင်းမလာချေ။ ထို့ကြောင့် မအောင်လံသည် လှဲနေရာမှထ၍ အခန်းတံခါးကိုဖွင့်ကာ အမှောင်ထဲသို့ကြည့်၍

'' ဦးဟာဒီမှာ ကျွန်တော့်မီးခြစ်နဲ့ ခြစ်လိုက်ပါ ''

ဟုဆိုကာ မီးခြစ်ကို ၎င်း၏လက်သို့ပေးလိုက်လေ၏။ ကျောင်း စောင့်ကြီးသည် မီးခြစ်ကိုယူ၍ အမှောင်ထဲသို့ ထွက်ခွာသွားလေ၏။

အောင်လံသည် မီးခြစ်ကို ပြန်မတောင်းတော့ဘဲ အိပ်ရာပေါ် သို့ လှဲချ၍ အိပ်စက်လိုက်လေ၏။





အောင်လံသည် အိပ်ပျော်သွားပြီးနောက် ကျောင်းစောင့်ကြီး ၏ ခေါ်သံကြောင့် အိပ်ရာမှ လန့်နိုးလာပြန်၏။ ကျောင်းစောင့်ကြီးက

'' မိန်းကလေး မိန်းကလေး ''

ဟု အသံပြု၍ အိပ်ရာမှနိုးလေရာ ချယ်ရီသည် အခန်းအပြင် သို့ ထွက်သွားကြောင်းတွေ့ရ၏။ အောင်လံက နားစွင့်နေစဉ် ကျောင်း စောင့်ကြီးက ချယ်ရီထံမှ မီးခြစ်ငှားကြောင်း ကြားရလေ၏။

အောင်လံသည် ကျောင်းစောင့်ကြီးထံသို့ ပေးလိုက်သော သူ၏မီးခြစ်ကို သတိရ၍ မျက်မှောင်ကြုတ်လိုက်လေ၏။

ကျောင်းစောင့်ကြီးသည် အဘယ်ကြောင့် မိမိတို့၏မီးခြစ်များ ကို ငှားရမ်းနေသည်မသိပေ။

ချယ်ရီသည် သူမ၏မီးခြစ်ကို ဘောင်းဘီအိတ်ထဲမှထုတ်၍ ကျောင်းစောင့်ကြီးကိုပေးကာ အခန်းထဲသို့ ပြန်လည်ဝင်ရောက်လာ လေ၏။

အောင်လံသည် အိပ်ချင်မှုးတူးဖြစ်နေသဖြင့် မီးခြစ်ကိစ္စကို မေ့လျော့ပြီး ပြန်လည်အိပ်ပျော်သွားလေ၏။

ခဏအကြာတွင် သူ၏ခန္ဓာကိုယ်ကို တစ်စုံတစ်ယောက်က လှုပ်နှိုးလိုက်သဖြင့် အိပ်ရာမှ ရုတ်တရက် လန့်နိုးလာပြန်၏။

အောင်လံကို အိပ်ရာမှ နှိုးသူမှာ ချယ်ရီဖြစ်၏။ ချယ်ရီက အလန့်တကြားဖြင့်



www.burmeseclassic.com

www.burmeseclassic.com



" ရှင် နားထောင်ကြည့်စမ်း၊ ဘာသံတွေလဲ၊ ကြောက်စရာကောင်းလိုက်တာ "

ဟုပြောလေ၏။ အောင်လံသည် နားစိုက်ထောင်လိုက်သောအခါ တဝီဝီမြည်နေသော အသံများကို ဆူညံစွာကြားရလေ၏။

သူတို့၏အနီးတွင် လွန်စွာ များပြားသော အကောင်ငယ်လေးများ ပျံသန်းနေသည့်အသံကိုကြားရလေ၏။ ချယ်ရီတို့သည် တဝီဝီအသံများကို တအံ့တသြနားစိုက်ထောင်နေစဉ် လှည်းသမားထံမှ ကျယ်လောင်စွာအော်ဟစ်လိုက်သောအသံကို ကြားရလေ၏။

" အား... အား... ပျားတွေ၊ ပျားတွေ၊ အား တုတ်ပြီဗျို့နာလိုက်တာ "

ဟု ညည်းညူသောအသံကို ကြားရလေ၏။ အောင်လံသည် ၎င်းတို့အခန်းတွင်းသို့ရောက်နေသော သတ္တဝါများကို ရိုပ်စားမိသွားပြီး အနီးရှိ စောင်တစ်ထည်ဖြင့် ချယ်ရီကိုယ်ကို ဖုံးလွှမ်းပေးလိုက်၏။

သူကိုယ်တိုင်လည်း အနီးရှိ စောင်ကြီးတစ်ထည်ကိုကမန်းကတန်းယူ၍ လှည်းသမားထံသို့ ပြေးသွားလေ၏။

လှည်းသမားသည် ကြောက်အားလန့်အား အော်ဟစ်နေခြင်းဖြစ်၏။ အောင်လံသည် လှည်းသမား၏စောင်ကိုယူ၍ ၎င်း၏ခန္ဓာကိုယ်ကို ဖုံးအုပ်ပေးလိုက်ရ၏။ လှည်းသမားသည် ပျားများ၏ ကိုက်ခဲမှုကို ခံလိုက်ရပြန်၏။





ထိုအခိုက်မှာပင် အောင်လံ၏ လက်မောင်းများတွင် ပူခနဲ ခံစားလိုက်ရပြီး ပျားများ၏ ကိုက်ခဲခံလိုက်ရ၏။

ထို့ကြောင့် စောင်ကြီးကိုဝှေ့ယမ်း၍ အမှောင်ထဲတွင် စမ်းတဝါးဝါးနှင့် ပျားများကို မောင်းထုတ်ရလေ၏။

စောင်ကြီးကို ဝှေ့ယမ်းရင်း ချယ်ရီဘက်သို့လှည့်ကာ

" ချယ်ရီ စောင်ထဲမှာပဲနေ၊ အပြင်ကို လုံးဝမထွက်နဲ့ "

ဟု သတိပေးရ၏။ ပျားများသည် အောင်လံရှိရာသို့ စုပြုံ၍ တိုးဝင်လာ၏။

အောင်လံသည် စောင်ကြီးကို မရပ်မနားဝှေ့ယမ်းနေသည့်ကြားမှ ပျားတုတ်ခံလိုက်ရပြန်၏။ သူသည် အခန်းတံခါးဆီသို့ ကမန်းကတန်းပြေး၍ ဖွင့်ရန် ကြိုးစားလေရာ တံခါးကိုဖွင့်မရတော့ပေ။ အပြင်မှ မင်းတုံးချထားလေပြီ။

အခန်းထဲသို့ စုပြုံရောက်နေသောပျားများသည် သူ၏အနီးတွင်သာ ဝဲပျံနေလေ၏။ အောင်လံသည် ကြာသောအခါ လက်အံ့သေကာ တဖြည်းဖြည်းညောင်းညာလာ၏။

ပျားများ၏ ကိုက်ခဲမှုကိုလည်း ပိုမိုခံလာရ၏။ အောင်လံသည် အခန်းထဲသို့ ပျားများလွှတ်ပေးသော တရားခံကို ရိပ်စားမိလိုက်၏။ ကျောင်းစောင့်ကြီးသည် ရန်သူ၏ အဆက်အနွယ်ပင်ဖြစ်ပေလိမ့်မည်။

သူသည် ညဦးပိုင်းက ကျောင်းစောင့်ကြီး၏ ထူးဆန်းသော



www.burmeseclassic.com

www.burmeseclassic.com



အပြုအမူများကို ပြန်လည်သတိရလာ၏။

ကျောင်းစောင့်ကြီးသည် ၎င်းတို့ထံမှ မီးခြစ်များကို ငှားရမ်း ခဲ့၏။ မီးခြစ်များကို တစ်လုံးပြီးတစ်လုံး ငှားရမ်းခြင်းမှာ အဘယ် ကြောင့်နည်း။ အောင်လံသည် ထူးဆန်းသောအကြောင်းကို တွေး တောရင်း ခေါင်းထဲသို့ အကြံတစ်ခု လက်ခနဲဝင်ရောက်လာ၏။

ထို့ကြောင့် စောင်ကြီးကို အားကုန်ဖော့ရမ်းနေသည့်ကြားမှ လှည်းဆရာထံသို့ ချဉ်းကပ်၍ မီးခြစ်ကိုတောင်းယူလေ၏။

လှည်းဆရာသည် သူ၏အင်္ကျီအိတ်ထဲမှ ကြေးမီးခြစ်ကြီးကို ကမန်းကတန်းထုတ်ပေးလေ၏။

အောင်လံသည် မီးခြစ်ရရှိသောအခါ စောင်ကြီးကို ခေါင်းမြီးခြုံ၍ တစ်ကိုယ်လုံး ဖုံးလွှမ်းလိုက်၏။

သို့သော် ပျားအချို့မှာ စောင်ထဲသို့ တိုးဝင်လာ၍ ကိုက်ခဲမှုဒဏ်ကို နာကျင်စွာခံစားလိုက်ရ၏။

အောင်လံသည် စောင်ကြီးကို ခေါင်းမြီးခြုံ၍ ကြေးမီးခြစ်ကြီးကို ခြစ်လေ၏။ သို့သော် မီးခြစ်သည် မီးတောက်မလာပေ။ အကြိမ်ကြိမ် ကြိုးစားခြစ်သောအခါမှပင် မီးတောက်လာ၏။

အောင်လံသည် မီးတောက်လာသောအခါ ၎င်းကိုယ်ပေါ်တွင် လွှမ်းခြုံထားသောစောင်ကြီးကို ခြုံလျက်နှင့်ပင် မီးရှို့လိုက်၏။

စောင်ကြီးသည် မီးလောင်ကျွမ်းပြီး တဖြည်းဖြည်း မီးတောက်





ကြီးလာသောအခါ ပျားများသည် အလင်းရောင်နှင့်ဝေးရာသို့ တိုးမဝင်တော့ဘဲ အမှောင်ထဲသို့ တိုးဝင်၍ တဝီဝီပျံသန်းနေလေ၏။

စောင်ကြီးတစ်ခုလုံး မီးဟုန်းဟုန်းတောက်လောင်နေချိန်တွင် အောင်လံက လှည်းသမားနှင့် ချယ်ရီကို အလင်းရောင်ထဲတွင် နေခိုင်းပြီး

" ပျားတွေဟာ အလင်းရောင်ကိုကြောက်တယ်၊ ဒါကြောင့် ခင်ဗျားတို့ စောင်တွေကို တစ်ထည်ပြီးတစ်ထည် မီးရှို့ဖို့ ကြိုးစားကြ ကျုပ်တော့ အခန်းတံခါးကို ဖွင့်ဖို့ကြိုးစားမယ် "

ဟုဆိုကာ အခန်းတံခါးကို ကိုယ်စောင်းဖြင့် တိုက်၍ ဖွင့်ရန် ကြိုးစားလေ၏။

သို့သော် တံခါးသည် ခိုင်ခံ့သောတံခါးဖြစ်သဖြင့် လွယ်လွယ်နှင့် တံခါးပွင့်ခြင်းမရှိပေ။ အောင်လံသည် တံခါးကို အကြိမ်ကြိမ် ကိုယ်စောင်းနှင့် တိုက်ဖွင့်သည်။ ချယ်ရီနှင့် လှည်းသမားသည် ၎င်းတို့၏ စောင်များကို မီးရှို့၍ အလင်းရောင်ရအောင် ကြိုးစားကြ၏။

ချယ်ရီက အလန့်တကြားဖြင့်

" တံခါး မြန်မြန်ဖွင့်ပါရှင်၊ စောင်တွေ မီးရှို့ဖို့မရှိတော့ဘူး "

ဟု အော်ဟစ်လေရာ အောင်လံက နောက်သို့လှည့်၍

" ရှို့စရာမရှိရင် အဝတ်အစားတွေ ချွတ်ပြီး မီးရှို့[illegible] "

ဟု ဆိုသဖြင့် လှည်းသမားသည် သူ၏အပေါ်အင်္ကျီကိုချွတ်၍



www.burmeseclassic.com

www.burmeseclassic.com



မီးရှို့လေ၏။ အပေါ်အင်္ကျီမရှိတော့သောအခါ လှည်းသမားက အထိတ်တလန့်ဖြင့်

" မီးရှို့စရာ ပုဆိုးပဲကျန်တော့တယ် "

ဟု ဆိုသောအခါ အောင်လံက သူ၏အင်္ကျီကို ချွတ်ပေးလိုက်ရ၏။ ပျားများသည် အလင်းရောင် လျော့ကျသည်နှင့် ဝင်ရောက် ကိုက်ခဲရန် တဝီဝီပြန်သန်းရင်း စောင့်မျှော်နေလေ၏။

မီးရှို့စရာများကုန်သည်အထိ တံခါးမပွင့်လျှင် ၎င်းတို့အားလုံး ပျားတုတ်ခံရပြီး အသက်ဆုံးနိုင်၏။

ထို့ကြောင့် တံခါးကြီးကို အကြိမ်ကြိမ်တွန်းတိုက်၍ ဖွင့်လေ၏။ လှည်းသမားကလည်း အောင်လံကို ကူညီ၍ တွန်းတိုက်ဖွင့်၏။

ချယ်ရီသည် အထိတ်တလန့်ဖြင့်

" လုပ်ပါဦး မီးရှို့စရာမကျန်တော့ဘူး "

ဟု အော်ဟစ်လိုက်ရာ အောင်လံသည် မျက်လုံးပြူးသွား၏။

၎င်းတို့တွင် ချွတ်စရာဆို၍ အရှက်လုံအောင် ဖုံးထားသော အဝတ်များသာ ကျန်တော့၏။

သို့သော် အရှက်ထက် အသက်က အရေးကြီးသဖြင့် သူ၏ ဘောင်းဘီကို ချွတ်ပေးရန် ကြံစည်လိုက်၏။

ထိုအခိုက်မှာပင် ချယ်ရီက

" ရှင် မချွတ်နဲ့ ကျွန်မချွတ်မယ် "





ဟုပြောလေရာ အောင်လံသည် မျက်လုံးမြူးသွားပြီး

" ချယ်ရီက ဘာကို ချွတ်မှာလဲ "

ဟု မေးမြန်းလေ၏။ ချယ်ရီက သူ့အမေးကို မဖြေဘဲ အပေါ် အင်္ကျီကို ချွတ်၍ ထဘီကို ရင်လျားလိုက်၏။

ထို့နောက် သူမ၏အပေါ်အင်္ကျီကို မီးရှို့လိုက်လေတော့၏။ ထိုအခိုက်မှပင် တစ်ရှိန်ထိုးတောက်လောင်သော မီးရောင်ကြောင့် ပျားများသည် အမှောင်ထဲသို့ တိုးဝင်သွားလေ၏။

လှည်းဆရာက ခိုင်ခံ့သောတံခါးကြီးကိုကြည့် တုန်လှုပ်ချောက်ချားစွာဖြင့်

" ဒီတစ်ခါတော့ ကျုပ်တို့မှာ ချွတ်စရာမရှိတော့ဘူးဗျို့ "

ဟုပြောလေ၏။ အောင်လံသည် ၎င်းတို့အဖွဲ့၏ ဆိုးဝါးလှ သော အခြေအနေကို သဘောပေါက်၍ အံကိုကြိတ်ပြီး ရှိသမျှ အင်အား များကို စုစည်းကာ တံခါးကြီးကို ကိုယ်စောင်းဖြင့် တိုက်ချိုးလိုက်ရာ တံခါးကြီးသည် ပတ္တာပြုတ်၍ ပွင့်ထွက်သွားလေ၏။

ချယ်ရီသည် တံခါးပွင့်သွားသောအခါ ဝမ်းသာအားရဖြင့် အော် ဟစ်လိုက်ပြီး အခန်းအပြင်သို့ ဦးစွာပြေးထွက်လေ၏။

ထိုအခါ ၎င်းတို့အားလုံးလည်း တံခါးပေါက်မှ ပြေးထွက်ကာ တံခါးကြီးကို ဝုန်းခနဲ ပိတ်လိုက်လေ၏။

အခန်းအပြင်ဘက်တွင် မီးအိမ်တစ်လုံးသာရှိနေပြီး ကျောင်း



www.burmeseclassic.com

www.burmeseclassic.com



စောင့်ကြီးကို မတွေ့ရတော့ချေ။

လှည်းသမားက ဒေါသတကြီးဖြင့် တက်ခေါက်၍

" တောက်၊ ဒါဟာ ကျုပ်တို့ကို ကျောင်းစောင့်ကြီးက အသေသတ်ဖို့ကြံတာဗျ။ ဒီပျားတွေဟာ သိပ်အဆိပ်ပြင်းတာ၊ မီးမှောင်သွားလို့ ပျားတွေဝိုင်းအတုတ်ခံရရင် အခန်းထဲမှာ ကျုပ်တို့အသက် ဘယ်က ထွက်ရမှန်းတောင် သိမှာမဟုတ်ဘူး၊ ဒီလူကြီးကို မတွေ့တွေ့အောင်ရှာပြီး ကလဲ့စားချေရမယ် "

ဟုကြုံးဝါးလေ၏။ အောင်လံက သက်ပြင်းချ၍ လှည်းဆရာ၏ ပခုံးကိုဖက်ကာ

" ခင်ဗျားကို ကျွန်တော်အကောင်းဆုံး အကြံပေးချင်တာက ဒီနေရာက ဝေးရာကိုထွက်ပြေးဖို့ပဲ၊ ကျုပ်တို့ကို ရန်ပြုတာဟာ ကျောင်းစောင့်ကြီးရဲ့ ဆန္ဒကြောင့်မဟုတ်ဘူး၊ ကျောင်းစောင့်ကြီးဟာ ဘိုးတော်လှရဲ့ အမိန့်ကြောင့် လုပ်ရတာ ကျုပ်တို့ကို ဘိုးတော်လှရဲ့ လူတွေက လိုက်ပြီးအန္တရာယ်ပြုနေတယ်၊ ဒါကြောင့် ခင်ဗျားရဲ့လှည်းကိုငှားပြီး ထွက်ပြေးရတာပဲ၊ မကြာခင် ကျုပ်တို့ဆီကို အန္တရာယ်တွေ ကျရောက်တော့မယ်၊ ခင်ဗျားရဲ့လှည်းကိုထားခဲ့ပြီး ပြေးပေတော့ "

ဟုပြောလေရာ လှည်းဆရာသည် မျက်လုံးပြူးသွားပြီး

" ဟင်... ကျုပ်ရဲ့လှည်းကို ထားခဲ့ပြီး ပြေးလို့ ဘယ်ဖြစ်မလဲ၊ ဒီလှည်းနဲ့နွားဟာ ကျုပ် လုပ်စားနေရတာ "





ဟုပြောလေ၏။ အောင်လံက အိတ်ထဲရှိ ငွေစက္ကူများကို ထုတ်၍ ၎င်း၏လက်ထဲသို့ ထည့်လိုက်ပြီး

" ဟောဒီပိုက်ဆံနဲ့ဆိုရင် ခင်ဗျားရဲ့လှည်းနဲ့နွားကို ထားခဲ့နိုင်မှာပါ၊ ကျုပ်တို့က လှည်းကိုယူပြီး ပြေးရမှာမို့လို့ပါ "

ဟုပြောလေရာ လှည်းဆရာသည် ငွေစက္ကူများကိုကြည့်၍ ကျေနပ်သွားပြီး ထိုနေရာမှ ထွက်ပြေးသွားလေ၏။

အောင်လံတို့သည် နွားလှည်းဖြင့် ခရီးပြင်းနှင်ခဲ့လေ၏။ နေက် အရုဏ်တက်ကာနီးသောအခါ တောင်ကြားလမ်းတစ်ခုကို ဖြတ်ရလေ၏။ တောင်ကြားလမ်းအဝင်ရှိ လှည်းလမ်းပေါ်တွင် ကျောက်တုံးကြီးတစ်တုံး ကာဆီးထား၏။

အောင်လံသည် ကျောက်တုံးကြီးကိုကြည့်၍ မျက်နှာကွက်ခနဲ ပျက်သွားပြီး

" ကျုပ်တို့ ပြေးလို့ မလွတ်တော့ဘူး၊ ဘိုးတော်လှရဲ့ လူတွေ လိုက်လာပြီ "

ဟုရေရွတ်လိုက်လေ၏။

ချယ်ရီက အံကို တင်းတင်းကြိတ်၍

" ပြေးလို့မလွတ်လည်း တိုက်ကြရုံသာ ရှိတော့တာပေါ့ ... သိုင်းသမား၊ ကျွန်မလဲ သိုင်းသမားပဲ၊ ဒီလို လူမိုက်တွေလောက် တော့ ကြောက်စရာမလိုပါဘူး၊ တိုက်ရဲခိုက်ရဲပါတယ် "



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလေ၏။ အောင်လံတို့သည် နွားလှည်းပေါ်ရှိ ဓားရှည်နှစ်ချောင်းကို ကိုင်စွဲ၍ လှည်းပေါ်မှ ခုန်ချလိုက်လေ၏။ ထိုအခိုက်မှာပင် တောင်ကြားအတွင်းရှိ ကျောက်တုံးများနောက်မှ ဘိုးတော်လှ၏ တပည့် ၉ ယောက်ထွက်လာ၏။

ရင်းတို့၏ လက်ထဲတွင် တုတ်၊ ဓား၊ လှံ စသော လက်နက်များကို ကိုင်ဆောင်ထားလေ၏။

လူဆိုးလူမိုက်များသည် အောင်လံတို့အနီးသို့ ရောက်သောအခါ ခေါင်းဆောင်ဖြစ်သူက တဟားဟားရယ်မော၍

" ဟား ဟား ဟား... ငါတို့ဒေသမှာလာပြီး ဒီလိုလူလည်ကျလို့ ဘယ်ဖြစ်မလဲကွ၊ ပတ္တမြားကြီး ၉ လုံးကို လက်ထဲကို မအပ်ရင် ရှေ့မဆက်ရဘူး "

ဟု အမိန့်ပေးလေ၏။

အောင်လံက ခေါင်းခါ၍

" ကျုပ်တို့ဆီမှာ ပတ္တမြားမရှိပါဘူး၊ မယုံရင် လှည်းပေါ်မှာသွားပြီး ခင်ဗျားတို့စိတ်ကြိုက်ရှာကြည့်ပါ၊ ခန္ဓာကိုယ်မှာလဲ ရှာဖွေနိုင်ပါတယ်၊ ကျုပ်တို့ဟာ ရုပ်သေးရုပ်နှစ်ရုပ်ကိုပဲ လက်ခံရလိုက်ပါတယ် "

ဟုပြောလေရာ လူဆိုးလူမိုက်များ၏ ခေါင်းဆောင်က ခေါင်းခါယမ်း၍





" ပတ္တမြားကြီး ၉ လုံးကို မရရင် မင်းတို့ကို မရရအောင် ဖမ်းဆီးလာရမယ်လို့ ဘိုးတော်လှက အမိန့်ရှိလိုက်တယ်၊ ဒါကြောင့် မင်းတို့ အသာတကြည် အဖမ်းခံပေတော့ "

ဟု အမိန့်ပေးလေ၏။

အောင်လံတို့သည် ရန်သူများက ရင်းတို့ကို ဖမ်းဆီးသွားမည်ဆိုသဖြင့် ခေါင်းကို ခါယမ်းလိုက်ပြီး

" ခင်ဗျားတို့ နောက်ကိုတော့ လုံးဝမလိုက်နိုင်ဘူး။ ပြဿနာမဖြစ်ချင်လို့ ကောင်းကောင်းမွန်မွန် ဆက်ဆံနေတာ၊ ကြောက်တယ် မထင်နဲ့ "

ဟုပြောလိုက်ရာ ချယ်ရီက ဓားရှည်ကို ဓားအိမ်ထဲမှ ဆွဲထုတ်လိုက်ပြီး အသင့်အနေအထား ပြင်ဆင်ထား၏။

အောင်လံကလည်း ရန်သူများကို ရင်ဆိုင်ရန် အသင့်ပြင်ထားကြ၏။

ဝတ်စုံပြာဝတ် လူဆိုးလူသွမ်းများသည် အောင်လံတို့ကို တုတ်၊ ဓား၊ လှံ စသည့်လက်နက်များဖြင့် စတင်တိုက်ခိုက်၏။

အောင်လံနှင့် ချယ်ရီသည် သိုင်းပညာကို ကောင်းစွာလေ့ကျင့်ထားသူဖြစ်သဖြင့် လူဆိုးလူသွမ်းများသည် တခဏအတွင်း လဲသူလဲ၊ ကွဲသူကွဲ ဖြစ်ကုန်၏။ အောင်လံက မြေပေါ်တွင် လဲကျ ညည်းညူနေသူများကြည့်၍



www.burmeseclassic.com

www.burmeseclassic.com



" လူ့အသက်တစ်ချောင်းကို တန်ဖိုးထားလို့ ခင်ဗျားတို့ကို အသေမလုပ်ခဲ့တာပဲ၊ ရှေ့ဆက်ပြီး ကျုပ်တို့ကို ဒုက္ခပေးမယ်ဆိုရင်တော့၊ အဆိုးမဆိုနဲ့ "

ဟုပြောကာ နွားလှည်းကို ထားခဲ့ပြီး တောင်ကြားလမ်းအတိုင်း ခရီးဆက်ခဲ့လေ၏။

အောင်လံတို့သည် အတန်ကြာအောင် ခရီးဆက်ပြီးနောက် ယူဆောင်လာသော ငှက်ပျောသီးများကို ဖြုတ်၍စားလေ၏။

ချယ်ရီက တောင်တန်းကြီးကို ခေါင်းမော့ကြည့်၍

" ကျွန်မတို့ ဒီတောင်ကြီးကိုကျော်ရင် ရွာကိုရောက်မယ်၊ ဒါဆိုရင်တော့ ဘိုးတော်လှရဲ့လူတွေ ဒုက္ခပေးလို့ မလွယ်တော့ဘူး"

ဟုပြောလေရာ အောင်လံက ခေါင်းညိတ်၍

" ဟုတ်တယ်၊ ဒါပေမယ့် ပတ္တမြားကြီး ၉ လုံးကို လောဘဇောကပ်နေတဲ့ ဘိုးတော်လှဟာ ကျုပ်တို့ကို သဲကြီးမဲကြီး လိုက်ဒုက္ခပေးမှာသေချာတယ်၊ လောလောဆယ်တော့ ကျုပ်တို့ကို လွယ်မယ်ထင်ပြီးစမ်းတာ၊ စမ်းလို့မရလို့ နောက်ကြောင်း ပြန်ဆုတ်သွားပြီ၊ ဒါပေမယ့် ဘိုးတော်လှမှာ တပည့်တပန်း အင်အားတောင့်တယ်ဆိုတော့ နောက်ထပ်ရောက်လာဦးမှာပဲ "

ဟုပြောလေရာ အောင်လံ၏ စကားမဆုံးမီ တောင်ကြားထဲသို့ မြင်းများ ဒုန်းစိုင်း၍ စီးဝင်လာလေ၏။





မြင်းပေါ်တွင် ဘိုးတော်လှ၏တပည့် ဝတ်စုံဖြူနှစ်ဦးနှင့် ဝတ်စုံပြာဝတ် လူငါးဦးပါရှိ၏။

ရင်းဂူသည် အောင်လံတို့ကို ဝိုင်းရံထားပြီး

" မင်းတို့ ဘယ်ပြေးလို့ လွတ်မလဲကွာ၊ ပတ္တမြားကြီး ၉ လုံးကို ကျုပ်တို့လက်ကို မအပ်သရွေ့ ဒီတောထဲက ထွက်လို့ရမယ် မထင်နဲ့ "

ဟုပြောလေ၏။ အောင်လံက ထိုင်ရာမှထ၍ ဓားတို့ဆွဲထုတ်ကာ

" ခင်ဗျားတို့ကို ကျုပ်တို့ဆီမှာ ပတ္တမြားကြီးတွေ မရှိဘူးဆိုတာ ဘယ်နှစ်ခါပြောရမလဲ၊ ဒီလောက်တောင် ပြောမရရင် ကျုပ်တို့ကို အဆိုးမဆိုနဲ့တော့ "

ဟု အော်ဟစ်ကာ ဓားများကိုထုတ်၍ စောင့်ကြိုနေလေ၏။ ဘိုးတော်လှ၏ တပည့် ဝတ်စုံပြာများသည် အောင်လံတို့ကို ဝင်ရောက်တိုက်ခိုက်လေ၏။ ဝတ်စုံပြာများသည် လူစုအားကိုးဖြင့် လူမိုက်ဆန်ဆန် ဗိုလ်ကျစိုးမိုးနေသူများဖြစ်ပြီး ကိုယ်ခံပညာကောင်းစွာ မတတ်ကျွမ်းသဖြင့် အောင်လံတို့ကို မယှဉ်နိုင်ဘဲ အရှုံးပေးရလေ၏။

ဝတ်စုံဖြူဝတ်လူနှစ်ဦးသည် အောင်လံနှင့် ချယ်ရီ၏ အစွမ်းကို မျက်ဝါးထင်ထင် မြင်လိုက်ရ၍ မျက်လုံးပြူးသွားပြီး

" ဪ မင်းတို့က အရည်အချင်း မသေးပါလား "

ဟု ကြုံးဝါးကာ မြင်းပေါ်မှ ဆင်း၍ ဓားကိုယ်စီဖြင့် ဝင်ရောက်



www.burmeseclassic.com

www.burmeseclassic.com



တိုက်ခိုက်လေ၏။ ထိုသူများသည် ဝတ်စုံပြာများထက် အရည်အချင်းသာသူများဖြစ်၍ အောင်လံက ချယ်ရီကို သတိထားရန်ပြော၍ နောက်သို့ ဆုတ်ခိုင်းပြီး ကိုယ်တိုင် တိုက်ခိုက်လေ၏။

ခဏကြာလျှင် ဝတ်စုံဖြူဝတ်လူနှစ်ဦးမှာလည်း အောင်လံကို မယှဉ်နိုင်ဘဲဒဏ်ရာကိုယ်စီရရှိပြီး မြေပေါ်တွင် ဒူးညွှတ်လဲကျသွားလေ၏။

အောင်လံသည် ဓားရှည်ကို ဓားအိမ်ထဲသို့ ပြန်သွင်းလိုက်ပြီး

'' ခင်ဗျားတို့ကို ဒီတစ်ကြိမ် နောက်ဆုံးပြောဆိုခြင်းပဲ၊ ဒီတစ်ခါဆိုရင် ကျုပ်တို့သည်းခံမှာမဟုတ်ဘူး ''

ဟုပြောကာ ရှေ့ခရီးကို ဆက်ခဲ့လေ၏။

ညနေစောင်းသောအခါ တောင်တန်းကြီးကို ကျော်ပြီး ရွာတစ်ရွာသို့ ရောက်လေ၏။

ထိုရွာ၏ ရွာစွန်၌ သူကြီး၏နေအိမ်ရှိသဖြင့် တစ်ညအိပ်ခွင့်တောင်းလေရာ သူကြီးက ညအိပ်ခွင့်ပြုလေ၏။

နောက်တစ်နေ့တွင် မနက်စောစောထ၍ ခရီးဆက်ခဲ့လေ၏။

ရွာများတစ်ရွာပြီးတစ်ရွာ ကျော်ဖြတ်ပြီး ဘိုးတော်လှ၏ လူများ၏ အနှောင့်အယှက်ကို မခံရတော့ပေ။

အောင်လံက ရှေ့ခရီးကိုကြည့်၍

'' ကျုပ်တို့သွားမယ့်လမ်းမှာ ရွာတွေက တဖြည်းဖြည်း စိမ်





လာလို့ ဘိုးတော်လှရဲ့တပည့်တွေ လက်လှမ်းမမီတော့ဘူးနဲ့တူတယ် ''

ဟုပြောလေ၏။ အောင်လံတို့သည် ဝှန်းချောင်းအနီးသို့ ရောက်သောအခါ အိုးစည်၊ ဗုံးပတ်သံများကို ကြား၍ လှမ်းကြည့်လိုက်ရာ ချယ်ရီက

'' ဟိုးရှေ့က ရွာတစ်ရွာမှာ ရှင်ပြုရှိတယ်နဲ့တူတယ်၊ ဗုံးပတ်သံတွေကြားနေရတယ် ''

ဟု ရေရွတ်လေ၏။ ထိုအခိုက်မှာပင် လယ်ကွင်းဆီသို့ ဖြတ်သန်းလာသော အိုးစည်ဗုံးပတ်ဝိုင်းနှင့်အတူ ဦးရွှေရိုးကဲ့သို့ ဝတ်ဆင်ထားပြီး ကျားနေအောင် ကနေသော လူတစ်ဦးကို တွေ့ရလေ၏။

ထိုသူများအနက်မှ ဇာတ်ထဲမှ ဓနိကြီးတစ်ပါးကဲ့သို့ ဝတ်ဆင်ထားသော နှုတ်ခမ်းမွှေးကားကားနှင့် လူကြီးက ငွေဖလားကြီးတစ်လုံးကို ပိုက်ထားလေ၏။

ချယ်ရီက လယ်ကွင်းထဲကို ဖြတ်သန်းလာသော အိုးစည်ဗုံးပတ်ဝိုင်းကိုကြည့်၍ ပျော်ရွှင်ဟန်ဖြင့် ရယ်မောလိုက်ပြီး

'' ခဏစောင့်၊ သူတို့ကို စောင့်ပြီး အလှူငွေလေး ဘာလေး ထည့်ရအောင် ''

အောင်လံသည် ထိုလူစုကိုကြည့်၍ တစ်စုံတစ်ရာကို သံသယဖြစ်ပြီး ညောင်ပင်အောက်မှမထွက်ရန် ချယ်ရီကို ဖမ်းဆီးလိုက်လေ၏။

သို့သော် သူ၏တားဆီးမှု နောက်ကျသွားချေပြီ။ ချယ်ရီသည်

www.burmeseclassic.com



ညောင်ပင်အောက်မှထွက်တာ အလှူခံအဖွဲ့ကို လက်ယမ်းပြနေ၏။

အလှူခံအဖွဲ့သည် အောင်လံတို့ရှိရာသို့ ဦးတည်၍ လျှောက်လှမ်းလာလေ၏။ အလှူခံအဖွဲ့ တဖြည်းဖြည်း နီးကပ်လာသောအခါ ထိုသူများကိုကြည့်၍ မြင်ဖူးသယောင်ဖြစ်သဖြင့် မျက်မှောင်ကြုတ်လိုက်ပြီး အောက်လံဘက်သို့လှည့်ကာ

'' သူတို့... သူတို့ဟာ ''

ဟု အထစ်ထစ်အငေါ့ငေါ့ ရေရွတ်လိုက်လေ၏။ အောင်လံက သက်ပြင်းချ၍ ခေါင်းညိတ်လိုက်ပြီး

'' ဟုတ်တယ် ချယ်ရီ၊ ဒီလူတွေဟာ ဘိုးတော်လှရဲ့အဖွဲ့ဝင်တွေပဲ၊ ဟော... ကျုပ်တို့နောက်ကို ဘိုးတော်လှကိုယ်တိုင်တောင် လိုက်လာတာပဲ၊ နွတ်ခမ်းမွှေးကားကားကြီးနဲ့ ငွေဖလားကြီးကိုကိုင်ပြီး လိုက်လာတဲ့ ပိန်ရှည်ရှည်လူကြီးဟာ ဘိုးတော်လှပဲလေ ''

ဟု တိုးတိုးရေရွတ်လိုက်လေတော့၏။ အလှူခံအဖွဲ့ဝင်များသည် အောင်လံတို့ကို ဝိုင်းရံထားလိုက်လေတော့၏။ အောင်လံက ဘိုးတော်လှကိုကြည့်၍ ခေါင်းခါယမ်းလိုက်ပြီး

'' အခုတော့ ခင်ဗျားကြီးရဲ့ မင်းသားခေါင်းဆောင်ထားတဲ့ ဘီလူးရုပ် ကွာကျသွားပြီပေါ့ ''

ဟု ပြောလိုက်ရာ ဘိုးတော်လှက ရယ်မော၍

'' ဟား ဟား ဟား... မင်းဘယ်ဆိုးလို့လဲ၊ ငါကို မြင်မြင်ချင်း





မှတ်မိသားပဲ ''

ဟု ပြောကာ ဘိုးတော်လှက နွတ်ခမ်းမွှေးကားကားကြီးကို ဖြုတ်လိုက်လေ၏။ ခေါင်းပေါ်တွင် ပေါင်းထားသော ခေါင်းပေါင်းကိုလည်းဖြုတ်လိုက်၏။

ချယ်ရီက သက်ပြင်းချ၍

'' ရှင်ဟာ အတော်လောဘကြီးတာပဲ၊ ပတ္တမြားကြီး ၉ လုံး ကျွန်မတို့ဆီမှာ အမှန်တကယ်မရှိဘူးရှင့် ''

ဟု ပြောလေရာ ဘိုးတော်လှက

'' ပတ္တမြားကြီးတွေ မင်းတို့ကိုယ်ပေါ်မှာမရှိရင်လဲ တစ်နေရာရာမှာ ဖွက်ထားမယ်လို့ ငါတွက်ဆထားပြီးသားပဲ၊ ပတ္တမြားတွေမရရင် မင်းတို့ကို ဒီအတိုင်း လွှတ်မပေးနိုင်ဘူး၊ ဖမ်းဆီးပြီး မပေါ်ပေါ်အောင် စစ်ဆေးရမှာပဲ ''

ဟု ပြောလေရာ အောင်လံက မဲ့ပြုံးပြုံး၍

'' အခုတော့လဲ ခင်ဗျားရဲ့ အယောင်ဆောင်တန်ခိုးသဒ္ဓိတွေဟာ အာမှအသုံးမဝင်တော့ပါလား၊ ကျုပ်တို့ဆီက ပတ္တမြားတွေ တောင်းနေမဲ့အစား ကိုယ့်သိဒ္ဓိနဲ့ကိုယ် ဖန်တီးယူလိုက်ပါလား ''

ဟု ပြောလေ၏။ ဘိုးတော်လှက အောင်လံ၏စကားကို အားမခံသာဟန်ဖြင့်

'' တော်... တိတ်စမ်း၊ မင်းတို့ဖွက်ထားတဲ့ ပတ္တမြားကြီးကို



www.burmeseclassic.com

www.burmeseclassic.com



အပ်မလား၊ ဆင်ဖြူတိုင်ကို အဖမ်းခံပြီးလိုက်ခဲ့မလား၊ ဒါပဲပြော ''

ဟု ခြိမ်းခြောက်လိုက်လေ၏။ အောင်လံက ခေါင်းခါယမ်း၍

'' ခင်ဗျားတို့နဲ့တော့ မလိုက်နိုင်ဘူး၊ ကျုပ်တို့မှာ ပတ္တမြားကြီးတွေ မရှိဘူးဆိုတာ မယုံဘူးဆိုရင် ခင်ဗျားတို့ ကြိုက်သလိုလုပ်ပေတော့ ''

ဟု ပြောလိုက်လေ၏။ ဘိုးတော်လှက အောင်လံ၏စကားကြောင့် တက်ခေါက်၍ သူ၏တပည့်များကို မျက်ရိပ်ပြလိုက်လေ၏။

ထိုအခါ ဘိုးတော်လှ၏တပည့် လူဆိုးလူသွမ်းများသည် အိုးစည်ဝိုင်းများကိုချကာ အိတ်ကြီးတစ်လုံးအတွင်း လျှို့ဝှက်စွာ သယ်ဆောင်လာသော လက်နက်များကို ထုတ်လေ၏။

အောင်လံက ချယ်ရီကို ကျောချင်းကပ်ထားရန် သတိပေးလိုက်ပြီး

'' ချယ်ရီ ဒီပွဲဟာ ကျုပ်တို့ရဲ့နောက်ဆုံးတိုက်ပွဲပဲ၊ ဒီလူကြီးတွေနဲ့ ကျုပ်တို့ သူသေကိုယ်သေတိုက်ရတော့မယ်၊ တကယ်လို့များ တိုက်ပွဲမှာ ကိုယ်တို့ကျရှုံးသွားခဲ့ရင် ချယ်ရီကို နောင်ဘဝထိအောင် ချစ်နေမယ်ဆိုတာ ယုံထားစမ်းပါ ''

ဟု ပြောလိုက်လေရာ ချယ်ရီကလည်း အောင်လံဘက်သို့လှည့်၍

'' ရှင်ကိုလဲ ကျွန်မချစ်နေမိပြီဆိုတာ ပြောပါရစေ၊ ဒီနေ့ပွဲမှာ





ကျွန်မတို့ကျဆုံးခဲ့ရင် ရှင်နဲ့ကျွန်မ နောင်ဘဝမှာ ပြန်ဆုံကြတာပေါ့ ဘာပဲဖြစ်ဖြစ် ဒီလိုမတရားလုပ်တာကို ခေါင်းငုံ့ခံလို့မဖြစ်ဘူး သေသေကြေကြေ ပြန်တိုက်ရမှာပဲ၊ ဘာမှမပူနဲ့၊ ရှင်သေရင် ကျွန်မလဲ ကိုယ့်ကိုယ်ကို အဆုံးစီရင်ပြီး နောင်ဘဝကို လိုက်လာခဲ့မယ် ''

ဟု ရဲရဲတောက်သောစကားကို ပြောလေ၏။ ဘိုးတော်လှ၏တပည့်များသည် စက်ဝိုင်းသဏ္ဍာန်ဝိုင်းထားရာမှ တဖြည်းဖြည်း အနီးသို့ တိုးလာပြီး စတင်တိုက်ခိုက်လေတော့၏။

အောင်လံနှင့်ချယ်ရီသည် ကျောချင်းကပ်၍ ရန်သူများကို ရဲရဲတုံ့ ပြန်လည်ခုခံလေ၏။ သို့သော် ရန်သူများသည် အင်အားသာလွန်ပြီး ယခင်ကထက် အရည်အချင်းရှိသူများ ဖြစ်သောကြောင့် ခက်ခက်ခဲခဲ တိုက်ခိုက်ရလေ၏။

အောင်လံက ချယ်ရီကို သတိထားရန်ပြောဆိုပြီး ရန်သူများကို အားသွန်ခွန်စိုက် တိုက်ခိုက်လေ၏။ အောင်လံတို့သည် ကျွမ်းကျင် သော သိုင်းပညာရှင်များဖြစ်သဖြင့် ရန်သူများကို တစ်ဦးပြီးတစ်ဦး ထိခိုက်အောင် ပြုလုပ်နိုင်ခဲ့၏။

၎င်းတို့ကိုယ်တိုင်လည်း ဒဏ်ရာကိုယ်စီ ရရှိခဲ့၏။ ချယ်ရီ၏ခေါင်းတွင် ရန်သူတစ်ဦး၏ ဓါးချက်ထိသွားပြီး အောင်လံ၏လက်မောင်းတွင်လည်း ဒဏ်ရာပြုထား၏။

ဘိုးတော်လှသည် ခပ်လှမ်းလှမ်းမှနေ၍ တိုက်ပွဲကို အေးအေး



www.burmeseclassic.com

www.burmeseclassic.com



စွာ ကြည့်ရှုနေ၏။ သူ၏တပည့်များ တစ်ယောက်ပြီးတစ်ယောက် ရှုံးနိမ့်သွားခြင်းကို ပူပင်ဟန်မရှိချေ။

နောက်ဆုံးတွင် ရန်သူများအားလုံး ထိခိုက်ဒဏ်ရာရပြီး ဘိုးတော်လှတစ်ယောက်သာ ကျန်တော့လေ၏။ ဘိုးတော်လှကအောင်လံတို့ကိုကြည့်၍ ခေါင်းတဆတ်ဆတ်ညိတ်ကာ

" မင်းတို့ ဘယ်ဆိုးလို့လဲ၊ ကိုယ်ခံပညာ ဝါထင်တာထက်တောင် အများကြီးကောင်းနေပါလား၊ ဒါကြောင့်လဲ ဆင်ဖြူတိုင်ရွာမှာ မင်းတို့ နာမည်သတင်းကြီးနေတာကိုး၊ ဘာပဲဖြစ်ဖြစ် ဒီနေ့တော့ မင်းတို့ရဲ့ ကံဆိုးမိုးမှောင်ကျတဲ့နေ့လို့ မှတ်လိုက်ပေတော့၊ မင်းတို့မှာ ဘယ်လောက်ပဲ အစွမ်းရှိရှိ ကျုပ်ကို မယှဉ်နိုင်တာ သေချာတယ် "

- ဟု ပြောလေ၏။

ဘိုးတော်လှသည် လက်ထဲရှိ တောင်ဝှေးကို မြေတွင်ဆောင့်ချလိုက်ရာ မြေကြီးများ ဖွာထွက်သွားလေ၏။

သူ၏တောင်ဝှေးထိပ်တွင် နဂါးရုပ်တစ်ရုပ်ရှိပြီး တောင်ဝှေးမှာ သစ်သားဖြင့် ပြုလုပ်ထားလေ၏။ ဘိုးတော်လှက တောင်ဝှေးကို မွှေ့ယမ်း၍ စတင်တိုက်ခိုက်လေတော့၏။

အောင်လံသည် ဘိုးတော်လှ၏ တောင်ဝှေးကို သူ၏ဓားဖြင့် ကာကွယ်ရင်း လက်တစ်ခုလုံး ထုံကျင်သွား၏။

ဘိုးတော်လှကို ဓားဖြင့် အစွမ်းကုန် တိုက်ခိုက်သော်လည်း





ဘိုးတော်လှက အလွယ်တကူ ကာကွယ်သွားနိုင်၏။

ချယ်ရီမှာလည်း သူမ၏ ဓား လွတ်ထွက်မတတ်ဖြစ်သွား၍ ထိတ်လန့်သွားလေ၏။

ဘိုးတော်လှ၏ သိုင်းပညာသည် ၎င်းတို့ထက် များစွာသာလွန်နေချေပြီ။

အောင်လံနှင့် ချယ်ရီသည် တစ်ဦးနှင့်တစ်ဦး အချက်ပြ၍ ဘိုးတော်လှကို တစ်ပြိုင်တည်း ဝင်ရောက်တိုက်ခိုက်လေ၏။

ဘိုးတော်လှသည် အောင်လံတို့၏ နှစ်ယောက်ပေါင်း တိုက်ခိုက်မှုကြောင့် အနည်းငယ် နောင့်နှေးသွားသော်လည်း ကောင်းစွာ ကာကွယ်နိုင်ပြီး ချယ်ရီ၏ဓားကိုပင် လွတ်ကျသွားအောင် ပြုလုပ်နိုင်၏။

အောင်လံသည် စိုးရိမ်စွာဖြင့် ချယ်ရီကို

" နောက်ဆုတ် "

ဟု အော်ဟစ်လိုက်လေ၏။ ဘိုးတော်လှက တဟားဟားရယ်မော၍

" ဟား ဟား ဟား... ငါ့အစွမ်းကို သိပြီမဟုတ်လား၊ မာလိန်မှူးဘိုးစိန်ရဲ့ ပတ္တမြားကြီးတွေ ထုတ်ပေးမလား၊ မပေးဘူးလား "

ဟုမေးမြန်းလေ၏။ အောင်လံက ဓားကို တင်းတင်းဆုပ်ကိုင်၍ အံကိုကြိတ်ကာ

" ဖော့လူကြီး ကျုပ်တို့ဆီမှာ ပတ္တမြားတွေ မရှိဘူးဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်နှစ်ခါပြောရမလဲ ''

ဟု အော်ဟစ်၍ ဝင်ရောက်တိုက်ခိုက်လေ၏။

သို့သော် တစ်ခဏချင်းမှာပင် သူ၏ဓားမှာလည်း လွင့်ထွက်သွားလေ၏။

ဘိုးတော်လှသည် တဟားဟားရယ်မောရင်း အောင်လံတို့အနီးသို့ တိုးကပ်လာ၏။

အောင်လံနှင့် ချယ်ရီသည် နောက်သို့ တရွေ့ရွေ့ ဆုတ်ခွာနေလေ၏။ ၎င်းတို့၏အခြေအနေသည် အဆိုးဝါးဆုံးဖြစ်နေ၏။

ထိုအခိုက်မှာပင် ၎င်းတို့အနောက်ရှိ ဝါးရုံတောအနီးမှ လူတစ်ယောက်ထွက်လာပြီး

'' ဘိုးတော်လှ ဘိုးတော်လှ ကိုယ်နဲ့ ပညာချင်းမတူတဲ့ လူငယ်နှစ်ယောက်ကို အနိုင်ယူပြီး တိုက်ခိုက်မလို့လား၊ ကျုပ်နဲ့ တိုက်ခိုက်ကြည့်ပါဦး ''

ဟုပြောလေ၏။ ထိုသူကို သေချာစွာကြည့်လိုက်သောအခါ ကိုသီဟဖြစ်နေ၍ အောင်လံတို့က ဝမ်းသာအားရဖြင့် 'ကိုသီဟ' ဟု အော်ဟစ်နှုတ်ဆက်လိုက်၏။ ကိုသီဟ၏ နောက်ကျောတွင် ဓားတစ်လက်ကို သိုင်းလွယ်ထား၏။

ကိုသီဟက အောင်လံတို့ကို နှုတ်ဆက်ကာ

'' မောင်ရင်တို့ နောက်ဆုတ်ပြီး အေးအေးဆေးဆေး အနား





ယူလိုက်ပါ၊ ဒီကောင်ကြီးကို ကျုပ်ရှင်းလိုက်ပါ့မယ် ''

ဟုပြောလေ၏။ ထိုအခါ ဘိုးတော်လှက တက်ခေါက်၍

'' တောက်... သီဟ၊ မင်းဟာ ငါ့အလုပ်တွေမှာ အမြဲတမ်း ဖျက်လိုဖျက်ဆီးလုပ်တဲ့ မာရ်နတ်လိုကောင်ပဲ၊ ဒီနေ့တော့ မင်းရဲ့သေနေ့ စေ့ပြီလို့ မှတ်လိုက်ပေတော့ ''

ဟုပြောလေရာ ကိုသီဟကရယ်မော၍

'' ဘိုးတော်လှ အပြောမကြီးနဲ့ဗျာ၊ ကျုပ်နဲ့ ပညာရှင်းယှဉ်ကြည့်ပါဦး ''

ဟုဆိုကာ သူ၏ဓားကို ထုတ်၍ အသင့်စောင့်ကြိုနေလေ၏။

ဘိုးတော်လှသည် သူ၏တောင်ဝှေးကြီးကို ဝှေ့ရမ်း၍ စောင်တိုက်ခိုက်လေ၏။

ဘိုးတော်လှ၏ တိုက်ခိုက်မှုများသည် ပြင်းထန်လှသဖြင့် အောင်လံက

''ကိုသီဟ၊ သတိထားပါ ''

ဟုအော်ဟစ်လိုက်လေ၏။

သို့သော် ကိုသီဟသည် ဘိုးတော်လှကိုအေးဆေးစွာ ပြန်လှန်တိုက်ခိုက်ပြီး၊ ခဏအကြာတွင် ဘိုးတော်လှသည် ကိုသီဟ၏ ခြေလှုပ်ရှားမှုများအောက်တွင် ဖရိုဖရဲဖြစ်လာလေ၏။

ကိုသီဟ၏ ဓားသိုင်းပညာသည် အရှိန်အဟုန်အထက်မြင့်၍



www.burmeseclassic.com

www.burmeseclassic.com



နေလေတော့၏။

နောက်ဆုံးတွင် ဘိုးတော်လှသည် ကိုသီဟ၏ ဓားချက်များကို အသေအလဲ ခုခံကာကွယ်နေရာမှ တောင်ဝှေးကြီးလွတ်ကျပြီး လည်ပင်းကို ဓားဖြင့် ထောက်ခြင်းကို ခံလိုက်ရလေ၏။

ကိုသီဟက ဘိုးတော်လှကို ဓားဖြင့် ထောက်ထားရင်း မစိုးမခန့် ရယ်မောလိုက်ပြီး အိတ်ထဲရှိ လက်ထိတ်တစ်စုံကို ထုတ်ကာ ဘိုးတော်လှအား ချောက်ခနဲ လက်ထိတ်ခတ်လိုက်လေ၏။

ဘိုးတော်လှသည် ကိုသီဟကို မျက်လုံးပြူး၊ မျက်ဆန်ပြူးနှင့် ကြည့်၍

" ဟင်... မင်း မင်း... ဘယ်သူလဲ "

ဟု မေးမြန်းလေ၏။ ကိုသီဟက ဘိုးတော်လှကို မထီလေးစားကြည့်၍

" ကျုပ်က အင်းစိန်နှီစီအိုင်ဒီက ဆားပုလင်းမင်းအောင်ပါ၊ ဆင်ဖြူတိုင်မှာ ခင်ဗျားရဲ့ဒုစရိုက်မှုတွေ များလွန်းလို့ အရေးယူဖို့ အတွက် ဒီဒေသကိုမျက်လှည့်ဆရာအဖြစ် ရောက်နေတာ ၆ လ ကျော်သွားပြီ၊ အခုတော့ ခင်ဗျားတို့တစ်ဖွဲ့လုံး ဖမ်းမိပါပြီ "

ဟုဆိုလိုက်ရာ ဘိုးတော်လှသည် ခေါင်းငိုက်စိုက်ကျသွားလေ၏။ ဆားပုလင်းမင်းအောင်က အောင်လံတို့ဘက်သို့လှည့်၍

" ဝါးရုံတောအလွန်မှာ ကျုပ်ရဲ့ရွာလှည်းပါတယ်၊ အဲဒီမှာ





ဆေးသေတ္တာလဲပါတယ်၊ မောင်ရင်တို့ဒဏ်ရာတွေကို အဲဒီရောက်မှ ဆေးထည့်ကြတာပေါ့ "

ဟုပြောလေ၏။ အောင်လံက

" ကျွန်တော်တို့အသက်ကို ကယ်တင်ပေးတာ ကျေးဇူးတင်ပါတယ် အစ်ကို၊ ဒါနဲ့ ဒီကို အစ်ကိုတစ်ယောက်တည်းလိုက်လာတာလား "

ဟုမေးမြန်းလေ၏။ ဆားပုလင်းမင်းအောင် (ခေါ်) ကိုသီဟ သည် အောင်လံ၏အမေးကို ဖြေရန်ပြင်လိုက်၏။

ထိုအခိုက်မှာပင် ၎င်းတို့၏အနောက်မှ ချောက်ခနဲအသံကြား ရသဖြင့် ဆားပုလင်းမင်းအောင်သည် လျှင်မြန်စွာ လှည့်ကြည့်လိုက် လေ၏။ သို့သော် ၎င်းတို့ နောက်ကျသွားချေပြီ။

သစ်ပင်အကွယ်မှ ထွက်လာသူမှာ ဘိုးတော်လှ၏ အချစ်တော် နှင်းခြေသူ မိန်းမလှလေးဖြစ်၏။

သူမ၏လက်ထဲတွင် ခြောက်လုံးပြူးတစ်လက်ကို တွေ့ရလေ ၏။ ဘိုးတော်လှသည် မိန်းမလှလေးကိုကြည့်၍ ဝမ်းမြောက်ဝမ်းသာ ဖြင့်

" အစ်ကိုကြီးကို လာကယ်တယ်ပေါ့၊ ဝမ်းသာလိုက်တာကွယ်၊ ကဲ... တောဒီ ဆားပုလင်းမင်းအောင်ဆိုတဲ့ စုံထောက်ကိုအရင်ဆုံး ပစ်သတ်လိုက်ပါ၊ ပြီးမှ ဟိုကောင်နဲ့ ကောင်မကို စစ်ဆေးကြတာပေါ့ "



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလေ၏။ မိန်းမလှလေးက ဘိုးတော်လှကို မျက်လုံးမှေးစင်းကြည့်၍ မြန်မာစကားကို တစ်လုံးချင်း ကြိုးစားပြောလေ၏။

" ရှင့်ကို ကယ်ဖို့လာတာ မဟုတ်ဘူး၊ ယောဒီစုံထောက်ကို သတ်ပြီးရင် ရှင့်ကိုလဲသတ်မယ်၊ ပြီးတော့မှ ဒီကောင်နဲ့ ကောင်မဆီက ပုလဲတွေကိုသိမ်းရမယ် "

ဟုပြောလေရာ ဘိုးတော်လှသည် လွန်စွာအံ့သြဟန်ဖြင့် မျက်လုံးပြူးသွားပြီး

" ဟင်... မင်း... မင်း... ဘယ်လိုပြောလိုက်တာလဲ "

ဟု တအံ့တသြရေရွတ်လိုက်လေ၏။ မိန်းမလှလေးက မခိုးမခန့်ရယ်မော၍

" ရှင်လို သေကာနီးလူကြီးကို တကယ်ချစ်လို့ ပြုစုယုယနေတယ်လို့ ရှင်ထင်နေသလား၊ လူလိမ်ကြီး ငရဲပြည်ကို အရင်ဆုံး သွားပေတော့ "

ဟုဆိုကာ ဘိုးတော်လှကို ခြောက်လုံးပြူးနှင့်ပစ်ရန် ချိန်ရွယ်လေ၏။ ဘိုးတော်လှသည် မျက်လုံးပြူးမျက်ဆန်ပြူးနှင့် ထိတ်လန့်တကြားအော်ဟစ်နေစဉ်မှာပင် မိန်းမလှလေးသည် မြေပေါ်သို့ လဲကျသွားလေ၏။

အောင်လံတို့သည် မြေပေါ်သို့လဲကျသွားသော မိန်းမလှလေးကို တအံ့တသြကြည့်ရှုနေစဉ် သူမ၏လည်ကုတ်တွင် စိုက်နေသော



BURMESE CLASSIC

ငှက်မွေးတပ်သံချောင်းကလေးကို တွေ့ရလေ၏။

ထိုအခိုက်မှာပင် ဝါးရုံပင်များအနောက်မှ ဇယာကြော်သည်ကောင်လေးကို မှုတ်ပြောင်းကလေးတစ်ခုနှင့် တွေ့လိုက်ရ၏။

ဇယာကြော်သည်ကောင်လေးသည် မိန်းမလှလေးကို မှုတ်ပြောင်းဖြင့် ပစ်ခတ်လိုက်ခြင်းဖြစ်ပုံရ၏။

ဆားပုလင်းမင်းအောင်က အောင်လံတို့ကိုကြည့်၍

" မောင်ရင်တို့ကို အချိန်မီ ကယ်တင်နိုင်တာ ယောဒီ ဇယာကြော်သည် ကောင်လေးရဲ့ကျေးဇူးပဲ၊ သူဟာ ဇယာကြော်ရောင်း ရင်း ဘိုးတော်လှတပည့်တွေရဲ့ ပြောစကားတွေကို ချောင်းနားထောင်ခဲ့ တယ်၊ ပြီးတော့ မောင်ရင်တို့မှာ အန္တရာယ်တွေ့နေပြီလို့ ကျုပ်ကို သတင်းပို့ပေးခဲ့တယ်၊ ဒါကြောင့် အချိန်မီရောက်လာတာပဲ "

ဟုပြောလေ၏။ ထိုအခါ ဇယာကြော်သည့်ကောင်လေးက

" ဒီလိုသတင်းပေးနိုင်တာကလည်း ယောဒီက စုံထောက်ဦးလေးကြီးက အစ်ကိုတို့မောင်နှမမှာ အန္တရာယ်နဲ့ကြုံရင် သူ့ကို သတင်းပို့ရမယ်လို့ မှာထားလို့ပါ "

ဟုပြောလေ၏။ အောင်လံက ဘိုးတော်လှကို မျက်လုံးမှေးကြည့်၍

" ဒီလူကြီးဟာ လောဘကြီးလွန်းပါတယ်ဗျာ၊ ကျုပ်တို့ဟာ ရှောတ်တားဖွေတံတားခင်းတဲ့ လနတ်သမီးဆိုတဲ့ သိုက်ဘုတ်ကို မော်နိုင်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့လို့ ရွာပြင်က ကျောက်ဖျာကြီးမှာ မာလိန်မှူး ဘိုးစိန်ရဲ့ ရတနာသိုက်သဲလွန်စကိုရခဲ့ပါတယ်၊ ဒါပေမယ့် ကြေးပုရပိုက်တစ်ရွက်နဲ့ ရုပ်သေး ရုပ်နှစ်ရုပ်ကလွဲလို့ ဘာရတနာမှ မတွေ့ခဲ့ပါဘူး ''

ဟု ပြောလေရာ ၎င်းတို့၏ စကားကိုနားထောင်နေသော ဗယာကြော်သည်ကောင်လေးသည် လှုပ်လှုပ်ရွရွဖြစ်သွားလေ၏။

ဆားပုလင်းမင်းအောင်က

'' ကျုပ်လဲ မာလိန်မှူးဘိုးစိန်ရဲ့ ပတ္တမြားကြီး ၉ လုံးဆိုတာ ကြားဖူးခဲ့ပါတယ်၊ ဒါပေမယ့် ရတနာသိုက်ကိုတော့ လုံးဝမတွေ့ခဲ့ သေးဘူး ''

ဟုပြောလေ၏။ ထိုအခါ ဗယာကြော်သည်လူငယ်လေးသည် အောင်လံတို့ရှေ့သို့ ရောက်လာပြီး လွန်စွာ ထူးဆန်းအံ့ဩဖွယ် ကောင်းသောစကားကို ပြောလိုက်လေ၏။

'' ဟို အစ်ကိုကြီးတို့ပြောတဲ့ ရွာပြင်ကျောက်ဖျာကြီးနောက်က ပတ္တမြားကြီး ၉ လုံးဆိုတာ ကျွန်တော့်ဆီမှာရှိပါတယ် ''

ကောင်လေး၏ စကားကြောင့် ဆားပုလင်းမင်းအောင်နှင့် တကွ နားထောင်နေသူအပေါင်းသည် ဟာခနဲ ဟင်ခနဲဖြစ်သွားလေ၏။

ကောင်လေးက

'' ဟုတ်ပါတယ်၊ လွန်ခဲ့တဲ့ ငါးနှစ်လောက်က ရွာပြင် ကျောက်ဖျာကြီးမှာ ကျွန်တော်နဲ့ ညီမလေး ဆော့ကစားခဲ့ပါတယ်၊ ဒီလို ကစား





ရင်းနဲ့ ကျောက်ဖျာကြီးနောက်က မောင်းတံကြီးကို မမျှော်လင့်ဘဲ ခိုဆွဲတက်မိတယ်၊ ဒီအခါမှာ ကျောက်ဖျာနောက်က အခေါင်းပေါက်ကြီးဟာ ဝုန်းခနဲပွင့်ပြီး ရုပ်သေးရုပ်ကလေးနှစ်ရုပ်ကို သွားတွေ့ပါတယ်၊ ကျွန်တော်တို့မောင်နှမဟာ ကျောက်ဖျာကြီးထဲက ရုပ်သေး ရုပ်ကလေးတွေကိုကြည့်နေတုန်းမှာ ရုပ်သေးရုပ်ထဲက အနီရောင် ကျောက်ကြီး ၉ လုံးထွက်လာပါတယ်၊ ကျွန်တော်တို့ မောင်နှမဟာ ကလေးတွေပဲရှိသေးတော့ ဒါဟာ လူကြီးတွေ သိမ်းထားတဲ့ပစ္စည်း တွေပဲဖြစ်မယ်ဆိုပြီး ကျောက်ဖျာထဲက လိုဏ်ခေါင်းထဲမှာ ပြန်ထည့် ထားပါတယ်၊ ဒါပေမယ့် ညီမလေးက ကျောက်နီကြီး ၉ လုံးကို ကစားချင်တယ်ဆိုပြီး ယူထားခဲ့ပါတယ်၊ ကျွန်တော်လဲ ကျောက်နီကြီးတွေကို အဖိုးမတန်ဘူးဆိုပြီး ယူခဲ့ပါတယ်၊ အဲဒီကျောက်နီကြီးတွေဟာ အိမ်မှာရှိပါတယ် ''

ဟုပြောလေရာ အောင်လံတို့သည် မာလိန်မှူးဘိုးစိန်၏ ပျောက်ဆုံးနေသော ရတနာများ၏ အဖြေကို ရရှိခဲ့လေ၏။

ဗယာကြော်သည်ကလေးက ပတ္တမြားကြီးကို အောင်လံတို့ လက်သို့ အပ်နှံမည်ဖြစ်ကြောင်း ပြောဆိုလေ၏။ ထိုအခါ ချယ်ရီက ဆားပုလင်းမင်းအောင်ကိုကြည့်၍

'' ပတ္တမြားတွေကို ရှင့်လက်ကိုအပ်ပါတယ်၊ ကျွန်မတို့ ကိုယ်စား အများအကျိုးရှိတဲ့နေရာတွေမှာ လှူဒါန်းပေးပါ ''

ဟု ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဆားပုလင်းမင်းအောင်က ချယ်ရီ၏ဆန္ဒ ပြည့်ဝစေမည်ဖြစ်ကြောင်း ကတိပြုလေ၏။ ဆားပုလင်းမင်းအောင်၏ ကတိစကားကို ကြားရသောအခါ ချယ်ရီက

'' အခုမှာပဲ ကျွန်မရင်ထဲမှာ လွတ်လပ်ပေါ့ပါးသွားတော့တယ်၊ ကျွန်မဘဝရဲ့ အကြီးမားဆုံးဆန္ဒကြီး ပြည့်ဝသွားခဲ့ပြီ ''

ဟု ပြောလေ၏။ အောင်လံက ချယ်ရီကိုကြည့်၍

'' ဒါပေမဲ့ ကျုပ်တို့မှာ လုပ်စရာတစ်ခုကျန်သေးတယ် ''

ဟု ပြောလေ၏။ အောင်လံ၏စကားကြောင့် ချယ်ရီက နားမလည်ဟန်ဖြင့် ကြည့်၍

'' ဘာကျန်သေးလို့လဲ ''

ဟု မေးမြန်းလေ၏။ အောင်လံက ချယ်ရီကို ပြုံးစေ့စေ့ ကြည့်၍

'' ကျုပ်နဲ့မင်း လူသိရှင်ကြား လက်ထပ်ဖို့ကျန်သေးတယ်လေ ''

ဟု ပြောလေရာ ချယ်ရီက ရှက်ကိုးရှက်ကန်းဖြင့် အောင်လံ၏ လက်မောင်းကို ဆုလိုက်လေ၏။

ဆားပုလင်းမင်းအောင်သည် ၎င်းတို့နှစ်ဦးကို ကြည်နူးဟန်ဖြင့် ကြည့်၍ ကျောခိုင်းထွက်ခွာသွားလေ၏။

အရာအားလုံး ပြီးဆုံးသွားချေပြီ။

*သိမ်းပိုက်ထားခြင်းကင်းသော*

*မင်းမြတ်သူရ*



BURMESE CLASSIC

www.burmeseclassic.com